# မေတ္တာရှင် (ရွှေပြည်သာ)

နှင့်

# မင်းဟိန်းထိပ်

တို့၏

# မိဘမေတ္တာရသစုများ

ဒီဇိုင်း ပန်းချီ ပိုးဒီလွန်

မေတ္တာရှင် ( ရွှေပြည်သာ )

နှင့်

မင်းဟိန်းထိုက်

တို့၏

# မိဘမေတ္တာရသစုများ

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ။ ၃၂၀၇၀၃၀၆၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၃၂၀၇၄၄၀၆၁၁

ထုတ်ဝေသည့်လ ။ ၂၀၀၆၊ ဒီဇင်ဘာလ။

ပုံနှိပ်ခြင်း ။ စတုတ္ထအကြိမ်

မျက်နှာဖုံးပန်းချီ ။ ပိုးဒီလွန်

ကွန်ပျူတာစာစီ ။ မြစ်ခွဲကိုးစင်းကွန်ပျူတာ

ပုံနှိပ်သူ ။ ကာလာဖုံပုံနှိပ်တိုက်
၁၈၄၊ ၃၁-လမ်း၊ ဗန်းဘဲတန်း
ရန်ကုန်။

ထုတ်ဝေသူ ။ ဦးကျော်ဟင်း
ယုံကြည်ချက်စာပေ
၁၁၁၊ ၃၃-လမ်း၊ ကျောက်တံတား၊
ရန်ကုန်

အုပ်ရေ ။ ၁၀၀၀

တန်ဖိုး ။ ၁၀၀၀ကျပ်

ဖြန့်ချိရေး ။ ရွှေပြည်သာစာပေ
မန္တလေးကျောင်းဥပသကာများအဖွဲ့
၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း
ရွှေပြည်သာမြို့၊ ရန်ကုန်။
ဖုန်း- ၀၉-၅၀-၁၆၆၆၃

ဖုန်း - ၆၁၁၆၂၂

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မိတ်ဆက် | (က) |
| ၁။ | အပြစ်ရှိသူ | ၁၉ |
| ၂။ | တိရစ္ဆာန်ပြသောတရား | ၄၁ |
| ၃။ | နှစ်ဘဝချစ်တဲ့မေမေ | ၆၅ |
| ၄။ | အမေပြုံးသောနေ့ | ၁၂၃ |
| ၅။ | အဖေ့သား | ၁၃၇ |
| ၆။ | အဖေ့ရောဂါ သားသစ္စာ | ၁၇၁ |
| ၇။ | သားအတွက်အသက်စွန့်သောမိခင် | ၁၈၇ |
| ၈။ | သားကြောင့်အကြောက်ကင်းသောမိခင် | ၂၀၉ |
| ၉။ | အားမသန်၍ မာန်လျှော့လိုက်ရသောမိခင် | ၂၄၁ |

## မိတ်ဆက်

ဤမိတ်ဆက်၌ပါသော အကြောင်းအရာများကို "နိယာမလွန် မိခင်မေတ္တာမွန်" ဟု အမည်ပေးရလျှင် ပို၍သင့်လျော်လိမ့်မည်ဟု ထင်သည်။

နိယာမဆိုရာ၌ ဥတုနိယာမ၊ ဗီဇနိယာမ၊ ကမ္မနိယာမ၊ စိတ္တနိယာမ၊ ဓမ္မနိယာမဟူသော မြင့်မားသည့် နိယာမကြီးများကို ဆိုလိုခြင်းမဟုတ်ပေ။ လောက၏ အပေါ်ယံနိယာမလေးများကိုသာ ဆိုလိုခြင်းဖြစ်၏။ ဥပမာအားဖြင့် လောကတွင် မည်သူမဆို ကိုယ့်ပါးကို လာရိုက်လျှင် သူ့နားကိုပြန်ကိုက်လိုခြင်းဖြစ်ပါ၏။ ဤကား လောကနိယာမ။

သို့သော် ရိုက်သူက သားသမီးဖြစ်ပြီး ခံရသူက မိဘဖြစ်လျှင်ကား ထိုနိယာမကို မိဘမေတ္တာက လွန်ဆန်ပစ်လိုက်ပါလိမ့်မည်။ သာဓကပြပါအံ့

# မိတ်ဆက်

ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ရစ်ကန်ကြီးကျေးရွာက မရင်ရွှေ ကိုကြည့်ပါ။ မွေးကတည်းက တောသွေးနှင့်မတူ၊ ဖြူဖြူဖွေးဖွေးလေး ဖြစ်သောကြောင့် မိဘများက အလိုလိုက်ထားကြသည်။

အလိုလိုက်တော့ အမိုက်စော်ကားဟူသော စကားအတိုင်း တစ် နေ့တွင် မရင်ရွှေက အမိုက်စော်ကားလာလေသည်။ ထိုနေ့ကား ၁၉၄၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃၀၂ ခု၊တပို့တွဲလဆန်းရက်တစ်ရက်၊ထိုရက်ကား ဖခင်ဖြစ်သူ ဦးသန်းမောင်က နေထိုင်မကောင်းဖြစ်နေပြီး မိခင်ဖြစ်သူ ဒေါ်ကြင်ဥမှာလည်း မီးဖွားပြီးစအချိန်ပင်ဖြစ်ပါ၏။

ထို့ကြောင့်လည်း အိမ်တွင်းမှု ချက်ပြုတ်၊ လျှော်ဖွပ်ရေးကိစ္စ များကို မရင်ရွှေတစ်ယောက်တည်းသာ သိမ်းကျုံးလုပ်နေရသဖြင့် မြီး ကောင်ပေါက် မရင်ရွှေတစ်ယောက် အလိုလိုပင် ဒေါသထွက်နေ သည်။ ထိုအချိန်မှာပင် မိခင်ဖြစ်သူက -

"သမီးရေ - ထမင်းအိုးလေးတည်ပြီးရင် ညည်းအဖေသောက် ဖို့ ဆန်ပြုတ်အိုးကလေးပါ ဆက်တည်လိုက်ပါကွယ်။ ညည်းအဖေက ထမင်းမစားချင်ဘူးတဲ့" ဟု လှမ်းပြောလိုက်ရာ ဒေါသဖြစ်နေသော မရင်ရွှေ တုန့်ပြန်လိုက်သည်က -

"တော်တို့အလုပ်ချည်းပဲ။ ကိုယ့်လင်နေမကောင်းတော့ ပြုစုချင် ရင် ကိုယ့်ဘာသာ ထလုပ်ပါလား၊ ကျုပ်က အဖေကို အငှားလင်လုပ်ပြီး ပြုစုနေရဦးမှာလား"ဟူ၏။ ထိုအခါ ဒေါ်ကြင်ဥက -

"ဟဲ့ ရင်ရွှေ နင်ဘယ်လိုစကားပြောလိုက်တာလဲ၊ မအေလည်း စော်ကား၊ ဖအေလည်းပြစ်မှား၊ ညည်းလိုသမီးမျိုးမွေးရတာ ဝမ်းရေနာတာပဲအဖတ်တင်တယ် ရင်ရွှေရယ်"

"အမ်မယ် - တော်တို့ဘာသာ မနေနိုင်လို့ ကမြင်းပြီး မွေးကြတာ၊ ဟဲ့ ရင်ရွှေ ငါ့သမီးဖြစ်စေလို့ ဆုတောင်းပြီး စေတနာနဲ့မွေးခဲ့ကြလို့လား၊ ပြောပါဦး"

"တော်တော့ ရင်ရွှေ၊ ညည်းလုပ်ချင်မှလုပ်၊ ညည်းစကားတွေက လွန်လာပြီနော်"

"လွန်တော့ဘာဖြစ်လဲ၊ မှန်တာပြောလို့ တော်က နာနေတာလား"

"ညည်း ငါ့ကိုပြန်မပြောနဲ့၊ တယ် - ငါလုပ်လိုက်ရ"

"လုပ်ရဲလုပ်ကြည့်လေ၊ ကျုပ်လဲ လက်ပါတာပဲ" ဟုဆိုကာ မရင်ရွှေက မိခင်ဖြစ်သူ ဒေါ်ကြင်ဥ၏ပါးကို ဦးစွာရိုက်ချလိုက်ရာ ဒေါ်ကြင်ဥမှာ နောက်သို့ လန်ကျသွားလေသည်။ ပါးပေါ်တွင်လည်း လက်ဝါးရာထင်လျက် ကျန်ခဲ့သည်။

"သမီးလေး ညည်း အမေ့ပါးကိုရိုက်ရက်တယ်" ဟုဆိုကာ ဒေါ်ကြင်ဥသည် သမီးအတွက် ဝမ်းနည်းပြီး ချုံးပွဲချငိုနေစဉ်မှာပင် မရင်ရွှေမှာ အိမ်ရှေ့က တစ်ဦးတစ်ယောက်က သူ့နာမည်ကိုခေါ်နေသလိုလိုကြားရသဖြင့် အိမ်ရှေ့မှ ကဆုန်ပေါက်ပြီး ထွက်ပြေးလေသည်။ သူဦးတည်ရာကား ရွာထိပ်ရှိရေကန်ကြီးဆီသို့။

## မိတ်ဆက်

ရေကန်ကြီးသို့ရောက်ခါနီး၊ လယ်တစ်ကွက်လောက်အလိုမှာပင် ခလုတ်တိုက်လဲပြီး လေးဘက်ထောက်ကျသွားလေသည်။ အမှန်မှာ ငရဲမီးကလောင်လာသည့်အတွက် ရေကန်ရှိရာသို့ ပြေးခြင်းသာဖြစ်ပေလိမ့်မည်။ ထိုအချိန်မှာပင် မြေစ၍မျိုလေသည်။

လေးဘက်ထောက်၍ မျိုခြင်းဖြစ်သည့်အတွက် ထူးခြားချက်တစ်ခုပင်။ သူနှင့် ဆယ့်ငါးကိုက်အကွာက ရိုးပြတ်များသည်လည်း မီးလောင်ခံရသလို မဲသွားသည်။ ထိုအခါကျမှ မြေမျိုမှန်းသိသဖြင့် မိဘနှစ်ယောက်ရော၊ ရွာသူရွာသားများပါ ဝိုင်းအုံရောက်ကြပြီး ပူလွန်းသဖြင့် ခပ်လှမ်းလှမ်းကသာ စိတ်မကောင်းစွာနှင့် ကြည့်နေကြရသည်။

အနားသို့လည်း ကပ်၍မရသဖြင့် မိခင်ဖြစ်သူ ဒေါ်ကြင်ဥမှာ "သမီးရေ အမေ့ကိုစော်ကားလို့ ငါ့သမီးလေး အခုလို မြေမျိုခံရတာကွယ့်၊ ဒါကြောင့် သမီးလေး အမေ့ကို မြန်မြန်ပြန်ကန်တော့လိုက်၊ သမီးလေး၊ ဒါမှ သမီးလေး ဒီဒုက္ခကလွတ်မှာကွယ့်" ဟု ငိုကြွေးကာ အကြံပေးသော်လည်း မြေကြီးထဲမြုပ်နေပြီဖြစ်သော မရင်ရွှေ၏လက်များက လှုပ်ရှား၍မရနိုင်တော့ပေ။

ရေတောင်း၍ ရေအိုးကို ဝါးလုံးမှာချိတ်ပြီး ဆယ့်ငါးကိုက်အကွာက လှမ်းပေးကြသော်လည်း ငရဲမီးက ပူလွန်းသဖြင့် မရင်ရွှေနား ရောက်သည်နှင့် ဝါးလုံးလည်းပြာကျ၊ ရေအိုးထဲက ရေများလည်း ခန်းခြောက်သွားလေသည်။

# မိတ်ဆက်

ထိုကဲ့သို့ အစာငတ်၊ ရေငတ်နှင့် (၇)ရက်တိတိခံနေခဲ့ရပြီးမှ မြေကြီးအောက်သို့ စုန်းစုန်းမြုပ်သွားခဲ့ရလေသည်။ ပါးရိုက်လျှင် နားကိုက်လိုက်မည်ဟူသော လောနိယာမရှိသော်လည်း ရိုက်သူကားသမီး၊ ခံရသူကားမိခင်ဖြစ်လျှင် မိခင်မေတ္တာက ထိုနိယာမကိုလွှန်၍ နားကိုပြန်မကိုက်သည့်အပြင် မြေမျိုမည့်ဘေးမှ လွတ်စေမည့်နည်းလမ်းကိုပင် မျက်ရည်စက်လက်နှင့် ပြောပေးခဲ့သည်မဟုတ်ပါလော။

မိခင်မေတ္တာ၊ ပန်းရွှေကြာနှင့်၊
ပမာနိုင်းဆို၊ မနိုင်းလိုပါ၊
ထိုပန်းနွေခါ နွမ်းသောကြောင့်။

ကြာပန်းများပွင့်လန်းခြင်းမှာ အေးမြသော ရာသီဖြစ်သည့် မိုးရာသီမှာသာဖြစ်၏။ ပူပြင်းသောနွေရာသီမှာကား ထိုကြာပန်းတို့ မပွင့်လန်းနိုင်ဘဲ နွမ်းလျကျခဲ့ရလေသည်။ မိခင်တို့၏ မေတ္တာပန်းကား နွေ၊ မိုး၊ ဆောင်းကာလသုံးပါးလုံး ငွားငွားစွင့်စွင့် ပွင့်လန်းနေပါ၏။

မိမိ၏ကျေးဇူးကို သိသောသားသမီးအပေါ်မှာဖြစ်စေ၊ မိမိကျေးဇူးကို မသိသောသားသမီးအပေါ်မှာဖြစ်စေ၊ လိမ္မာသောသားသမီးများအပေါ်မှာဖြစ်စေ၊ မိုက်မဲသောသားသမီးအပေါ်မှာဖြစ်စေ၊ မိခင်၏ မေတ္တာပန်းကား အမြဲတမ်းပွင့်လန်းနေမည်ဖြစ်သောကြောင့် နေမှာနွမ်းသော ပန်းရွှေကြာနှင့် ဘယ်လိုမှ အနှိုင်းမခံရပေ။

မိတ်ဆက်

## မိခင်ကိုပါးရိုက် ခါးနှင့်လိုက်သော သားလူမိုက်

လောကနိယာမအရ မိမိ၏အသက်ကို သေကြောင်းကြံခဲ့လျှင် သူ့အသက်ကိုလည်း သေကြောင်းပြန်ကြံချင်သည်သာဖြစ်၏။ သို့သော် သေကြောင်းကြံသူက သားသမီး၊ အကြံခံရသူက မိခင်ဖြစ်နေလျှင် မိခင်၏မေတ္တာက ထိုနိယာမတရားကို လွန်စေမည်သာဖြစ်၏။ အကြောင်းသာဓက ပြပါအံ့ -

ရောဝတီတိုင်း၊ ကျိုက်လတ်မြို့အပိုင်၊ ကျိုက်ပိရွာနေ၊ မြန်မာကရင်ကပြား ဒေါ်သာလိတွင် ချစ်ဖေအမည်ရှိ သားတစ်ယောက်ရှိသည်။ ဒေါ်သာလိကား ဘာသာရေးကိုင်းရှိုင်းသော သူတော်ကောင်းမကြီးတစ်ယောက်ဖြစ်၏။ ဘုရားရှိခိုး၊ ပရိတ်ရွတ်၊ မေတ္တာပို့၊ တရားထိုင်၊ အမြဲပြုလုပ်၏။

မိခင်ကြီးက ထိုကဲ့သို့ ဘာသာရေးအလုပ်တွေလုပ်နေသည်ကို မကျေနပ်သူကား တစ်ယောက်တည်းသောသားဖြစ်သူ ချစ်ဖေပင်ဖြစ်ပါ၏။ ချစ်ဖေက တံငါအလုပ်တွေနှင့်သာ အသက်မွေးနေသူဖြစ်ရာ ငါးရှာ၍မရတိုင်း မိခင်ကြီးကို ယိုးမယ်ဖွဲ့သည်။ အိမ်ပေါ်မှာ ဒီဟာမကြီး ဘုရားရှိခိုးနေလို့ စသည်ဖြင့် မကျေမနပ်နှင့်ဆိုသည်။

တစ်ရက်တွင် ချစ်ဖေသည် အရက်ကိုမူးရူးအောင်သောက်ပြီး အိမ်အောက်ထပ်က မိခင်ဖြစ်သူ ဒေါ်သာလိအား အယုတ္တအနတ္တ ကြမ်းတမ်းသောစကားတွေနှင့် ဆဲနေလေသည်။

"ဟဲ့ ... ချစ်ဖေ၊ နင်တော်တော်မိုက်ရိုင်းနေပါလား၊ ငါ့ပါး ဆင်းရိုက်လိုက်ရမလား" ဟုစိတ်တိုတိုနှင့်ပြောလိုက်၏။

"အမ်မာ၊ ခင်ဗျားကြီးကလား ကျုပ်ကို ပါးရိုက်မှာ။ ခင်ဗျား မရိုက်ခင် ကျုပ်ကအရင်ရိုက်တယ်ဗျာ"ဟုပြောပြီး အိမ်ပေါ်တက် လာကာ မိခင်ကြီး ဒေါ်သာလိ၏ပါးကို လေးချက်ဆက်တိုက်ရိုက်လိုက် လေသည်။ ဒေါ်သာလိ ပက်လက်လန်ကျသွားစဉ် နံရံမှာချိတ်ထားသော ငှက်ကြီးတောင်ဓားကို ဆွဲယူလိုက်သည်။ မိခင်မှာ ထိုအဖြစ်ကို မြင် လိုက်ရသည်နှင့် ကိုယ့်အသက်သေရမည်ထက် သားအပြစ်ကြီးလေး မည်ကို စိုးရိမ်ပြီး -

"လာကြပါဦးတော် - ကျုပ်သားချစ်ဖေ ကျုပ်ကို ဓားနဲ့ လိုက်သတ်နေပါတယ်" ဟုအော်ကာ ထွက်ပြေးရှာ၏။ ချစ်ဖေကား ဘာမျှမမြင်။ သူမြင်နေသည်ကား ငှက်ကြီးတောင်ဓားနှင့် ဒေါ်သာလိ လည်ပင်းဖြတ်ရေး။ အမေကရှေ့ကပြေး၊ သားက နောက်ကလိုက်နှင့် တစ်ရွာလုံး ဝရုန်းသုန်းကား ဖြစ်နေကြ၏။

ထိုနေ့သည်ကား ၁၉၅၁ ခုနှစ်၊ မေလ နှစ်ဆယ့်ငါးရက်နေ့ပင်ဖြစ်၏။ အမေကပြေး၊ သားကလိုက်နှင့် ကျိုက်ပိရွာအဖျားနှင့် မစိုးရိမ်ရွာအစပ် ညောင်ပင်ကြီးနားအရောက်တွင် ချစ်ဖေတစ်ယောက်ဆက်မလိုက်တော့ ဘဲ မတ်တတ်ကြီးရပ်ကာ ကျန်ခဲ့လေသည်။

အသိတရားရ၍ ဆက်မလိုက်ခြင်းကား မဟုတ်။ ထိုညောင်ပင် အောက်မှာပင် မြေစမျိုလိုက်သောကြောင့်ဖြစ်၏။ သားမြေမျိုသည်ကို

သိသွားသောအခါတွင်ကား မိခင်ကြီးဒေါ်သာလိမ္မာ မချိတင်ကဲငိုကြွေး ပြီး သားကိုအပြစ်မှကြွေစေရန် ကန်တော့ခိုင်းရှာပေသေး၏။

သို့သော်လူမိုက်ချစ်ဖေ၏ လက်များက လှုပ်ရှား၍မရတော့ပေ။ မေလ ၂၅ ရက်မှစ၍ မျိုလေ်ရာ ဇွန်လ ၂ ရက်နေ့အထိ၊ ကိုးရက်ကြာမှ တစ်ကိုယ်လုံးမြုပ်သွားခဲ့လေသည်။

လစန္ဒာကား သာသည်ဆိုခြင်း တိမ်မဖုံးမီလေးသာဖြစ်ပါ၏။ မိခင်၏မေတ္တာလမင်းကြီးကား သားမိုက်အပေါ်မှာဖြစ်စေ၊ သားလိမ္မာ အပေါ်မှာဖြစ်စေ၊ အမြဲတမ်းသာနေမည်သာဖြစ်ပါ၏။

မိခင်မေတ္တာလမင်းကြီးကား တိမ်ဖုံးသောအခါဟူ၍ (ဝါ) ငါ့အပေါ်မကောင်းသည့်သားသမီးပဲ မေတ္တာမထားနိုင်ပါဟူ၍ မည် သည့်အခါမျှ မရှိပေ။ ထို့ကြောင့် မိခင်မေတ္တာလမင်းကြီးကို လစန္ဒာနှင့် အနှိုင်းမခံနိုင်ပေ။

မိခင်မေတ္တာ လစန္ဒာနှင့်
ပမာနှိုင်းဆို၊ မနှိုင်းလိုပါ၊
ထိုလတိမ်ဖုံးမသာသောကြောင့်။

## မိခင်ခြေကျိုး သားလူဆိုး

လောကနိယာမအရ ကိုယ့်ကို ခြေလက်အင်္ဂါချို့ယွင်းအောင် လုပ်လာသူကို ကိုယ်ကလည်း ခြေလက်အင်္ဂါချို့ယွင်းအောင် ပြန်လုပ် မည်သာဖြစ်ပါ၏။ ဤကားလောကနိယာမတစ်ခုပင်ဖြစ်၏။ သို့သော်

ပြုလုပ်သူက သားသမီး၊ အပြုခံရသူက မိခင်ဖြစ်နေလျှင်ကား မိခင်၏ မေတ္တာက ထိုလောကနိယာမကို လွန်စေပေလိမ့်မည်။

သာဓကပြပါအံ့၊ ကမ္ဘာ့ဒုတိယစစ်အတွင်း ထီးချိုင့်မြို့က အဘွားသန့်ကို ကြည့်ပါ။ သားသမီးခြောက်ယောက်ရှိသည့်အနက် အောင်ရီအမည်ရှိသော အမူးသမားသားတစ်ယောက်က အိမ်မှာကျန်သည်။ တစ်ခြားသားသမီးများမှာ သူနေရာနှင့်သူ၊ အသက် (၇၀)ကျော် နေပြီဖြစ်သည့် မုဆိုးမ အဘွားသန့်မှာ ဘူးသီးကြော်ရောင်း၍ အသက် မွေးနေရဆဲဖြစ်သည်။

အောင်ရီမှာ မိဘကိုလုပ်ကျွေးဘို့နေနေသာသာ သူ့သားမယား များကိုပင် ဝမ်းဝအောင်မကျွေးနိုင်ပေ။ ထို့ကြောင့် အဘွားသန့်ဆီကပင် သူက အရက်ဖိုးကို တောင်းနေရသေးသည်။ တစ်နေ့တွင် အောင်ရီ၏ သားလေး ဖိုးထူးကို အမြင်မတော်သဖြင့် အဘွားသန့်က ခေါင်းခေါက် ပြီးဆုံးမလိုက်သည်။

ဤသည်ကိုပင် ဖိုးထူးက ဒိုကြီးဟာစ်ကျယ်နှင့် မူးနေသော ဖခင် အောင်ရီကိုတိုင်ကြားလိုက်သဖြင့် အောင်ရီသည် အိမ်သို့ပြန်လာ ကာ အပေါ်ထပ်တွင်ရှိနေသော အဘွားသန့်၏မျက်နှာကို ဘယ်ပြန် ညာပြန်ရိုက်ပြီး အိမ်အပေါ်ထပ်မှ တွန်းချလိုက်လေသည်။ အပေါ်ထပ် မှ တွန်းချခံရသောအဘွားသန့်မှာ ပေါင်နှစ်ချောင်းလုံး သွင်သွင်ကျိုးခဲ့ ရ သည်။

ထိုအကြောင်းကို သိသွားကြသော အိမ်နီးနားချင်း အမျိုးသားများက မိဘကို သည်မျှစော်ကားသည့်အကောင် သေအောင်သတ်ပြီး ကြိုးစင်တက်မည်ဟုဆိုကာ အဘွားသန့်၏အိမ်ဝိုင်းအတွင်းသို့ တုတ်၊ ဓားကိုယ်စီနှင့် ဝင်လာကြသဖြင့် ပေါင်နှစ်ချောင်းသွင်သွင်ကျိုးနေသော အဘွားသန့်က ပေါင်ကျိုးသဖြင့် အသည်းခိုက်အောင်နာနေသည့်ကြားက ပင် အိမ်တံခါးမကြီးဆီသို့ မရောက်ရောက်အောင် အားပြုသွားပြီး သူ့ကိုယ် နှင့်ပိတ်လိုက်ကာ -

"အမလေး - ကျွန်မသားလေးကို မသတ်ကြပါနဲ့၊ သားလေး မှာ အပြစ်မရှိပါဘူး၊ သူတွန်းချတာလည်းမဟုတ်ပါဘူး၊ အဘွားဘာသာ အဘွား ခြေချော်လိမ့်ကျတာပါ" ဟု လိမ်ပြောပြီး ပေါင်ချိုးခဲ့သော သား၏အသက်ကိုပင် ကာယ်တင်လိုက်လေသည်။

စမ်းရေပြာသည် ဘယ်လောက်ပင် အေးမြအေးမြ နွေကာလကျ လျှင် ခမ်းရသည်သာဖြစ်ပါ၏။ မိခင်တစ်ဦး၏ မေတ္တာစမ်းရေကား သားဆိုး၊ သားမိုက်တို့အပေါ်မှာရော၊ သားလိမ္မာအပေါ်မှာပါ အမြဲတမ်း ကာလသုံးပါးလုံး အေးမြနေသည်သာဖြစ်ပေသည်။ ထို့ကြောင့် မိခင် မေတ္တာကို စမ်းရေပြာနှင့် မစ္စသို့မျှ မခိုင်းနိုင်းသာပေ။

မိခင်မေတ္တာ၊ စမ်းရေပြာနဲ့၊
ပမာနှိုင်းဆို၊ မနှိုင်းလိုပါ၊
ထိုစမ်းနွေခါ ခမ်းသောကြောင့်။

**မှတ်ချက်** ။ ပါးရိုက်ချင်းတူပါလျက် မရင်ရွှေနှင့် ချစ်ဖေတို့မှာ မြေမျိုပြီး အောင်ရှိမှာ ဘာကြောင့်မြေမမျိုရသလဲဟူငြားအံ့၊ စော်ကား ခံရသောမိဘ၏ သီလ၊ သမာဓိ၊ ပညာအလိုက်၊ အပြစ်အကြီးအသေး ကွဲသွားရသည်။ သီလ၊ သမာဓိ၊ ပညာသေးငယ်သော မိဘကို စော် ကားခဲ့လျှင်ကား ချက်ချင်းမြေမမျိုဘဲ သေပြီးနောက်မှ အဝီစိငရဲသို့ ကျရောက်ရခြင်းဖြစ်ပေသည်။

## တောင်ထိပ်ပေါ်က မိခင်မေတ္တာ

စကော့တလန်ပြည်၊ တောင်ကုန်းများထူထပ်သော အရပ်ဒေသ တစ်ခုက လက်တွေ့ဖြစ်ရပ်လေးတစ်ခုဖြစ်ပါသည်။ ထိုဒေသတွင် ကြီး မားထွားကျိုင်းသော လင်းယုန်ကြီးများရှိသည်။ တစ်နေ့တွင် လင်းယုန် ကြီးတစ်ကောင်က ပုခက်အတွင်းမှ ကလေးတစ်ယောက်အား သုတ်ချီ ယူလာပြီး မြင့်မားမတ်စောက်သော ကျောက်တောင်တစ်တောင်၏ အစွန်အဖျားတွင် ချထားလေသည်။ မိခင်ကား ရူးမတတ်ဖြစ်နေရှာ သည်။

တစ်ရွာလုံး အုတ်အော်သောင်းတင်းဖြစ်သွားကာ တောင်ထိပ် ပေါ်သို့ သူ့ထက်ငါ လှမ်းကာကြည့်နေကြသည်။ တက်ရဲမည့် သူရဲ ကောင်းကား ပေါ်၍မလာ။ ကလေးကို တောင်ပေါ်မှပြန်ယူပေးနိုင်ရန် အမျိုးမျိုးအကြံဉာဏ်ထုတ်နေကြသော်လည်း အချည်းနှီးသာ။

ထိုအချိန်မှာပင် ခွန်အားဗလတောင့်တင်းသော သဘော်သား တစ်ယောက်က ကလေးကို သူရအောင်ကယ်မည်ဟုဆိုကာ မတ်စောက် သောတောင်ပေါ်သို့ တက်လေသည်။ ရွာသူရွာသားအားလုံးတို့ကလည်း အမျိုးမျိုး ဆူညံအော်ဟစ်ကာ အားပေးနေကြသည်။ တောင်၏သုံးပုံ တစ်ပုံ၊ ထို့နောက် တောင်၏တစ်ဝက်သို့ ရောက်၏။

အော်ဟစ်အားပေးသံများ ဆူညံနေသည့်ကြားကပင် သဘော် သားမှာ ဆက်လက်၍မတက်နိုင်ဟုဆိုကာ ပြန်ဆင်းလာရလေသည်။ ထို့နောက် တောင်တက်သမားတစ်ယောက်က တက်ပြန်သည်။ တောင် တက်သမားလည်း တောင်သုံးပုံနှစ်ပုံခန့်ရောက်သောအခါမှာပင် လက် လျှော့ကာ ပြန်ဆင်းလာပြန်လေသည်။ တောင်တက်သမားသည်ပင်လျှင် လက်လျှော့လိုက်သောအခါ ရွာသူရွာသားများမှာ ဘာမျှမတတ်နိုင် တော့၊ အားငယ်စွာဖြင့် ကြည့်နေမိကြရလေသည်။

ထိုအချိန်မှာပင် တောသူမတစ်ယောက်က သူတက်မည်ဟုဆို ကာ တက်ပြန်လေသည်။ ယောကျ်ားရင့်မကြီးများသည်ပင် မတက်နိုင် ကြသည်ကို မိန်းကလေးဆိုလျှင် မည်သို့မျှမဖြစ်နိုင် ဟုတွက်ဆပြီး အမျိုးမျိုးတားမြစ်ကြ၏။

တောသူမကား တစ်ဦးတစ်ယောက်၏စကားကိုမျှနားမဝင်ဘဲ မတ်စောက်သော ကျောက်တောင်ကြီးကို ကုပ်ဖက်၍တက်လေသည်။ တောင်တစ်ဝက်သို့ရောက်သောအခါတွင် ဝိုင်းကြည့်နေကြသူများက တောသူမအား အထင်မသေးဘဲ ရဲကြတော့ဘဲ အော်ဟစ်ကာ အားပေး စကား ဆိုလာကြသည်။

တောသူမသည် ဖြည်းဖြည်းချင်း ကုပ်ကပ်တက်ရင်းက သဘော်ာသားနှင့် တောင်တက်သမားတို့မတက်နိုင်သော တောင်ထိပ်သို့ ရောက်သွားလေသည်။ ထိုအခါ လူထု၏အားပေးသံများမှာလည်း ပိုမို ဆူညံလာ၏။ တောသူမသည် ကလေးကိုကောက်ပွေ့၍ အားပါးတရ အထပ်အထပ်အခါခါ နမ်းရှုပ်လိုက်ပြီးနောက် ကျောကုန်းတွင် အနီးစ နှင့်သိုင်းပိုးပြီး သူတက်လာခဲ့သည့်အတိုင်း ကုပ်ကပ်ပြန်ဆင်း၍ အောင် မြင်စွာနှင့် တောင်အောက်သို့ ရောက်လာခဲ့လေသည်။

ထို့ကြောင့် အံ့သြချီးမွမ်းသံများလည်း ဘဝဂ်ညံသွား၏။ ယောက်ျားရင့်မကြီးများပင် မတက်နိုင်ကြသော ကျောက်တောင်ကြီးကို တောသူမသည် အဘယ်ကြောင့် တက်နိုင်ခဲ့သနည်း။ အသက်ကို ပဓာန မထားသောကြောင့် တက်နိုင်ခဲ့ခြင်းဖြစ်သည်။ အဘယ်ကြောင့် အသက် ကို ပဓာနမထားသနည်း။ ကလေးငယ်ကို မိမိအသက်ထက်ပို၍ ချစ် သောကြောင့်၊ အဘယ်ကြောင့် ကလေးငယ်ကို မိမိအသက်ထက်ပို၍ ချစ်သနည်း။ တောသူမသည် ထိုကလေးငယ်၏မိခင်ဖြစ်သောကြောင့် ပင်တည်း။

မြင့်မားမတ်စောက်လွန်းသော ကျောက်တောင်ကြီးပေါ်သို့ သာမန်ယောကျ်ား၊ မိန်းမတို့ မတက်နိုင်ကြသည်မှာ လောကနိယာမပင် ဖြစ်၏။ သို့သော် ထိုတောင်ထိပ်ပေါ်တွင် မိမိ၏ရင်သွေးငယ်ရှိနေမည် ဆိုလျှင်၊ ထိုရင်သွေးငယ်ကိုလည်း မိမိကိုယ်တိုင် သက်စွန့်ကြိုးပမ်း တက်ယူမှရတော့မည်ဟုဆိုလျှင်ကား မိခင်မေတ္တာသည် ထိုနိယာမကို လွန်ဆန်မည်သာဖြစ်၏။ ယခုပင်လျှင် တောသူမတစ်ယောက် လွန်ဆန် ခဲ့ပြီမဟုတ်ပါလား။

## မိတ်ဆက်


သည်မျှနှင့်ပင် မိတ်ဆက်စာသားသည် လုံလောက်ပြီထင်ပါ၏။ သို့သော် စာအုပ်ထဲ၌ မိခင်အကြောင်းရော၊ ဖခင်အကြောင်းပါ နှစ်မျိုးလုံး ပါဝင်၏။ မိတ်ဆက်၌ မိခင်အကြောင်းတစ်ခုကိုသာ ရေးလိုက်သည်မှာ ယခင်ဆုံးဖြတ်ထားသည်က မိခင်ဘွဲ့အကြောင်းတစ်ခုတည်းနှင့် ရေးသားရန်သာ ရည်ရွယ်ထားသည်။ သို့သော် နောက်တော့ ဖခင်ဘွဲ့များကိုပါထည့်ရလျှင် ပိုပြီးသင့်မည်ဟုတွက်ပြီး ဖခင်ဘွဲ့များကို ထပ်မံရေးသားကြပြန်သည်။

သို့သော် မိခင်အကြောင်း မိတ်ဆက်စာသားသည်ပင် သည်မျှများပြားနေလျှင် ဖခင်အကြောင်း မိတ်ဆက်စာကိုပါ ထပ်ကာရေးထည့်နေပါက မိတ်ဆက်စာသက်သက်သည်ပင် တစ်နေရာယူတော့ပေမည်။ လိုရင်းသို့မရောက်နိုင်ဘဲ မိတ်ဆက်မှာပင် အချိန်ပေးနေရပေလိမ့်မည်။ ဤသို့စဉ်းစားမိသဖြင့် ဖခင်အကြောင်းကို သီးသန့်ရေးမထည့်လိုက်တော့ပေ။

သားသမီးတစ်ဦးတစ်ယောက်၌ မိခင်ရော ဖခင်ပါ မိမိတို့အသက်တမျှချစ်ကြသဖြင့် ယခုမိခင်တို့၏မေတ္တာဘွဲ့ကို ထုတ်ပြလျှင်ပင် ဖခင်မေတ္တာဘွဲ့ကိုပါ ခြုံငုံပြည့်စုံလိမ့်မည်ဟု ယူဆမိပါသဖြင့် ဖခင်အကြောင်း မိတ်ဆက်ကို သီးသန့်ရေးမပြတော့ဘဲ မေတ္တာရှင် (ရွှေပြည်သာ)နှင့် မင်းဟိန်းထိဝ်တို့၏ မိဘမေတ္တာရသစုများ အမည်ရှိစာသားကိုသာ ဆက်လက် ဖတ်ရှုခံစားကြပါစို့ ...

* * *





# အပြစ်ရှိသူ

"မိဘထက် သီလသမာဓိ ပညာသာသော အတိဇာတသားသမီး။ တန်းတူလိုက်သော အနုဇာတသားသမီး။ အောက်ကျသော အဝဇာတသားသမီး"ဟု သုံးမျိုးရှိရာတွင် ကျော်မင်းနှင့် အေးမာတို့မောင်နှမကိုကား အဝဇာတသားသမီးများဟု ဆိုရပါချိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် သူတို့၏မိဘများဖြစ်သော ဦးဘလွင်နှင့် ဒေါ်ကျင်မေတို့လက်ထက်က မန်ကျည်းစင်ရွာထဲတွင် ဥစ္စာပစ္စည်းပြည့်စုံသော သူဌေးကောင်းမိသားစုအဖြစ် သတ်မှတ်ခံရသည်။

ရွာဦးကျောင်းအတွက်လည်း အရဏ်ဆွမ်းအုပ်၊ နေ့ဆွမ်းအုပ် နေ့စဉ်ပို့နိုင်သည်။ အိမ်တွင်လည်း လစဉ် အလှူအတန်း ပြတ်လပ်သည်မရှိ။ ကျော်မင်းနှင့် အေးမာတို့မောင်နှမကို အမွေခွဲပြီးသည့်အချိန်မှစ၍ ပစ္စည်းများ လုံးပါးပါးခဲ့ရသည်။ ရှိသမျှလယ်ယာမြေများလည်း မောင်နှမနှစ်ယောက် အပြိုင်ရောင်းစားလိုက်ကြသဖြင့် မကျန်တော့သလောက်ပင်။

အမွေဆိုင်အိမ်ကြီးကို တစ်ယောက်တစ်ဝက်စီ အတိအကျရမှ ကျေနပ်မည်ဟုဆိုပြီး ရောင်းကြပြန်ရာ အသိုးအဘွားအရွယ်ရောက်နေပြီဖြစ်သော ဦးဘလွင်နှင့် ဒေါ်ကျင်မေတို့နှစ်ယောက်မှာ သားနှင့်သမီးထံတွင် တစ်လှည့်စီသာ လိုက်နေရတော့သည်။ သူကကျွေးချင်၊ ငါကကျွေးချင်ဖြစ်နေ၍တော့မဟုတ်။

အမြဲတမ်း ကျွေးမထားချင်မှုန်းသိသောကြောင့်သာ။ တစ်လှည့်တစ်ပြန် နေနေရခြင်းပါ။ ထိုစိတ်နှင့်ပင် ဒေါ်ကျင်မေကွယ်လွန်ခဲ့ရပြီး ဦးဘလွင်တစ်ဖြစ်လဲ ဘကြီးလွင်သာ ကျန်တော့သည်။ ထိုသတင်းကို ကြားသွားသော ရွာဦးကျောင်းဆရာတော်က အခေါ်လွှတ်သဖြင့် မောင်နှမနှစ်ယောက် ကျောင်းသို့ရောက်လာကြသည်။

သူတို့လက်ထက်ရောက်မှ ကျောင်းသို့ ဘာဆွမ်းအုပ်မှလည်း မပို့နိုင်ခဲ့။ ဥပုသ်လည်း တစ်ကြိမ်မျှ မစောင့်ဘူးကြသဖြင့် ဆရာတော်နှင့်ကား ရင်းရင်းနှီးနှီးမရှိလှ။ ကိုယ့်ရွာကျောင်းဆရာတော်မို့ မျက်မှန်းတန်းမိရုံမျှသာရှိသည်။ ကျောင်းပေါ်ရောက်တော့ ဆရာတော်က သံဃာစင်ပေါ်မှာ ထိုင်စောင့်နေတာ တွေ့လိုက်ရသည်။ ဘုရားရှိခိုးတော်နှင့် ဆရာတော်ကို ဦးချအပြီးမှာပင် …

"ကျော်မင်းနဲ့ အေးမာဆိုတာလား"

"မှန်ပါတယ်ဘုရား ….. တပည့်တော်တို့မောင်နှမကို ဆရာတော် အခေါ်လွှတ်တယ်ဆိုလို့ပါဘုရား" ဟု ကျော်မင်းက လျှောက်၏။

“အေး … ဟုတ်တယ်၊ မင်းတို့မောင်နှမနှစ်ယောက် အဖေကြီးကို ပစ်ထားကြတယ်လို့ ပြောနေကြတာယ်၊ ဟုတ်သလား”

“တပည့်တော်တို့ ပစ်မထားပါဘူးဘုရား။ နေ့တိုင်းကျွေးပါတယ်”

“အေး ကျွေးတာကတော့ အိမ်မှာမွေးထားတဲ့ခွေးတောင် ကျွေးရသေးတာပဲ၊ ကျေးဇူးရှိတဲ့မိဘကို ရိုရိုသေသေ၊ ယုယုယယ ကျွေးဖို့လိုတယ်၊ သမန်ကာလျှံကာမထင်နဲ့၊ မိဘရဲ့မွေးကျေးဇူးကို ကိုယ်ကပြန်ဆပ်ရတယ်။ ဟိုကျောက်သင်ပုန်းမှာ ရေးထားတာ ဖတ်ကြည့်ကြစမ်း”

ဆရာတော်က ကျောင်းသားများအား မာတာပိတုဉပဋ္ဌာနာ မင်္ဂလာနှင့် ဆက်စပ်၍ သင်ပြထားသော လင်္ကာတစ်ပုဒ်ကို ညွှန်ပြလိုက်သဖြင့် မောင်နှမနှစ်ယောက် လှမ်းဖတ်လိုက်ကြသည်။ ရေးသားထားသည်က –

**အနန္တဂိုဏ်းဝင် အဓိကထားရသည့်**
**မိဘနှစ်ပါး ကြီးကျယ်စွာ**
**လက်ဦးဆရာ ဗြဟ္မာအလားသို့**
**ဘဂဝါဘုရား ဟောခဲ့တာ**
**သူတို့မွေးတာ ကျေးဇူးအမြတ်ကို**
**ကြွေးအတူးဆပ်ဖို့ နားလည်ပါ**
**စွမ်းနိုင်လျက်သား အိုမင်းခြား**

**ပစ်ထားလူယုတ်မာ**
**အဲဒါကြောင့် ဗုဒ္ဓထုတ်ဟော**
**အယုတ်သဘောကင်းစေရာ။**
**(ညောင်တုန်းရွှေဟင်္သာတောရစ်ကျောင်းဆရာတော်ကြီး)**

ဟူ၍ ဖြစ်သည်။

"အေး ... အဲဒါ ဘုရားဟောထားတဲ့ ဝသလသုတ်ဆိုတာကို ဆရာတော်ကြီးက လူတိုင်းနားလည်အောင် လင်္ကာနှင့်ပြန်ရေးထားတာ။ ဝသလသဒ္ဒါက လူယုတ်မာကိုဟောတယ်။ ယုတ်မာတဲ့သူတွေရဲ့အကျင့်တွေကို သေချာဟောထားတဲ့သုတ်ပေါ့။ ဒီလင်္ကာဆိုလိုရင်းက မိဘဆိုတာ နေတတ်၊ ထိုင်တတ်၊ သွားတတ်၊ လာတတ်၊ စားတတ်၊ သောက်တတ်အောင် အရင်ဆုံးသင်ပြပေးလို့ လက်ဦးဆရာဆိုလည်း ဟုတ်တယ် -

ဗြဟ္မာစိုရ်တရားလေးပါးနဲ့အညီ သားသမီးကို အမြဲတမ်းစောင့်ရှောက်တတ်လို့ ဗြဟ္မာဆိုလည်းဟုတ်တယ်။ သူတို့ရဲ့မွေးကျေးဇူး၊ ကျွေးကျေးဇူးကို ဆပ်နိုင်သမျှ ဆပ်ကြရမယ်။ မိဘတွေ အိုမင်းပြီး မလုပ်နိုင်၊ မကိုင်နိုင်ဖြစ်လာတဲ့အချိန်မှာ ကျွေးမွေးစောင့်ရှောက်နိုင်ရက်နဲ့ မကျွေးမွေး၊ မစောင့်ရှောက်တဲ့သားသမီးဟာ လူယုတ်မာပဲတဲ့"

ကျော်မင်းတို့မောင်နှမနှစ်ယောက်မှာ ကိုယ်သိအပြစ်နဲ့ကိုယ်မို့ တုတ်တုတ်မျှမလှုပ်ရဲကြ။ သူတို့အကြောင်းတွေကို ဘုန်းကြီးအား လာလျှောက်သွားသော ဦးဘလွင်ကိုလည်း စိတ်ထဲက လွမ်းစွာအောက်မေ့နေကြသည်။

"မင်းတို့အမေလည်း မင်းတို့စိတ်နဲ့ စိတ်ဆင်းရဲပြီး သေခဲ့ရပြီ။ နောက်ဆုံးကျန်ခဲ့တဲ့ ဒီအဖေတစ်ယောက်ကိုတော့ အမေ့ကိုယ်စားပါ အတိုးချပြီး ကျွေးမွေးယုယကြစမ်းပါ။ ဒီစေတနာတွေဟာ အလကား ဖြစ်သွားပါဘူး။ ယခုဘဝ၊ သို့မဟုတ် နောက်ဘဝ ကေန်မုချ အကျိုး ပေးပါလိမ့်မယ်။ မင်းတို့မောင်နှမနှစ်ယောက်စလုံးလည်း သားသမီးတွေ အသီးသီးရနေကြပြီပဲ -

မိမိကိုယ်တိုင် မိဘဘဝရောက်လာလို့မှ မိဘကျေးဇူးမသိသေး ဘူးဆိုရင်တော့ နောင် ဘယ်တော့မှ သိဖို့မလွယ်တော့ဘူး။ မိဘကို ကျေးဇူးဆပ်ခွင့်ရဖို့ဆိုတာလည်း အခါခပ်သိမ်း လွယ်တာမဟုတ်ဘူး။ မိဘတွေလည်း အသက်ထင်ရှားရှိဦးမှ၊ မိမိတို့ကိုလည်း မှီခိုနေဦးမှ၊ မိမိတို့မှာ ကျွေးမွေးချင်တဲ့သဒ္ဓါတရားရယ်၊ ကျွေးမွေးနိုင်တဲ့ဥစ္စာဓနရယ်၊ ဒီနှစ်ခုလည်းရှိဦးမှ မိဘကိုကျေးဇူးဆပ်ခွင့်ရတယ် -

ဧည့်သည်လာရင် ဆန်မကုန်စေနဲ့ဆိုတဲ့စကားလေးအဓိပ္ပာယ် ကို နည်းနည်းရှင်းပြမယ်။ အဓိပ္ပာယ်ကို သေချာမသိရင်တော့ ဧည့်သည် ကို ထမင်းမကျွေးနဲ့၊ ဆန်ကုန်သွားမယ်။ ဒီလိုပြောတာလို့ ထင်မိတတ် တယ်။ ဒီလိုမဟုတ်ပါဘူး။ ဧည့်သည်လာတဲ့အခါ ထမင်းကျွေးရမယ် ဆိုရင် စိတ်စေတနာကောင်းကောင်းနဲ့ သေချာကျွေးပါ။ ဥပရိပဏ္ဏာသ ပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်မှာ ဟောထားတဲ့အတိုင်း အလှူခံပုဂ္ဂိုလ် (၁၄)မျိုးထဲမှာ လူလည်းပါတာပဲ -

သီလရှိတဲ့ဧည့်သည်ဆိုရင် မိမိမှာ ဘဝတစ်သောင်း ချမ်းသာ တဲ့ကောင်းကျိုးရမယ်။ သီလမရှိတဲ့ဧည့်သည်ဆိုရင် ဘဝတစ်ထောင်

ချမ်းသာမယ်။ သြော် ... ငါလှူထိုက်လို့ လှူရတာပါလား။ ဒီလို သဘောထားရမယ်။ အဲသလိုသဘောမထားဘဲ ဧည့်သည်ကလည်း အလိုက်ကန်းဆိုးမသိ၊ ထမင်းစားချိန်မှလာရသတဲ့လား။ ဆန်ဈေးက ကြီးပါတယ်ဆိုမှ အခုတော့ ကုန်ပါပြီဆိုပြီး ... -

မကျွေးမဖြစ်လို့သာ ကျွေးလိုက်ရတယ်။ စေတနာကောင်းကောင်းမပါဘူးဆိုရင်တော့ ဆန်သာကုန်သွားတယ်။ ကုသိုလ်က ကောင်းကောင်းမရတော့ဘူး။ ဒါကြောင့် ဧည့်သည်လာရင် ဆန်မကုန်စေနဲ့လို့ ရှေးလူကြီးများက ဆုံးမခဲ့ကြတာပေါ့။ အခုတော့ မင်းတို့ မောင်နှမလည်း ဖခင်ကြီးကို ကျွေးရမယ့်အတူတူ စေတနာကောင်းကောင်းထားပြီး ကျွေးကြပါ။

ကျွေးလည်းကျွေးရသေးတယ်၊ ကုသိုလ်လည်း ကောင်းကောင်း မရဘူးဆိုတော့ အလကား ဆန်ကုန်တာသာရှိတာပေါ့။ နောက်ဆုံး ငါမှာချင်တာက ဇနေတိသ ဒိ သုံးပါကံတဲ့ တူသောအကျိုးကို ပေးတတ်တယ်။ မင်းတို့က မင်းတို့ရဲ့မိဘကို သေချာလုပ်ကျွေးပြုစုခဲ့ရင် မင်းတို့ သားသမီးတွေကလည်း မင်းတို့ကို လုပ်ကျွေးပြုစုကြလိမ့်မယ်။

မင်းတို့က မိဘကိုပစ်ထားခဲ့ကြတယ်ဆိုရင်တော့ မင်းတို့ သားသမီးတွေကလည်း မင်းတို့အသက်ကြီးလာကြတဲ့အခါ ပစ်ထားကြလိမ့်မယ်။ အဲဒါကို သေသေချာချာ မှတ်ထားကြ။ ကဲ ... ပြန်ကြတော့ ..."

* * *

ကျောင်းမှာ အောင့်အည်းချုပ်တည်းခဲ့ရသော ဒေါသများက အိမ်ပြန်ရောက်မှ ပေါက်ကွဲချင်တိုင်း ပေါက်ကွဲကြတော့သည်။ **အသဒ္ဓံ သဒ္ဓကထာ ဒုက္ခထာ** = သဒ္ဓါတရားမရှိသောသူအတွက် သဒ္ဓါတရားနှင့်စပ်သောစကားသည် မကောင်းသောစကားသာဖြစ်သည်ဟူသော ဗုဒ္ဓ၏ဒေသနာအတိုင်း -

ပင်ကိုကပင် မိဘကို ကျေးမွေးချင်သည့်သဒ္ဓါတရားမရှိကြသည့် ကျော်မင်းတို့မောင်နှမနှစ်ယောက်အတွက် ရွာဦးကျောင်းဆရာတော်၏ မိဘကိုလုပ်ကျွေးပြုစုရန်တိုက်တွန်းသော သဒ္ဓါတရားနှင့်စပ်သော စကားသည် သူတို့အတွက် မကောင်းသောစကားသာ ဖြစ်ခဲ့လေပြီ။

"အမေက ကျွန်တော်တို့ကို ရွာထဲမှာတင် အရှက်ခွဲရုံမကဘူး၊ ဘုန်းကြီးကျောင်းပါသွားပြီး အရှက်ခွဲတယ်။ အခု ကြည့်စမ်းပါဦး။ ကျွန်တော်တို့မောင်နှမနှစ်ယောက်စလုံး ကျောင်းခေါ်ပြီး ရ စရာမရှိအောင် အဆူခံရတယ်။ ဒါ အမေသွားပြောထားလို့မဟုတ်လား"

"မပြောရပါဘူးသားရယ် ... တစ်နေ့က မင်းတို့မောင်နှမနှစ်ယောက်လုံး မိသားစုကုန် ဟိုဘက်ရွာအလှူကို တစ်ညအိပ်သွားကြတုန်းက အမေကိုယ်တိုင်လည်း မမြင်မစမ်းနဲ့ဆိုတော့ ချက်ဖို့ပြုတ်ဖို့မလွယ်တာနဲ့ ဘုန်းကြီးကျောင်းသွားပြီး ဆွမ်းကျန်ကွမ်းကျန်လေး တောင်းစားလိုက်မိတယ်။ တခြားတရားအကြောင်းလေးဘာလေးပဲ ဆရာတော်နဲ့ ဆွေးနွေးမိတယ်။ သားတို့မောင်နှမအကြောင်း ဘာမှ မပြောမိတာ အမှန်ပါ ..."

ဟုတ်ပါသည်။ ထိုနေ့က အိမ်မှာ စားစရာကလည်း ဘာမျှမရှိ။ ဒါမျိုးက ဦးဘလွင်အတွက် အဆန်းမဟုတ်တော့။ မောင်နှမနှစ်ယောက် စလုံး သွားစရာလာစရာရှိလျှင် စွတ်ခနဲထွက်သွားတတ်ကြသည်။ ငါတို့ မရှိတုန်း ဖအေကြီး ဘာနဲ့စားရှာမလဲဟူ၍ ဘယ်တော့မှ အပူမထား ကြ။ သူ့ဘာသာသူ ချက်စားလျှင်စား မစားချင်လျှင်နေ။

အိမ်မှာစောင့်ပေးလျှင်တော်ပြီ။ တစ်ခုတော့ရှိသည်။ တခြားအိမ် များကိုတော့ သဒ္ဒါလို့ခေါ်ကျွေးတာတောင် သွားစားလျှင်မကြိုက်။ "ငါတို့မိဘကို ငါတို့ဘာသာ ကျွေးနိုင်တယ်။ သူတစ်ပါးကျွေးမှ စားရမှာမဟုတ်ဘူး" ဟူ၍ မကြားတကြား ရန်ထောင်တတ်သဖြင့် လူချင်းခင်လို့ဆိုပြီး ကိုယ့်ဘာသာ သူတစ်ပါးအိမ်သွားစားဖို့ကတော့ ဦးဘလွင်တစ်ယောက် စိတ်တောင်မကူးရဲ။

ထို့ကြောင့်ပင် အပြစ်လွတ်အောင် ဘုန်းကြီးကျောင်းသို့သွားစား ကာမှ ပို၍ အဆူခံထိနေတော့သည်။ ဖြစ်ချင်တော့ ထိုနေ့က ကျောင်း သို့ ဆွမ်းအုပ်လာပို့သော ဒေါ်စံမယ်က ဇရပ်ထဲတွင် ပုတီးစိပ်နေသော ဦးဘလွင်ကိုမြင်သွားသဖြင့် ဆရာတော်အား ဖြစ်ကြောင်းကုန်စင် လျှောက်ထားသွားသောကြောင့် ရွာဦးကျောင်းဆရာတော် သိသွားခြင်း ဖြစ်ပေသည်။

အခုတော့ မပြေးသော်ကံရာရှိဆိုသောစကားအတိုင်း ကျောင်း ကိုသွားမိသော ဦးဘလွင်ကိုသာလျှင် သူသွားပြောလို့သိတာ။ သူမပြော လျှင်မသိဟု အတတ်စွဲကြတော့သည်။ အေးမာက နှုတ်သီးပိုစွာသည်။

"အဖေက သားသမီးတွေကျွေးတာလည်း စားသေးတယ်။ သားသမီးတွေကိုလည်း သိက္ခာချသေးတယ်။ ရွာကလူတွေက နဂိုကမှ မေးငေါ့ချင်နေကြတာ။ အခုလိုဖြစ်တော့ ပိုဆိုးတော့မှာပေါ့။ အစ်ကို ကျွန်မတော့ နောက်ဆိုတော်ပြီ။ ကျွေးလည်းအပြောခံ၊ မကျွေးလည်း အပြောခံရတဲ့အတူတူ ..."

အေးမာစကားက ရှေ့မဆက်တော့ပါ။ ဆက်ခဲ့လျှင် ဘာဆိုသည် ကိုတော့ မြန်မာစကားနားလည်သူတိုင်း သိနိုင်လေသည်။ သားသမီး မျက်နှာကြည့်ပြီး အစားတစ်လုတ် တုတ်တစ်ချက်ဖြင့်နေရသော ဦးဘလွင်က ပို၍သိပါသည်။ ထို့ကြောင့်ပင် ဘာမျှဆက်မပြောတော့ဘဲ ချမ်းသာသဖျှ လက်စွဲတော်လွယ်အိတ်ကလေးကို အသင့်ကောက် ကိုင်ပြီး အိမ်ပေါ်မှ ဆင်းခဲ့တော့သည်။

အရင်အခါများကတော့ သားမကြည်ဖြူ သမီးအိမ်သွား၊ သမီး မကြည်ဖြူ သားအိမ်သွားနိုင်သော်လည်း ယခုအခါမှာတော့ မောင်နှမ နှစ်ယောက်လုံး မကြည်ဖြူကြတော့ပြီဖြစ်ရာ တစ်ခြားထွက်သွားရန် သာ ရှိပါတော့သည်။

* * *

နံနက်ပိုင်းကတည်းက မြို့ပေါ်တက်သွားသော ဦးဘလွင် တစ်ယောက် နေတော်တော်ညိုမှပင် ရွာသို့ပြန်လာသည်။ အိမ်ပြန်သွား ချင်စိတ်ကလည်းမရှိသဖြင့် ဘုန်းကြီးကျောင်းသို့သာ ဝင်သွားလိုက် သည်။

အခန့်သင့်တွေ့ရသော ဆရာတော်ကိုဦးချပြီးသည်နှင့် ဆရာတော်က -

"ဒကာကြီး ဘယ်ကပြန်လာတာလဲ"

"မြို့ပေါ်ကပါဘုရား"

"ဒကာကြီး အားလည်းသိပ်ရှိတာမဟုတ်ဘူး၊ ဒီကြားထဲ ပန်းနာရင်ကျပ်ကလည်း ရှိသေးတယ်။ အဖော်မပါဘဲနဲ့ ဘယ်မှလျှောက်မသွားပါနဲ့။ တော်ကြာ လမ်းမှာတစ်ခုခုဖြစ်ရင် ဘယ်သူမှမသိဘဲဖြစ်နေပါဦးမယ်"

"တပည့်တော်ကိုယ်တိုင်လည်း ဘယ်မှမသွားချင်ပါဘူးဘုရား၊ မဖြစ်လို့သွားရတာပါ။ ဒါနဲ့ တပည့်တော် ဆရာတော့်ကျောင်းမှာ တစ်ရက်နှစ်ရက် နေခွင့်ပြုပါဦး၊ သားသမီးတွေ တပည့်တော်ကို တော်တော်မကျေမနပ်ဖြစ်နေကြတယ်ဘုရား"

"ဘာဖြစ်လို့လဲ ဒကာကြီး"

"တစ်နေ့က ဆရာတော်က သူတို့ကိုခေါ်ဆုံးမတာ တပည့်တော်လာလျှောက်တာလို့ အတင်းစွပ်စွဲပြီး မကျေမနပ်ဖြစ်နေကြတာဘုရား"

"သြော် ... ဖြစ်မှဖြစ်ရလေ၊ အဲဒါက ဘုန်းကြီးကို ဒေါ်စံမယ်ကလျှောက်သွားလို့ ဒကာကြီးအကြောင်းကိုသိရတာ၊ ဒီကလေးတွေ တော်တော်မိုက်လုံးကြီးတာပါလား။ ဘုန်းကြီး ဒကာကြီးအတွက်သာမကပါဘူး။ သူတို့ပါ မိဘစိမ်ရည်သင့်ပြီး ဒုက္ခရောက်ကြမှာစိုးလို့ခေါ်ဆုံးမတာ။ အခုတော့ ... ဆုံးမခါမှ ပိုတောင်ဆိုးနေပါရော့လား"

"မှန်ပါ ... တပည့်တော်ထိုက်နဲ့ တပည့်တော်ကံ ရှိပါစေတော့ဘုရား။ သူတို့နှစ်ယောက်လည်း မကျွတ်ထိုက်တဲ့သတ္တဝါတွေလို့သာ မှတ်ပြီး ဥပေက္ခာပြုလိုက်ပါတော့ဘုရား"

"အင်း ... ပြောလို့မှမရတော့တာကိုး၊ ကဲ ... ကဲ ဒကာကြီး စိတ်ချမ်းသာသလိုနေပါ။ တစ်ရက်နှစ်ရက်မကဘူး။ ကြိုက်သလောက်သာနေ"

* * *

နောက်တစ်နေ့နံနက်ခင်းမှာတော့ အံ့သြစရာ၊ ဝမ်းသာစရာမြင်ကွင်းတစ်ခုက ဆရာတော်ကို ဆီးကြိုနေသည်။ ကြည့်ပါ ... ကျော်မင်းတို့ဇနီးမောင်နှံရော၊ အေးမာတို့ဇနီးမောင်နှံပါ လေးယောက်သား ဦးဘလွင်၏ရှေ့တွင် ရောက်နေကြလေသည်။ ဇရပ်က ကျောင်းနှင့်ဝေးလှသည်မဟုတ်သောကြောင့် သူတို့ပြောကြသမျှစကားတွေကိုလည်း ဆရာတော် အတိုင်းသား ကြားနေရသည်။

"ကဲပါအဖေရာ ကျွန်တော်တို့နဲ့ တစ်ခါတည်းသာ လိုက်ခဲ့ပါတော့။ သားသမီးနဲ့မိဘပဲ။ စိတ်ထဲမှာမထားပါနဲ့။ ဒီကရှေ့ အဖေဘာမှ ပူစရာမလိုအောင် ကျွန်တော်ပြုစုပါ့မယ်"

"အံမယ် - အစ်ကိုက တစ်ကိုယ်ကောင်းမကြံပါနဲ့။ ကျွန်မလည်း အဖေ့သမီးပဲ။ အစ်ကို့အိမ်ချည်း အမြဲတမ်းခေါ်ထားလို့ ဘယ်ဖြစ်ပါ့မလဲ။ ကျွန်မတို့အိမ်လည်း ခေါ်ထားချင်သေးတာပေါ့။ ဒီကပြန်ရင် ကျွန်မအိမ်မှာ အရင်ထားမယ်"

“နင်ကမိန်းကလေးဟ၊ ဘခင်ရဲ့ဝတ်ကြီးဝတ်ငယ် သမီးနဲ့ မသင့်တော်တာတွေ အများကြီးရှိတယ်။ ဒီတော့ ယောကျ်ားချင်းဖြစ်တဲ့ သားအဖပဲကောင်းတယ်”

ဆရာတော်မှာ သူ့မျက်စိနှင့်နားကိုပင် မယုံနိုင်လောက်အောင် ဖြစ်နေသည်။ မယုံ၍မရတော့ပါ။ ခဏအကြာမှာပင် ဦးဘလွင်နှင့် သားသမီးတစ်စုတို့ ကျောင်းပေါ်တက်လာကြသည်။ ဦးချပြီးသည်နှင့် ကျော်မင်းက -

“ဆရာတော်ဘုရား ... တပည့်တော်တို့အဖေ့ကို ပြန်ခေါ်သွား တော့မယ်ဘုရား။ ဆရာတော့်ဩဝါဒအတိုင်း အဖေ့ကို တပည့်တော် တို့မောင်နှမနှစ်ယောက်လုံး အစွမ်းကုန် ကျွေးမွေးပြုစုကြပါမယ် ဘုရား”

“အေး ... အေး သာဓု - သာဓု - ကောင်းပေစွ။ ကောင်း ပေစွ။ မိဘကို လုပ်ကျွေးပြုစုတယ်ဆိုတာ သူတော်ကောင်းတွေရဲ့ အလုပ်ပါကွယ်။ အမြဲတမ်း ပြုစုလုပ်ကျွေးနိုင်ပါစေလို့ ဆုတောင်း ပါတယ်”

ဦးဘလွင်တို့မိသားစုများ ဆင်းသွားမှ စေ့စေ့စပ်စပ်ရှိသော ခန်းနေဦးပဥ္စင်း ဦးနန္ဒိယက “ဆရာတော် သာဓုခေါ်တာ တစ်လုံးကျန် နေတယ်ဘုရား ... သေချာချန်ထားလိုက်တာလား၊ ကျန်သွားတာလား ဘုရား”

“မင်းက သတိထားမိသားပဲကွ။ စိတ်ထင်တဲ့အတိုင်း ပြောရရင် တော့ ဒီမောင်နှမကို ငါ တယ်မသင်္ကာဘူးကွ။ သူတို့စိတ်ခတ်က

တော်တော်ညံ့တာဆိုတော့ ဒီဖအေကြီးလာခေါ်သွားကြတာ အကြောင်း တစ်ခုခုကြောင့်လို့ပဲ ငါတော့ထင်တယ်။ ဒါကြောင့် မသေချာသေးလို့ သာရေတစ်လုံး ချန်ထားလိုက်တာ"

* * *

နောက်တစ်နေ့နံနက်မှာပင် ဆရာတော် သာရေတစ်ခွန်းချန်တာ အမှန်ဖြစ်သွားကြောင်း သိကြရသည်။ အရက်ဆွမ်းအုပ်လာပို့သော ဒေါ်စံမယ်က -

"ဆရာတော်ဘုရား၊ ဟောဒီက အကောင်းစားဘီစကွတ်မုန့်ထုပ်က ဦးဘလွင် လှူကြံ့ပါးပြီး လှူခိုင်းလိုက်တာပါဘုရား" ဟုဆိုပြီး မုန့်ထုပ်ကို ဆရာတော်အား ကပ်လှူလိုက်သည်။ ဆရာတော်က အံ့ဩသောအမူအရာဖြင့် ...

"နေပါဦး ဒါယိကာမကြီး။ ဦးဘလွင်က ထူးထူးခြားခြား ဘုန်းကြီးကိုတောင် မုန့်ထုပ်တွေဘာတွေလှူနိုင်နေပြီဆိုတော့ သူ့မှာလည်း တော်တော်ဟန်ကျနေပုံပေါ်တယ်။ ဟုတ်လား။"

"ဟန်ကျပါသော်ကော ဆရာတော်၊ သူ့သားနဲ့သမီးက အခု ဦးဘလွင်ကြီးကို ဘာမှလိုလေသေးမရှိအောင် ဖူးဖူးကိုမှုတ်ထားတာပဲဘုရား"

"အဲဒါ ဘုန်းကြီးသိချင်နေတာ။ အရင် ဘုန်းကြီးခေါ်ဆုံးမတာတောင် နားမထောင်တဲ့ဟာတွေ၊ အခုမှ ထူးထူးခြားခြား ဖအေကြီးကို ပြန်ဂရုစိုက်ကြတယ်ဆိုတော့ အကြောင်းထူးတော့ ရှိလိမ့်မယ်လို့ထင်တယ်"

ဒေါ်စံမယ်က အံ့ဩသောမျက်နှာဖြင့် -

"ဟွန့် ... ဆရာတော် ဒီအကြောင်းကို မသိဘူးလားဘုရား"

"မသိလို့မေးနေတာပေါ့ ဒါယိကာမကြီးရဲ့"

"ဩော် တပည့်တော်ကတော့ ဆရာတော့်ကျောင်းကမှ သူ့သားသမီးတွေအိမ်လိုက်သွားတာဆိုတော့ ဒီအကြောင်းတွေ ဆရာတော်ကို အကုန်လျှောက်ထားခဲ့လိမ့်မယ်လို့ ထင်ထားတာ။ ပြီးတော့ ... သူမှာ တော်တော်အဆင်ပြေလာတော့ ဘုန်းကြီးကျောင်းမှာ တစ်ခုခုတော့ သေချာလှူလိမ့်မယ်လို့ တပည့်တော်မက တွက်ထားတာပါဘုရား"

"ဟာ ဒါယိကာမကြီးပြောမှ မိုရှုပ်ကုန်ပါပြီ။ ဦးဘလွင်က ဘာတွေ အဆင်ပြေလာလို့ ဘာတွေလှူရမှာတုန်းဗျ။ ခပ်ရှင်းရှင်း ခပ်မြန်မြန် ပြောစမ်းပါ"

"ဒီလိုပါဘုရား ... ဦးဘလွင်မြို့ပေါ်ကပြန်အလာမှာ ရှေးဟောင်းငွေဒင်္ဂါးပြားတွေ အပြားတစ်ရာကျော်လောက် ကောက်ရလာသတဲ့ဘုရား ... ဘယ်လိုရလာတယ်တော့မသိဘူး။ ငွေသားအစစ်လဲဖြစ်၊ ရှေးဟောင်းပစ္စည်းလည်းဖြစ်တော့ အခုခေတ်ကာလတန်ဘိုးနဲ့ တွက်ရင် ဘယ်နည်းလိမ့်မလဲဘုရား။ အဲဒါတွေရှိမှန်းသိသွားလို့ ဒီမောင်နှမက သူတို့ဖအေကြီးကို ဆရာတော့်ကျောင်းမှာနေ မရမက အလုအယက်ခေါ်သွားကြတာပေါ့ဘုရား"

"ဘုန်းကြီးတွက်ထားတာ မှန်သွားပြီ ဒါယိကာမကြီး။ ဒါကြောင့် ဘုန်းကြီးကို ရှိခိုးကြတုန်းက ဖအေကြီးကို ဘယ်လိုပြုစုမယ်။

ဘယ်လိုယုယမယ်နဲ့ ပြောသွားလိုက်ကြတာ ရွှန်းရွှန်းဝေနေတာပဲ။ ဘုန်းကြီးကလည်း သိပ်ပြီးစိတ်မချလို့ သာခုတောင် နှစ်ခွန်းပဲခေါ်လိုက်တာ။ အခုတော့ မှန်သွားပြီပေါ့။ ဒါနဲ့ နေပါဦး ဦးဘလွင်ဆီမှာ ငွေဒင်္ဂါးတွေရှိမှန်း ကျော်မင်းတို့မောင်နှမက ဘယ်လိုသိကုန်ကြတာတုန်း"

"သူ့မြေးလေးနှစ်ယောက်က ဦးဘလွင်ကြီးကျောင်းရောက်မှန်းသိလို့ သူတို့အဘဆီအလာမှာ ဦးဘလွင်က ထုတ်ပြလိုက်တာတဲ့ဘုရား။ အဲဒီမြေးနှစ်ယောက်ကတစ်ဆင့် ဒီမောင်နှမတွေ သိသွားကြတာပေါ့ဘုရား။ ဒီမောင်နှမ ပစ္စည်းမက်ပြီး ဦးဘလွင်ကြီး ခေါ်သွားကြတာက ဘာမှမဆန်းပါဘူးဘုရား ... -

ဆန်းတာက အလွန်သဒ္ဓါတရားကောင်းခဲ့တဲ့ ဦးဘလွင်ကြီးဟာ ဆရာတော့်ကျောင်းလှူခဲ့ဖို့နေနေသာသာ ငွေဒင်္ဂါးတွေရလာကြောင်းလေးတောင် မလျှောက်သွားတာတော့ တပည့်တော်မ အံ့သြလို့မဆုံးဘူးဘုရား"

"ဟုတ်တယ်၊ ဒါယိကာမကြီး၊ တော်တော်တော့ အံ့သြစရာကောင်းနေပြီ၊ ကျောင်းမှာပျက်နေတဲ့ ရေလောင်းကုဋီလေးကို သူတတ်နိုင်ရင် အသစ်ပြင်လှူချင်တဲ့အကြောင်း မကြာခဏပြောဖူးတယ်။ အခုလို တတ်နိုင်လာတဲ့အခါကျတော့လဲ လှူဖြစ်ဖို့နေနေသာသာ ထုတ်တောင်ပြောမသွားနိုင်ဘူးဆိုတော့ အင်း ... ဒါယိကာမကြီးရေ ထူးခြားတဲ့အကြောင်းတစ်ခုခုတော့ ရှိနေပြီလို့ ဘုန်းကြီးတွက်မိပြန်ပြီ"

* * *

"အဖေ သားတို့အရောင်းအဝယ်တစ်ခုလုပ်ချင်လို့ ငွေနည်းနည်းလိုနေတယ်။ အဲဒါ ...."

ကျော်မင်းက သူ့စကားကို ရှေ့သို့မဆက်တော့ဘဲ ဦးဘလွင်ချထားသော သံသေတ္တာလေးဆီသို့ မျက်လုံးက ရောက်သွားသည်။ ဘာကိုဆိုလိုသည်ကိုလည်း ဦးဘလွင်က သဘောပေါက်ပြီးသားပါ။

"သားရယ် ဒီပစ္စည်းတွေတော့ မထိပါနဲ့။ ဒါတွေက အဖေသေတဲ့အခါမှာ သားတို့မောင်နှမနှစ်ယောက်လုံးကို ခွဲပေးဖို့ဆုံးဖြတ်ပြီးသားပါ။ အခုမပေးသေးတာက အဖေ့မှာ ရည်ရွယ်ချက်တစ်ခုရှိနေလို့ပဲ။ အဲဒီရည်ရွယ်ချက်က အဖေသေခါနီး သားတို့မောင်နှမနှစ်ယောက်လုံးကို အညီအမျှခွဲပေးမယ်။ သားတို့သမီးတို့ ပစ္စည်းတွေထုခွဲပြီး အဆင်ပြေနေတာကို အဖေက တမလွန်ကနေ ဝမ်းသားအားရကြည့်နေမယ်။ အဲဒါက အဖေ့ရဲ့ရည်ရွယ်ချက်ပဲ"

ဒီလိုတော့လည်း ကျော်မင်း ဘာမျှမပြောနိုင်။ ငိုင်ဆင်းသွားရလေသည်။ တစ်ခါသေဖူးထားတဲ့ ဦးဘလွင် ပျဉ်ဘိုးနားလည်နေပြီကော။ အိမ်တွေ၊ ခြံတွေ၊ ယာတွေ၊ မြေတွေကို လက်လွှတ်စပယ်အမွေပေးခဲ့မိသည့်အတွက် သူတို့ကျွေးသော မသဒ္ဒါရေစာကိုတွေကိုသာ စိတ်ဆင်းရဲစွာ စားခဲ့ရပြီမဟုတ်လား။ ယခုတစ်ခါ လက်လွှယ်စွာပေးမိဦးမည်ဆိုလျှင်တော့ ...။ တွေးပင်မတွေးရဲတော့ပါ။

* * *

သူတို့ဘက်က ပရိယာယ်၊ မာယာဝေဝစ်တွေကလည်း များမှ များ၊ ပြီးတော့ သမီးကတစ်မျိုးဝင်လာပြန်သည်။ တစ်နေ့ -

"အဖေ ဒီမှာ ဒီဦးကြီးတွေက ရှေးဟောင်းပစ္စည်းဝယ်တဲ့လူ တွေပေါ့။ အဖေ့ဆီက ငွေဒင်္ဂါးတွေဟာ နှစ်ပေါင်းဘယ်လောက်ရှိပြီ။ တစ်ပြားကို ဘယ်လောက်အထိတန်တယ်ဆိုတာလည်း တွက်ပြပါမယ် တဲ့။ တကယ်လို့ အဖေက မသေခင် အလှူအတန်းလေးပြုချင်လို့ လေးငါးဆယ်ပြားရောင်းမယ်ဆိုရင်လည်း ဝယ်ချင်ပါတယ်တဲ့ ..."

အေးမာနှင့်အတူပါလာကြသည့် အမျိုးသားကြီးနှစ်ဦးအနက် တစ်ဦးက "ဟုတ်ပါတယ်ဘကြီး၊ နှစ်တစ်ရာအထက်ကြာတဲ့ ဒင်္ဂါးမျိုး ဆိုရင် ကျွန်တော်တို့က တစ်ပြားကို ငါးထောင်အထိ ပေးပါမယ်"

"ကျေးဇူးတင်ပါတယ်ကွယ်။ အဘရဲ့ဒင်္ဂါးတွေကို စစ်လည်း ကြည့်စရာမလိုပါဘူး။ အဘတို့ ဘိုးစဉ်ဘောင်ဆက်က ကျန်ခဲ့တာတွေ ပဲ။ အဘကိုယ်တိုင် သိပြီးသားပါ။ နောက်ပြီး ရောင်းဖို့အစီအစဉ်လည်း လုံးဝမရှိပါဘူး။ သေခါနီးမှ ဒီသားနဲ့ဒီသမီးကို အမွေအဖြစ် ခွဲပေးဖို့ ဆုံးဖြတ်ပြီးသားပါ။"

သမီးဖြစ်သူကလည်း ဘာမှမတတ်နိုင်ဘဲ တပ်ခေါက်ပြန်သွား တော့သည်။ ဘာပဲပြောပြော ဦးဘလွင်မှာ ငွေဒင်္ဂါးရောင်ကြောင့် ပါးပြောင်ခဲ့သည်ကတော့အမှန်။ သားရော၊ သမီးရော ဂရုစိုက်လိုက် သည်မှာ ပြောစရာမရှိ။ ဆေးဆိုလည်း အကောင်းစားမှ၊ ဝယ်လိုက်လျှင် လည်း တစ်ကပ်လုံး။ တစ်ပုလင်းလိုက်။ စားစရာဆိုတာကတော့ အလျှံအပယ်။

ဦးဘလွင် တစ်ခါမှမသောက်ခဲ့ဖူးသော ကွေကာအုပ်ဆိုသော အထုပ်ကလေးများကိုလည်း အိတ်ကြီးလိုက် ဝယ်ပေးထားကြသည်။ ဦးဘလွင် ကံဆိုးသည်က ငွေဒင်္ဂါးတန်ခိုးဖြင့် ကောင်းကောင်းစား သောက်ရကာမှ ရောဂါကပိုဖောက်လာပြီး အိပ်ရာထဲက မထနိုင်အောင် ဖြစ်လာသည်။

ထိုသို့ ရောဂါဖိစီးနေရင်းမှ ငွေဒင်္ဂါးများရပြီး ခြောက်လခန့် အကြာမှာ တမလွန်ဘဝသို့ ပြောင်းသွားခဲ့ရရှာသည်။ ညအိပ်ရင်း ကွယ် လွန်ခဲ့ခြင်းဖြစ်သည်။ နံနက်မိုးလင်း၍ ထမင်းကြမ်းကြော်စားရအောင် မြေးအကြီးက လာအနှိုးတွင်

"အဖေ ဟောဒီမှာ ဘကြီးကို နှိုးလို့မရတော့ဘူး။ သေတာလား ကြည့်ပါဦး"

"ဟုတ်လား … ဖယ်စမ်းပါ၊ ငါကြည့်စမ်းမယ်"

ကျော်မင်းက ကမန်းကတန်း ခြင်ထောင်လှန်ကြည့်ကာ လက် ကောက်ဝတ်ကို သွေးစမ်းကြည့်တော့ နှလုံးသွေးက ရပ်နေပြီ။

"သွား … မင်းအဒေါ်ကိုသွားခေါ်ချေ၊ ဘကြီးဆုံးသွားပြီလို့ တိုးတိုးတိတ်တိတ်ပြောနော်"

"ဟုတ်ကဲ့ အဖေ"

သားဖြစ်သူထွက်သွားသည်နှင့် ကျော်မင်းက ဦးဘလွင်၏ အိပ်ရာတစ်ဝိုက် လျှောက်စမ်းကြည့်သည်။ တွေ့ပါပြီ။ ခြောက်လတိုင် မွတ်သိပ်တောင့်တခဲ့ရသော သော့တွဲလေး။ သို့သော် သူမဖွင့်ဖြစ်သေး။

အေးမာအလာကို ခဏစောင့်လိုက်သည်။ မကြာပါ။ အေးမာကလည်း ဒါမျိုးကျွလျှင်မြန်သည်။ ခဏနှင့်ရောက်လာသည်။

ရောက်ရောက်ချင်း ဦးဘလွင်၏အလောင်းကို ဖက်ငိုမည်လား၊ ဝေးစွ။ ခြင်ထောင်ကိုပင် ဝတ်ကျေတန်းကျေ လှန်မကြည့်အားပါ။ သူရောက်ရောက်ချင်း ကြည့်လိုက်သည်ကား ဦးဘလွင်ခေါင်းရင်းက သံသေတ္တာလေး ...။

"အစ်ကို ... သေတ္တာကို ဖွင့်ကြည့်ပြီးပြီလား ..."

"မကြည့်ရသေးဘူး၊ နင်လာအောင်စောင့်နေတာ၊ ဖွင့်နှင့်ရင် နင်ငါ့ကိုတစ်မျိုးထင်နေမှာစိုးလို့"

"ကဲ ... ဖွင့်ပါအစ်ကို မြန်မြန်လေး၊ ကြည့်ချင်လှပြီ။ အဖေက လည်လိုက်တာ၊ မသေခင်ပေးဖို့နေနေသာသာ၊ ပြတောင်ပြခဲ့တာ မဟုတ်ဘူး"

သေတ္တာကိုဖွင့်လိုက်သည်နှင့် ပထမဆုံးမြင်လိုက်ရသည်က ဦးဘလွင်ဘယ်သွားသွားကိုင်နေကျ ခပ်နွမ်းနွမ်းလွယ်အိတ်တစ်လုံး။

"ဒီအထဲမှာပဲ ရှိရမယ်"

ပြောပြောဆိုဆို ကျော်မင်းက အိတ်တွင်းနှိုက်ကြည့်လိုက်ရာ အဖြူရောင်ပိတ်စနှင့်ချုပ်ထားသော အိတ်ရှုံ့တစ်လုံးကို တွေ့ရသည်။ အိတ်ရှုံ့ကြိုးကိုလျှော့ပြီး ဖွင့်ကြည့်လိုက်တော့ ...

သူတို့မောင်နှမနှစ်ယောက် ခြောက်လကျော်တိုင်တိုင် စောင့်စားခဲ့ရသော ငွေဒင်္ဂါးပြားများကိုတွေ့ရပြီ။ ကျော်မင်းက ...

''အခုခွဲယူမလား''ဟု မေးလိုက်စဉ်မှာပင် ဦးဘလွင်ဆုံးသွားသည်ကို သိသွားကြသဖြင့် အိမ်ဝိုင်းအတွင်းဝင်လာကြသော လူအချို့၏အသံများကို ကြားရသဖြင့် -

''ဟော ...... လူတွေဝင်လာသံကြားရတယ်။ နောက်ဖြည်းဖြည်းမှပဲ ခွဲကြပါစို့''ဟုပြောကာ ဦးဘလွင်၏ခြင်ထောင်ကို အပေါ်သို့ ကပျာကယာတင်ပြီး အလောင်းကိုဖက်လိုက်ကာ -

''အဖေရေ သမီးတို့မောင်နှကို ထားခဲ့ပြီလား အဖေရဲ့ ... ဟဲ့ ဟဲ့'' ဟူ၍ အသံခပ်ကျယ်ကျယ်ဖြင့် အော်ငိုလိုက်လေတော့သည်။

* * *

ငွေဒင်္ဂါး၏တန်ခိုးဖြင့် ဦးဘလွင်၏အသုဘသည် စည်စည်ကားကားပင် ပြီးစီးသွားခဲ့ပါသည်။ အသုဘချအပြီးမှာပင် ဦးဘလွင်မသေခင် ခေါ်လာဖူးသော ရှေးဟောင်းပစ္စည်းဝယ်သော အမျိုးသားကြီးနှစ်ယောက်ကို အေးမာက ရှာဖွေခေါ်လာခဲ့သည်။ ရောက်လာကြသည်နှင့် အားလုံး သူ၏ရှေ့မှာပင် အိတ်ရှုံ့လေးထဲမှ ဒင်္ဂါးများကို စားပွဲပေါ်သို့ သွန်ချလိုက်ပြီး ရေတွက်ကြည့်ရာ အပြားတစ်ရာ့နှစ်ဆယ်တိတိရှိသည်ကို တွေ့ရသည်။

ကျော်မင်းက ငွေဒင်္ဂါးတစ်ပြားကိုကောက်ယူပြီး ရှေးဟောင်းပစ္စည်းဝယ်သူထံ ကမ်းပေးလိုက်ပြီးလျှင် ...

''ကဲ ဒင်္ဂါးရဲ့သက်တမ်း ဘယ်လောက်ရှိတယ်။ တစ်ပြားကို ဘယ်လောက်ပေးနိုင်မယ်ဆိုတာ အရင်တွက်ပေးစမ်းပါဦးဗျာ။ ကြိုက်ဈေးရရင် ကျွန်တော်တို့နှစ်ယောက်လုံး အကုန်ရောင်းမှာပါ''

ဟုပြောလိုက်ရာ ရှေးဟောင်းပစ္စည်းဝယ်သူက ဒင်္ဂါးပြားကို ကိုင်ကြည့်ပြီး ခဏအကြာမှာပင် -

"ခင်ဗျားတို့အတွက် စိတ်မကောင်းပါဘူးဗျာ။ ဒီ ဒင်္ဂါးတွေဟာ ကြေးပြားတွေကို ငွေရည်လောင်းထားတဲ့ ငွေဒင်္ဂါးအတုတွေပါ"

"ဘာပြောတယ်ဗျ၊ ခင်ဗျားတို့လိမ်ယူမယ်မကြံနဲ့နော်။ ကျုပ်တို့လည်း လူအတွေမဟုတ်ဘူး"

"သေချာစစ်ကြည့်ကြပါဦးရှင်၊ အမှားမှားအယွင်းယွင်းတွေ ဖြစ်နေပါဦးမယ်"

"ကျွန်တော်ကို မလိမ်ရဲပါဘူးဗျာ၊ ခွင့်ပြုမယ်ဆိုရင် တစ်ပြား လောက်ကို ကြေးပြားဖြစ်ကြောင်း လက်တွေ့ပြချင်ပါတယ်"

"ကဲ ... ပြမယ်ဆိုလည်း မြန်မြန်ပြဗျာ"

ထိုသူက ဒင်္ဂါးတစ်ပြားကို ပိဿာလေးတစ်လုံးပေါ်တွင် တူနှင့်ထုလိုက်ရာ လောင်းထားသော ငွေရည်အတော်များများကွာကျ သွားပြီး အောက်ခံကြေးရောင်က ထင်ထင်ရှားရှားကြီး ပေါ်လာတော့ သည်။ ဦးဘလွင်က တလျှောက်လုံးနိပ်စက်လာသော သားသမီး နှစ်ယောက်ကို ကောင်းကောင်းပညာပေးခဲ့ပြီမဟုတ်လား။

ထိုအခါကျမှ ကျော်မင်းတို့မောင်နှမမှာ ကြေးပြားအဖြစ်ကို လက်ခံလိုက်ကြရလေတော့သည်။ ရှေးဟောင်းပစ္စည်း ဝယ်သူ နှစ်ယောက် ထွက်သွားသည်နှင့် ကျော်မင်းက ငွေဒင်္ဂါးအတုများကို အိမ်ရှေ့လမ်းမပေါ်သို့ ဒေါသတကြီး ပစ်ပေါက်လိုက်ပြီးလျှင် -

အပြစ်ရှိသူ

"အလကားလူလိမ်ကြီး ... ကိုယ့်သားသမီးကိုတောင် ပြန်လိမ်စားတဲ့ လူလိမ်ကြီး"ဟူ၍ အသံကု ဟစ်အော်လိုက်လေတော့သတည်း။

## အတ္တဆန်သော ဤလောက

လူဆိုသည်မှာ အတ္တသမား
ကိုယ့်အတွက်တော့ တစ်ကွက်ထား။
သူများမှားတာမြင်ပါလျှ
မေးငေါ့မဲ့ရွဲ့ အပြစ်တင်။
ကိုယ့်မှာပင် မှားပြန်က
ဖုံးလိုက် ဖိလိုက်ကြ။
အတ္တဆန်သော ဤလောက
အံ့သြဘွယ်ရှိစွ။ ။

(ရွှေစက်တော်အရှင်ဝေဇာဘာသ)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ အမှတ် (၃)
၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ
**မေတ္တာရှင် (ရွှေပြည်သာ)**



# တိရစ္ဆာန်ပြသောတရား

မဟာဇနကမင်းကြီး တိုင်းခန်းလှည့်လည်ရင်းဖြင့် မင်းဥယျာဉ်အတွင်း ရောက်သောအခါ ရင့်မှည့်နေသော သရက်သီးတစ်လုံးကို ဆင်ပေါ်မှပင် ခူးဆွတ်ရင်း ဆေးကြောသန့်စင်ခိုင်းကာ ပွဲတော်တည်လိုက်သည်။ အနံ့အရသာနှင့်ပြည့်စုံလှသဖြင့် နောက်ရက်များတွင်ပါ ဆက်လက်သုံးဆောင်ရန် စိတ်ကူးထားလိုက်သည်။

သို့သော် တိုင်းခန်းလှည့်လည်ရာမှအပြန် ဥယျာဉ်သို့အရောက်တွင်ကား မထင်မှတ်သောမြင်ကွင်းတစ်ခုကို တွေ့လိုက်ရပေပြီ။ မင်းကြီးခူးဆွတ်စားခဲ့သော မျိုးကောင်းသရက်ပင်ကား ကျိုးပွဲပျက်စီး၍ သေနေလေပြီ။ အသီးမသီးသော ဘေးနားကသရက်ပင်ကား ပန်းပန်လျက် ဘာမှမဖြစ်ရှိ။

အကြောင်းကိုစုံစမ်းကြည့်သောအခါ မင်းစားပြီးသောသစ်ပင်မှ အသီးကို နန်းတွင်းသူနန်းတွင်းသားများ စားနိုင်သည်ဟူသော ဥပဒေသ ကြောင့် အသီးမှန်သမျှကို ရိုက်ချချိုးချပြီး ခူးဆွတ်ကြသောကြောင့် သေကြေသွားရခြင်းဟူသောအဖြေကို ရရှိလေ၏။ အသီးမသီးသော သရက်ပင်ကိုကား မည်သူမျှ ဂရုမစိုက်ကြ။

အသီးသီးသော သရက်ပင်သည် ဥစ္စာရွှေငွေပေါများသော ငါတို့ လို ရှင်ဘုရင်နှင့်တူ၏။ အန္တရာယ်များ၏။ အသီးမသီးသောသရက်ပင် ကား ဥစ္စာပစ္စည်းမစုဆောင်းသော ရသေ့ရဟန်းနှင့်တူ၏။ ဘယ်သွား သွား အန္တရာယ်ကင်း၏။ - ဟူသော ဓမ္မသံဝေဂကိုယူကာ မဟာဇနက မင်းကြီး တောထွက်တော်မူခဲ့သည်။

ထို့ကြောင့် မဟာဇနကမင်းကြီးကို သစ်ပင်တွေက တရားပြခဲ့ သည့်ဟုဆိုရပါမည်။ ဗုဒ္ဓလက်ထက်တော်က ထေရိကာအမည်ရှိ အမျိုး သမီးသည်လည်း အစိမ်းကြော်ကြော်ရင်း လန်းဆန်းရာမှ တဖြည်းဖြည်း ညှိုးလျော်သွားသော ဟင်းရွက်တို့ကို ကြည့်ရင်းဖြင့် တရားရကာ အနာဂါမ် တည်သွားခဲ့သည်။ ထို့ကြောင့် ထေရိကာကို ဟင်းရွက်တွေ က တရားပြသည်ဟု ဆိုရပါမည်။

မဃဒေဝမင်းကြီးသည်လည်း ခေါင်းတွင်ပေါက်လာသော ဆံပင်ဖြူတစ်ပင်ကိုမြင်သဖြင့် သေမင်းကား ငါ့ကိုခေါ်ရန် အချိန်း အချက်ပြုသည့်အနေဖြင့် အလံဖြူစိုက်ပြလေပြီဟု သံဝေဂယူကာ တောထွက်တော်မူခဲ့သည်။ ထို့ကြောင့် မဃဒေဝမင်းကြီးကို ဆံပင်ဖြူ တွေက တရားပြခဲ့သည်ဟု ဆိုရပါမည်။

## တိရစ္ဆာန်ပြသောတရား

ကျွန်ုပ်အဖြစ်ကား ထူးခြား၏။ ကျွန်ုပ်တရားရဖို့အတွက် တိရစ္ဆာန်တွေက တရားပြသည်ဟု ဆိုရပါလိမ့်မည်။ တခြားတရားကား မဟုတ်။ မိခင်၏ကျေးဇူးနှင့်မေတ္တာကို နားလည်သွားစေခြင်းပင်ဖြစ်ပါ၏။ ပုထုဇ္ဇနော့ဥမ္မတ္တကော ဟူသော ဒေသနာအတိုင်း ပုထုဇဉ်တိုင်း အရူးချည်းသာဖြစ်ပါ၏။ ကိုယ့်လိုဘနှင့်ကိုယ် အမျိုးမျိုးရူးနေကြ၏။

မိခင်များဆိုလျှင် ကိုယ့်သားကို စစ်ဗိုလ်ဖြစ်စေချင်လျှင် စစ်ဗိုလ်ရူး ရူး၏။ ဆရာဝန်ဖြစ်စေချင်လျှင် ဆရာဝန်ရူး ရူး၏။ ထိုအထဲတွင် ကျွန်ုပ်၏မိခင်ကား သူများနှင့်မတူဘဲ တမူထူး၏။ သူ၏အရူးကား ဘုန်းကြီးရူး ရူးခြင်းပါတည်း။ ကျွန်ုပ်ကို မမွေးခင်ကတည်းကပင် ဘုန်းကြီးဖြစ်ရမည်ဟု သန္နိဋ္ဌာန်ချထား၏။

မွေးမှမမွေးသေးဘဲ ဘယ်လိုလုပ်ပြီး ဘုန်းကြီးဖြစ်ရမည်ဟု သန္နိဋ္ဌာန်ချသနည်းဟု စောဒကတက်ကြအံ့၊ ဖြေဆိုပါမည်။ မိခင်သည် တောသူတစ်ယောက်ဖြစ်ခြင်းကြောင့် ဘုန်းကြီးမယ်တော်ဘဝကို အင်မတန်မှ ခံယူချင်၏။ ဟုတ်လည်းဟုတ်ပါ၏။ မြန်မာပြည်ရှိ လူဦးရေ သန်း (၅၀)တွင် ရဟန်းပေါင်း နှစ်သိန်းခန့်သာရှိရာ ဘုန်းကြီး မယ်တော် မည်မျှနည်းသည်ကို ခန့်မှန်းကြည့်နိုင်ပါ၏။

ထို့ကြောင့် သမီးနှစ်ယောက်ကို ဆက်တိုက်မွေးပြီးရာမှ ကျွန်ုပ်အထက် ဖိုးသာအောင်အမည်ရှိ သားတစ်ယောက်ကိုမွေးရာ မိခင်မှာ သူ့ဆန္ဒပြည့်ဝတော့မည်ဟုတွေးကာ လွန်စွာဝမ်းမြောက်ရာ၏။ သို့သော် မိခင်၏ဝမ်းမြောက်မှုမှာ အခါလည်သာ ကြာပါ၏။ ကျွန်ုပ်အစ်ကို

ဖိုးသာအောင်သည် အခါလည်သားအရွယ်မှာပင် အတက်ရောဂါဖြင့် ကွယ်လွန်ခဲ့ရသည်။

ဖြေမဆည်နိုင်ရှာသောမိခင်မှာ သားသေရာ အမရပူရတွင် မနေတော့ဟုဆိုကာ ဇာတိစစ်ကိုင်းမြို့သို့ ပြန်သွားတော့သည်။ စစ်ကိုင်းရောက်သောအခါ ပူဆွေးဒိုကြွေးရင်း ဘုရားကိုသတိရပြီး ပန်းမျိုးစုံဝယ်ကာ ကပ်လှူပြီးလျှင် နောက်ထပ် သာသနာပြုယောက်ျားလေးတစ်ယောက် ရရပါစေကြောင်း ဆုတောင်းပါ၏။

ထိုဆုတောင်းသောညမှာပင် သက်န်းပတ်လျက် ကိုရင်လေးတစ်ပါး မွေးဖွားသည်ဟု အိပ်မက်မြင်မက်သဖြင့် ဝမ်းသာအားရအမရပူရသို့ ပြန်လာပါတော့သည်။ ထိုနောက်မှ ကျွန်ုပ်ကို မွေးဖွားလေရာ မယ်တော်ကား သူ့အိပ်မက်အတိုင်း ဖြစ်ရလေပြီဟု တွေးတောဝမ်းမြောက်ပြီး ကျွန်ုပ်အား ငယ်စဉ်ကတည်းက ကိုရင်ဝတ်ရန်သာသွေးဆောင်ဖြားယောင်းခဲ့သည်။

ပါရမီရှိသောကျွန်ုပ်ကလည်း ကိုရင်ဘဝမှာ ပျော်ပါ၏။ သို့သော်ထိုသို့သော်သည် ကျွန်ုပ်အတွက် ဘာမျှမပြောပလောက်သော်လည်း မိခင်မယ်တော့်အတွက်ကား အသက်တမျှ အရေးကြီးလှပါ၏။ (၁၃)နှစ်သားကစ၍ ကိုရင်ဝတ်ခဲ့သော ကျွန်ုပ်သည် (၁၆) (၁၇) အရွယ်တွင်ကား လူပို့စိတ်ပေါက်လာကာ စိတ်ကစားပြီး လူထွက်ချင်ပါတော့သည်။ ထို့ကြောင့် -

"ဒါယိကာမကြီး ကိုရင် သာသနာ့ဘောင်မှာ မပျော်တော့ဘူး၊ လူထွက်တော့မယ်" ပြောလိုက်ရာ မိခင်က သူ့ရင်ဘတ်ကို လက်နှစ်ဘက်ဖြင့်ဖိ၍ -

"သား ကိုရင်ရယ် လူမထွက်ပါနဲ့၊ သားကိုရင်လူထွက်ရင် ဒါယိကာမကြီး သေရပါလိမ့်မယ်"

"ကိုရင်လူထွက်တာနဲ့ ဒါယိကာမကြီးက ဘာဖြစ်လို့ သေရမှာတုန်း"

"စိတ်ဆင်းရဲလို့ပေါ့ သားကိုရင်ရယ်"

"ဘာဖြစ်လို့ စိတ်ဆင်းရဲရတာလဲ"

"ဩော် သားကိုရင်လူထွက်လာရင် ပင်ပင်ပန်းပန်း အလုပ်လုပ်ရတော့မယ်လေ၊ ဒီနောက် အသက်ကြီးလို့ အိမ်ထောင်ကျလာရင် သားတွေမယားတွေအတွက် ပိုပြီးပင်ပန်းရတော့မယ်။ အခုပဲ သားကိုရင်တို့ဒါယကာကြီးကိုပဲကြည့်စမ်း တပည့်တော်မတို့မိသားစုကို လုပ်ကိုင်ကျွေးမွေးရတာ ဘယ်လောက်ပင်ပန်းသလဲလို့၊ သားကိုရင် အဲဒီလို ပင်ပန်းဆင်းရဲမှာကိုတွေးပြီး ဒါယိကာမကြီး စိတ်ဆင်းရဲတာပေါ့"

ထိုအခါ သနားတတ်သောကျွန်ုပ်က -

"ဒါဆိုလဲ လူမထွက်တော့ပါဘူး" ဟု ကတိပေးပြီး ကိုရင်ဘဝ ၎ဝက်မြဲခဲ့ပြန်၏။ မိခင်စိတ်မဆင်းရဲစေလိုသည့်အတွက် ကိုရင်ဘဝ မြဲနေခဲ့သော်လည်း မိခင်စကားကိုကား ဒါလောက်ကြီးတော့ မဟုတ်တန်ရာဟု လျှော့ပေါ့တွေးခဲ့မိသည်။

ကျွန်ုပ်အား အခြေခံစာများ သင်ယူရန်အတွက် မန္တလေးမြို့၊ မူလဖီးဘန်နီကျောင်းတိုက်၊ ပညာ့ဗိမာန်ကျောင်းဆရာတော်က မြင်းခြံခရိုင်၊ တောင်သာမြို့နယ်ရှိ သာသနာ့မူလိကာရာမ ကျောင်းသစ်ကျောင်း စာသင်တိုက်သို့ ပို့ပေးခဲ့သည်။ ဤသည်လည်း ထူးခြားချက်တစ်ခုပင် ဖြစ်ပါ၏။

စာသင်သားအများစုမှာ နယ်မှ မန္တလေးမြို့သို့ တက်လာရသော်လည်း ကျွန်ုပ်ကား မန္တလေးမြို့မှ နယ်သို့ ဆင်းရခြင်းပင်ဖြစ်ပါ၏။ ဆရာတော်၏ အကြောင်းပြချက်က အသက်ငယ်ငယ်နှင့် မြို့ကြီးများသို့ တက်နေလျှင် ကိုယ့်ကိုယ်ကိုမနိုင်ပါက ပျက်စီးတတ်သောကြောင့် ဟူပါ၏။ ရဟန်းဖြစ်ပြီးစအချိန်မှာပင် မယ်တော်ထံမှ စာတစ်စောင် ရောက်လာခဲ့သည်။ မယ်တော်ကား စာမတတ်၊ အစ်မများက ရေးပေးရခြင်းဖြစ်ပါ၏။ စာထဲတွင် -

သို့ သားပဥ္စင်း

မယ်တော်စာရေးလိုက်ပါသည်။ အကြောင်းထူးရှိသောကြောင့်ဖြစ်ပါသည်။ မယ်တော်တို့ရပ်ကွက်ထဲမှ ဒေါ်စောကြည်ကို သားပဥ္စင်း မှတ်မိမည်ထင်ပါသည်။ သားပဥ္စင်းတို့ငယ်ငယ်က မကြာခဏ အကြွေးသွားတောင်းရတဲ့အိမ်ကအဒေါ်ကြီးပေါ့။ အခု ဆုံးသွားပြီ။

သေသေချာချာ မှတ်မိပါ၏။ စာရေးသူတို့ငယ်ငယ်ဘဝက ညီအစ်ကိုနှစ်ယောက် ထိုအိမ်သို့ အကြွေးသွားတောင်းရသည်။ မကြာခဏ သွားသွားနေရသောအခါ ကလေးတို့ဘာသာဘာဝ စိတ်ထဲ

မကျေမနပ်ဖြစ်လာသလား၊ ဘာလားတော့ မမှတ်မိ။ ထိုအိမ်ရှေ့ ရောက်သည်နှင့် "အကြွေး စောကြည် ... အကြွေး စောကြည်" ဟူ၍ ပြိုင်တူအော်ခေါ်မိကြပါသည်။

မျက်နှာပျက်ပျက်နှင့် ပျာယ်ပျာယာထွက်လာသော ထိုအဒေါ်ကြီး၏မျက်နှာကို တစ်သက်မေ့ရမည်မဟုတ်ပါ။ မသိတတ်သောကလေးဘဝက အပြုအမူများကို တမလွန်မှ ခွင့်လွှတ်ပါလေတော့။ အတွေးတစ်ချက်ဝင်မိရာမှ မယ်တော်၏စာကို ဆက်ဖတ်မိပြန်သည်။

သူဆုံးတာက သူ့သားဘုန်းကြီးကြောင့်ပဲပေါ့။ သူ့မှာ တော်တော်ဆိုးတဲ့သားတစ်ယောက်ရှိတယ်။ နောက်တော့ သတိသံဝေဂတွေရသွားပြီး ဘုန်းကြီးဝတ်သွားတယ်။ လေးငါးခြောက်ဝါလောက်ရတော့ တောရွာကျောင်းတစ်ကျောင်းမှာ ကျောင်းထိုင်တယ်။

ဘုန်းလည်း အင်မတန်ကြီးတယ်တဲ့။ ဒေါ်စောကြည်လည်း အဲဒီတောရွာလိုက်သွားတိုင်း မယ်တော်ကြီး မယ်တော်ကြီးနဲ့ တစ်ရွာလုံးက အရေးပေးကြတယ်။ အဲဒီလို ဝမ်းသာလို့မှမဆုံးသေးဘူး။ ပြီးခဲ့တဲ့လက သူ့သားဘုန်းကြီး လူထွက်ပြီး အိမ်ထောင်ကျသွားတယ်။ အဲဒါ ဒေါ်စောကြည်ခမျာ ခံစားရလွန်းအားကြီးပြီး တစ်လပဲခံတယ်။ အခု ဆုံးသွားရှာပြီ။

အဲဒါ မယ်တော် ထပ်ပြီးလျှောက်ချင်တာက ခုဆို ဦးပဥ္စင်းရဲ့ညီလည်း လူထွက်လာပြီ။ (၇)ဝါပဲရတယ်။ ဒီတော့ သားဦးပဥ္စင်းပဲ ကျန်တော့တယ်။ ဒေါ်စောကြည်ရဲ့သားဘုန်းကြီးလိုတော့ မလုပ်လိုက်ပါနဲ့။ ဒေါ်စောကြည်က တစ်လခံသေးတယ်။ မယ်တော်က

မေတ္တာရှင် (ရွှေပြည်သာ)

တော့ သားဦးပဉ္စင်း လူထွက်တယ်ဆိုရင် တစ်ပတ်တောင်ခံမယ် မထင်ဘူး။

သားဦးပဉ္စင်း သာသနာ့ဘောင်မှာ
တစ်သက်လုံး ပျော်ရွှင်စွာ နေနိုင်ပါစေ
မယ်တော် ဒေါ်သိန်းရင်
နယ်မြေ (၃)၊ အမှတ် (၃/၈၄)
နန်းတော်ရာစံပြကွက်သစ်ရပ်ကွက်
အမရပူရမြို့၊ မန္တလေးတိုင်း

ရဟန်းဘဝကထွက်သွားသော သားတစ်ယောက် ပင်ပန်းဆင်းရဲမှာကိုတွေးပြီး အမေတစ်ယောက်ဟာ သေလောက်အောင် ခံစားရတယ်ဆိုတာ လက်တွေ့ပြောပြလို့သာ ယုံလိုက်ရသည်။ စိတ်က သိပ်လက်မခံချင်။ ထိုကဲ့သို့ မိခင်မေတ္တာနှင့်ကျေးဇူးတရားကို မယုံရဲယုံရဲဖြစ်နေသောကျွန်ုပ်အား တိရစ္ဆာန် (၃)မျိုးက တရားပြခဲ့ကြပါ၏။

## အရောင်နက်သလောက် မေတ္တာကြီးသူ

နွေစာမေးပွဲများပြီးချိန်။ တောင်သာနယ်မှ သူငယ်ချင်းများ၏ရွာတွင် တစ်လှည့်စီလိုက်လည်ရင်း တွေ့သမျှစာများ ဖတ်ရှုတတ်သည်မှာ ကျွန်ုပ်၏ အကြီးမားဆုံးဝါသနာတစ်ခုပင်ဖြစ် ၏။ အုန်းပင်တောရွာမှ သူငယ်ချင်း ဦးခေမိန္ဒတို့ရွာကျောင်းတွင် အလည်အပတ်ရောက်စ အချိန်ကပင်ဖြစ်ပါ၏။

## တိရစ္ဆာန်ပြသောတရား

တစ်နေ့ သူငယ်ချင်းနှစ်ပါး တောစပ်တွင်လမ်းလျှောက်ရင်းဖြင့် တစ်နေရာအရောက်တွင် ကျီးပေါက်လေးတစ်ကောင်၏ စူးစူးဝါးဝါး အော်သံကို ကြားလိုက်သဖြင့် လှမ်းကြည့်လိုက်ရာ အသက် (၂၀)ခန့်ရှိ လူငယ်တစ်ယောက် ကျီးပေါက်လေးတစ်ကောင်ကို ကြိုးနှင့်ချည်၍ တုတ်နှင့်ခပ်သာသာလေး အော်ကောင်းရုံ ရိုက်ပေးနေသည်ကို တွေ့ လိုက်ရသည်။

သနားတတ်သောကျွန်ုပ်က -

"ဟာ ဦးခေမိန္ဒ သနားပါတယ်၊ တပည့်တော် သွားတားလိုက်မယ်"

"မလုပ်နဲ့လေ ဦးဇဝန ဒါ သူတို့ရဲ့ဝမ်းရေး၊ အရှင်ဘုရားတို့ မြို့မှာ မမြင်ဘူးတာကို မြင်ဘူးရပါလိမ့်မယ်၊ သေချာဆက်ကြည့်နေ အဲဒါ ကျီးတွေကို သားပေါက်လေးနဲ့မျှားပြီး ရိုက်ဖို့လုပ်နေတာ"

"ကျီးပေါက်ကလေးကို ဘယ်လိုရသလဲမသိဘူး"

"ထန်းပင်ပေါ်က ကျီးသိုက်ထဲ တက်နှိုက်ရတာပေါ့"

စိတ်ဝင်တစားရှိသည်နှင့် ဆက်ကြည့်နေရာ ခဏအကြာတွင် ကျီးတစ်ကောင် ကျီးပေါက်လေးနားသို့ အရှိန်နှင့်ဝဲဆင်းလာသည်။

ဦးခေမိန္ဒက -

"အဲဒီ ပထမဆုံးဆင်းလာတာဟာ အမေဖြစ်တဲ့ကျီးမပဲ၊ သူက အရင်ဆုံး အသေခံလိမ့်မယ်"

ဦးခေမိန္ဒစကားအဆုံးမှာပင် ဘုန်းကနဲမြည်သွားသောအသံနှင့် အတူ ကျီးမမှာ တစ်ချက်သာအော်နိုင်ပြီး ငြိမ်ကျသွားခဲ့သည်။ ငှက်မုဆိုး

၏ တိကျမြန်ဆန်သောရိုက်ချက်ကို ကျီးမ မရှောင်နိုင်ခဲ့ပါ။ မိမိတို့ ရှေ့တွင် သေသွားသည်ကို မြင်နေရသော်လည်း နောက်ထပ် ကျီးလေးငါးခြောက်ကောင်က ကျီးပေါက်လေးကို ကယ်ဆယ်ရန်ကြိုးစားရင်း အရိုက်ခံပြီး သေသွားတာကို မြင်တွေ့နေရသည်။

သေသွားသောကျီးများမှာ ကျီးပေါက်လေးမိဘနှင့် ဆွေမျိုးသားချင်းများဖြစ်ကြောင်း ဦးခေမိန္ဒက ရှင်းပြသည်။ သားသမီးအတွက် အသေခံရဲသော တိရစ္ဆာန်မိဘနှစ်ပါးကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသဖြင့် မယ်တော်၏စကားကို ပေါ့ပေါ့တန်တန် သဘောမထားမိတော့။

သို့သော် ဓောဒကတက်ချင်သောစိတ်က တစ်ချက်ပေါ်လာပြန်သေးသည်။ ကျီးများသည် တိရစ္ဆာန်ဖြစ်သည့်အတွက် သေမှာမသိလို့ ကျီးသားပေါက်ရှိရာ ဖွတ်တိုးလာခြင်း မဖြစ်နိုင်ဘူးလားဟူသော အတွေးလေးပင် ဖြစ်ပါ၏။

## အဆိပ်ပြင်းသလောက် မေတ္တာကြီးသူ

နေ့ခင်း (၁၂)နာရီကျော်လောက်ရှိပြီမို့ အညာနေက အပြင်းဆုံးအချိန်သို့ ရောက်နေပါပြီ။ ဆွမ်းစားပြီးစမို့ တရေးတမောကျိန်းစက်ရန် ပြင်ဆင်နေစဉ်မှာပင် အလန့်တကြားပြေးဝင်လာသော ကျောင်းသားတစ်ယောက်က -

"ဘုရားကုန်းချောက်ထဲက ကျောက်ချပ်ပေါ်မှာ မြွေပွေးကြီး တစ်ကောင် လူးလိမ့်နေတာတွေ့ရတယ်၊ မိုက်ကြီးကလည်း ဖောင်းကား နေတာပဲ"

ဟု လျှောက်ထားသဖြင့် စာရေးသူက သူငယ်ချင်းဖြစ်သူ ဦးသီလာစာရကိုခေါ်၍ ထွက်ခဲ့ကြသည်။ နေရာကား တောင်သာမြို့ နယ်၊ ဆည့်ကုန်းရွာဖြစ်ပါ၏။ ဦးခေမိန္ဒတို့သီတင်းသုံးသော အုန်းပင် တောရွာနှင့် လေးမိုင်ခန့်သာ ဝေးပါလိမ့်မည်။

ရွာထိပ်တောင်ကုန်းပေါ်သို့ရောက်သွားမှ ခေါ်လာသော ကျောင်းသားလေးကို သေချာပြခိုင်းရသေးသည်။ တွေ့ပါပြီ၊ ကျယ် ပြန့်သောကျောက်ပြားတစ်ချပ်ပေါ်မှာ ပက်လက်လှန်ထားသော လက် ကောက်ဝတ်ခန့်ရှိ မြွေပွေးကြီးတစ်ကောင်။

အပေါ်က နေကလည်းပူ၊ အောက်က ကျောက်ပြားကလည်းပူ နှင့် ဤမြွေကား ကြာလျှင် သေဘို့ရန်သာရှိတော့သည်။ ဘယ်လို သဘောနှင့် ကျောက်ပြားပေါ် အပူခံပြီး ပက်လက်လှန်နေပါလိမ့်။ စာရေးသူ ဘာမှမတွေးတတ်တော့။ သေချာ စူးစိုက်ကြည့်နေရင်းဖြင့်

"ဦးသီလာစာရ ဘယ်လိုသဘောလဲ မသိဘူးလား"

"တပည့်တော်လည်း စဉ်းစားမရဘူး၊ ဆက်ကြည့်ကြသေး တာပေါ့"

ဖိနပ်စီး၊ ထီးဆောင်းထားသော ကျွန်ုပ်တို့ပင် ပူလွန်းသဖြင့် ချွေးများ တစ်ကိုယ်လုံးရွှဲအောင် ယိုစီးထွက်လာကြပြီ။ ကျောက်ပြား

ပေါ်မှ ပက်လက်လှန်နေသော မြွေပွေးကား ဓာစ်ချက်တစ်ချက်မှသာ လှုပ်သည်။ နာရီဝက်ကျော်ကျော် ကြာသွားသောအခါ မြွေပွေး၏ ဖောင်းနေသောဗိုက်သည် လှုပ်လှုပ်ရွရွဖြစ်လာသည်။ ဗွီဒီယိုထဲတွင် ကြည့်ဘူးသော ကာပွလီမများ၏ ဝမ်းဗိုက်အကာနှင့်ပင် တူသေးတော့ သည်။

မြွေပွေး၏ဝမ်းဗိုက်သည် နေရာမျိုးစုံမှ စာလှုပ်လှုပ်ဖြစ်လာပြီး ခဏအကြာမှာပင် တီကောင်အကြီးစားပမာဏခန့်ရှိသော မြွေသား ပေါက်လေးများ ဗိုက်ကိုဖောက်ပြီး ထွက်လာကြပါတော့သည်။ ကိုး ကောင်ဆယ်ကောင်ခန့် ရှိပါလိမ့်မည်။

အကောင်ပေါက်လေးများပေါက်ပြီး မကြာခင်မှာပင် မြွေမကြီး မှာ မလှုပ်မယှက် သေပွဲဝင်သွားရှာ သည်။ ထိုအခါကျမှ ကျွန်ုပ် အဖြေမှန်ကို တွေးကြည့်လို့ရသွား သည်။ ဤမြွေမျိုးကို ဗိုက်ဖောက် ထွက်မွေးရသော န[illegible]င်းပိတ်မြွေမျိုးဟုခေါ်ကြသည်။

မီးဖွားခါနီးသည်နှင့် မိခင်မြွေမကြီးသည် လူသူကင်းရှင်းပြီး နေရောင်အများဆုံးရနိုင်သောနေရာကိုရှာပြီး ကိုယ်ဝန်ကြောင့် ပြည့် ဖောင်းနေသော ဝမ်းဗိုက်ကြီးကို နေပူလှန်းပေးရသည်။ သို့မှသာ အထဲမှ ရင်သွေးများက ပျော့အိနေသောဝမ်းဗိုက်ကို ဖောက်ထွက်နိုင်မည်မဟုတ် ပါလား။

ဝမ်းဗိုက်မပေါက်ပေါက်အောင် ရင်သွေးငယ်များက တအား တိုးနေသောအချိန်တွင်ကား မိခင်မြွေမကြီး၏နာကျင်မှုမှာ တိုင်းတာ၍

မရနိုင်ပါ။ ထို့ကြောင့်ပင် တင်းထားသည့်ကြားက တစ်ချက်တစ်ချက်တွင် ဆတ်ကနဲ ဆတ်ကနဲ တွန့်တွန့်သွားခြင်းဖြစ်ပါ၏။ အပူဒဏ်၊ နာကျင်မှုဒဏ် နှစ်မျိုးလုံးကို ကြိတ်မှိတ်ခံပြီး အသေခံကာ မီးဖွားပေးခဲ့သော မြွေမကြီး၏ ကိုယ်တွေ့မေတ္တာတရားကား အံ့သြဖွယ်ရာပါတကား။

ဤမြွေမကြီးဖြစ်ရပ်ထက် ပို၍ဆန်းကျယ်သောဖြစ်ရပ်တစ်ခုကိုကား မူလဇီးဘန်နီကျောင်းသို့ ပြန်ရောက်သောအခါမှာ ကြုံတွေ့ခဲ့ရပါသည်။ နောက်ဆုံးဖြစ်ရပ်ဖြင့် ကျွန်ုပ်အား တရားပြခဲ့သူကား လမ်းဘေးမှ ခွေးနက်မကြီးတစ်ကောင်ပင် ဖြစ်ပါလေ၏။

* * *

# အခန်း (၂)

## မိနက်၏ ဘဝအစ

ကျွန်ုပ်ကိုရင်ဖြစ်ရာ မူလဇီးဘန်နီကျောင်းတိုက်သည် ရန်ကုန်-မန္တလေးကားလမ်းမကြီး၏ ဘေးဘက်တွင် တည်ရှိသည်။ ရန်ကုန်ဘက်မှလာလျှင် ကားလမ်း၏ဘယ်ဘက်ခြမ်းတွင် ရှိပေသည်။ ချမ်းမြသာစည်လေဆိပ်ကျော်လာလျှင် ဆင်ဖြူခံသုသာန်၊ ယခု ဆင်ဖြူခံအားကစားကွင်းကိုကျော်လွန်ပြီး မကြာခင် ကျွန်ုပ်တို့နေထိုင်ရာ မူလဇီးဘန်နီကျောင်းတိုက် ပညာ့ဗိမာန်သာသနာပြုကျောင်းကို ရောက်ရှိပေသည်။

ကျောင်းထောင့်တွင် အုတ်ရေစင်မြင့်မြင့်ကြီးရှိသောကြောင့် ကားပေါ်မှကြည့်လျှင် ထင်လင်းစွာမြင်နိုင်ပေသည်။ ကားလမ်းဘေး တစ်လျှောက်တွင် ထမင်းဆိုင်နှစ်ဆိုင်သာရှိသည်။ တစ်ဆိုင်က စေတနာ ထမင်းဆိုင်၊ နောက်တစ်ဆိုင်က မိသားစုထမင်းဆိုင်။ စေတနာထမင်း ဆိုင်က အချက်အပြုတ်ရော ဆက်ဆံရေးပါကောင်းမွန်သဖြင့် ပို၍ ရောင်းကောင်းသည်။

ထိုဆိုင်သည် ကျောင်းနားကပ်လျက်ဖြစ်သောကြောင့် ခွေးလေ ခွေးလွင့်များမှာ ကျောင်းနားတစ်ဝိုက်တွင် ပေါချင်တိုင်းပေါနေတော့ သည်။ ထိုခွေးများစွာထဲမှ နက်မအမည်ရှိ ခွေးမကြီးတစ်ကောင်ကား ထင်ရှား၏။ တခြားနည်းဖြင့် ထင်ရှားသည်မဟုတ်။ လူကိုက်ခြင်းဖြင့် သာ ထင်ရှားခြင်းဖြစ်၏။

သို့သော် အကိုက်ခံရသူများက နက်မကြီးအပေါ် ဒေါသ အာဃာတ လုံးဝမထားကြ။ ဤကား ထူးခြားချက်တစ်ခုပင်။ ဆက် ဖတ်လျှင် အဖြေကို တွေ့လာပါလိမ့်မည်။

## မိုးသည်းညမှာ မီးဖွားလာ

တစ်ည ထိုတစ်ညသည်ကား ကျွန်ုပ်ဘဝတွင် ဘယ်လိုမှ မေ့လို့ မရတော့မည့်ညပင်ဖြစ်ပါ၏။ မန္တလေးမိုးကား ရွာချင်တိုင်းရွာနေသော အချိန်ပင်ဖြစ်ပါ၏။ ရေစင်နောက်က ရေစက်ထားသော စက်ခန်းထဲ

တွင် ကျွန်ုပ်ကျိန်းရသည်။ ကျောင်းတောင်ဘက်ဝင်းထရံနှင့်ကပ်လျက်ပင် ဖြစ် ၏။

မိုးအေးအေးနှင့် ကွေးကောင်းနေဆဲမှာပင် ခွေးငယ်တို့၏ ဆူညံနေသောအသံများကို အဆက်မပြတ်ကြားရသဖြင့် လန့်နိုးလာသည်။ စက်ခန်းဘေး ဝင်းထရံနားကပ်လျက် ချုံပုတ်ကြီးထဲမှဖြစ်၍ ပြတင်းပေါက်တံခါးကိုဖွင့်ကာ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရာ မိနက်တို့သားအမိများ၏အဖြစ်သနစ်ကို တွေ့မြင်ရပါတော့သည်။

ခွေးကလေး လေးငါးခြောက်ကောင်ခန့်က တစ်ကောင်ပေါ် တစ်ကောင်ထပ်လျက် စိုရွှဲနေသောဖွက်ထဲတွင် တအီအီဖြင့် ညည်းနေကြသည်။ နက်မကြီးကား ကလေးများအပေါ်တွင် ကားယားကြီးခွကာ သူ့ခန္ဓာကိုယ်ဖြင့် မိုးဒဏ်ကို ကာကွယ်ပေးနေသည်။ သနားတတ်သော ကျွန်ုပ်ရင်ထဲ နင့်ကနဲဖြစ်သွားမိ၏။

ခွေးကလေးတွေ မိုးကလွတ်အောင် ဘယ်လိုကယ်ရမလဲဟု အလျှင်အမြန် တွေးမိသည်။ ဘယ်အချိန်ကမွေးထားသည်မသိ။ နာရီကိုလှမ်းကြည့်သောအခါ (၁၂)နာရီထိုးနေပြီ။ မိုးကလည်း တစ်ညလုံးစဲတော့မည့်သဘောမရှိ။ သည်အတိုင်းသာဆိုလျှင် မိနက်ရော ခွေးကလေးတွေပါ အအေးပတ်၍သေဖို့သာ ရှိတော့သည်။

လောလောဆယ် တစ်ညတာမိုးခိုဖို့ကား ကျွန်ုပ်အိပ်စက်ရာစက်ခန်းတွင်းပဲရှိတော့သည်။ မိုးလင်းမှ သင့်တော်သောနေရာကို ရှာရပေမည်။ ကျောင်းဝိုင်းထဲမှာတော့ ဘယ်လိုမှမဖြစ်နိုင်။ ကျောင်းထိုင်

ဆရာတော်သည် ခွေးကို အင်မတန်မှ မုန်းတီးသည်မဟုတ်ပါလော။

ဆုံးဖြတ်ချက်နှင့်အတူ လှူဝင်ပေါက်တံခါးကိုဖွင့်၍ လက်တစ်ဖက်ကထီးကိုကိုင်၊ ကျန်လက်တစ်ဖက်က လက်နှိပ်ဓာတ်မီးကို ကိုင်၍ မိနက်သို့သားအမိရှိရာ ချုံပုတ်ဆီသို့ ကပ်သွားလိုက်သည်။ အနားရောက်သည်နှင့် မိနက်အားခေါ်ကြည့်လိုက်သည်။

"မိနက်"

တစ်ချက်တော့ လှည့်ကြည့်သည်။ သို့သော် သူမျက်လုံးများက ကျွန်ုပ်ကိုပင် သိပ်စိတ်ချဟန်မတူ။ သူ့ကလေးများကို ကိုင်မှာစိုးရိမ်နေဟန်ရှိသည်။ အစာကျွေးနေကျ ကျွန်ုပ်ကိုပင် သားသမီးဇောနှင့် အဖက်မတန်သလို ဆက်ဆံနေသည်မှာ အမြီးပင် နန့်ဖော်မရ။

အခြေအနေမကောင်းမှန်းသိသော်လည်း ရွှေ့ယူလို့ ရလိုရငြား အနားတိုးသွားပြီး ခွေးပေါက်လေးတွေနား လက်လှမ်းလိုက်သောအခါ ဂဲ ဂဲ ဂီး … ဟူသော မိနက်၏ဟိန်းသံကြောင့် လက်ကို အမြန်နောက်သို့ ပြန်ဆုတ်လိုက်ရတော့သည်။ သားသမီးတွေအပေါ်ထားသော နက်မ၏မေတ္တာကား တခြားခွေးမတွေထက်ပင် ပိုလွန်းလှပေစွ။ အစာကျွေးနေကျ သခင်တစ်ယောက်ကိုပင် စိတ်မချနိုင်ဖြစ်နေရာ တစိမ်းဆိုလျှင် တော့မလွယ်။

တခြားခွေးမများထက် အဆမတန်ပိုသော ထိုမိခင် မေတ္တာဓာတ်ကြောင့်ပင်လျှင် သူ့သက်တမ်းတိုရမည်ဆိုသည်ကိုတော့ မိနက်ခများ ကြိုသိနိုင်စွမ်းရှိမည်မဟုတ်ပါပေ။ မိနက်၏ခွင့်ပြုချက်မရသဖြင့်

ကျွန်ုပ်လည်း ဘာမှမတတ်နိုင်တော့ဘဲ စက်ခန်းထဲပြန်ဝင်ကာ ကျိန်း စက်လိုက်ရ တော့သည်။

## အခန်း (၃)

မိုးလင်းသည်နှင့် ပြတင်းတံခါးကိုဖွင့်၍ မိနက်တို့သားအမိများ ရှိသည့် ချုံထဲသို့ လှမ်းကြည့်လိုက်ရာ "ဟင်…" ဟူသော အာမေဋိတ် သံတစ်ချက် ကျွန်ုပ်နှုတ်မှ ထွက်သွားခဲ့ရသည်။ ကြည့်ပါဦးလော့ -

တစ်ညလုံးရွာနေသောမိုးကို မိနက်ကြီးက အလျှော့မပေးဘဲ နေပုံကား ညကတည်းက ကလေးတွေအပေါ် မိုးမစိုစေရန် ကားယား ကြီးခွပြီး ရပ်ထားသည်မှာ ယခုမိုးလင်းချိန်ထိပါတကား။ ဘုံချင်းသာ ကွဲချင်ကွဲမည်။ မိခင်တို့၏ သားသမီးအပေါ်မှာထားသော မေတ္တာတရား ကား တစ်သားတည်းသာဟူ၍ မိနက်ကြီးက လက်တွေ့ ကျွန်ုပ်ကို တရားပြလိုက်ပေပြီ။

သို့သော် ယခုပြသောတရားကား ပဏာမသာရှိသေးကြောင်း ကျွန်ုပ် နားမလည်ခဲ့ပါ။ ထို့ကြောင့်ပင် ပါးစပ်အဟောင်းသားနှင့် မိနက်ကိုကြည့်ရင်း ကျွန်ုပ် မျက်ရည်ဝဲခဲ့ရပါပြီ။ မျက်နှာမြန်မြန်သစ်၍ ထီးဖွင့်ကာ ကျောင်းမကြီးဆီသို့ ဆွမ်းစားရန် မြန်မြန်ပြေးသွားမိသည်။ ကျွန်ုပ်အတွက်မဟုတ်၊ မိနက်အတွက်သာဖြစ်၏။ သူ၏မေတ္တာ စေတနာ ကို အထူးဂုဏ်ပြုချင်နေသည်မဟုတ်ပါလား။ ဆရာတော်က ဆွမ်းဝိုင်း တွင် အသင့်စောင့်လျက်ရှိသည်။ သံဃာကား ဆရာတော်နှင့် ကျွန်ုပ်

နှစ်ပါးသာရှိသည်။ ကျောင်းသားနှစ်ယောက်ကလည်း ဆရာတော်၏တူ အရင်းများ၊ ကျွန်ုပ်ထက်ပင် အသက်ကြီးကြပါသေးသည်။

အစာကို ကြေညက်အောင်ဝါးစားပါ။
အစာကြေညက်မှ ခွန်အားတက်မည်။
အသက်လည်းရှည်မည်။

ဟူသော မူလတန်းဖတ်စာကို စသင်ပြီးကတည်းက အစာမှန် သမျှကို ကြေညက်အောင် ဝါးစားလာသော ကျွန်ုပ်မှာ ဆွမ်းစားလျှင် အမြဲတမ်း သူများထက်နောက်ကျလေ့ရှိသည်။ ယနေ့ကား မိနက်ကို ကျွေးမွေးချင်နေသည့်စိတ်ကြောင့် ဘာမှအရသာမခံဘဲ မြန်မြန်စားမိရာ ဆရာတော်ထက်ပင် အရင်ပြီးသွားသဖြင့် ဆရာတော်က -

"ဟ ဇဝန မြန်လှချေလား၊ ဘယ်လိုလုပ်များ စားလိုက်သလဲ၊ နောက်က ခွေးရူးလိုက်လာသလိုပါလား"

"မှန်ပါ ကျောင်းဘေး ချုံပုတ်ထဲက ကလေးမွေးနေတဲ့ မိနက် ကြီးကို အစာကျွေးချင်တာနဲ့ မြန်သွားတာဘုရား"

"မင်းကတော့ လုပ်တော့မယ်၊ ဘယ်က ခွေးလေခွေးလွင့်တွေ အပေါ် သဒ္ဓါတရားရှိနေပြန်တယ်မသိဘူး။ အေး တစ်ခါတည်းပြော လိုက်မယ်နော်၊ အဲဒီခွေးမရော၊ ကလေးတွေရော ကျောင်းမှာကပ်နေလို့ ကတော့ ခွေးတွေရော မင်းရော တစ်ခါတည်း မောင်းအချပဲ"

ထိုသို့ပြောပြီး ဆရာတော် ဆွမ်းဝိုင်းမှ ချက်ချင်းထသွားသည်။ ဆရာတော့်ဒေါသကိုသိထားသဖြင့် ကျွန်ုပ်မှာ ဘာမှပင် ပြန်မလျှောက်

ဝံဘဲ ငြိမ်နေလိုက်ရသည်။ ဆရာတော်စကားကြောင့် မိနက်အတွက် ဆွမ်းများကို ဆွမ်းအုပ်ထဲမှ ပန်းကန်ထဲသို့ ပြောင်းထည့်နေသောလက် သည်ပင် တုန့်ကနဲရပ်သွားမိသည်။ မိမိသည် ဆရာတော်မကြိုက်သော အလုပ်ကို လုပ်မိနေပြီမဟုတ်ပါလား။

ဆရာတော် အခန်းထဲဝင်သွားမှပင် ဆွမ်းပန်းကန်ထဲသို့ ငါးဟင်း သုံးတုံးခန့် အနှစ်ပါခပ်ထည့်ပြီး အရိုးများကို သေချာထွင်ကာ စက္ကူ တစ်ခုဖြင့်ထုပ်လိုက်သည်။ ထို့နောက် ဆားနည်းနည်းထည့်ကာ အသား အနှစ်နှင့် ထမင်းများကို သမအောင်နယ်လိုက်သည်။ ပြီးသည့်နှင့် ကျွေးနေကျခွေးစာခွက်ဖြစ်သော သပိတ်အဖုံးကိုသွားယူကာ သိုးနံ့များ ပျောက်သွားအောင် အုန်းဆံဖတ်ဖြင့် ပွတ်တိုက်ဆေးလိုက်သည်။

ကျွန်ုပ်လုပ်နေသည်ကို အစအဆုံးကြည့်နေသော ဘုန်းကြီးတူ အငယ် ကိုဝင်းမြက -

"ဦးပဉ္ဇင်းက ခွေးကျွေးမှာလား၊ ဘုန်းကြီးလှူမှာလား"

"ခွေးကျွေးမှာလေဗျာ"

"ခွေးကျွေးမှာများ ဦးပဉ္ဇင်းရယ်၊ အဲသလောက် အလုပ်ရှုပ်ခံ နေရသလား"

"ခံရမယ်လေ၊ ဘာကြောင့်လဲဆိုတော့ ခွေးဆိုတာလဲ အလှူခံ ထဲမှာပါတာပဲ"

"ဟုတ်ပါ့မလား ဦးပဉ္ဇင်းကလဲ၊ ခွေးက အလှူခံထဲ ပါရမယ် လို့"

"သြော် ဗုဒ္ဓဘာသာ ဖြစ်နေပြီး ဒါတောင်မသိသေးဘူးထင်တယ်"

"ကဲပါ ဦးပဥ္စင်းသိရင် ပြောပါဦး၊ သေချာ နားထောင်ပါ့မယ်။ တပည့်တော်တို့ တကယ်ကို မကြားဘူးတာပါ"

ထိုကဲ့သို့ပြောဆိုရင်းဖြင့် တူအကြီးဖြစ်သူ ကိုဝင်းမြင့်ပါ စကားဝိုင်းထဲ ပါလာသည်။

"အလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေး၊ ခွေးတောင်ပြေးမလွတ်ဘူး ဆိုတဲ့စကားဟာ ဘုရားဟောတရားနဲ့အညီပါပဲ။ ဥပရိပဏ္ဏာသပါဠိတော်၊ ဒက္ခိဏဝိဘင်္ဂသုတ်မှာ အလှူခံပုဂ္ဂိုလ် (၁၄)ယောက်ကို နိမ့်ရာကနေ မြင့်ရာထိ အစုလိုက်ဟောထားတယ်၊ အဲဒါတွေက တိရစ္ဆာန်၊ သီလမရှိသောလူမိုက်၊ သီလရှိသောလူ၊ သာသနာပမှာ ကိလေသာကင်းအောင် ကျင့်တဲ့ရသေ့၊ အရိယာပုဂ္ဂိုလ် (၈)ယောက်၊ ပစ္စေကဗုဒ္ဓါ ခေါ် ဘုရားငယ်၊ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့ပဲ။

အဲဒီ (၁၄)ယောက်ထဲမှာ တိရစ္ဆာန်တစ်ကောင်ကို ကျွေးမွေးလှူဒါန်းရင် ဘဝတစ်ရာချမ်းသာတယ်။ လူမိုက်ကို ပေးလှူရင် ဘဝတစ်ထောင်ချမ်းသာတယ်။ သီလရှိသူကိုပေးလှူရင် ဘဝတစ်သောင်းချမ်းသာတယ်။ သာသနာပမှာ ကိလေသာ ကင်းအောင် ကျင့်နေတဲ့ရသေ့ကိုပေးလှူရင် ဘဝကုဋေတစ်သိန်းချမ်းသာတယ်။

အရိယာ (၈) ယောက်ရယ်၊ ဘုရားငယ်ရယ်၊ ဘုရားရှင်ရယ်ကို ပေးလှူရတာအတွက်ကျတော့ ဘဝပေါင်းဘယ်၍ဘယ်မျှ ချမ်းသာမယ်လို့ ဘုရားရှင်က မဟောကြားနိုင်ပါဘူးတဲ့။ ကဲ ဒကာတို့ကို ရှင်းပြရတာနဲ့ မိနက် ဆာနေရော့မယ်၊ သွားတော့မယ်"

ဟုဆိုကာ စကားဖြတ်ပြီး ကျွန်ုပ် မိနက်ဆီ သုတ်ခြေတင်ရ တော့သည်။ ရောက်ပါပြီ။ သူမီးဖွားရာချုံက ကျပ်နေသောကြောင့် ထမင်းပန်းကန်ကိုပြပြီး –

"လာ လာ မိနက် လာ အပြင်ထွက်ပြီး ထမင်းစားလှည့်၊ နင့်ကလေးတွေကို ငါမကိုင်ပါဘူးဟာ၊ လာ လာ လာ၊ အို့ အို့ အို့" ဟုခေါ်လိုရော ချွေးလိုရောခေါ်သော်လည်း မိနက်က လှည့်သာကြည့် ပြီး အပြင်ချင်းထွက်မလာ။ နံရိုးပြိုင်းပြိုင်းထနေပြီး ချိနေသောခါးတို့ကို ကြည့်ရသောအားဖြင့် မိနက်ကြီး မည်မျှထမင်းဆာနေမည်ကို မှန်းဆ၍ ရပါသည်။

သူ့မျက်လုံးများမှာလည်း အစာကိုတပ်မက်သောအရောင်များ တပြောင်ပြောင်တောက်နေသည်မှာ အထင်အရှား။ သို့သော် ငါခေါ်တာ ဘာလို့မလာပါလိမ့်ဟု ကျွန်ုပ် တွေးမရဖြစ်နေစဉ်မှာပင် နလပိန်းတုံး ကျွန်ုပ်ကို မိနက်က စကားတစ်ခွန်းပြောလိုက်သည်။ ပါးစပ်ဖြင့်တော့ မဟုတ်ပါ။ မျက်လုံးဖြင့်သာ ဖြစ်ပါ၏။

ကလေးတွေအပေါ် ကားယားခွလျက်က ကျွန်ုပ်ကိုလှမ်းကြည့် နေရာမှ တဖျောက်ဖျောက်ကျနေသော ကောင်းကင်မှမိုးစက်များကို မော့ကြည့်ပြလိုက်သောကြောင့်ပင်။ ထိုအခါကျမှ ကျွန်ုပ်မှာ အတွေး ပေါက်သွားပါတော့၏။ မိနက်ကြီး ပြောလိုသည်က –

"တပည့်တော်မရဲ့ ကလေးတွေအပေါ် မိုးစက်တွေကျနေတယ်။ မိုးစက်တွေမကျအောင်လုပ်ပေးမှ အစာစားမယ်" ဤသို့ပင်ဖြစ်ပါလိမ့်

မည်။ ထိုအခါကျမှ ကျွန်ုပ်မှာ စားခွက်ကိုအသာချပြီး ဈောင်းမကြီးထဲမှ ပုလပ်စတစ် စားပွဲခင်းအဟောင်းနှစ်ခုကိုပြေးယူကာ ချုပေါ်မှ မိုးပေးရ တော့၏။ မိရွှေချောမှာ ထိုအခါကျမှ အပြင်တွင် ချထားသော စားခွက်ဆီသို့ တစ်လှမ်းချင်း ထွက်လာပါတော့သည်။

စားခွက်နားရောက်၍ စားဖို့ပြင်လိုက်စဉ်မှာပင် တစ်ညလုံး မတ်တပ်ရပ်ထားရသဖြင့် ညောင်းညာကိုက်ခဲနေသော ခြေထောက်များမှာ မဟန်နိုင်တော့ဘဲ စားခွက်ရှေ့တွင် ဒူးတုပ်လဲသွားပါသည်။ သေချာသတိမထားလျှင် သူ့အလိုလိုဝပ်သွားသည်ဟု ထင်ရသည်။ မဟုတ်ပါ။ ညောင်းလွန်းအားကြီးသောကြောင့် အရပ်ကြီးပြတ်ဖြစ်ကာ မြေပြင်ပေါ်သို့ ပစ်ကျသွားခြင်းဖြစ်ကြောင်း ကျွန်ုပ်သေချာသိလိုက်ရပါသည်။

စားခွက်ထဲမှအစာများကို အငမ်းမရစားနေသော မိနက်ကြီးခေါင်းကို ပွတ်သပ်ပေးရင်းဖြင့် -

"မိနက်ကြီးရယ်၊ နင်ပြတဲ့မိဘမေတ္တာတရားက အစလေးနဲ့ပဲ အများကြီး ထိရောက်နေပါပြီ" ဟု ကျွန်ုပ်တစ်ယောက်တည်း တိုးတိုးလေး ပြောနေမိပါသည်။ စားပြီးသည်နှင့် မိနက်ကြီးက ကလေးများထံသွားကာ သူ့ကိုယ်ကိုလှဲချပေးပြီး နို့တိုက်နေပါတော့သည်။

ရေစိုပြီး ဗွက်ထနေသော မြေကြီးပေါ်ဝယ် ဖဲမွေ့ယာ ရွှေကော်ဇောလိုသဘောထားပြီး လှဲအိပ်နိုင်ခြင်းမှာလည်း မိခင်တစ်ဦး၏ မေတ္တာစေတ်ကြောင့်ပဲထင်ပါသည်။ နက်မကြီးတစ်ကောင်စာအတွက်ကတော့ ဘယ်နေရာတိုးနေနေ မိုးလုံသောနေရာကို အလွယ်နှင့်ရနိုင်ပါသည်။ ထမင်းဆိုင်ကြမ်းပြင်အောက် တိုးနေမလား၊ မီးဖိုချောင်ထောင့်

## တိရစ္ဆာန်ပြသောတရား

ပြာထဲဝပ်နေမလား၊ နေရာမျိုးစုံ ရနိုင်ပါ၏။ သို့သော် သားသမီးနှင့်သာ နေရမည်ဆိုလျှင် ဒုက္ခကို သုခထင်တတ်ကြသည်မှာ ဘုံချင်းသာကွဲချင် ကွဲမည်။ မိခင်တိုင်း အတူတူပင်ဖြစ်မည်ဆိုသည်ကိုတော့ ကျွန်ုပ် ရဲရဲ ကြီး ပြောဝံ့ပါသည်။

### အမေ

◆ ဇမ္ဗူတိုင်းမှာ အဖြေညှိပြရရင်
အပူလှိုင်းဖြာ ဝေဒနာကတွေနဲ့
လူတိုင်းဟာ အမေရှိကြတယ်
မရေမရာ ပဟေဠိတွေကြောင့်
အသေအချာ အဖေမသိတောင်မှ
အမေရှိတယ်။

◆ ချစ်သဒ္ဒါဝေကဲ
ပြည့်တန်ဆာအမေလည်း အမေ
အကြွေးကြွယ်လှတဲ့
ဈေးသည်မအမေလည်း အမေ
အကြောင်းတရားအခြေမဲ့
သူတောင်းစားအမေလည်း အမေ

◆ သမီးသားတွေ ကြီးထွားစေရော့လို့
စီးပွားအထွေထွေ

## မေတ္တာရှင် (ရွှေပြည်သာ)

စိန်ရွှေပတ္တမြား အိမ်မြေကားနဲ့
ငွေသားအမွေ
ပေးနိုင်မှ အမေမဟုတ်

◆ ယိုင်နဲ့နဲ့ တဲအတွင်း
လှဲခင်းအိပ်နေစရာ တိုးဖယ်ပေးခဲ့
အရိုးဟင်း တစ်ဖဲ့စီဝေ
ထမင်းရည် အတူသောက်
မိုက်မှောက်တော့အတူတူ
ခြင်ထောင်မရှိ ခြုံစောင်မရှိ
ခင်းအိပ်စရာ ဖျာလည်းမရှိလို့

◆ ခြင်ကိုသွေးလှူ အတူတူ
ကြမ်းပိုးသွေးလှူ အတူတူ
အပူကိုမျှဝေ
ဒုက္ခကို ပိုမိုလေးနက်စေ
ပညာအမွေ ရွှေအိုး
ရိုးသားမှုဂုဏ်သိက္ခာ
မေတ္တာ အကြင်နာမှုတစ်ပါး
အခြားပေးစရာ အထွေထွေမဲ့သော်လည်း
အမေဟာ အမေပဲလေ ····။

(အောင်လှိုင်ထွန်း)

## အခန်း (၄)

နှစ်ရက်ရှိခဲ့ပေပြီ။ မိနက်ကြီးတို့သားအမိများကို မိုးလွတ်မည့်နေရာ ရှာမပေးနိုင်သေး။ မိုးကလည်းစွေ၍ကောင်းတုန်းရှိသေးသည်။ ကြာလျှင် ခွေးလေးတွေ အအေးပတ်သေသွားနိုင်သည်။ တကယ်မိုးသည်းလာလျှင် ခြုံပေါ်မှာမိုးပေးထားသော ပလပ်စတစ်စားပွဲခင်းနှစ်ခုကလည်း ကယ်နိုင်မည်မဟုတ်ပေ။

ကျောင်းမကြီးအဲ့တွင်း တစ်နေရာရာတွင် မိနက်ကြီးတို့သားအမိများကို စောင်စုတ်လေးဖြင့် နွေးနွေးအောင် ထားပေးချင်သော ကရုဏာစိတ်ကတစ်ဖက်၊ ခွေးမုန်းသောဆရာတော်ကို ကြောက်ရသည်ကတစ်ဖက်နှင့် ကျွန်ုပ် ဘာလုပ်ရမှန်းမသိအောင် အခက်တွေ့နေရပါတော့သည်။

ကျွန်ုပ်တို့ကျောင်းသည် ညနေပိုင်း၌ လူရှုပ်သည့်အကြောင်းကား လမ်းဘေးညအိပ်ကြသော ကုန်တင်ကားမှ ကားဆရာများသည် ရေကောင်းသော ကျွန်ုပ်တို့ကျောင်းသို့လာ၍ ရေချိုးတတ်ကြသောကြောင့်ပါတည်း။ မီတာခအဖြစ်လည်း သဒ္ဓါသလောက် လှူဒါန်းသွားကြသဖြင့် ဆရာတော်ကလည်း ကြည်ကြည်ဖြူဖြူ ခွင့်ပြုထားသည်။

ငွေရှင်သောကားဆရာများက များများလှူတတ်သောကြောင့် ဆရာတော်ကပင် သူတို့ကို ပြန်၍ကျေးဇူးတင်နေရသော ဒကာများဖြစ်ပါ၏။ ဖြစ်ချင်တော့ ညနေပိုင်းရေချိုးလာသော ဒကာတစ်ယောက်

သည် ချိုးကန်သို့ရေလွှတ်ပေးသော ဝါးရေသယောက်က စောင်းနေသဖြင့် အနားသွားပြီး တည့်ပေးမိသည်။

သူသွားရပ်သည်က မိနက်ကြီးတို့သားအမိနှင့် နီးကပ်နေသည့်နေရာ၊ ခဏအကြာမှာပင် ထိုဒကာ အသံဆိုးကြီးနှင့်အော်ကာ ပြေးထွက်လာပါတော့သည်။

"အမလေး လုပ်ကြပါဦး၊ ခွေးကိုက်တယ်ဗျ"

"ဟာ ဒကာကြီး ပေါက်များသွားသလား၊ ဦးပဉ္စင်းကို ပြစမ်းပါဦး"

"ပေါက်သွားတယ်ဘုရား၊ ခွေးက ခွေးရူးလားမသိဘူးဘုရား၊ သွားသတ်မှထင်တယ်၊ သူ့လဲဘာမှမလုပ်ပဲနဲ့ လာကိုက်တယ်"

"ဟာ မရူးပါးဘူး ဒကာကြီး၊ ခွေးကောင်းပါ၊ သားပေါက်နေတာလေ၊ သားသမီးအရှိန်နဲ့ ကိုက်လိုက်တာပါ။"

"ဩော် ဒီလိုဆို တော်သေးတာပေါ့ဘုရား၊ သားသမီးချစ်တဲ့စိတ်နဲ့ဆိုတော့လည်း ဟုတ်မှာပဲ။ ခွေးသားအုပ်မတွေက ဒီလိုပဲ သားဇောနဲ့ ကိုက်တတ်ကြပါတယ်။"

ကျွန်ုပ် ဒကာကြီးဒဏ်ရာကို ဆားသိပ်ပြီး အံဝတ်ဖြင့်စည်းပေးလိုက်သည်။ ဘုန်းကြီးမသိပါစေနဲ့ဟု ဆုတောင်းရသည်။ ကံကောင်းပါသည်။ ဘုန်းကြီးသိမသွားပါ။ ဆရာတော်သာသိသွားလျှင် နက်မကြီးကား ဤချုံပုတ်ထဲမှာပင် နေခွင့်ရမည်မဟုတ်တော့ပေ။

ဒကာပြန်သွားပြီး ခဏအကြာတွင် ချုံပုတ်အတွင်းသို့ လှမ်းကြည့်လိုက်ရာ မိနက်ကြီးကိုမတွေ့ရ။ ကလေးတွေသာ ပုံထပ်ပြီး

အိပ်နေတာကိုတွေ့ရသဖြင့် ခွေးမြင်လျှင်ချစ်ခင်တတ်သော ကျွန်ုပ်စိတ်ကြောင့် အပြေးသွားပြီး ကောက်ကိုင်ကြည့်မိသည်။ ခွေးလေးများကို တစ်ကောင်ချင်းကိုင်ပြီး သူတို့နှာခေါင်းလေးများနှင့် ကျွန်ုပ်နှာခေါင်းကိုထိပြီး ချစ်စနိုးနမ်းနေမိသည်။ မိခင်ထံမှ ခွေးချစ်တတ်သော စိတ်ဓာတ်သည် ကျွန်ုပ်တို့သားသမီးများထံပါ ကူးစက်ခဲ့ခြင်းဖြစ်ပါ၏။

အထီးအမကြည့်လိုက် နမ်းလိုက်လုပ်နေရာ ခြောက်ကောင်မြောက် ရှိသွားလေပြီ။ ထိုခြောက်ကောင်တွင် အနီနှင့်အဖြူကျားလေးကောင်၊ တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူတစ်ကောင်မှာ အမလေးများဖြစ်ပြီး တစ်ကိုယ်လုံး အနက်ရောင်တစ်ကောင်မှာ အထီးလေးဖြစ်ပါသည်။

နောက်ဆုံး တစ်ကိုယ်လုံးအနက်လေးတစ်ကောင်ကို ကိုင်မိလိုက်သောအချိန်တွင်ကား ကျွန်ုပ်ရင်ထဲ ထိတ်ကနဲ ဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ခွေးလေးမှာ တခြားခွေးပေါက်လေးများကဲ့သို့ နွေးနွေးပျော့ပျော့အနေဖြင့်ပါမလာဘဲ အေးအေးတောင့်တောင့်ကြီးဖြင့် ပါလာသောကြောင့်ပါတည်း။

ခွေးလေးကား ဘယ်အချိန်ကသေနေသည်မသိ။ တောင့်၍ပင်နေပါသည်။ ပက်လက်လှန်ကြည့်လိုက်သောအခါ အထီးလေးဖြစ်နေသည်ကို တွေ့ရသဖြင့် နှမြောတသ ဖြစ်မိပါသည်။ ကျွန်ုပ်လည်း အချိန်ဆွဲမနေတော့။ မိနက်ကြီးရောက်လာခဲ့လျှင် မလွယ်မှန်းသိသောကြောင့် ခွေးသေလေးကိုကိုင်ယူပြီး အမြန်ထွက်လာခဲ့သည်။

ကျောင်းနှင့် နှစ်ခေါ်သာသာခန့်ဝေးသော မြက်တောကြီးထဲသို့ ဖစ်ချကာ ခွေးသေလေးကို လွယ်လွယ်ပင် သင်္ဂြိုလ်လိုက်ပါသည်။

## အခန်း (၅)

မန္တလေးမိုးကား စွေနေဆဲ၊ ယနေ့မနက်ပါဆိုလျှင် သုံးရက် တောင်ရှိချေပြီ။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဟူသော စကားပုံသည် မိနက်ကြီးအတွက် ထားခဲ့လေသလားမသိ။ သူမီးဖွားစကတည်းက ရွာနေခဲ့သောမိုးသည် ယခုအချိန်ထိ ငြိုးမာန်ပြေဟန်မတူသေး။

ဆရာတော်နှင့် ကျွန်ုပ် နေ့ဆွမ်းစားနေစဉ်မှာပင် ကိုဝင်းမြ အပြေးအလွှားဝင်လာပြီး -

"ဆရာတော် ရေချိုးလာတဲ့ ကားသမားတစ်ယောက် ခွေးကိုက် ခံရတယ်ဘုရား"

"ဟ ငါ့ကျောင်းလဲ ခွေးမရှိပါဘူး၊ ဘယ်ကခွေးများ လာကိုက် တာတုန်းဟ"

"စက်ခန်းတောင်ဘက်ကပ်လျက်ချုံထဲက ခွေးနက်မကြီးဘုရား၊ တစ်နေ့က ဦးပဉ္စင်းဇဝန အစာသွားကျွေးတဲ့ ခွေးမကြီးပဲဘုရား"

ကိုဝင်းမြက အချွန်အတွန်းလေးနှင့်ပါ လျှောက်လိုက်ရာ ဆရာ တော်၏ဒေါသကို ဆွပေးသလိုဖြစ်သွားခဲ့သဖြင့်

"ကဲ ဟဲ့ကောင်ဇဝန၊ တွေ့ပြီမဟုတ်လား၊ မင်းကျွေးမွေးတဲ့ ကျေးဇူးတွေကို ခွေးလေခွေးလွင့်တွေက ပြန်ဆပ်ပြီမဟုတ်လား။

ဒါ့ကြောင့် ခွေးဆိုရင် မေတ္တာကိုမရှိတာ။ ကဲ ပြောစမ်းပါဦး၊ ဒီခွေးလေ ခွေးလွှင့်တွေကျွေးတော့ မင်းအတွက်ရော၊ ကျောင်းအတွက်ရော ဘာ ကျေးဇူးရှိတုန်း"

ကျွန်ုပ်မှာ ပြန်ပြောစရာစကားလုံးတွေ ရှိပါသည်။ သို့သော် ဉပဇ္ဈာယ်ဆရာ လက်ခံနားထောင်ပါမည်လော၊ မဟုတ်မမှန် ခွန်းတုန့် ပြန် မှန်သော်လည်းရှုံး၊ လူကြီးမှန်းများဖြစ်နေမလားဟု ဆင်ခြင်နေမိ သည်။ ထိုအချိန်မှာပင် ဆရာတော်က -

"ဟော့ကောင် ဝင်းမြ၊ အကိုက်ခံရတဲ့သူကို ဆေးထည့်ပြီး ပတ်တီးစည်းပေးလိုက်လေ"

"မှန်ပါ၊ ဟိုမှာ အစ်ကို ဆေးထည့်ပေးနေပါတယ်ဘုရား"

"အေး အဲဒါဆို ပြီးတာပဲ"

ကျွန်ုပ်က ပြတ်သွားသောစကားကို ပြန်ဆက်လိုက်သည်။

"စောစောက ဆရာတော်မေးတာကို တပည့်တော်လျှောက်ထား မလို့ပါဘုရား"

"အင်း လျှောက်လေ" ဆရာတော်က ခပ်တင်းတင်းမျက်နှာ ဖြင့် လှမ်းကြည့်ရင်း ခွင့်ပြုချက်ပေးသည်။

"ဆရာတော်မေးလိုက်တာက ခွေးနက်မကြီးကို ကျွေးမွေးတဲ့ အတွက် တပည့်တော်အတွက်ရော ကျောင်းအတွက်ရော ဘာအကျိုး ကျေးဇူးရှိသလဲလို့ မေးလိုက်ပါတယ်။ တပည့်တော်ဖြေချင်တာကတော့ စကျွေးစဉ်ကတည်းက တပည့်တော်အတွက်ရော ကျောင်းအတွက်ရော

ဘာအကျိုးကျေးဇူးရှိပါစေဆိုတဲ့ မျှော်မှန်းချက် တစ်ခုမှမပါဘူးဆိုတာ ပါပဲဘုရား -

မျှော်လင့်ချက်ထားပြီး သူတစ်ပါးကိုကူညီတယ်ဆိုတာ စိတ်ဆင်းရဲစေမယ့်မျိုးစေ့ကို စိုက်ပျိုးလိုက်ရသလိုပါပဲ။ ဘာကြောင့်လဲဆိုတော့ အတ္တဆန်တဲ့ သတ္တဝါတွေသာ လောက မှာ အများဆုံးဖြစ်နေလို့ပါဘုရား။ ဒါ့ကြောင့် မျှော်လင့်ချက်နဲ့ကူညီပြီး မိမိမျှော်လင့်သလို ဖြစ်မလာတဲ့အခါ စိတ်ဆင်းရဲကြရတာပါ -

စကူညီလိုက်ကတည်းက မျှော်လင့်ချက်မထားတော့ တစ်ဖက်လူက ကျေးဇူးဆပ်လည်း သိပ်ဝမ်းသာမနေသလို ကျေးဇူးကန်းလည်း သိပ်ဝမ်းနည်းမနေတော့ဘူးပေါ့ဘုရား။ တပည့်တော်အနေနဲ့ လူတွေအပေါ်မှာတောင် ဒီစိတ်မျိုးထားပြီးကူညီခဲ့တာ၊ တိရစ္ဆာန်တစ်ကောင်အပေါ်မှာတော့ ပြောစရာမရှိတော့ပါဘူးဘုရား''

ကျွန်ုပ်စကားဆုံးသည်နှင့် ဆရာတော် အနည်းငယ် တွေဝေသွားသည်။ ကျွန်ုပ်ဥပဇ္ဈာယ်ဆရာတော်၏ ချီးကျူးစရာကောင်းသောအချက်တစ်ခုမှာ ကိုယ်မှားလျှင် မှားတယ်။ ကိုယ်မလုပ်နိုင်ရင် မလုပ်နိုင်ဘူးဟု ဖွင့်ဟဝန်ခံပြောဆိုရဲခြင်းပင်ဖြစ်ပါ၏။ ယခုလည်း ကြည့်ပါ။

''အေး အဲဒီစိတ်ဓာတ်ကတော့ တကယ်ကို မြင့်မြတ်စင်ကြယ်တဲ့ အလောင်းတော်တွေရဲ့စိတ်ဓာတ်မျိုးပဲ၊ ငါတို့တော့ အဲဒီစိတ်ဓာတ်မျိုး မထားနိုင်ဘူး။ မင်းထားနိုင်တယ်ဆိုရင်တော့ မင်းကိုချီးကျူးပါတယ်။ လောလောဆယ်ကတော့ မင်းခွေးမ ဆက်ရှိနေရင် ငါ့ဒုက္ခ

ရင်းတွေ မိတ်ပျက်ကုန်လိမ့်မယ်။ ဒါ့ကြောင့် မင်းခွေးမကို ဒီနေ့ပဲ ကျောင်းနဲ့ဝေးတဲ့နေရာ ရွှေ့ပေးလိုက်ပေရော့"

ကျွန်ုပ်၏ဥပဇ္ဈာယ်ဆရာတော်ကား ဤကဲ့သို့သော ဆရာတော်မျိုးပါတည်း။ ကျွန်ုပ် ဘာမှမတတ်နိုင်တော့။ မိနက်ကြီးကို သင့်တော်ရာရွှေ့ပေးရုံသာ ရှိပါတော့သည်။ ခေါင်းငိုက်စိုက်ချကာ လျှောက်လာရင်းဖြင့် ချုံပုတ်နားအရောက်တွင် မိနက်ကြီးတို့သားအမိများကို လှမ်းကြည့်လိုက်ရာ မြင်လိုက်ရသောမြင်ကွင်းကြောင့် ကျွန်ုပ်မှာ ခေတ္တခဏ ကြက်သေသေသွားပြီး ခဏအကြာတွင် ကျွန်ုပ်မျက်လုံးအိမ်မှ မျက်ရည်အချို့ပင် စီးကျလာခဲ့သည်။

## အသေကိုပင် အရှင်ထင်

ရှုကြည့်ပါလော့။ ကျွန်ုပ် မနေ့က အဝေးတစ်နေရာမှာ သွားပစ်ခဲ့သော ခွေးသေလေးကို မိနက် ဘယ်အချိန်က ပြန်ချီလာသည်မသိ။ သူ့ရင်ခွင်ထဲတွင် တောင့်တောင့်လေးရောက်လျက်ရှိနေပါချေပြီ။ မိနက်ကြီးကား သားသေကို အရှင်ထင်ကာ လျှာနှင့်ပင် တစ်ကိုယ်လုံးကို လျှက်ပေးနေလိုက်ပါသေးသည်။

အုံ့ဩစရာကောင်းသည်ကား အမှန်ပင်ဖြစ်ပါ၏။ ပထမ အံ့ဩစရာကောင်းသည်မှာ သူ့ကလေး (၇)ကောင်ထဲတွင် တစ်ကောင်လျော့နေသည်ကို သူဘယ်နည်းဖြင့် သိလေသနည်း။ လျော့နေသည်ကို သိပြန်

လျှင်လည်း သူမရှိတုန်း မြက်တော ရေတောထဲပစ်ချထားသည်ကို ဘယ်လိုတွေ့အောင် ရှာခဲ့လေသနည်း။ သည်မေးခွန်း၏အဖြေများကို မိခင်ဘဝသို့ မိမိကိုယ်တိုင်မရောက်မချင်း ဖြေဆိုနိုင်လိမ့်မဟုတ်ဟု ကျွန်ုပ်ထင်ပေသည်။

အမေရိကန်ဘုန်းတော်ကြီးတစ်ဦးပြောဖူးသော -

"မိခင်သည် မည်သူ့နေရာမဆို အစားဝင်နိုင်သော်လည်း သူ့နေရာကို မည်သူမျှ အစားမဝင်နိုင်" ဟူသော အဆိုအမိန့်ကို အမှတ်ရစရာပင်ဖြစ်ပါ၏။ ကျွန်ုပ် စဉ်းစားရပြီ။ မိနက်တို့သားအမိများကို ဘယ်ရွှေ့ပေးရမလဲ၊ ရွှေ့မည့်နေရာတွေ့ရင်လည်း မိနက်မသိအောင် ကလေးတွေကို ဘယ်လိုကိုင်မလဲ။ ကျွန်ုပ် ပတ်ဝန်းကျင်ကို လှည့်ပတ်အကဲခတ်ကြည့်လိုက်ရာ တစ်ခေါ်သာသာလောက်မှ တိုက်ပျက်ကြီး တစ်ခုကို သွားမြင်လိုက်သည်။

ကျွန်ုပ် ဝမ်းသာလိုက်သည်ဖြစ်ခြင်း။ ထိုတိုက်ပျက်ကြီးကား ချိပ်ပိတ်ခံထားရသော တိုက်ပျက်ကြီးတစ်ခုသာဖြစ်ပါ၏။ တစ်ခြမ်းကား မိုးကောင်းကောင်းလုံပါသေးသည်။ ငါ့နှယ် စောစောက သတိမထားမိလေခြင်းဟု ကိုယ့်ကိုယ်ကို ဒေါသဖြစ်မိပါသေးသည်။

ဤ ပထမသတိမထားမိသောနှောင်တထက် ဒုတိယ သတိမထားမိသောနှောင်တကား သည့်ထက်ပိုဆိုးလိမ့်မည်ဆိုသည်ကို ကျွန်ုပ်ကား ကြိုတင်၍ မသိနိုင်ခဲ့ပါပေ။ မိနက်ကြီးချကျွေးမည့် စားခွက်ကြီးကိုကြည့်လျက် ကျွန်ုပ် အကြံတစ်ခုရသွားပေပြီ။ ပထမဆုံး မိနက်ကြီး

ကို သည်နေရာမှဝေးရာကို ခဏပို့ပေးရဦးမည်မဟုတ်ပါလား။

ကျွန်ုပ်လက်ထဲမှ စားခွက်ကို လှမ်းကြည့်နေသော မိနက်ကြီးအား ကျွန်ုပ်က စားခွက်ကို အနံ့ရရုံ အနီးကပ်လှမ်းပြလိုက်ပြီး စက်ခန်းထဲရောက်အောင် တဖြည်းဖြည်းချင်း ခေါ်ယူလိုက်သည်။ မိနက်ကြီးကား ကလေးတွေနို့ဆွဲသောဒဏ်ကြောင့် အလွန်ဆာလောင်နေဟန်တူသည်။ ချက်ချင်းပင် ကျွန်ုပ်နောက်မှ ထလိုက်လာသည်။

စက်ခန်းထဲရောက်သည်နှင့် အပြင်ကို အမြန်ပြေးထွက်ကာ တံခါးမကြီးကို အမြန်ပိတ်ချလိုက်ပြီး ခွေးလေးတွေဆီ ချက်ချင်းပြန်ပြေးခဲ့သည်။ ကျွန်ုပ် ခွေးလေးတွေကို ကိုယ်ရုံသင်္ကန်းထဲ စုထည့်နေစဉ်မှာပင် ခွေးလေးများ၏ တကိန်ကိန်အော်သံကြောင့် မိနက်ကြီးကား သူ့ကို တစ်ပတ်ရိုက်သွားမှန်း သိသွားဟန်တူပါသည်။ စက်ခန်းထဲမှ တအားဟောင်၍ ကာထားသောပျဉ်များကို ကုတ်ခြစ်ကိုက်ဖဲ့သံများကြားနေရပါသည်။

ကျွန်ုပ် ရသည့်အချိန်ကို မြန်မြန်အသုံးချရတော့သည်။ ခွေးလေးခြောက်ကောင်ကို တိုက်ပျက်ကြီး၏ မိုးလုံသောအခြမ်းတွင် ဂုံနီအိတ်စုတ်များခင်းပေးပြီး စုထားပေးလိုက်သည်။ သေနေသောအကောင်လေးကိုလည်း တွင်းတူးပြီး မြှုပ်လိုက်ရသည်။ အားလုံးကိစ္စပြီးမှ စက်ခန်းဆီ ပြေးရပြန်သည်။

စက်ခန်းထဲမှ မိနက်ကြီး၏ဟောင်သံ၊ ဟိန်းသံ၊ ပျဉ်ပြားကိုကိုက်ဖြတ်သောအသံတို့က ဆူညံလျက်နေသည်မဟုတ်ပါလား။ ခွင့်

လွှတ်ပါတော့ မိနက်ကြီးရေ …။ နင့်ရှေ့မှာ ကလေးတွေမကိုင်ရဲတော့ ဒီလိုပဲ လုပ်ရတော့တာကိုး၊ အပြစ်မယူနဲ့တော့ မိနက်ကြီးရေ။

စက်ခန်းတံခါးကို ကျွန်ုပ် ဆွဲအဖွင့် အပေါက်နှင့်ဆန့်ကျင်ဘက် အခန်းမှ ပျဉ်ချပ်များကိုကိုက်ဖြတ်နေသော မိနက်ကြီးက လှည့်အကြည့် တိုက်တိုက်ဆိုင်ဆိုင် မြင်လိုက်ရသည်ကား ပျဉ်ချပ်များကိုကိုက်ရသဖြင့် မိနက်ကြီး၏လျှာများ အာများမှာ စုတ်ပြတ်၍ သွေးချင်းချင်းနီနေသည် ကို တွေ့လိုက်ရပေါတော့သည်။

မိနက်ကြီးကား ကျွန်ုပ်ကိုပင်ဂရုမစိုက်။ ချက်ချင်းပင် သူ့ ကလေးများရှိရာသို့ ပြေးဆင်းသွားပါတော့သည်။ စားခွက်ကိုကြည့် လိုက်သောအခါ တစ်ချက်နှစ်ချက်ဟပ်စားထားသောအရာလေးများကို သာ တွေ့ရသည်။ သားသမီးဇောကြောင့် အစာကိုပင် ဖြောင့်အောင် စားမသွားနိုင်ရှာပါလား။

ကျွန်ုပ်တစ်ကိုယ်လုံး မိုးရေများစိုရွှဲနေသော်လည်း သက်န်းမလဲ နိုင်သေး။ စားခွက်ကိုကိုင်ကာ တိုက်ပျက်ကြီးဆီသို့ ပြေးရပြန်သည်။ မိနက်ကြီးကား သူ၏အနံ့ခံစွမ်းရည်ဖြင့် တိုက်ပျက်ကြီးပေါ် ရောက်နေ ပေပြီ။ ကျွန်ုပ်ရောက်သွားသောအခါ မိနက်ကြီးက တိုက်ပျက်ကြီးထဲ နေရာအနှံ့ လျှောက်ကြည့်နေသည်ကို တွေ့ရသည်။

ကျွန်ုပ်မှာ ခပ်လှမ်းလှမ်းမှ အကဲခတ်နေရသည်။ အနီးသို့ မသွားရဲ။ သားသမီးနှင့်ပတ်သက်လာလျှင် သခင်ကိုပင် စိတ်မချနိုင် သော မိနက်ကြီးမဟုတ်ပါလား။ တိုက်ကြီးမှာ ပစ်ထားတာကြာပြီဖြစ်

သောကြောင့် ကြမ်းပြင်များမှာ ပေါက်ပြဲနေသည့်နေရာ အတော်များများ ရှိသည်။ အောက်မှာ မြေတိုက်ခန်းပါသောကြောင့် ရေများဝင်နေသည် ကိုလည်း တွေ့ရသည်။

ထိုအပေါက်များကိုကြည့်၍ မိနက်ကြီးက တအီအီညည်းကာ ကျွန်ုပ်နားလာပြီး မော့ကြည့်နေပြန်သည်။ ချပေးထားသောအစာကိုပင် မစားနိုင်သေးပါ။ သူ့ညည်းသံများကိုမှန်းဆပြီး ဘာသာပြန်ရလျှင် "ဒီအပေါက်ကြီးတွေထဲ ကလေးတွေ ကျသေနိုင်တယ်။ ဒီထဲမှာ မနေ ချင်ပါဘူး။ အရင်နေရာ ပြန်ပြောင်းပေးပါ" ဟု ပြောနေသယောင် ပါပင်။

ကျွန်ုပ်အထင်ပင်မဆုံးသေး။ မိနက်ကြီးက အဖြူကျားလေး တစ်ကောင်ကိုကိုက်ချီ၍ အပေါက်မှပြေးထွက်ရန် ကြိုးစားပါတော့ သည်။ ကျွန်ုပ်ကား အပေါက်မကြီးမှ လက်ကားယားခြေကားယားဖြင့် ထုတ်ဆီးတိုးသလိုတားဆီးကာ နှုတ်မှလည်း -

"မိနက်ကြီး ငါ့ကိုသနားရင် နင် ဒီနေရာက မပြောင်းပါနဲ့။ ဆရာတော်ကလည်း နင့်ကို အရင်နေရာမှာမထားရတော့ဘူးလို့ ငါ့ကို ပြောထားတယ်။ ပြီးတော့ မိုးတွေက ဒီလောက်ရွာနေတာ နင့်ကလေး တွေ မိုးမိသေကုန်မှာ အခုတောင် တစ်ကောင်သေသွားပြီမဟုတ်လား။ သွား သွား ပြန်သွား၊ မိုးကုန်မှ အရင်နေရာပြန်လာ"

မိနက်ကြီးကား ကျွန်ုပ်ကို တစ်ချက်မော့ကြည့်ပြီး အေးအေး သက်သာပင် ပြန်သွားရှာပါသည်။ တိရစ္ဆာန်များတွင် တစ်ကိုယ်လုံး

အနက်ရောင်ရှိသော အကောင်များသည် တခြားအကောင်များထက် အသိဉာဏ်ကြီးသည်မှာ (ဝါ) လူနှင့်ပိုနီးသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ခွေးနက်မ၊ ကြောင်နက်မ နှစ်မျိုးလုံး အသိဉာဏ်ကြီးခဲ့ကြကြောင်းကို ကိုယ်တွေ့သိခဲ့ရပါသည်။ ကြောင်နက်မကြီးအကြောင်းကို သီးသန့် တစ်ပုဒ်ရေးပါဦးမည်။ မိနက်ကြီး အသိဉာဏ်ကြီးပုံကို ကျွန်ုပ် တစ်ချက်သတိထားမိသည်မှာ တစ်ခါတွင် ကျွန်ုပ်တို့ကျောင်း၌ ကြက်သားဒန်ပေါက်နှင့် ဆွမ်းကျွေးသဖြင့် စားခွက်ထဲတွင် ကြက်ရိုးများ၊ ထမင်းများကို အပြည့်ထည့်၍ မိနက်ကြီးအား ချကျွေးလိုက်ရာ ဝအောင်စားသည်ကို တွေ့ရသည်။

ဝသွားသည်နှင့် ပိုနေသော ကြက်ပေါင်ရိုးလေးငါးချောင်းခန့်ကို ကိုက်ချီသွားသည်ကို မြင်ရသည်နှင့် နောက်မှ အမြန်လိုက်ချောင်းကြည့်ရာ ကျောင်းဝင်းအတွင်း မြေပျော့သောနေရာတစ်ခုတွင် မြေကြီးကို ယက်၍ ကျင်းတူးကာ ကြက်ရိုးများကိုထည့်ပြီး နှုတ်သီးဖြင့် မြေကြီးများကို ပြန်ဖုံးလိုက်သည်ကို ထူးခြားစွာ တွေ့ရပါတော့သည်။

မိမိဗိုက်ဝလျှင် နောက်ရက်အတွက် ချန်ထားရမည်။ ထိုသို့ ချန်သောအခါ သူတစ်ပါးမသိအောင် ချန်ရမည်ဟူသောအသိဉာဏ် မိနက်ကြီးတွင် ရှိနေသည်မှာ အထင်အရှားပင်မဟုတ်ပါလော။ ယခုလို သူ့ကလေးကိုချီပြီး နေရာပြောင်းလိုခြင်းမှာ အကြောင်းရှိ၍သာဖြစ်ကြောင်း လွန်ကာမှ သိခဲ့ရပါသည်။ ဘာပဲပြောပြော မိနက်ကြီးရေ နင့်ပေါ်မှာထားခဲ့တဲ့ ငါ့ရဲ့မေတ္တာစေတနာမှာ ဘာမျှော်လင့်ချက်မှ မထားမိတာ အမှန်ပါပဲ မိနက်ရေ။

## တိရစ္ဆာန်ပြသောတရား

### မျှော်ရသည့်မှာ

ကံမြေပေါ်မှာ၊ ဖြစ်ပေါ်လာ၍
သုံးဖြာကမ္ဘ၊ မူကိစ္စကို
ပြုရမည့်မှာ၊ သင့်တွက်သာတည်း
သို့ရာတွင်သင်၊ အာနိသင်ကို
လိုချင်မှန်းဆ၊ မတောင့်တနှင့်
မျှော်ရသည့်မှာ၊ နုပ်လှပါသည်
နံ့ချာစင်စစ်၊ ရှက်ဖွယ်တည်း။

(ဦးသော်ဇင်)

## အခန်း (၆)

ရွာနေသောမိုးစဲပြီး သုံးရက်ခန့်ကြာသောအချိန်ပင်ဖြစ်ပါ၏။ ကျောင်းအနီးမှ မောင်ဖွေးဝင်းအမည်ရှိ (၁၀) တန်းကျောင်းသား တစ်ယောက်နှင့် ကျွန်ုပ်ကျောင်းရှေ့ရှိ ကွပ်ပစ်တွင် စကားကောင်းနေကြ၏။ အချိန်ကား နေကျချိန် ညနေစောင်း။

“ဦးပဥ္စင်း၊ လောကမှာ ကျေးဇူးမသိဆုံးပုဂ္ဂိုလ်နဲ့ ကျေးဇူး အသိဆုံးပုဂ္ဂိုလ်နှစ်မျိုးလုံးကို တပည့်တော်သိချင်တယ်”

“မင်းမေးတဲ့မေးခွန်းကို ဘိုးတော်ဦးဝိုင်းက ဦးပေါ်ဦးကို မေးဘူးတယ်။”

“ဟုတ်လားဘုရား၊ ဦးပေါ်ဦးက ဘယ်လိုဖြေသလဲ”

“ဦးပေါ်ဦးက တစ်ရက်ဆိုင်းငံ့ပါဦးလို့လျှောက်ထားပြီး နောက်ရက်မှာ အမျိုးသားတစ်ယောက်နဲ့ ခွေးတစ်ကောင်ကို ရှေ့တော်သွင်းလာတယ်၊ ရောက်တဲ့အခါ အရှင်မင်းမြတ်၊ ယခုပါလာသူကား ကျွန်တော်မျိုး၏ သားမက်ပင်ဖြစ်ပါ၏။ သားမက်များသည် ယောက္ခမက ဘယ်လောက်ပင်ထောက်ပံ့ပေးကမ်းသည်ဖြစ်စေ၊ ကျေးဇူးမသိတတ်ကြပါ။ ဒါ့ကြောင့် လောကမှာ ကျေးဇူးမသိဆုံးပုဂ္ဂိုလ်ဟာ သားမက်များသာ ဖြစ်ပါတယ်ဘုရား -

ကျေးဇူးအသိတတ်ဆုံးသတ္တဝါကတော့ ဟောဒီခွေးသတ္တဝါပါပဲဘုရား။ သူတို့ကို တစ်ခါကျွေးဘူးရင် တစ်သက်လုံးမှတ်မိပါတယ်ဘုရား။ ကျွေးဘူးတဲ့ ကျေးဇူးကိုလည်း ဘယ်တော့မှ မမေ့ကြပါဘုရားလို့ လျှောက်ထားတော့ ဘိုးတော်ဦးဝိုင်းက ကျေးဇူးမသိတဲ့ သားမက်ကို သတ်စေလို့ အမိန့်ချတော့ ဦးပေါ်ဦးက ပြာပြာသလဲ မှန်ပါ၊ သားမက်တိုင်းလည်း မဟုတ်ပါဘုရား၊ များသောအားဖြင့် ဖြစ်တတ်တာကို ပြောခြင်းဖြစ်ပါတယ်ဘုရား။ သားမက်တိုင်းကို စီရင်ရမယ်ဆိုရင် အရှင်မင်းကြီးတို့ ကျွန်တော်မျိုးတို့လည်း သူများသမီးများကို ယူထားတဲ့ သားမက်များသာဖြစ်ပါတယ် ဘုရားလို့ လျှောက်ထားမှ လွှတ်စေလို့ အမိန့်ပြန်ချသတဲ့ -

ဒါက ဒို့မြန်မာပြည်က အတွေ့အကြုံပေါ့။ အခြားနိုင်ငံတွေမှာလည်း ကျေးဇူးသစ္စာရှိကြတဲ့ ခွေးတွေအကြောင်းဖတ်ရဘူးပါတယ်။

ဥပမာ- ဂျယ်ပြည်က ခွေးရုပ်ဘူတာရုံ၊ ခွေးလေးတစ်ကောင်က သူ့သခင် လာနေကျအချိန်မှာ ဒီဘူတာကနေ နေ့တိုင်းစောင့်နေကျတဲ့။ တစ်နေ့ တော့ သခင်ဖြစ်သူက ဟိုမှာဘဲ ရုတ်တရက်သေဆုံးသွားလို့ သင်္ဂြိုလ် လိုက်ကြရတယ် -

ဒါကို လူလိုမသိရှာတဲ့ ခွေးကလေးက သူ့သခင်အလာကို ဘယ်မှမသွားဘဲ စွဲစွဲမြဲမြဲစောင့်နေသတဲ့ ရက်ကြာလွန်းမက ကြာလာတော့ ခရီးသွားတွေ သနားပြီး ကျွေးတဲ့အစာကိုတောင်မစားတော့ဘဲ အသေခံ လိုက်သတဲ့။ အဲဒီနေ့ကစပြီး ကျေးဇူးသစ္စာသိလှတဲ့ ခွေးလေးကို ဂုဏ်ပြု တဲ့အနေနဲ့ ခွေးရုပ်လေးလုပ်ထားတာကို အကြောင်းပြုပြီး ခွေးရုပ်ဘူတာ လို့ ဖြစ်လာတာပေါ့"

"ဒါနဲ့ ဦးပဥ္စင်းက ခွေးတအားချစ်တာပဲ။ အဲဒါ ဘယ်သူ့ တူလို့လဲ သိသလားဘုရား"

"သိတာပေါ့ကွ။ အဲဒါ အမေ့ဂုဏ်တူလို့၊ အမေက ခွေးမချစ်ဘူး။ တို့အမေက အမွှာညီအစ်မကွ၊ အမေက ဒေါ်သိန်းရင်၊ အဒေါ်က ဒေါ်သိန်းတင်။ ညီအစ်မနှစ်ယောက် ငါးမိနစ်ကြီး ငါးမိနစ်ငယ်ပေါ့။ အမေတို့ မွေးပြီးစအချိန်မှာပဲ တို့အဖွားက အဖိုးကိုပစ်ပြီး ထွက်သွားလို့ အဖိုးမှာ ကလေးနှစ်ယောက်နဲ့ ကျန်ခဲ့ရတယ်တဲ့ -

ကလေးတွေ သွားတတ် လာတတ် အရွယ်ထိရောက်အောင် ထိန်းခဲ့ဟဲ့ ကလေးထိန်းက အောင်နက်ဆိုတဲ့ ခွေးကြီးတဲ့။ ဘယ်လောက် ထိန်းတတ်တုန်းဆိုရင် ကုတင်ကြီးပေါ်မှာ ကလေးရော ခွေးရော

တင်ပေးထားလိုက်၊ လူကြီးတွေရောက်လာတဲ့အထိ ကလေးကို မငို အောင် အောက်လိမ့်မကျအောင် ထိန်းတတ်သတဲ့ -

အဲဒါကြောင့် အမေတို့ ညီအစ်မကို ခွေးကြီးက ထိန်းပေးခဲ့လို့ ကြီးတဲ့အထိ မိခွေးကြီး၊ မိခွေးလေးလို့ပဲ ခေါ်ကြတယ်။ ဒါ့ကြောင့် အမေကလည်း ငယ်ငယ်ကတည်းက ခွေးချစ်ခဲ့တာ ကြီးတဲ့အထိပဲပေါ့။ ဒါ့ကြောင့် တို့လည်း ခွေးချစ်တာထင်ပါရဲ့"

ထိုသို့ စကားကောင်းနေခိုက်မှာပင် မိနက်ကြီးတစ်ကောင် အမောတကော ပြေးလာပြီး ကျွန်ုပ်ခြေသလုံးကို သူ့နှုတ်သီးဖြင့်ထိုးကာ တအီအီအော်လျှက် သူတို့သားအမိနေရာ တိုက်ပျက်ဆီသို့ ပြေးထွက် သွားပါတော့သည်။ ကျွန်ုပ်ကား ဘာမှမစဉ်းစားမိ။ ဒီခွေးမ ဘာဖြစ်တာ ပါလိမ့်ဟုလောက်သာ တွေးမိပြီး မောင်ဌေးဝင်းနှင့် ဆက်စကားကောင်း နေမိသည်။

ကျွန်ုပ်ပါမလာမှန်းသိသောအခါ နက်မကြီးသည် လမ်းခုလတ်မှ ပြန်ပြေးလာပြီး ကျွန်ုပ်ခြေသလုံးကို သူ့နှုတ်သီးဖြင့် ထိုးပြန်ပါသည်။ ထို့နောက် တအီအီညည်းပြပြီး တိုက်ပျက်ကြီးဆီ ပြေးပြန်၏။ ကျွန်ုပ်က မိနက်ကြီးကို တစ်ချက်လှမ်းကြည့်ပြီး ဒီခွေးမ ဘာများ ဖြစ်နေပါလိမ့်ဟုသာ တွေးမိသည်။

တတိယအကြိမ် လမ်းခုလတ်မှ ပြန်ပြေးလာသောအခါတွင်ကား မိနက်ကြီးသည် ကျွန်ုပ်သင်းပိုင်စကိုကိုက်ပြီး ဆွဲခေါ်ပါတော့သည်။ ထိုအခါကျမှ ကျွန်ုပ်ကိုလာခေါ်ခြင်းပင်ဖြစ်ကြောင်း ရိပ်မိသဖြင့် ကမန်း

ကတန်း နောက်မှ ပြေးလိုက်ရပါ၏ သည်။ ကျွန်ုပ်ပါလာသောအခါ တွင်မှ မိနက်ကြီးသည် တိုက်ပျက်ကြီးပေါ်သို့ အရောက်ပြေးနှင့်ပြီး အပေါက်မကြီးမှ တအီအီညည်းရင်း ကျွန်ုပ်ကို မြန်မြန်ခေါ်လျက်ရှိ သည်။

ကျွန်ုပ် တိုက်ပျက်ကြီးပေါ်သို့ရောက်သည်နှင့် မိနက်ကြီးက ကြမ်းပေါက်ကြီးတစ်ခုနားသို့သွားကာ အောက်သို့ငုံ့ကြည့်ပြီး ကြမ်းပြင် ကို လက်နှင့်ခြစ်ပြနေပါတော့သည်။ ကျွန်ုပ်လည်း အပေါက်အောက် သို့ ချက်ချင်းငုံ့ကြည့်လိုက်သောအခါ ရင်ဘတ်ကို အရာဝတ္ထုတစ်ခုနှင့် လာတိုက်ခံလိုက်ရသလို ဒိန်းကနဲဖြစ်သွားပါ၏ သည်။

မြင်လိုက်ရသောမြင်ကွင်းက ကျွန်ုပ်ကို မျက်ရည်များ စို့လာစေ ခဲ့သည်။ သူနှင့်အရောင်တူ ခွေးနက်လေးတစ်ကောင် ရေထဲမှာကျသေ နေပါပြီကော။ ကျွန်ုပ်ရောက်သွားသောအချိန်တွင် ရေပေါ်မှာပင် မျောနေပါလေပြီ။

မိနက် ကျွန်ုပ်ကို တစ်ချက်မော့ကြည့်ပြီး တအီအီဖြင့် ငြီးပြပြန် သည်။ သူ့ကလေးကို မြန်မြန်ဆယ်ခိုင်းနေခြင်းသာဖြစ်ကြောင်း ကျွန်ုပ် သိလိုက်ပါသည်။ ထို့ကြောင့်လည်း လူဝင်သာသော အပေါက်တစ် ပေါက်မှဝင်ကာ ခွေးသေလေးကို ဆယ်ပေးပြီး သူ့ရှေ့ချပေးလိုက် သောအခါ ဘာမှမသိရှာသော မိနက်ကြီးက ခွေးသေလေးကိုယ်ပေါ်မှ ရေများကို လျက်ပင်နေလိုက်ပါသေးသည်။

မိနက်ကြီးသာ လူစကားပြောတတ်မည်ဆိုလျှင်

"သခင့်ကို အစကတည်းက ပြောသားပဲ။ ဒီတိုက်ပျက်ထဲထား လို့ကတော့ ကလေးတွေက မျက်စိပွင့်သေးတာမဟုတ်တော့ ဟိုတိုး ဒီတိုးနဲ့ ဒီအပေါက်တွေက ချော်ကျပြီး ရေနစ်သေလိမ့်မယ်လို့၊ ဒါ ကြောင့် ကျွန်မရွေးထားတဲ့ ခြုံပုတ်ထဲပြန်ပြောင်းမယ်လုပ်တော့ သခင်ပဲ ရှေ့ကနေ ကာဆီးကာဆီးနဲ့ တားခဲ့တာမဟုတ်လား -

"ရေထဲကျလို့ ကျွန်မလာခေါ်တော့လည်း သခင်က တော်တော် နဲ့ လိုက်မလာဘူး။ သုံးခါတောင် ပြန်ခေါ်ရတယ်၊ တစ်ခါတည်းနဲ့သာ လိုက်လာခဲ့ရင် သားလေးအသက်ကို မှီချင်မှီဦးမျာ၊ ကဲ ... အခုတော့ ကျွန်မနဲ့ အရောင်တူသားလေးဆုံးရပြီ။ အဲဒါ ဘယ်သူ့ကြောင့်မှ မဟုတ် ဘူး၊ သခင့်ကြောင့်သိလား၊ သခင့်ကြောင့်" ဟူ၍ ကျွန်ုပ်ကို လက်ညှိုး ငေါက်ငေါက်ထိုးကာ ရန်တွေ့ပေလိမ့်မည်။ ယခုတော့ ဘာမှမပြစ် မပြောတတ်ရှာဘဲ နားလည်ခွင့်လွှတ်သော မျက်လုံးကြီးဖြင့်သာ ကျွန်ုပ် ကို စိုက်ကြည့်နေသော မိနက်ကြီးအသွင်က ကျွန်ုပ်မျက်စိထဲမှ တော် တော်နှင့် ဖျောက်၍မရ။

ဘာပြောပြော မိနက်ကြီးရေ ... မိုက်မှားမိသူအတွက် အပြစ် ပေးခြင်းထက် ခွင့်လွှတ်လိုက်ခြင်းက ပိုမိုထိခိုက်စေတာကိုတော့ မိနက် ကြီးက သခင့်ကို လက်တွေ့သင်ခန်းစာပေးလိုက်ခဲ့ပါပြီလေ။

# အခန်း (၇)

## မကုန်သေးသည့် ကြမ္မာဆိုးမိုး

မိုးရာသီကား ကုန်လွန်ခဲ့ပါပြီ။ သို့သော်နက်မကြီးတို့ သားအမိ တစ်တွေ၏ ကြမ္မာဆိုးမိုးကား ကုန်သေးဟန်မတူ။ လေးငါးလအရွယ် ရှိကြပြီမို့ ခွေးလေးများလည်း နက်မကြီးနောက် တကောက်ကောက် လိုက်နိုင်နေကြပြီ။ ထိုအချိန်မှာပင် မူလ ဗိုးဆာန်းနီကျောင်းတိုက်အတွင်း မှ ကျောင်းထိုင်ဘုန်းကြီးအသီးသီးတို့က မိမိတို့ကျောင်းထဲသို့ မြို့ထဲမှ အမှိုက်ကားများကို ချစေကြသည်။

ထို့ကြောင့် ကျောင်းတိုက်ကြီးတစ်ခုလုံးမှာ အမှိုက်များ အနံ့ဆိုး များဖုံးလွှမ်းလျက်ရှိသည်။ ဆရာတော်များက မြေကြီး ဈေးကြီးသည့် အတွက် အမှိုက်များချစေပြီး နှစ်ကြာသောအခါ မြေဩဇာဖြစ်စေမည် ဆိုသည့် အကြံအစည်ပင်ဖြစ်ပေသည်။ ထိုအမှိုက်များကလည်း မိနက် ကြီးနှင့်သူ့ကလေးများကို သေကွဲကွဲစေရန် ဖန်တီးလျက်ရှိသည်ဟု ဆိုလျှင် မှားအံ့မထင်။

တစ်နေ့တွင် မိနက်ကြီး၏ သမီးအဖြူကျားမလေးတစ်ကောင် မျက်ချေးများပြွပ်သိပ်နေအောင်ထွက်လျက် သေပွဲဝင်နေသည်ကို တွေ့ လိုက်ရတော့သည်။ ကျွန်ုပ်မစဉ်းစားတတ်။ ဘာရောဂါနှင့် သေတာပါ လိမ့်ဟု စဉ်းစား၍မရ။ သို့နှင့်ပင် ခွေးလေးကို မြေမြှုပ်သင်္ဂြိုဟ်လိုက်

ရသည်။ သေရခြင်း၏အကြောင်းကိုကား ရှာ၍မရ။ မိနက်ကြီးတွင် သားသမီး (၇) ကောင်ရှိရာ သုံးကောင်သေသွား၍ လေးကောင်သာ ကျန်တော့သည်။ နောက်ရက်တွင်လည်း အဖြူကျားမလေးတစ်ကောင် ပထမနေ့က ပုံစံအတိုင်း သေနေပြန်သည်။

နှစ်ကောင်သေပြီးသည့်တိုင်အောင် ဘာ့ကြောင့်သေမှန်း ကျွန်ုပ် စဉ်းစား၍မရသေး။ထို့ကြောင့်သဲလွန်စရလိုရငြား မိနက်ကြီးတို့ သားအမိ၏ တစ်နေ့တာ သွားလာလှုပ်ရှားမှုကို လေ့လာကြည့်ရပါသည်။ တစ်နေ့ တာရားခံကို တွေ့ရလေပြီ။ မိနက်ကြီး၏ သားသမီးများကို သတ်သော အဓိကတရားခံကား ကျောင်းတိုက်ကြီးအတွင်းမှ အမှိုက်ပုံများပင် ဖြစ်ပါလေ၏။

နံနက်မိုးလင်းစအချိန်မှာ ကြည့်လိုက်လျှင် ပုံထပ်၍နေသော အမှိုက်များမှာ အပူဓာတ်များမည်မျှ အောင်းနေသည်မသိ။ အခိုးအငွေ့ များ ကောင်းကင်သို့ တလူလူထွက်နေသည်ကို တွေ့ရသည်။ ထိုအမှိုက် များပေါ်သို့ မိနက်ကြီးတို့ သားအမိ (၃) ကောင်မှာ အခြားခွေးများ နည်းတူ တစ်နေကုန်သွားလာ၍ ရှာဖွေစားသောက်နေကြပေသည်။

အသက်ကြီးသောခွေးများမှာ ဘာမှမဖြစ်သော်လည်း နုနယ် သောခွေးလေးများမှာကား အပူမိပြီး မျက်ချေးများ စုပြုံထွက်ကာ သေပွဲဝင်ခဲ့ရခြင်းဖြစ်ပေသည်။ ထိုသို့ စဉ်းစားမိသည်နှင့် အမှိုက်ပုံ ပေါ်သို့ ကျွန်ုပ်အပြေးလိုက်ကာ

"မိနက် လာ နောက်ကို နင်ဒီအမှိုက်ပုံတွေပေါ် ကလေးတွေ ခေါ်ပြီးဘယ်တော့မှ မလာနဲ့။ နင့်သမီးလေးနှစ်ကောင်သေသွားတာ ဒီအမှိုက်ထဲက အစာတွေစားလို့ သေတာသိလား။ ငါပြောတာ နားလည် ရဲ့လား၊ နင့်သားသမီးတွေ ထပ်မသေစေချင်ရင် ဒီအမှိုက်ပုံပေါ် ဘယ် တော့မှ မလာနဲ့တော့၊ လာ ငါနဲ့ခုလိုက်ခဲ့ကြ"

ကျွန်ုပ်ပြောတာ နားလည်မလည်တော့မသိ၊ မိနက်ကြီးကား သူ့မျက်လုံးကြီးများဖြင့် ကျွန်ုပ်ကို မော့ကြည့်နေသည်ကတော့ အမှန်၊ ကျွန်ုပ်က တစ်ကိုယ်လုံးဖြူနေသော ဖြူမလေးကိုပွေ့ပြီး ရှေ့မှ လျှောက် သွားသောအခါ မိနက်ကြီးမှာ ကျွန်ုပ်၏စကားကို နားလည်သည့်အလား ကျန်သည့်အဖြူကျားမလေးနှစ်ကောင်နှင့်အတူ ကျွန်ုပ်နောက်မှ လိုက်ခဲ့ ပါတော့သည်။

ထိုနေ့မှစ၍ မိနက်ကြီးတို့၏ သားအမိများကို အမှိုက်ပုံပေါ်တွင် မတွေ့ရတော့ပါ။ သို့သော် အရင်ရက်များက စားလာခဲ့သော အမှိုက် ပုံထဲမှ အစာပူများကြောင့် အဖြူကျားမလေးနှစ်ကောင်လုံးမှာ တစ် ကောင်ပြီးတစ်ကောင် ဆက်တိုက်သေသွားခဲ့ပြန်ပါသည်။ ဖြူမလေး တစ်ကောင်သာလျှင် အစာချေးများသောကြောင့် အပူစာများ အစား နည်းခဲ့၍ မသေဘဲ ကျန်ခဲ့လေသည်။

သားသမီး (၇) ကောင်အနက် ခြောက်ကောင်သေခဲ့ပြီး တစ် ကောင်သာကျန်တော့ရာ မိနက်ကြီးအနေဖြင့် ကျန်ခဲ့သော ဖြူမလေး အပေါ်မှာသာ သူ၏ မိခင်မေတ္တာများကို ပုံအောရ၍ ပေးခဲ့ပေသည်။

ဖြူမကို သူ့မျက်စိအောက်က ဘယ်တော့မှ အပျောက်မခံခဲ့။ သူသွားရာ ဖြူမ ပါရသလို ဖြူမသွားရာသူပါသည်။ ဖြူမကို အမှိုက်ပုံမသွားအောင် ဘယ်လိုထိန်းကျောင်းထားသည်မသိ။ အမှိုက်ပုံသွားသည့်ကို တစ်ခါမှ မတွေ့ရတော့ပါ။

သည်လိုနှင့်မိုးကုန်၍ ဆောင်းကို ရောက်ခဲ့လေပြီ။ လူတို့အတွက် စောင်၊ အနွေးထည်၊ ခြေအိပ်၊ လက်အိပ်၊ ခေါင်းစွပ်၊ အပူပေးစက်တို့ဖြင့် အအေးဒဏ်ကို ကာကွယ်နိုင်ကြသော်လည်း မိနက်ကြီးတို့ကဲ့သို့ ခွေးလေခွေးလွင့်များမှာကား အအေးကာကွယ်နိုင်သောနေရာဟူ၍ မီးဖိုနှင့်ကတ္တရာလမ်းနှစ်ခုသာ ရှိသည်။

မီးဖိုကလည်း အားကောင်းမောင်းသန်ခွေးထီးကြီးများက နေရာယူထားကြသဖြင့် မိနက်ကြီးတို့လို ခွေးပိန်ခွေးမများမှာ ကတ္တရာလမ်းပေါ်မှာပင် အိပ်ကြရသည်။ သို့အတွက် ဆောင်းတွင်းရောက်ပြီဆိုလျှင် ကားကြိတ်ခံရသော ခွေးလေခွေးလွင့်များမှာ အနမတဂ္ဂ။ မနက်မိုးလင်း၍ ကြည့်လိုက်လျှင် တစ်ရက်တစ်ကောင် နှစ်ကောင်တော့ အမြဲတန်းတွေ့ရသည်။ ထိုအန္တရာယ်ကို မြင်၍ထင်သည့် မိနက်ကြီးက ကတ္တရာလမ်းပေါ်ဘယ်တော့မှ မအိပ်။ ကျောင်းရှေ့ကွပ်ပျစ်ဘေးတွင် ကိုယ်ပေါ်မှ အမွေးကိုသာ အားကိုး၍ ကွေးလျှော့ရှိသည်။ ထိုနေ့မနက်က မြင်ကွင်းသည် ကျွန်ုပ်တစ်သက်တာ ဘယ်တော့မှမေ့၍ ရတော့မည်မဟုတ်ပါ။ ဖြစ်ချင်တော့ ထိုအချိန်က ကျွန်ုပ်ရေစင်ပေါ်ရောက်နေသည်။

စက်မောင်းထားစဉ် ရေပြည့်မပြည့်နှင့် ထိုနောက် မန္တလေးမြို့၏ နံနက်ခင်းအလှကို ခံစားဖို့ ကျွန်ုပ်မနက်တိုင်း တက်ကြည့်နေကျ။ ထိုရေ စင်ကြီးပြည့်ဖို့အတွက် ရေစက်က တစ်နာရီခွဲနီးပါး မောင်းရသည်။ ကျွန်ုပ်ရေစင်ပေါ်မှ ဟိုဟိုဒီဒီ ကြည့်ရင်း မိနက်ကြီးတို့ သားအမိကို တွေ့လိုက်ရသည်။ ကျောင်းရှေ့ကွပ်ပျစ်အောက်တွင် သားအမိနှစ်ကောင် လုံး ကွေးနေသည်။ သို့သော် ဖြူမလေးက သူ့မိခင်ရင်ခွင်ထက်နွေး ထွေးသော ကတ္တရာလမ်းပေါ် အိပ်ချင်ဟန်တူသည်။

မိနက်ကြီးအိပ်ပျော်သွားသည်နှင့် ဖြူမက ကတ္တရာလမ်းပေါ် ပြေး၍ ကွေးတော့သည်။ အအိပ်ဆတ်သော မိနက်ကြီးက ကားတစ်စီး စီး အဝေးမှ မောင်းလာသံကြားသည်နှင့် နိုးလာသည်။ နိုးသည်နှင့် ကတ္တရာလမ်းအလယ်ကောင်မှာ ဇိမ်နှင့်အိပ်နေသော ဖြူမကို အပြေး အလွှားသွား၍ နှုတ်သီးနှင့်ထိုး လက်နှင့်ကုတ်နိုးကာ ကွပ်ပစ်ဆီသို့ ပြန်ခေါ်လာခဲ့ပါသည်။ မိနက်ကြီးသာ လူဆိုလျှင်တော့

"သမီးရယ် ... ဒီကတ္တရာလမ်းပေါ်မအိပ်ချင်စမ်းပါနဲ့၊ အန္တရာယ်များလွန်းလှတယ်၊ တစ်နေ့ တစ်နေ့ ဒီလမ်းပေါ်အိပ်မိလို့ ကားတိုက်သေရတဲ့ ခွေးတွေ နည်းတာမဟုတ်ဘူး၊ ဒါကြောင့် အန္တ ရာယ်ကင်းတဲ့ အမေ့ရင်ခွင်ထဲမှာပဲ အိပ်စမ်းပါသမီးရယ်" ဟုပြော ပေလိမ့်မည်။

ကျွန်ုပ်မှာ ရေစင်ပေါ်မှ သူတို့သားအမိ၏ ထူးခြားမှုလေးများကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိသည်။ တစ်ခါတွင် ဖြူမလေးက

မိနက်ကြီးရင်ခွင်ထဲမှထွက်ကာ ကတ္တရာလမ်းပေါ် ပြေးအိပ်ပြန်သည်။ မိနက်ကြီးက သိသော်လည်း ချက်ခြင်းလိုက်မခေါ်သေး။ မနက်စောစော မို့ ကားက တော်တော်နှင့်မလာပါ။ ပြတ်နေသည်။ ထို့ကြောင့်လည်း မိနက်က ဖြူမအိပ်နေရာ ကားလမ်းကို တစ်ချက်စောင်းငဲ့ကြည့်ပြီး ပြန်မှိန်းနေလိုက်သည်။

ထိုအချိန်မှာပင် မြို့ထဲဘက်မှ ဟိုင်းလက်ကားတစ်စီး လီဗာရော ဂီယာပါ မိုင်ကုန်တင်ပြီး မောင်းထွက်လာသည်။ ကားသံကြားသည်နှင့် နက်မကြီးလည်း သူ့နေရာမှထ၍ ဖြူမဆီသို့ ခပ်မြန်မြန်ထွက်သွားသည်။

သို့သော် အရေးပေါ် မောင်းလာသော ဟိုင်းလက်ကားက မိနက် ကြီးထက်မြန်သွားသည်။ အိပ်မောကျနေသော ဖြူမခေါင်းတည့်တည့်ကို ရှေ့ဘီးက ကြိတ်သွားသည်မှာ ဗျစ်ကနဲ အသံကြီးကိုသာ ကြားလိုက်ရ ပါတော့သည်။ ဖြူမ၏ ခေါင်းမှလွင့်စင်ထွက်သွားသော သွေးများက မိနက်ကြီး တစ်ကိုယ်လုံးကို နီရဲသွားစေသည်။ ခွေးလေးခွေးလွင့်မှန်း သိ၍ ကားကအရှိန်တောင်မသတ်ဘဲ ဆက်၍မောင်းနှင်သွားသည်။ မိနက်ကြီးပင် ကံကောင်း၍ လွတ်သွားခြင်းဖြစ်၏။

သို့မဟုတ်လျှင် သားအမိနှစ်ကောင် နှစ်လောင်းပြိုင်ပင် ဖြစ်သွား နိုင်သည်။ ကျွန်ုပ်ကား ရေစင်ပေါ်မှာတင် ကြက်သေသေလျှက် ဘာထ လုပ်ရမှန်းမသိအောင်ဖြစ်နေမိသည်။ မိနက်ကြီးကား ခေါင်းပြားသေနေ သော သမီးအလောင်းကို နမ်းကြည့်လိုက် ပတ်ဝန်းကျင်ကို အသံကုန်

ဟောင်လိုက် ကောင်းကင်မော့၍ အော်ငြီးလိုက်နှင့် ခွေးရူးတစ်ကောင် သဖွယ် ဖြစ်နေပါတော့သည်။

မိနက်ကြီးကား စိတ်ဖောက်ပြန်သလို ဖြစ်သွားလေပြီ။ သမီး အလောင်းကိုပတ်ပြေးလိုက် ဟောင်လိုက်၊ အူလိုက်နှင့်ဖြစ်နေရာ နောက် ကားတစ်စင်းလာလျှင် သူ့ကိုပါတိုက်သွားမည်စိုးသဖြင့် ကျွန်ုပ်ရေစင် ပေါ်မှ မြန်မြန်ဆင်းလာပြီး ကျောင်းရှေ့ထွက်လိုက်သည်။

သို့သော် ကျွန်ုပ်ထက်ကံဆိုးသူ စက်ဘီးသမားတစ်ယောက်က မိနက်ကြီးနား အရင်ရောက်သွားသည်။ လွှက်ရည်ဝယ်လာဟန်တူသည်။ ချိုင့်တစ်ချိုင့်ကိုလည်း လက်ထဲမှာကိုင်လာတာတွေ့ရသည်။ ထိုစက်ဘီး သမားကိုမြင်သည်နှင့် မိနက်ကြီးသည် ဘာစိတ်ရိုင်းပေါက်သွားသည် မသိ။ လူရောစက်ဘီးရော အတင်းလိုက်ကိုက်တော့ရာ စက်ဘီးသမား မှာ လူရော စက်ဘီးရောပစ်လဲပြီး ခွေးနှင့်ဖုန်တွေနှင့် ထွေးလျက်ရှိစဉ် မန္တလေး-ရေနံချောင်း-ချောက်သို့ပြေးဆွဲသော ပြည်တော်အေးကားကြီး တစ်စင်း မောင်းလာပြန်သည်။

ထိုကားကြီးကိုတွေ့သည်နှင့် မိနက်က စက်ဘီးသမားကို ထားခဲ့ ကာ ငါ့သမီးသတ်တာ ဒီကားကြီးတွေပဲဟူသောအတွေးဖြင့် ထိုကားကြီး နောက်သို့ အားကုန်လိုက်ပြန် သည်။ ကားကြီးက အရှိန်များ သောကြောင့် မိနက်ကြီးလိုက်၍မမှီ။ သို့သော် ကျွန်ုပ်မျက်စိမြင်ကွင်းမှ ပျောက်သွားသည်အထိ လိုက်သွားပါတော့သည်။

# အခန်း (၈)

# မိနက်ကြီး၏ နောက်ဆုံးနိဂုံး

ဖြူမလေးသေသောနေ့မှစ၍ မိနက်ကြီးပျောက်သွားခဲ့ရာ ယနေ့ဆိုလျှင် (၃)ရက်ပင်ရှိနေပေပြီ။ ကျောင်းနားအနီးတဝိုက်မှာကြည့်သော်လည်းမတွေ့ရ။ ညနေပင်စောင်းခဲ့ပြီ။ ယနေ့လည်း မိနက်ကြီးလာမှာမဟုတ်သေးပါဘူးဟု ကျွန်ုပ်လက်လျှော့လိုက်သည်။ ည (၁၀)နာရီအိပ်ရာဝင်စအချိန်မှာပင် စက်ခန်းဘေးမိနက်ကြီးမီးဖွားခဲ့ရာ ခြုံပုတ်ကြီးထဲမှ တိုးသံခွေ့သံလိုလိုကြားရသဖြင့် ကျွန်ုပ်ပြူတင်းပေါက်ဖွင့်ပြီးလက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရာ အရိုးပေါ်အရေတင် ပိန်ချုံးချိနဲ့နေသော မိနက်ကြီးကို တွေ့လိုက်ရပါတော့သည်။

ကျွန်ုပ် ဝမ်းသာအားရ ကျောင်းမကြီးဆီသို့ အမြန်ပြေးသည်။ ထို့နောက် မီးဖိုချောင်ထဲမှ အသင့်တွေ့ရသော ထမင်းနှင့်ဟင်းကို စားခွက်ထဲထည့်ကာ နယ်ဖတ်၍ မိနက်ကြီးဆီပြန်ပြေးလာခဲ့သည်။ ခြုံပုတ်နားရောက်သည်နှင့် "မိနက် ရော့ ဒီမှာထမင်းလာစား၊ နင်သုံးရက်ကြီးတောင် ဘယ်အထိသွားနေတာတုန်းဟင်…"ဟုပြောကာ စားခွက်ကို သူ့ရှေ့ချပေးလိုက်သည်။

မိနက်ကြီးသည် ကျွန်ုပ်ကိုတစ်ချက်သာမော့ကြည့်သည်။ ထမလာတော့ပါ။ သူမ၏ မျက်စေ့ထောင့်စွန်းများတွင်လည်း မျက်ရည်စီးကြောင်းတွေက သိသာထင်ရှားစွာ ဖြစ်ပေါ်နေသည်။ မိနက်ကြီးသာ စကားပြောတတ်မည်ဆိုလျှင်

"သခင်ရယ် ... မိခင်တို့ရဲ့ အသက်ဟာ သားသမီးများမှာ တည်ရှိတယ်လို့တောင် ပြောနိုင်ပါတယ်။ ဒီသားသမီး (၅) ကောင်ကို အခက်အခဲ ဆင်းရဲမျိုးစုံကြားက ဘယ်လိုမွေးခဲ့ရမယ်ဆိုတာ သခင်သိပါတယ်။ ဒီသားသမီးတွေကို အန္တရာယ်အမျိုးမျိုးက လူမုန်းခံပြီး ဘယ်လိုကာကွယ်ခဲ့တယ်ဆိုတာလဲ သခင်သိပါတယ် =

ကျွန်မအသက်နဲ့ရင်းပြီး ကျွေးမွေးစောင့်ရှောက်ခဲ့ရတဲ့ သားသမီးတွေမရှိတဲ့နောက် ကျွန်မလည်း အသက်ရှင်နေလို့မရတော့ပါဘူး။ တစ်ခုတော့ မှာခဲ့ပါရစေသခင်ရယ်။ ကျွန်မကိုယ်စား သားသမီးအားလုံးကို ပြောကြားပေးပါ။ မိခင်မှန်သမျှ ကိုယ့်သားသမီးကို အသက်ပေး ချစ်ကြသူချည်းပါပဲလို့"

ဤသို့များ ပြောခဲ့လေးမလားမသိ၊ ကျွန်ုပ် ဘာမှမတတ်နိုင်။ စားခွက်ကိုသာ မိနက်ကြီးနှင့် နီးအောင်တိုးပေးခဲ့ပြီး စိတ်မကောင်းခြင်းများစွာဖြင့် အိပ်ရာဝင်ခဲ့ရပါသည်။ သို့သော် ထိုညဌ်ကား မိနက်ကြီးတို့ မိသားစုအကြောင်းစဉ်းစားရင်း အိပ်မပျော်သောညဖြစ်ခဲ့ရသည်။ မိုးလင်းသည်နှင့် ပြူတင်းပေါက်ကို ကမန်းကတန်းဖွင့်ကြည့်လိုက်သောအခါ မိနက်ကြီးကား မလှုပ်မယှက်နှင့် ကျွန်ုပ်ထားခဲ့သော စားခွက်ဘေးတွင် သေပွဲဝင်ခဲ့ချေပြီတကား။

မိဘတို့ရဲ့ မေတ္တာကို နားလည်အောင် လက်တွေ့ပြခဲ့တဲ့ မိနက်ကြီး ကောင်းရာသုဂတိလားပါစေ ...။

**အမေ့မေတ္တာဟူသည်**

အမေ့မှာ သားသမီးဆယ်ယောက်ရှိသည်။
ဒီလောက်များတဲ့ ကလေးတွေအတွက်
မေတ္တာကို ဘယ်လိုပိုင်းခြားခွဲဝေပေးမလဲ ဟု
မိတ်ဆွေတစ်ယောက်က မေးပါသည်။
မေတ္တာဆိုတာ ပိုင်းခြားခွဲဝေတဲ့
အစားလက္ခဏာမဟုတ်ပါဘူး၊ တိုးပွားအောင်လုပ်ရတဲ့
အမြှောက်လက္ခဏာပါဟု အမေက ပြန်ပြောလိုက်ပါသည်။

**(မစွက်ဘာရောင်း)**

မှတ်ချက်။ လွန်ခဲ့သော (၁၅)နှစ်ခန့်က ကိုယ်တွေ့ဖြစ်ရပ်မှန်ကို ပြန်လည်ဖွဲ့သီခြင်းဖြစ်ပါသည်။

မေတ္တာရှင် (ရွှေပြည်သာ)





## နှစ်ဘဝချစ်တဲ့မေမေ

ကျွန်ုပ်၏မိတ်ဆွေတစ်ယောက်က အခက်အခဲ၊ အကျပ်အတည်း တစ်ခုခုနှင့်တွေ့လျှင် မလွဲနိုင်သော သစ္စာပြုဖြေရှင်းနည်းလေးတစ်ခု ကျွန်ုပ်ကို ပေးခဲ့ဘူးသည်။ သူလည်း ယင်းသစ္စာပြုနည်း၏ အစွမ်းကြောင့် အခက်အခဲအမျိုးမျိုးမှ လွတ်မြောက်ခဲ့ရသည်ဟုဆိုသည်။ သစ္စာပြုနည်းကား -

ကျွန်ုပ်သည် ယခုအသက်အရွယ်တိုင်အောင် မည်သည့်လူတစ်ယောက်၏အသက်ကိုမျှ မသတ်ဖြတ်ခဲ့ဘူးပါ။ ဤစကားသည် မှန်သော သစ္စာဖြစ်ပါသည်။ ဤမှန်ကန်သောသစ္စာ၏ အစွမ်းကြောင့် ယခု ကြုံတွေ့နေရသောအခက်အခဲ ပြဿနာမှ လွတ်မြောက်ရပါလို၏ ဟူ၍ ဖြစ်သည်။

ထိုမိတ်ဆွေအကြံပေးသလို ဗုဒ္ဓဘာသာဝင် အများစုမှာ တိရစ္ဆာန်တို့၏အသက်ကိုပင် တတ်နိုင်သမျှ ရှောင်ကွင်းကြသည်။ မလွဲသော

မရှောင်သာမှသာ သတ်ဖြတ်မိကြသည်။ လူ၏အသက်ကိုသတ်ဖို့ကား အင်မတန်မှ ခဲယဉ်းလှသည်။ သို့သော် ကျွန်ုပ်ကား ယင်းသစ္စာပြုခြင်းကိုပင် ရဲရဲဝံ့ဝံ့မပြုရဲသလို ဖြစ်နေပါသည်။

ဤသို့ရေးလိုက်သည်နှင့် ကျွန်ုပ်သည် လူသတ်မှုတစ်ခုခုနှင့် သံသယဖြစ်ဖွယ် ဆက်စပ်နေသူတစ်ယောက်ဖြစ်မည်ဆိုသည်ကို စာရှုသူများ တွေးခေါ်မိပေလိမ့်မည်။ ကျွန်ုပ်နှင့် တိုက်ရိုက်ဆက်စပ်ခဲ့သော အမှုသည် အများအမြင် တရားဥပဒေအရ လူသေမှုသာဖြစ်သော်လည်း ကျွန်ုပ်အမြင် ဘုရားဥပဒေအရ လူသတ်မှုသာ ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်အမှုကို ဘုရားဥပဒေအရ စိစစ်မှသာလျှင် တရားနည်းလမ်းကျမည်ဖြစ်ပါသည်။ ကျွန်ုပ်ကိုယ်တိုင် စိစစ်ကြည့်သော အခါတိုင်း အပြစ်ရှိသည်၊ မရှိသည်ကို ယခုအချိန်တိုင်အောင် မဆုံးဖြတ်နိုင်သေးပါ။ ထို့ကြောင့် ကျွန်ုပ်၏ဖြစ်ရပ်မှန်ကို ဖော်ပြပြီးသည်နှင့် စာရှုသူများသည်လည်း ကျွန်ုပ်မှာ အပြစ်ရှိသည် မရှိသည်ကို ဆုံးဖြတ်ပေးစေလိုပါသည်။

ဆုံးဖြတ်ရာ၌ မှန်ကန်တည့်မတ်မှုရှိစေရန် ဘုရားဥပဒေသအချို့ကို ဖော်ပြပါမည်။ သတ္တဝါတစ်မျိုးမျိုးကိုသတ်မိရာ၌ ပါဏာတိပါတကံ ထိုက်မထိုက်ကို အောက်ပါအင်္ဂါ ၅ ချက်ဖြင့် စိစစ်ရပါသည်။

(၁) သတ္တဝါဖြစ်ခြင်း၊

(၂) သတ္တဝါမှန်းသိခြင်း၊

(၃) သေစေလိုသောစေတနာရှိခြင်း၊

(၄) ကိုယ်၊ နှုတ်တစ်ခုခုဖြင့် သတ်ခြင်း၊ သတ်ခိုင်းခြင်း၊

(၅) ထိုသတ္တဝါ သေသွားခြင်း။

ဤအင်္ဂါငါးချက်လုံးဖြင့် ညီညွတ်မှ ပါဏာတိပါတကံ ထိုက်ပါသည်။ အသတ်ခံရသူ၏ သီလ၊ သမာဓိ၊ ပညာ အနည်းအများအလိုက် အပြစ်အကြီးအသေးလည်း ကွဲပြားသွားပါသည်။ အသတ်ခံရသူသည် မိခင်၊ ဖခင်၊ ရဟန္တာ တစ်ဦးဦးဖြစ်ခဲ့လျှင်ကား မည်သည့်ကုသိုလ်နှင့်မှ တားဆီးကာကွယ်၍မရ၊ သေပြီးနောက် အဝီစိငရဲသို့ ဧကန်မုချ ကျရောက်ရသော ပဉ္စာနန္တရိယကံကြီး ထိုက်သည်ဆိုသည်ကိုတော့ စာရှုသူတိုင်း သိနေကြပါပြီ။

ယခု ဘုရားဥပဒေအရ လူသတ်မှုတွင် အသတ်ခံရသူက ကျွန်ုပ်အပေါ်တွင် ယခုဘဝ၊ နောင်ဘဝ နှစ်ဘဝလုံးချစ်ခဲ့သူ၊ အနန္တဂိုဏ်းဝင်၊ ကျေးဇူးရှင် မွေးသမိခင် ဒေါ်ရွှေအိ၊ လူသတ်တရားခံဟု မသင်္ကာဘွယ်ရာဖြစ်နေသူက တစ်ဦးတည်းသောသား ဦးတေဇနိဂ္ဂေါ လူအမည် ဦးစံဝင်း၊ ယခု ဤစာကို နောင်တများစွာဖြင့် ရေးနေသူ။

ကျွန်ုပ်၌ မိခင်ကိုသေစေလိုသောစေတနာ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ မိခင်ကို သေတွင်းရောက်အောင် ပို့ခဲ့သလိုဖြစ်ခဲ့သည်ကား အမှန်ပင်ဖြစ်ပါ၏။ ထိုကဲ့သို့ ပို့ဖြစ်ခဲ့ခြင်း၏ အဓိကအကြောင်းကား မိခင်၏ကျေးဇူးနှင့် မိခင်၏မေတ္တာကို နားမလည်ခဲ့သောကြောင့်ပါပေတည်း။

* * *

ကျွန်ုပ်ဖခင်အမည်က ဦးတိုး၊ မိခင်အမည်က ဒေါ်ရွှေအိ၊ ရထားသံလမ်း ကျောက်ထု ကျောက်သယ်အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ပြီး အသက်မွေးကြရသည်။ တစ်ဦးတည်းသောသားဖြစ်သည့် အကျွန်ုပ်ကိုကား (၁၂)နှစ်သားအရွယ်မှာပင် ရှင်ပြုပြီး ကိုရင်ဝတ်ပေး လိုက်ကြရာ ယခုဆိုလျှင် ကိုရင်ဝါ လေးဝါပင် ရနေပါပြီ။

တစ်နေ့ - ထိုနေ့သည်ကား ကျွန်ုပ်အတွက် မိခင်၏မေတ္တာကို ပထမဆုံးသိရသောနေ့ဆိုလျှင် မှားအံ့မထင်။ ထိုနေ့က ကျွန်ုပ်နှင့်ရွယ်တူ ရပ်ကွက်တွင်းမှ ကျောင်းသားတစ်ယောက်နှင့် စကားလက်ဆုံကျမိနေ ရာ ထိုကျောင်းသားက -

"ကိုရင်တေဇ လူထွက်ဦးမှာလား"

"မထွက်တော့ဘူး"

"ကိုရင်တေဇ တစ်ကယ်ပြောတာလား။ တစ်သက်လုံးနေနိုင် သွားရင်တော့ ကောင်းတာပေါ့။ တော်ကြာ အသက်ကြီးမှ မနေနိုင်လို့ ထွက်လာရင် ဟိုဟာမလုပ်တတ်၊ ဒီဟာမလုပ်တတ်နဲ့ လူ့ဘဝမှာ ကိုရင် ငတ်နေမှာ"

ကျွန်ုပ် ပါးစပ်အဟောင်းသားနှင့် ဖြစ်နေမိသည်။ ဘာမှမဖြေ တတ်။ တစ်သက်လုံး သင်္ကန်းဝတ်နှင့် နေနိုင်မည်။ မနေနိုင်မည်ကို လည်း တစ်ခါမှ မစဉ်းစားမိ။ ယခုအချိန်ထိ သင်္ကန်းဝတ်နှင့် ပျော်၍ သာ နေနေခြင်းဖြစ်သည်ကို ယခုမှ သတိထားမိသည်။ သူက ဆက်ပြန် သည်။

"ပြီးတော့ ကိုရင့်မိဘတွေက ဘယ်လိုသဘောလဲမသိဘူး။ တစ်ကယ်ဆိုရင် ဒီသားလေးတစ်ယောက်ရှိတာပဲ။ ကိုယ့်အိမ်မှာကိုယ်ထားပြီး လုပ်ကျွေးပေါ့။ ခုတော့ ကိုရင်ဝတ်ပေးပြီး ကျောင်းမှာလာထားတယ်ဆိုတော့ တပည့်တော်အထင်ပြောရရင် ကိုရင့်ကို လုပ်ကိုင်မကျွေးနိုင်လို့ ထင်တာပဲ"

"ဟာ ဒါတော့မဖြစ်နိုင်ဘူး။ မင်းစကားက ငါ့မိဘတွေရဲ့မေတ္တာ စေတနာကို စော်ကားသလိုဖြစ်နေတယ်။ အခုလည်း ငါလိုအပ်နေတဲ့ ပစ္စည်းလေးပါးကို အဖေနဲ့အမေပဲ မပြတ်အောင် လှူနေတာကွ"

သူလည်း ခေတ္တ တွေဝေသွားသည်။ တော်တော်ကြာမှ -

"ဒါဆိုရင် ကိုရင့်မိဘတွေက ကိုရင့်အပေါ် သိပ်မချစ်လို့လို့ထင်တာပဲ။ တပည့်တော်တို့မိဘတွေဆို တပည့်တော်တို့ကို ကိုရင့်လိုသူများဆီမှာ အကြာကြီးထား ဘို့နေနေသာသာ သူတို့မပါဘဲ ညအိပ်ခရီးတောင် ပေးမလွှတ်ဘူး"

ထိုစကားက ကျွန်ုပ်ရင်၌ ကိန်းဝပ်နေသော ဝမ်းနည်းအားငယ်စိတ်ကို ထိုးဆွလိုက်သလိုရှိသည်။ ကျွန်ုပ်မျက်စေ့၌ မျက်ရည်များပင်ဝိုင်းလာသဖြင့် ပြောမိသောကျောင်းသားသည်ပင် စိတ်မကောင်းဖြစ်သွားဟန်တူသည်။ သူက -

"တပည့်တော်လည်း ကိုယ့်စိတ်ထဲထင်တာ ပြောတာပါကိုရင်ရာ၊ မိဘတိုင်း ကိုယ့်သားသမီးကိုယ်တော့ ချစ်မှာပါပဲ။ ပုရွက်ဆိတ်ကလေးတွေတောင် ကြည့်ပါလား။ သူတို့နေတဲ့နေရာလေး အကြောင်း

တစ်ခုခုကြောင့် ပျက်စီးလို့ ပြေးရပြီဆိုရင် သူတို့ဥလေးတွေကိုတော့ မရရအောင် ချီပြေးကြတာပဲမဟုတ်လား"

သူ့စကားဆုံးသည်နှင့် ဤပြဿနာကား မိခင်ကိုယ်တိုင်ဖြေရှင်းမှဖြစ်မည့် ပြဿနာတစ်ခုဖြစ်ကြောင်း ကျွန်ုပ် သဘောပေါက်မိသည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့က ဥပုသ်နေ့မို့ မိခင်လာမည့်နေ့ဖြစ်နေသည်။ အရင်ကဆိုလျှင် မိခင်သည် ဥပုသ်တစ်ဗတ်အတွင်း အလုပ်နားလျှင်နားသလို နှစ်ရက် သို့မဟုတ် သုံးရက်ခန့်ထိ လာတတ်သည်။

ကျွန်ုပ်ကြိုက်သော ငါးလေးဟင်း အိုးကပ်ချက်နှင့် ချဉ်ရည်ဟင်း၊ ထို့နောက် စာလေးခွေ ဤသုံးမျိုးကို မပျက်ပါအောင် ချက်ယူလာသည်။ သာသနာ့ဘောင်မှာ နေရသော်လည်း မိခင်၏ ပြုစုယုယမှုကို အမြဲရနေသောကြောင့် ပျင်းရိငြီးငွေ့ခြင်းဟူ၍ တစ်ကြိမ်တစ်ခါမျှ မဖြစ်ခဲ့ဘူးပါ။

မိခင်များများလာလေ၊ ကျွန်ုပ်က များများပျော်လေဖြစ်သော်လည်း မပျော်သူတစ်ယောက်ကား ရှိနေပါ၏။ ထိုသူကား ကျွန်ုပ်၏ဥပဇ္ဈာယ်ဆရာ ဘုန်းကြီးပါတည်း။ တစ်နေ့တွင် ဆရာတော်က ကျွန်ုပ်ရှေ့မှာပင် ဒေါ်ယုသတိပေးပါသည်။

"ဒါယိကာမကြီး ဒေါ်ရွှေအိ၊ ဒါယိကာမကြီးသားကို ဘုန်းကြီးဖြစ်စေချင်တယ်မဟုတ်လား"

"မှန်ပါ။ ဖြစ်စေချင်ပါတယ်ဘုရား၊ တပည့်တော်သားကို သမ္မတတို့၊ ဝန်ကြီးချုပ်တို့ဖြစ်မှာထက် ဘုန်းကြီးဖြစ်မှာကို ပိုလိုချင်ပါ

တယ်ဘုရား။ ဒါကြောင့်လည်း ဆရာတော့်ကို တစ်ခါတည်း အပ်ထားတာပါဘုရား''

''အေး - ဒါယိကာမကြီးသားကို ဘုန်းကြီးဖြစ်စေချင်ရင် ဘယ်သူ့ကိုမှ သံယောဇဉ်မကြီးစေနဲ့။ ကုန်ကုန်ပြောမယ်၊ ဒါယိကာမကြီးတို့ မိဘအပေါ်မှာတောင် သံယောဇဉ်မကြီးစေနဲ့၊ ဟိုလူ၊ ဒီလူတွေအပေါ်မှာ သံယောဇဉ်ကြီးနေတဲ့သူဟာ ဘယ်တော့မှ ဘုန်းကြီးဘဝမမြဲဘူး။ ဒါကြောင့် ဒါယိကာမကြီးလည်း ကျောင်းကို ခဏခဏမလာစေချင်ဘူး။ တော်ကြာ ဒါယိကာမကြီးကို သံယောဇဉ်ကြီးပြီး ကိုရင်လူထွက်သွားမှာစိုးလို့ ဘုန်းကြီးက ပြောရတာပါ''

ဆရာတော်၏စကားက မှန်နေသောကြောင့်လည်း မိခင်တစ်ယောက် ဘာမှပြန်မပြောသာ။ ပခုံးပေါ်တင်ထားသော ယောဂီတဘက်ဖြင့် မျက်ရည်များကို သုတ်နေသည်ကိုသာ ကျွန်ုပ် တွေ့လိုက်ရသည်။ ခဏကြာမှ မိခင်က တောင်းဆိုချက်တစ်ခုကို လျှောက်သည်။

''ဆရာတော်ပြောတာ တပည့်တော် သဘောပေါက်ပါတယ်ဘုရား။ ဒါပေမယ့် တပည့်တော်မှာလည်း ဒီသားလေးတစ်ယောက်ပဲရှိတာဆိုတော့ တစ်ပတ်တစ်ခါတော့ တွေ့ပါရစေဘုရား။ ဥပုသ်လည်းစောင့်ရင်း သားကိုရင်ကိုလည်း တွေ့ရင်းပေါ့ဘုရား''

''အင်း - တစ်ပတ်တစ်ခါလောက်ကတော့ တွေ့နိုင်ပါတယ်''

ထိုနေ့မှနောက် မိခင်တစ်ယောက် ကျွန်ုပ်ထံသို့ ဥပုသ်တစ်ပတ်လျှင် တစ်ခေါက်သာ လာတော့သည်။ ထို့ကြောင့်လည်း ကျောင်းသား

နှင့် စကားပြောပြီးသည်နှင့် ကျောင်းပေါက်ဝထိထွက်ကာ မိခင်အလာကို စောင့်ကြို့နေမိသည်။ နံနက်ကိုးနာရီခွဲလောက်မှာပင် ကျွန်ုပ်၏မိခင်တစ်ယောက် ဆွမ်းချိုင့်များ၊ သွားရေစာများထည့်ထားသော ခြင်းကြီးကို ဆွဲလျက် ရောက်လာပါချေပြီ။

ကျွန်ုပ် ဝမ်းသာအားရဖြင့် အပြေးသွားကာ မိခင်လက်ထဲမှ ခြင်းကြီးကို ဆွဲယူလိုက်သည်။

"နေပါစေ ကိုရင်ရယ်။ ရပါတယ်။ ဒါယိကာမကြီးပဲ ဆွဲပါ့မယ်"

"ဘယ်ဖြစ်မလဲ၊ ဒါယိကာမကြီးက အဝေးကြီးကတည်းက ဆွဲလာရတာ၊ ညောင်းနေရောပေါ့"

မိခင်က ကျွန်ုပ်၏မျက်နှာကို သေချာအကဲခပ်လိုက်ပြီး -

"ကိုရင် မျက်နှာလည်းမကောင်းပါလား။ ဘာလဲ ဆရာတော် ရိုက်လို့လား"

"မရိုက်ပါဘူး ဒါယိကာမကြီး"

ကျောင်းအောက်ရောက်သည်နှင့် မယ်တော်က ဘုရားကိုဦးချပြီး ဆရာတော်၏ ဆွမ်းဝိုင်းတွင် ပါလာသော ဆွမ်းဟင်းများကိုပြင်ပြီး အနားလာထိုင်ကာ ကျွန်ုပ်၏နဖူးကို စမ်းရင်းဖြင့် -

"ကိုရင် နေကောင်းတယ်မဟုတ်လား"

"နေကောင်းပါတယ်။ ဘာမှမဖြစ်ပါဘူး"

ထိုအချိန်တွင် ဆရာတော်မှာ ကျောင်းအပေါ်ထပ်တွင် နေ့စဉ် အာစိဏ္ဏကံ ပရိတ်ရွတ်နေတုန်းသာ ရှိသေးသည်။ ကျွန်ုပ်မှာ မိခင်ကို မည်ကဲ့သို့ စပြောရမှန်းမသိ။ စကားရှာမရ ဖြစ်နေသည်။ အတန်ကြာမှ-

"ဒါယိကာမကြီး ကိုရင်ရဲ့ လူ့ဘဝက ပုဆိုးတွေ အင်္ကျီတွေ ရှိသေးလား"

"မရှိတော့ဘူး ကိုရင်ရဲ့။ သူများကိုပေးလိုက်ပြီ။ ကိုရင်က အဲဒီအဝတ်တွေ ဘာလုပ်ချင်လို့လဲ"

"ကိုရင် သာသနာ့ဘောင်မှာ မပျော်တော့ဘူး။ လူထွက်တော့ မလို့"

"အို - ဘယ်လိုဖြစ်တာလဲ ကိုရင်ရယ်။ ဘုရား ... ဘုရား။ ကိုရင့်ကို ဘယ်သူကများ မဟုတ်တာတွေ လျှောက်ပြောထားကြပါလိမ့်။ ကဲ - ဒါယိကာမကြီးကို သေချာပြောစမ်းပါဦး။ ကိုရင်က ဘာဖြစ်လို့ လူထွက်ချင်တာလဲ။ သာသနာ့ဘောင်မှာ မပျော်ဘူးဆိုတာကိုတော့ ဒါယိကာမကြီး မယုံဘူး။ တခြားအကြောင်း ရှိလိမ့်ဦးမယ်ထင်တယ်"

ဝတ်စအချိန်ကတော့ သားနဲ့အမေနဲ့ ပြောဆိုကြသည်။ နောက်တော့ ဆရာတော်က သာသနာ့ဘောင်ရောက်လာလျှင် သာသနာအသုံး အနှုန်းအတိုင်းသာ ပြောဆိုရမည်။ လူအသုံးအနှုန်းဖြစ်သော သား၊ အမေ စသည်တို့ကို မသုံးနှုန်းရ။ ကိုရင်၊ ဒါယိကာမကြီး စသည်ဖြင့်သာ သုံးနှုန်းပြောဆိုရမည်ဟု သင်ပြထားသောကြောင့် ယခုလို သုံးနှုန်း ပြောဆိုနေတတ်ကြခြင်းဖြစ်သည်။

"ကိုရင် လူထွက်ချင်တာက ဒါယိကာမကြီးတို့နဲ့ အတူတူနေချင်လို့ပါ။ တခြားမိသားစုတွေမှာတော့ ဘယ်လောက်ဆင်းရဲ ဆင်းရဲ မိဘ သားသမီးတွေ အတူတူနေပြီး လုပ်ကိုင်စားသောက်ကြတယ်။ ကိုရင့်ကျတော့ ဒါယိကာမကြီးတို့က ဘာဖြစ်လို့ အိမ်မှာ အတူတူမထားဘဲ ကိုရင်ဝတ်ပေးထားရတာလဲ"

ကျွန်ုပ် လူထွက်မည်ဟု ပြောလိုက်စဉ်ကတည်းက အံ့သြထိတ်လန့် တုန်လှုပ်နေသော မိခင်၏မျက်နှာသည် ယခုစကားအဆုံးတွင်ကား ကြေကွဲဝမ်းနည်းမှုတို့ပါ ပေါင်းစပ်လိုက်သဖြင့် ချက်ခြင်းပင် အိုသွားသလို ထင်ရတော့သည်။ တုန်လှုပ်နေသော နှလုံးသား၊ ဝမ်းနည်းနေသောစိတ်တို့ကြောင့် ပြောစရာစကားသည် ရုတ်တရက် ပျောက်သွားဟန်တူ၏။

ဝမ်းနည်းမှုကြောင့် နှုတ်ခမ်းသားများ တဆတ်ဆတ်တုန်နေသော်လည်း စကားက အတော်နှင့် ထွက်မလာ။ အတန်ကြာမှ -

"ကိုရင်ရယ် - တပည့်တော်တို့အချစ်က တခြားမိဘတွေထက်တောင် ပိုပါသေးတယ်။ ကိုရင့်ကို သာသနာ့ဘောင်မှာထားတယ်ဆိုတာ နှစ်ဘဝထိချစ်လို့ပါ။ တခြားမိဘတွေလို တစ်ဘဝသာချစ်တယ်ဆိုရင် ကိုယ့်အိမ်မှာခေါ်ထားပြီး အတူနေ၊ အတူစား၊ အရွယ်ရောက်တော့ အလုပ်တစ်ခုခုလုပ်ခိုင်း။ ဒါက ဘာမှခက်တဲ့အလုပ် မဟုတ်ပါဘူး။

ဒါပေမယ့် ဒါယိကာမကြီးတို့ ဆုံးပါးသွားပြီဆိုတဲ့အခါကျတော့ ကျန်ခဲ့တဲ့သားက လိမ်လိမ်မာမာ သမ္မာအာဇီဝကျကျ လုပ်ကိုင်စား

သောက်ရှင်တော်ရဲ့။ မလိမ်မာလို့ လူမိုက်ဖြစ်သွားပြီး မိစ္ဆာဇီဝနဲ့ အသက်မွေးပြီဆိုရင် အခုဘဝလည်း ထောင်တန်းကျပြီး ဆင်းရဲမယ်။

သံသရာကျတော့လည်း အပါယ်ကျပြီး ဆင်းရဲရဦးမယ်။ နှစ်ဘဝလုံး နာစရာချည်းပါပဲ။ ဟော - အခုလို သာသနာ့ဘောင်မှာ နေတယ်ဆိုတော့ ဒီဘဝမှာလည်း ချမ်းချမ်းသာသာနေရတယ်။ တခြား ဘာအကုသိုလ်မှ လုပ်စရာလည်း အကြောင်းမရှိတော့ဘူး။ ဒါကြောင့် နောက်ဘဝကျတော့လည်း ချမ်းချမ်းသာသာနေရတဲ့ဘဝကို ရောက်ရဦးမှာပဲ။

ဒါကြောင့် - ကိုရင့်ကို အခုဘဝလည်းချမ်းသာစေချင်တယ်။ နောက်ဘဝလည်း ချမ်းသာစေချင်တယ်။ အဲဒီလို နှစ်ဘဝဆုံး ချမ်းသာတာမြင်ချင်လို့ နှစ်ဘဝလုံးချစ်လို့ ကိုရင်ဝတ်ပေးထားတာပါ။ ကဲ - ကိုရင် ဒါယိကာမကြီးတို့ရဲ့ မေတ္တာ စေတနာကို သဘောပေါက်ပြီ မဟုတ်လား"

နူးညံ့ပျော့ပျောင်းသော မှိုပွင့်သည် ခက်မာသောမြေပြင်ကို ဖောက်ထွက်နိုင်စွမ်းရှိသည်ဟူသော စကားအတိုင်း မိခင်၏နှလုံးသားမှ ယိုဖိတ်ထွက်ကျလာသော နူးညံ့ပျော့ပျောင်းသော စကားတို့သည် ကျောက်သားသဖွယ် ခက်မာနေသော ကျွန်ုပ်၏အထင်မှား၊ အမြင်မှား၊ အပြစ်မြင်နေသည့် ဒေါသ၊ အာဃာတများကို ဖောက်ထွက်၊ ဖယ်ရှားသွားနိုင်ခဲ့ပါသည်။

"သဘောပေါက်ပါပြီ ဒါယိကာမကြီးရယ်"

ထိုစဉ်က မိခင်၏မေတ္တာနှင့် ကျေးဇူးကို နားလည်သဘော ပေါက်သွားပြီဟု ကိုယ့်ကိုယ်ကို ထင်ခဲ့မိသည်။ ထိုအထင်သည် မှား ကြောင်းကို နောင်တစ်ချိန်ကျမှ သိခဲ့ရသည်။ ထိုအချိန်ကား မိခင်ကို သေတွင်းသို့ပို့မိသော အချိန်ပါတည်း။

* * *

ကျွန်ုပ် ကိုရင်ဝတ်နှင့် ငါးဝါရသောအချိန်မှာပင် ဖခင် ဦးတိုး သည် (၉၈)ပါးသောရောဂါဖြင့် ကောက်ကာငင်ကာ ကွယ်လွန်သွားခဲ့ ပါသည်။ ဖခင်ကွယ်လွန်စဉ်အချိန်က မိခင်၏အသက်မှာ (၃၅)နှစ်ကျော် ကျော် အရွယ်ကောင်းသာ ရှိပါသေးသည်။ ဖခင် ရက်လည်ပြီး နောက် ရက်မှာပင် ကျွန်ုပ်တစ်ယောက် မိခင်ကိုပင် မတိုင်ပင်တော့ဘဲ သူငယ် ချင်းတစ်ချို့ထံမှ အင်္ကျီ၊ ပုဆိုး တောင်းပြီး လူဝတ်လဲလိုက်ပါတော့ သည်။

သင်္ကန်းဝတ်နှင့် မိဘကိုလုပ်ကျွေးနိုင်ကြောင်း ဆရာတော်က မည်မျှပင် တရားဟောသော်လည်း ကျွန်ုပ် နားမဝင်ခဲ့ပါ။ အထီးကျန် ဖြစ်နေမည့် မိခင်၏မျက်နှာကို တရေးရေးမြင်ယောင်ရင်း အိမ်ကို အပြေး ပြန်သွားမိသည်။ ကျွန်ုပ်မိခင်အပေါ်ထားသော သံယောဇဉ် မည်မျှကြီးမားကြောင်းကို ထိုအခါကျမှ သိရသည်။

ပါရမီရှိသူဖြစ်၍ သာသနာ့ဘောင်မှာ ထွန်းတောက်မည့်သူဖြစ် ကြောင်း ဆရာတော်ရော၊ မိခင်ပါ သိကြသော်လည်း ကျွန်ုပ်ကား မသိခဲ့။ မနက်စောစော အလုပ်သွားရန် ထမင်းချိုင့်ပြင်နေသောအချိန်

မှာပင် ကျွန်ုပ် အိမ်သို့ ရောက်သွားခဲ့သည်။ မိခင်ကိုတွေ့သည်နှင့် ငါးနှစ်လုံးလုံး အသုံးပြုခွင့်မရခဲ့သော သားသမီးတို့ အနှစ်သက်ဆုံး စကားလုံး ကြီးကို အားရပါးရ အသုံးပြုပစ်လိုက်သည်။

"အမေ" "အမေ" "အမေ" "အမေ"

ကျွန်ုပ်၏အသံကို ကြားလိုက်သည်နှင့် အမေသည် အိမ်ပေါက်ဝသို့ ချက်ချင်းပြေးထွက်လာကာ ကျွန်ုပ်ကို လွတ်ထွက်သွားမတတ် သိမ်းကြုံးပွေ့ဖက်ရင်းဖြင့် -

"သားရယ် ဘာဖြစ်လို့ လူထွက်လာရတာလဲ။ အမေ့ရဲ့မေတ္တာ စေတနာတွေကို သားလေး သေချာနားမလည်ဘူးထင်တယ်"

"နားလည်ပါတယ် အမေရယ်။ ဒါကြောင့်လည်း အမေ့ကို လုပ်ကျွေးရအောင် လူထွက်လာတာပေါ့"

"ကဲ သားလေးက အမေ့ကို ဘယ်လိုလုပ်ကျွေးမှာလဲ"

"အမေလုပ်တဲ့ အလုပ်ပဲပေါ့။ ကျောက်ထုမယ်။ ကျောက်သယ် မယ်။ ဒါတွေ ကျွန်တော် လုပ်နိုင်ပါတယ် အမေရယ်"

" အို - သားလေးလက်က နုနုညံ့ညံ့လေးတွေ၊ ဒီအလုပ်ကြမ်း တွေ လုပ်နိုင်မှာ မဟုတ်ပါဘူး။ အမေလည်း ဘယ်လိုမှကြည့်ရက်မှာ မဟုတ်ဘူး။ ခက်လိုက်တာ သားလေးရယ်။ အမေ စိတ်ဆင်းရဲအောင် သားမို့ လုပ်ရက်တယ်။

ပူနွေးနွေး အစက်သုံးလေးစက် ကျွန်ုပ် ပခုံးနှင့်ကျောပေါ် ကျလာသည်။ အမေ ငိုလေပြီ။ ကျွန်ုပ်အထင်နှင့်အမြင် ပါစင်အောင်

လွဲခဲ့ပြီဖြစ်၏။ မိခင်ကို လုပ်ကျွေးရအောင် ထွက်လာသော ကျွန်ုပ်ကို မိခင်အနေဖြင့် ဝမ်းပန်းတသာကြိုဆိုမည်ဟု ထင်ခဲ့သောအထင်ကား မှားပေစွ။

မိခင်သည် ကျွန်ုပ်ကို သက်န်းဝတ်နှင့်သာ နေစေချင်ပါလား။ ကျွန်ုပ်လည်း နေချင်ပါ၏။ သို့သော် မိခင်တစ်ယောက်တည်း လောကအလယ်မှာ မျက်နှာငယ်စွာနေရမည့်အရေးကို တွေးမိသောကြောင့်သာ စွန့်၍ ထွက်ခဲ့ရခြင်းဖြစ်သည်။

ပေါ့စေလို၍ ကြောင်ရုပ်ထိုး။ ဆေးအတွက်လေး ဆိုသောစကားသည် ကျွန်ုပ်အတွက် ထားခဲ့သည့်ထင်၏။ မိခင် ဆင်းရဲဒုက္ခကို ကူညီလို၍ လူထွက်ခဲ့သောကျွန်ုပ်သည် မိခင်အား ထိထိရောက်ရောက် ဘာမှ မလုပ်ကျွေးနိုင်သည့်အပြင် ကျွန်ုပ်ပါးစပ်ပေါက်အတွက် ပိုမိုခြိုးခြံရှာဖွေရသောဒုက္ခ၊ ကျွန်ုပ်ကို ပြုစုစောင့်ရှောက်ရသောဒုက္ခတို့ကိုသာ လာပေးသလို ဖြစ်နေရပါ၏။

ကျွန်ုပ်ကို ထမင်းဟင်းလေးသာချက်နိုင်းပြီး အိမ်မှာ အခန့်သားနေစေသည်။ ကျွန်ုပ်က ဖွတ်ပူဆာလွန်းသောအခါ အလုပ်ထဲသို့ ခေါ်သွားသော်လည်း ဘာမှမလုပ်ရ။ အလုပ်ခေါင်းများကလည်း ရေနွေးကြိုသည့် အလုပ်လောက်သာခိုင်းသည်။ အမေ၏ ကြိုတင်မှာကြားထားမှုကြောင့် မခိုင်းခြင်းဖြစ်သည်ကို နောင်မှသိရ၏။

ကျွန်ုပ်သည် မကျေနပ်သဖြင့် အမေ့အလစ်တွင် အလုပ်သမားတစ်ယောက်ထံမှ သံတူကြီးကိုယူပြီး ကျောက်တုံးတစ်တုံးကို အားရ

ပါးရ ထုလိုက်သည်။ ယခင်ထုနေသော အလုပ်သမားက ကျွန်ုပ်ထက် ဗလလည်းသေး၏။ လူလည်းပိန်၏။ သူ့ကျွမ်းကျင်မှုကြောင့် တူချက်တိုင်း ဖွာကနဲ ဖွာကနဲ ထွက်သွားသော ကျောက်စလေးများကိုကြည့်ရင်း ကျွန်ုပ် အားကျမိသည်။

ထို့ကြောင့်လည်း ဘာမပြော ညာမပြော တူကိုယူပြီး ထုကြည့်သောအခါ ထင်သလောက် မလွယ်ကူမှန်း သိရတော့၏။ တူ၏အလေးကလည်း မနည်း။ ထိုသူ နှစ်ချက်သုံးချက်ထုသည်နှင့် အလိုက်သင့်ကွဲပေးရသောကျောက်တုံးသည် ကျွန်ုပ်ထုသောအခါ ဆယ်ချက်ထက် မနည်းထုမှ ကွဲ၏။

ထုနေသည်မှာ ဘာမှမကြာသေး။ လက်မောင်းရင်းတွေ အောင့်လာသည်။ လက်ချောင်းများတွင်လည်း အရည်ကြည်ဖုများ ထလာသည်။ ရင်ဘတ်ကြီး ဖားဖို့လိုဖြစ်ကာ ဟောဟဲလိုက်နေသော ကျွန်ုပ်ကို ကြည့်၍ ထိုအလုပ်သမားက -

"ဟေ့ကောင် စံဝင်း၊ ပေး - ပေး၊ မင်းမလုပ်နိုင်ပါဘူးကွာ။ တော်ကြာ မင်းအမေမြင်သွားလို့ ငါ့ကို ဆူနေပါဦးမယ်"

ထိုသို့ အပြောခံရသောအခါ မခံချင်စိတ်ကြောင့် ရှိသမျှအားကို စုပြီး သံတူကြီးကိုမြှောက်ကာ ကျောက်တုံးပေါ်ထုအချတွင် အလုံးအရပ်မတူသော ကျောက်တုံးလေးများ ဖြန်းကနဲကွဲသွားပြီး တစ်ခုသော ကျောက်စလေးက ကျွန်ုပ်၏ ဘက်ဘက်ခြေမျက်စေ့ကို လာမှန်လိုက်ရာ

ကျွန်ုပ်ထံမှ -

"အား" ဟူသောအသံက ခပ်ကျယ်ကျယ်ထွက်သွားသည်။ ထိုအချိန်မှာပင် ခပ်လှမ်းလှမ်းတွင် ကျောက်သယ်နေသော မိခင်က ကြားဖြစ်အောင်ကြားသွားကာ ကျွန်ုပ်ထံသို့ အမောတကော ပြေးလာပြီး -

"ဟယ် - ကြည့်စမ်း၊ သားလေးခြေထောက်ကို ကျောက်စမှန် သွားပြီ။ ဟဲ့ ထွန်းမောင်။ နင်က ငါ့သားကို ဘာဖြစ်လို့ခိုင်းရတာလဲ။ ငါ့သားလက်က ဘုန်းကြီးလက်ဟဲ့။ နင်တို့အလုပ်တွေနဲ့ တန်တာမဟုတ်ဘူး"

"ကျွန်တော်မခိုင်းပါဘူး မရွှေအိရာ။ ခင်ဗျားသားက ကျွန်တော့်ဆီကတူကို ဖွတ်လုပြီး ထုနေတာပါ။ ပြောလို့ကိုမရဘူးဗျ"

"အဲဒါဆို ငါ့ကို မြန်မြန်ပြောပါလား။ သားလေး ဒီကိုလာ"

အမေက ချိုင့်အတွင်း အသင့်ပါလာသောဆားဖြင့် သိပ်ပေးကာ ပုဆိုးစုတ်နှင့် စည်းပေးလိုက်သည်။ ထိုနေ့မှစ၍ ကျွန်ုပ် အလုပ်ထဲသို့ မလိုက်ရတော့။ အိမ်မှာသာနေရတော့သည်။ ရက်တိုင်း ညတိုင်းလိုလိုလည်း ကျွန်ုပ်ကို သင်္ကန်းပြန်ဝတ်ရန် တိုက်တွန်းသည်။

ကျွန်ုပ်ကလည်း မိခင်မေတ္တာ စေတနာကို လျစ်လျူရှုပြီး ငြင်းဆန်မြဲ။ သည်လိုနှင့် ရှစ်လကျော်ခန့်ပင် ကြာလာခဲ့သည်။ တစ်နေ့။ ထိုနေ့သည်ကား ကျွန်ုပ်ခေါင်းကို မိုးကြိုးအပစ်ခံရသောနေ့ဟုပင် ပြောလိုက်ချင်ပါသည်။ ညနေ ခြောက်နာရီထိုးပြီ။ အမေကား ယခုထိ

ပြန်ရောက်မလာသေး။ ကျွန်ုပ်မှာ ထမင်းပွဲပြင်ပြီး ထိုင်စောင့်နေရသည်မှာ ငြီးငွေ့လာသဖြင့် အိမ်ရှေ့သို့ ထွက်လာခဲ့မိသည်။

ခါတိုင်းဆိုလျှင် ငါးနာရီထိုးပြီးသည်နှင့် အမေ ရောက်နေကျမဟုတ်လား။ ထိုအချိန်မှာပင် ကျွန်ုပ်တို့နှင့် သုံးအိမ်ကျော်မှ အမေနှင့်အလုပ်တူ ဘကြီးပုကို တွေ့လိုက်ရသည်နှင့် လမ်းပေါ်အပြေးထွက်ကာ -

"ဘကြီးပု - ဘကြီးပု"

"ဟေ - မောင်စံဝင်း ဘာလဲကွ"

"ဘကြီးပုတို့တောင် ပြန်လာပြီး ကျွန်တော့်အမေကို မတွေ့ခဲ့ဘူးလား"

ဘကြီးပု ကျွန်တော့်ကို လှမ်းကြည့်ပြီး သရော်ပြုံး တစ်ချက်ပြုံးလိုက်သည်။ လူ့ဘဝ၊ လူ့လောကအကြောင်း ဘာမှ မသိနားမလည်သောကျွန်ုပ်မှာ သူတို့အတွက် သနားစရာ သတ္တဝါတစ်ကောင်သဖွယ်ဖြစ်နေသည်မဟုတ်ပါလား။

"မောင်စံဝင်း၊ မင်းလည်း (၁၆) (၁၇) ဆိုတော့ လူပျိုပေါက်အရွယ်ကို ရောက်နေပြီပဲ။ ဒါတောင် မရိပ်စားမိဘူးနော်"

"ကျွန်တော်က ဘာရိပ်စားမိရမှာလဲ"

"မင်းတို့အလုပ်ထဲက အရုပ်ဆိုးဆိုးနဲ့ အမြဲတန်းအရက်မူးနေတဲ့အလုပ်ခေါင်း ဦးနီတွတ်ကို သိတယ်မဟုတ်လား"

"သိပါတယ်။ နေပါဦး၊ ဒီလူကြီးနဲ့ ကျွန်တော်က ဘာဆိုင်လို့မေးနေတာတုန်း"

"အေး - အရင်ကမဆိုင်ပေမယ့် အခုဆိုင်ပြီမောင်ရေ။ မင်းအမေ အဲဒီ ဦးနှိုက်တွတ်နဲ့ ခိုးရာလိုက်ပြေးသွားပြီ။ ဒီနှစ်ရက်သုံးရက်တော့ ပြန်လာမှာမဟုတ်သေးဘူး။ ဒါလည်း ဘာမှမထူးဆန်းပါဘူးကွာ။ လူ့လောကဆိုတာ တစ်ပင်လဲမှ တစ်ပင်ထူပဲပေါ့"

ဘကြီးပုကား သူပြောချင်တာပြော၍ ထွက်သွားလေပြီ။ သူတို့လူ့လောကအတွက် ဘာမှမထူးဆန်းသော်လည်း ကျွန်ုပ်အတွက်ကား ထူးဆန်းရုံသာမက ရှုံစရာ၊ စက်ဆုပ်စရာပင် ကောင်းနေပါ၏။ အမေ့နေရာမှာသာ အခြားတစ်ယောက်ယောက်ဆိုလျှင် ဓားနှင့် နုပ်နုပ်စင်း၍ ခုတ်သတ်မိမည်ထင်ပါသည်။

ကျွန်ုပ်မျက်နှာကိုမထောက်နိုင်လောက်အောင် တဏှာရမ္မက်ကြီးလှသော အမေ့အတွက် ရှက်လည်းရှက်၏။ ဒေါသလည်းဖြစ်၏။ သို့သော် ကျွန်ုပ် ဘာများတတ်နိုင်ပါမည်နည်း။

* * *

ကာမဂုဏ်ကျူးသည့် ရာဂဘီလူးမကြီးနှင့် အမေလည်း မတော်လိုတော့။ နောင်လည်း မတွေ့လိုတော့။ ထို့ကြောင့် နောက်တစ်နေ့မနက်မှာပင် အဖေ့ညီတော်သော ဦးလေးရွာသို့ ကျွန်ုပ် ရောက်သွားပါတော့သည်။ အကြောင်းစုံသိသွားသော ဦးလေးနှင့် ဆွေမျိုးသားချင်းများက အမေ့ကို ကဲ့ရဲ့ပြစ်တင်ကြ၊ စိတ်ဆိုး၊ စိတ်နာ ဖြစ်ကြသည်။

ကျွန်ုပ်ကား ကာယကံရှင်ဖြစ်သောကြောင့် အမေ့အပေါ် မည်မျှလောက်ထိ စိတ်ဆိုး စိတ်နာမည်ဆိုသည်ကို မှန်းဆကြည့်နိုင်လောက်

ပေပြီ။ အံ့ဩစရာကောင်းသည်ကား နောက်နှစ်ရက်ခန့်အကြာမှာပင် အမေတစ်ယောက်တည်း ကျွန်ုပ်ရှိရာသို့ လိုက်လာသည်။ ယခင်အချိန် ကဆိုလျှင် ဝမ်းသာလိုက်မည့်ဖြစ်ခြင်း။ ယခုအချိန်ကား ဒေါသထွက် လိုက်သည့်ဖြစ်ခြင်း။ ထို့ကြောင့်လည်း အမေ့မျက်နှာကို လက်ညှိုး ငေါက်ငေါက်ထိုး၍ -

"ခင်ဗျားကြီး အခုထွက်သွား။ ကျုပ်ဆီကို ဘာလို့လိုက်လာ တာလဲ။ သွား - မလာနဲ့" ဟု ဆီးအော်မိသည်။ အမေက မျက်ရည် များ တွေတွေကျလာရင်း -

"သားလေး အမေ့ကိုမုန်းလိုက်တာလား။ အမေရှင်းပြတာကို နည်းနည်းလောက် နားထောင်ပေးပါသားလေးရယ်"

"မုန်းတယ် - မုန်းတယ်။ ကျုပ်ဘဝမှာ အမုန်းဆုံးဟာ ခင်ဗျား ကြီးပဲ။ ကျုပ်ကို ဘာမှလာမပြောနဲ့။ ဘာမှ မကြားချင်ဘူး"

ဟု အသံကုန်အော်ဟစ်ရင်း ကျွန်ုပ် ရှုက်ကြီးတငင် ငိုကြွေးမိပါ တော့သည်။ ဦးလေးနှင့် ဆွေမျိုးသားချင်းများကလည်း ကျွန်ုပ်ဘက်က ဒေါသဖြစ်နေကြသည်မို့ အမေ့ကိုသာ မလှုပ်နိုင်အောင် ဝိုင်းဖိပြောနေ ကြသည်။ ဦးလေးက -

"မရွှေအိ၊ ခင်ဗျား ကိုယ်လုပ်ချင်ရာလုပ်ပြီးမှတော့ ကိုယ့်လမ်း ကိုသာ ဆုံးအောင်ဆက်လျှောက်တော့။ ကလေးကိုလည်း စိတ်ဆင်းရဲ အောင် ဘာမှ လာပြောမနေနဲ့တော့ဗျာ"ဟု ပြောလိုက်ရာ ထိုစကား သည်လည်း အမေ့စိတ်ကို တော်တော်ထိခိုက်စေပါလိမ့်မည်။

အမေသည် တစ်တွေတွေကျနေသော မျက်ရည်တို့ကို သုတ်လိုက်ရင်း -

"သားလေး။ အမေ့ကို ဒီလောက်မုန်းသွားရင် သေစေချင်သလားဟင်။ အမေသေမှ သားလေးစိတ်ချမ်းသာမယ်ထင်သလား"

ဟုမေးရာ ဒေါသဖြစ်နေသော ကျွန်ုပ်က ချက်ချင်းပင် -

"ခင်ဗျားဘာသာ ခင်ဗျား သေချင်ရာသွားသေ။ ကျုပ်ကို လာမေးမနေနဲ့။ ကျုပ်ဘဝမှာ အမေဆိုတာ မရှိတော့ဘူး"

ဟု ပြောလိုက်ရာ ကျွန်ုပ်၏စကားသည် မိခင်အား အတော်စိတ်ထိခိုက်သွားစေဟန်တူသည်။ မိခင်သည် ဘာစကားမှ ဆက်မပြောတော့ဘဲ ချာကနဲ လှည့်ထွက်သွားတော့သည်။

မိခင်ရောက်လာသည့်အတွက် ပွက်လောရိုက်သွားသော ဦးလေး၏အိမ်ကလေးသည် မိခင်ထွက်သွားသည်နှင့် ပြန်လည်ငြိမ်သက်လာပြန်ပါသည်။ သို့သော် ထိုငြိမ်သက်မှုသည် မုန်တိုင်းတိုက်ခါနီး ငြိမ်သက်နေသော ပင်လယ်ပြင်၏ ငြိမ်သက်ခြင်းမျိုးဆိုသည်ကိုတော့ နောက်(၇)ရက်ခန့်အကြာမှာပင် သိရပါတော့သည်။

* * *

ခုနစ်ရက်ခန့်ရှိ၍ ဒေါသအရှိန်များ ပြေစအချိန်မှာပင် ကျွန်ုပ်၏ဥပဇ္ဈာယ်ဆရာတော်နှင့် ရပ်ကွက်လူကြီး (၃)ဦးတို့ ကျွန်ုပ်ထံ ရောက်လာကြသည်။ ကျွန်ုပ်မှာ မထင်မှတ်ဘဲ ဥပဇ္ဈာယ်ဆရာတော်ကို ဖူးတွေ့ရသဖြင့် ဝမ်းနည်းဝမ်းသာဖြစ်ကာ ဦးချရှိခိုးရင်း ရှိုက်ကြီးတငင် ငိုကြွေးရပြန်သည်။

"ကဲ - မောင်စံဝင်း၊ မျက်ရည်တွေသိမ်းပြီး ငိုကြွေးတာတွေ ရပ်တော့ကွ။ မောင်စံဝင်းတို့သားအမိအဖြစ်တွေကို ငါလည်း အကုန်သိပြီးပါပြီ။ အခုလည်း ဘယ်သူမှမသိသေးတဲ့ မောင်စံဝင်းအမေရဲ့ မောင်စံဝင်းအပေါ်မှာထားတဲ့ မေတ္တာ၊ စေတနာတွေကို မောင်စံဝင်းကိုယ်တိုင် သေချာသိရအောင် ပြောပြဖို့ ငါကိုယ်တိုင် အပင်ပန်းခံပြီး ကြွလာခဲ့တာပဲ"

"တခြားအဆုံးအမ ဩဝါဒတွေ တပည့်တော်ကို ကြိုက်သလောက်ပေးပါဘုရား။ ဒီအမေအကြောင်းကိုတော့ တပည့်တော် ဘာမှ မကြားပါရစေနဲ့ဘုရား"

"မောင်စံဝင်း - မိခင်တစ်ယောက်ရဲ့ မေတ္တာ စေတနာကို မိခင်ဘဝရောက်မှပဲ သေသေချာချာသိနိုင်တယ်။ ဒါကြောင့် မောင်စံဝင်းအနေနဲ့ ဒီဘဝမှာဖြင့် မိခင်တစ်ယောက်ရဲ့ မေတ္တာ၊ စေတနာကို ဘယ်လိုမှ နားလည်နိုင်မှာမဟုတ်ဘူး"

"အခု မောင်စံဝင်းက မရွှေအိ နောက်အိမ်ထောင်ပြုတာကို အပြစ်မြင်နေတာမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား။ သားကိုစွန့်ပစ်ပြီး လင်နောက်လိုက်သွားဟာ ရက်စရာ အပြစ်ကြီးမဟုတ်ပါလားဘုရား"

"အဲဒီလို နောက်အိမ်ထောင်ပြုတာဟာ မောင်စံဝင်းအတွက်လို့ သိရရင် မောင်စံဝင်း အခုလို အပြစ်မြင်မှာမဟုတ်ပါဘူး"

"တပည့်တော်အတွက် အိမ်ထောင်ပြုတာလို့၊ ဖြစ်နိုင်ပါ့မလား ဆရာတော်"

"ဖြစ်နိုင်လို့ပြောတာပေါ့ မောင်စံဝင်း။ မင်း ကိုရင်ဝတ်နဲ့နေတုန်းက မရွှေအိဟာ ခဏခဏလာတော့ ငါက ပြောလိုက်ဘူးတယ်မဟုတ်လား။ ဒါယိကာမကြီး ကိုယ့်သားကို ဘုန်းကြီးဖြစ်စေချင်ရင် ဘယ်သူ့ကိုမှ သံယောဇဉ်မထားစေနဲ့။ ကုန်ကုန်ပြောမယ် ဒါယိကာမကြီးတို့ အပေါ်မှာတောင် သံယောဇဉ်မဖြစ်စေနဲ့။ ဒါ့ကြောင့် ကျောင်းကို ခဏ၊ ခဏ မလာပါနဲ့လို့ ပြောခဲ့တာလေ။ မောင်စံဝင်းရှေ့မှာပြောခဲ့တာပဲ၊ မှတ်မိတယ်မဟုတ်လား"

"မှန်ပါ - မှတ်မိပါပြီဘုရား"

"အေး - အဲဒီစကားကို မရွှေအိက သေချာမှတ်ထားတယ်။ မောင်စံဝင်း လူထွက်လာစဉ်တုန်းကလည်း ကိုရင်ပြန်ဝတ်ရအောင် နေ့တိုင်း တိုက်တွန်းတယ်တဲ့။ ဟုတ်သလား"

"မှန်ပါ။ ဟုတ်ပါတယ်ဘုရား"

"ဒါပေမယ့် မောင်စံဝင်းက အမေ့အပေါ် အစိုးရိမ်ပိုပြီး သံယောဇဉ်ကြီးနေတော့ ဘယ်လိုမှ ပြောမရခဲ့ဘူး။ ဆရာတော်ပြောခဲ့သလို ငါ့ကို သံယောဇဉ်ကြီးနေလို့သာ သင်္ကန်းပြန်မဝတ်တာ။ ငါ့အပေါ်မှာ သံယောဇဉ်ပြတ်ပြီး မုန်းသွားရင် ကိုရင်ပြန်ဝတ်မှာပဲဆိုတဲ့ စိတ်ကူးနဲ့ နောက်အိမ်ထောင်ပြုလိုက်တာပဲ မောင်စံဝင်း"

ကျွန်ုပ်နှင့်တကွ ဦးလေးတို့မိသားစုများမှာ ပါးစပ်အဟောင်းသား ဖြစ်နေမိကြသည်။ မည်သူတစ်ဦးတစ်ယောက်မျှ မထားနိုင်သည့် မိခင်၏ မေတ္တာ စေတနာကိုလည်း ယခုမှပင် နားလည်စပြုလာရသည်။ ဆရာတော်က ဆက်၍ မိန့်သည်။

"သူ နောက်အိမ်ထောင်မပြုမီတစ်ရက်က ငါ့ဆီကို ပရိက္ခရာတွေ အစုံဝယ်ပြီး ရောက်လာတယ်။ မကောင်းတတ်လို့ ထင်ပါရဲ့။ အိမ်ထောင်ရေးအကြောင်းတွေကိုတော့ ထည့်မလျှောက်ဘူး။ ဆရာတော် တပည့်တော်မသားလေး တပည့်တော်မကိုမုန်းပြီး ကိုရင်ပြန်ဝတ်အောင် တခြားကိုထွက်သွားတော့မယ်ဘုရား။ နောက်တစ်ရက်မှာ ဆရာတော် ကိုယ်တိုင်ကြွပြီး သားလေးကို ကိုရင်ပြန်ဝတ်ပေးပါလို့ လျှောက်သွားရာတယ်"

"မရွှေအိထွက်သွားပြီး နောက်ရက် ငါကြွလာတော့ မောင်စံဝင်းက မရှိတော့ဘူး။ အိမ်အရောက်မှာပဲ မရွှေအိ နောက်အိမ်ထောင်ပါ ပြုလိုက်တယ်ဆိုတာ သိရတယ်။ အဲဒီနေ့ညပိုင်းမှာပဲ ကျောင်းကိုရောက်လာပြီး မောင်စံဝင်း ကိုရင်ဝတ်ဖြစ်၊ မဝတ်ဖြစ် လာစုံစမ်းတယ်။ မဝတ်ဖြစ်မှန်းသိသွားမှ မောင်စံဝင်းရှိရာလိုက်လာပြီး အကျိုးအကြောင်း ပြောဖို့ ကြိုးစားဆိုပဲ"

"ဒါပေမယ့် မောင်စံဝင်း သူ့ကိုမုန်းစေချင်တဲ့ သူ့ရည်ရွယ်ချက်ကတော့ အောင်မြင်ပါတယ်။ တစ်ကယ့်တစ်ကယ် မောင်စံဝင်းက သူ့ကို ခါးခါးသီးသီး မုန်းသွားပြီဆိုတော့လည်း ဒီအမုန်းဒဏ်ကို သူပြန်ပြီးမခံစားနိုင်တော့ဘူး။ ဒါကြောင့်မောင်စံဝင်းဆီက ပြန်လာလာချင်း ငါ့ကျောင်းကိုဝင်တယ်"

"ဆရာတော်၊ သားလေး သူ့ဦးလေးရွာ ညောင်ကုန်းကို ရောက်နေပါပြီဘုရား။ ဆရာတော့်တပည့်တစ်ပါးပါးကို အခေါ်လွှတ်ပြီး ကိုရင်မဖြစ်ဖြစ်အောင် ဝတ်ပေးလိုက်ပါတော့ဘုရား။ တပည့်တော်တော့

သားလေးအမုန်းဒဏ်နဲ့ သေရတော့မယ်ထင်ပါတယ်ဘုရားလို့ လျှောက်ပြီး ပြန်သွားတယ်''

''ပွင့်ပွင့်လင်းလင်းဝန်ခံရရင် ဘုန်းကြီးလည်း ဒီစကားကို တစ်ကယ်မထင်ခဲ့ဘူး။ ဒါ့ကြောင့် မောင်စံဝင်းဆီ ချက်ချင်းမလိုက်နိုင်းသေးပဲ အေးအေးဆေးဆေးနေမိတယ်။ အဲဒါ မနေ့ကမှ ဒီဒကာကြီးတွေ ကျောင်းလိုက်လာပြီး ဒေါ်ရွှေအိကတော့ ရတော့မယ်မထင်ဘူး။ သူ့သားနာမည်ပဲ တ,နေတယ်ဆိုလို့ ခုချက်ချင်း မောင်စံဝင်းဆီ လိုက်ခဲ့ကြရတာပဲ။ ကဲ - မောင်စံဝင်း၊မင်းအမေရဲ့မေတ္တာ စေတနာကို နားလည်ပြီလား''

''တပည့်တော် နားလည်ပါပြီဘုရား။ တပည့်တော် သိပ်လည်းမှားသွားပါပြီဘုရား။ တစ်ကယ်ဆိုရင် ကိုရင်ဘဝကတည်းက နားလည်သင့်တာပါဘုရား''

သို့နှင့်ပင် ကျွန်ုပ်နှင့်အတူ ဦးလေးတို့မိသားစုများအားလုံးပါ ဆရာတော်တို့နှင့် အမြန်လိုက်ခဲ့ကြသည်။ ကားဂိတ်သို့ဆင်းသည်နှင့် မြင်းလှည်းရော၊ ဆိုက်ကားရော တစ်ခုမှ ကျွန်ုပ်မစီးမိတော့။ ဆရာတော်နှင့် ဦးလေးတို့ကိုရော သတိမရတော့။ အိမ်ကိုသာ သုတ်ချေတင်ပြေးလေတော့သည်။

အိမ်ကိုလှမ်းမြင်လိုက်သည်နှင့် ''အမေ - အမေ - အမေ'' ဟူသော ကျွန်ုပ်၏ခေါ်သံတို့က တစ်ရပ်ကွက်လုံးသို့ ပြန့်နှံ့သွားတော့

သည်။ အကြောင်းမသိသူအချို့က ကျွန်ုပ်ကို အထူးအဆန်းသဖွယ် လှမ်းကြည့်ကြသည်။ ကျွန်ုပ် ဂရုမစိုက်နိုင်တော့ပါ။

အိမ်ထဲသို့ဝင်လိုက်သည်နှင့် ကျွန်ုပ် ခဲလေသမျှ သဲရေကျ ဖြစ်ရလေပြီ။ ပုဝါဖြူတစ်ထည်လွှမ်းလျှက်ရှိသော အမေ့အလောင်းကိုသာ တွေ့ရတော့သည်။ အမေ့ရင်ဘတ်ကို မျက်နှာအပ်၍ ငိုကြွေးရုံမှတပါး ကျွန်ုပ် ဘာများတတ်နိုင်ပါဦးမည်နည်း။

ကျွန်ုပ်သည် မိခင်ကိုသတ်မိသလိုဖြစ်ခဲ့ရလေပြီ။ ထိုမိခင်သည် ကား သာမန်မိခင်မျိုးမဟုတ်။ ကျွန်ုပ်အပေါ်တွင် အမြော်အမြင်ကြီးကြီး နှင့် တစ်ဘဝမက နှစ်ဘဝချစ်ခဲ့သော အမေဆိုသည်ကိုတော့ ကျွန်ုပ် ကိုရင်ဘဝကပြောခဲ့သော မိခင်၏စကားက သက်သေခံလျက်ရှိသည် မဟုတ်ပါလား။

"ကိုရင်ရယ်။ တပည့်တော်တို့အချစ်က တခြားမိဘတွေထက် တောင် ပိုပါသေးတယ်။ ကိုရင့်ကို သာသနာ့ဘောင်မှာထားတယ်ဆို တာ နှစ်ဘဝထိချစ်လို့ပါ။ တခြားမိဘတွေလို တစ်ဘဝသာချစ်တယ်ဆို ရင် ကိုယ့်အိမ်မှာခေါ်ထားပြီး အတူနေ၊ အတူစား၊ အရွယ်ရောက်တော့ အလုပ်တစ်ခုခုလုပ်ခိုင်း။ ဒါက ဘာမှခက်တဲ့အလုပ်မဟုတ်ပါဘူး။

ဒါပေမယ့် ဒါယိကာမကြီးတို့ ဆုံးပါးသွားပြီဆိုတဲ့အခါကျတော့ ကျန်ခဲ့တဲ့သားက လိမ်လိမ်မာမာ သမ္မာအာဇီဝကျကျ လုပ်ကိုင်စား သောက်ရင်တော်ရဲ့။ မလိမ္မာလို့ လူမိုက်ဖြစ်သွားပြီး မိစ္ဆာဇီဝနဲ့ အသက် မွေးပြီဆိုရင် အခုဘဝလည်း ထောင်တန်းကျပြီး ဆင်းရဲမယ်။ သံသရာ

ကျတော့လည်း အပါယ်ကျပြီး ဆင်းရဲရဦးမယ်။ နှစ်ဘဝလုံး နာစရာ ချည်းပါပဲ။ ဟော - အခုလို သာသနာ့ဘောင်မှာနေတယ်ဆိုတော့ ဒီဘဝမှာလည်း ချမ်းချမ်းသာသာနေရတယ်။ တခြား ဘာအကုသိုလ်မှ လည်း လုပ်စရာအကြောင်း မရှိတော့ဘူး။

ဒါကြောင့် နောက်ဘဝကျတော့လည်း ချမ်းချမ်းသာသာနေရတဲ့ဘဝကို ရောက်ရဦးမှာပဲ။ ဒါ့ကြောင့် ကိုရင့်ကို အခုဘဝလည်း ချမ်းသာစေချင်တယ်။ နောက်ဘဝလည်း ချမ်းသာစေချင်တယ်။ အဲဒီလို နှစ်ဘဝလုံး ချမ်းသာတာမြင်ချင်လို့ နှစ်ဘဝလုံးချစ်လို့ ကိုရင်ဝတ်ပေးတာပါ။ ကဲ - ကိုရင် ဒါယိကာမကြီးတို့ရဲ့ မေတ္တာ၊ စေတနာကို သဘောပေါက်ပြီမဟုတ်လား"

ကျွန်ုပ်ကား မိခင်သေပြီးမှသာ မိခင်၏ မေတ္တာ စေတနာကို နားလည် သဘောပေါက်ခဲ့သည်။ ကျွန်ုပ်၏ဖြစ်ရပ်ကို ဖတ်ရှုကြရသောသူများသည်လည်း မိခင်မေတ္တာ စေတနာကို စောစီးစွာ သဘောပေါက်နားလည်ကြပါစေသော်။

**မှတ်ချက်** ။ ထီးချိုင့်မြို့၊ တည်တောဆရာတော်ဘုရားကြီး၏မိတ်ဆွေ ကျောင်းထိုင်ဘုန်းတော်ကြီးတစ်ပါး၏ ကိုယ်တွေ့ဖြစ်ရပ်မှန်အကျဉ်းကို ပြန်လည်အကျယ်ချဲ့ ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

# တိုးအေးပေါ်မှ အိုမိခင်

* မမျှော်မလင့်၊ မိုးကြိုးသင့်သို့၊
ရင်နင့်ဖွယ်ရာ၊ သည်းဆတ်ခါမျှ၊
ကြမ္မာကံဆိုး၊ လွှမ်းဇာတ်ပျိုးသည်၊
တိုးအေးနစ်သော ထိုတစ်နေ့။

* ထိုနေ့မှသည် ညညနေ့နေ့၊
မြင်တွေ့မကောင်း၊ သည်မြစ်ကြောင်းမှာ၊
အလောင်းထပ်မျှ မြင်နေရခဲ့။

* နေ့ရက်လျှား၍ ဆယ့်ငါးရက်မြောက်၊
ခါချိန်ရောက်မှ ရေအောက်ကဖော်၊
တိုးအေးပေါ်ဝယ် ညှိုးလျော်ကြေကွဲ၊
မိခင်ဖွဲ့ကို၊ အသည်းနင့်ဖွယ် မြင်ရသည်။

* အရိုးစုမျှ ကြွင်းသော်မှပင်၊
ချစ်လှရင်သွေး၊ သူ့ကလေးအား၊
ထွေးဆဲ ပိုက်ဆဲ ယုယဆဲဟု၊
သဲသဲမဲမဲ ပြနေသူ။

* ရေစီးကလှုပ်၊ လှိုင်းကပုတ်၍၊
စုပ်သည်ရေမွှား၊ စားသည်ရေပိုး၊
အကြောင်းဆိုးလည်း၊ တိုးကာကပ်ကာ၊
မေ့သည်းခြာအား၊ မကွာမကွဲ၊
ပိုက်ထွေးဆဲ။

နှစ်အာဝချစ်တဲ့မေမေ

*　　အို .... မိခင်၊
　　သင်အားကင်းရာ၊ ကူးခတ်ပါ၍၊
　　လွတ်ရာအဝေး၊ ပြေးနိုင်ပါလျက်၊
　　မပြေးရက်၍၊ အသက်စတေးလိုက်ရှာသလား။
*　　အို .... မိခင်၊
　　ကိုယ်လျှင်မချို၊ အမိသော်လည်း၊
　　သားတော်ခဲပာ၊ စွဲလာဆိုထုံး၊
　　စကားလုံးကို၊ ချေမှုန်းတော်လှန်လိုက်ရှာသလား။
*　　အို .... မိခင်၊
　　သင်နှင့်အတူ သင့်သည်းအူနှယ်၊
　　ရည်တူပြည့်သိပ်၊ မိခင်စိတ်ဖြင့်၊
　　ယှိဖိတ်မေတ္တာ၊ စေတနာကို၊
　　ခါခါဦးညွှတ်လိုက်ပါ၏။

(သမိန်သောင်း)

မှတ်ချက် ။　၁၃၃၃ ခုနှစ်က နစ်မြုပ်သွားသော ရန်ကုန်-ဒလကူး တိုးအေး သင်္ဘောပေါ်မှ တစ်ဦးနှင့်တစ်ဦး ဖက်လျက် သေဆုံးနေကြသော သားအမိနှစ်ဦး၏ အရိုးစုများကို ကြည့်၍ ဤကဗျာကို ဖွဲ့ဆိုထားခြင်းဖြစ်သည်။

မေတ္တာရှင် (ရွှေပြည်သာ)





## အမေပြုံးသောနေ့

အမေ နာမကျန်းဖြစ်နေသည်မှာ တစ်လကျော်ခဲ့ပြီ။ နေကောင်းလိုက် မကောင်းလိုက်နှင့်။ လူအိုနာဟုပြောရမလား။ စားစားသောက်သောက်ဖြစ်နေရင်းက ယခုဆိုလျှင် အစားပင် ကောင်းကောင်းမဝင်တော့။ ကျော်ဆန်း စိတ်ပူနေသည်။ ယခုအချိန်တွင် အမေ့အားပြုစုလုပ်ကျွေးမည့်သူဆို၍လည်း ကျော်ဆန်းတစ်ယောက်သာရှိသည်။

ယောက်ျားလေးဖြစ်သော ကျော်ဆန်းကလည်း အမေ့ကိုမပြုစုတတ်။ ကျော်ဆန်းကိုယ်တိုင် ချက်ပြုတ်ကျွေးသော အစားအစာများကိုလည်း အမေ ပါးစပ်မတွေ့။ ဆိုင်ထမင်းဆိုင်ဟင်းကလည်း အမေ ပါးစပ်မတွေ့။ ကျော်ဆန်း အမေ့ကိုပြုစုရ အခက်တွေ့နေသည်။

"အမေ၊ ဒီကြက်သားဆန်ပြုတ်လေး သောက်လိုက်ပါလား"

ကျော်ဆန်းချကျွေးသော ဆန်ပြုတ်ပန်းကန်ကို အမေငုံ့ကြည့်သည်။ ကျော်ဆန်းကိုလည်း စိုက်ကြည့်သည်။ တစ်အောင့်ကြာအောင် စိုက်ကြည့်နေပြီးမှ ဆန်ပြုတ်ကို တစ်ဇွန်းခပ်သောက်သည်။

အမေ ပါးစပ်တွေ့ဟန်မတူ။ တစ်ဇွန်းမျှသောက်ပြီး ဆန်ပြုတ်ပန်းကန်ကို ကျော်ဆန်းဆီသို့ တွန်းပို့သည်။ ဘာစကားမျှလည်းမပြောဘဲ ငိုင်ငိုင်လေးသာ နေတော့သည်။

အမေ့အား ကျော်ဆန်း စိုးရိမ်ပိုလာမိသည်။ အစားမဝင်ဘဲ သည်အတိုင်းသာနေပါက အမေ အိပ်ရာထဲ လဲပေတော့မည်။ အဖတ်မစားသော်မှ အရည်သောက်နိုင်လျှင် ကောင်းသား။

"ဒါလေး ကုန်အောင် အားပြုပြီးသောက်လိုက်ပါလား အမေရယ်၊ အစာမဝင်ရင် အမေ ဘယ်နေကောင်းလာပါ့မလဲ"

ကျော်ဆန်းက ဆန်ပြုတ်ပန်းကန်ကို အမေ့ရှေ့သို့ တစ်ဖန် ရွှေ့ချပေးပြန်သည်။

"နင့်ဆန်ပြုတ်ကောင်းလွန်းလို့ ငါမဝင်နိုင်ဘူးဟဲ့"

အမေသည် ဤကဲ့သို့ ခပ်ထန်ထန်ပြောပြီး အိပ်ရာထဲလှဲအိပ်ကာ မျက်စိမှိတ်နေလေ၏။ ကျော်ဆန်း ဘာမျှမတတ်နိုင်တော့။ ကျော်ဆန်းက ယောကျ်ားလေးမဟုတ်လား။ ချက်ရေးပြုတ်ရေးကို မိန်းမသားတွေလို ဘယ်တတ်မလဲ။ နေမကောင်းသောအမေ ပါးစပ်တွေ့အောင် စားကောင်းအောင် ကျော်ဆန်း မချက်ပြုတ်တတ်ပေ။

* * *

အဖေနှင့်အမေတို့မှာ ချမ်းသာကြွယ်ဝသော မျိုးရိုးမှ ဆင်းသက်လာကြသည့် အဆင့်မြင့်လူတန်းစားသားသမီးများဖြစ်ကြသည်။ နှစ်ဘက်မိဘများမှာ ချမ်းသာကြွယ်ဝသူများလည်းဖြစ်၊ လူချင်းလည်း ရင်းနှီးကြသဖြင့် သားသမီးတို့အား အရွယ်ရောက်သောအခါ ယခင်က

စကားရှိထားကြသည့်အတိုင်း နှစ်ဘက်မိဘတို့သဘောအရ ထိမ်းမြား ပေးကြသည်။

မိဘများက အမွေခွဲပေးကြသော စက်ရုံ၊ အလုပ်ရုံ၊ အရောင်းခန်းမများကို မိဘတို့၏ ဦးစီးစီမံခြင်းခံယူပြီး လုပ်ကိုင်ရင်းက အဖေနှင့်အမေတို့ စီးပွားဖြစ်လာကြသည်။ မိဘပေးစားသည်ကို ယူကြရသော်လည်း တစ်ဦးအပေါ်တစ်ဦး ချစ်ခင်စုံမက်စွာဖြင့် စိတ်ညီကိုယ်ညီလည်း ရှိကြ၍ စီးပွားလည်း တစ်နေ့တစ်ခြားတက်သည်။

သည်လိုနှင့် ချစ်စရာ ပျော်စရာကောင်းသော နေ့၊ ရက်၊ လ၊ နှစ်များကို တစ်ခုပြီးတစ်ခု ကုန်လွန်စေခဲ့ပြီး မမကြီး၊ မမလေး၊ ကျော်ဆန်းဟု ရတနာသုံးယောက် ထွန်းကားပြီးနောက် တစ်ခုသောနေ့တွင် သတ္တလောကဥ္စနေကုန်သောသူတို့ တွေ့ရကြုံရတတ်သည့် ကြမ္မာ၏အဆုံးအဖြတ်ကို အဖေခံယူရမည့်အချိန်သို့ ဆိုက်ရောက်လေသည်။ အဖေ့အား သွေးကင်ဆာဝင်လေပြီ။

အသက်ကိုလျှင်စွာဖြတ်တတ်သောရောဂါ၊ တားဆီးပိတ်ပင်ခြင်း ဆေးစွမ်းကောင်းများကင်းသောရောဂါ၊ ဆေးပညာကို ပါရဂူမြောက် တတ်ထားကြသည့်ဆရာများသည်ပင် သည်ရောဂါစွဲကပ်လာပါက သူတို့အသက်ကို သူတို့မကယ်နိုင်သောရောဂါ။

အမေမှာ အဖေ့အား မျှော်လင့်ချက်မရှိသည်ကိုသိသော် ငိုလည်း ငို၊ ပြောလည်းပြော၏။

"ကိုကျော်ဝေရယ်၊ ရှင်မရှိတဲ့နောက် ကျွန်မတို့သားအမိတွေ ဘယ်လိုနေကြရမှာလဲတော်... "

အမေငိုသည်ကိုမြင်ရသဖြင့် သားသမီးတွေမှာလည်း ဝမ်းနည်းကြေကွဲစွာနှင့် ငိုကြလေသည်။ သို့သော် အဖေမငို၊ မျက်ရည်မျှပင်မကျ။ ဝိုင်းငိုနေကြသော မယားသားသမီးများကို တစိမ့်စိမ့်ကြည့်ကာ …

"မဆန်းမေ ငါမရှိတဲ့နောက်လဲ မင်းတို့သားအမိတွေ နေရေးစားရေးအတွက် ငါရှာဖွေစုဆောင်းထားခဲ့တဲ့ ပစ္စည်းဥစ္စာတွေ အများကြီးရှိပါတယ်။ မင်းတို့သားအမိတွေ ချမ်းချမ်းသာသာ နေလို့စားလို့ရပါတယ်။ ဒါပေမယ့် ငါ့သားသမီးတွေ တစ်ပါးသူဆီမှာ အနှိပ်စက်မခံပါရစေနဲ့၊ ငါ့သားသမီးတွေ စိတ်ချမ်းသာရေးကို မင်းတာဝန်ယူပါလို့တော့ ငါမှာထားခဲ့ပါရစေ။

ပြောလက်စစကားဆုံး၍ သူ့မိသားစုအား တစိမ့်စိမ့်ကြည့်နေရင်းက စိတ်ကိုလျှော့ပစ်၍ထင်၏။ အဖေ့မျက်နှာ သိသိသာသာ ညှိုးကျသွားသည်။ ထို့နောက် တစ်လအလွန်တွင် အဖေကွယ်လွန်သွားလေသည်။

* * *

ထိုအချိန်က အမေ့အသက် ၃၀ မျှသာရှိသေးသည်။ ကလေးသုံးယောက်မွေးထားသည့်တိုင်အောင် အရွယ်ကောင်းတုန်း၊ ဖွံ့ဖြိုးတုန်း၊ မာနရှိတုန်း၊ လုပ်ရည်ကိုင်ရည်မှအစ ပြည့်စုံထက်မြက်သောအရွယ်။

ထို့ကြောင့်ပင် ရွယ်တူယောကျ်ား အတော်များများက အမေ့ကို စကားကမ်းလှမ်းကြသည်။ အမေနှင့် စီးပွားရေး တန်းတူရည်တူ၊ အသက်တူ အရွယ်တူ၊ အဆင့်အတန်းတူ လူတန်းစားများ၊ လူပျိုကြီး၊ တစ်ခုလတ်၊ မုဆိုးဖိုများ။

သို့သော် မည်သူက မည်မျှစကားကမ်းလှမ်း ကမ်းလှမ်း၊ ရည်းစားစကားလိုက်ပြောပြော၊ စာပေးပေး ဖုန်းဆက်ဆက်၊ အောင်သွယ်နှင့်ဆစ်ဆင့်ပြောခိုင်းပြောခိုင်း၊ အမေအိမ်ထောင်ပြုမည့် အရေးကို လုံးဝမစဉ်းစားတော့ပေ။

သူ့သားသမီးများအား တစ်ပါးသူကို အဖေမခေါ်စေရ ဟူသောဆုံးဖြတ်ချက် အမေ့မှာရှိနေပေလိမ့်မည်။ ကွယ်လွန်သူ အဖေမှာသွားသောစကားကို ကတိတည်စွာ စောင့်ထိန်းသောအမေ။

စီးပွားရေးကိုသာ ခေါက်ချလုပ်လာခဲ့သည်။ အမေကျင်လည်သော အရောင်းအဝယ်၊ ဈေးဆိုင်၊ စတိုးဆိုင် စသည်များကို ဖိုးချဲ့လုပ်သည်။ သူ့မိတ်ဆွေများနှင့် ဖက်စပ်ကုမ္ပဏီတွေလိုက်လုပ်သည်။

အဖေကွယ်လွန်သွားသည့်တိုင်အောင် စီးပွားရေးယိုင်နဲ့လျော့ကျခြင်း လုံးဝမရှိခဲ့။ လူနေမှုအဆင့်အတန်းမှီအောင် အမေကြိုးစားသည်။ ကြိုးစားသမျှလည်း အောင်မြင်သည်။

သားသမီးတွေကို လက်ဆေး ထမင်းစား၊ ကျောင်းတက်၊ စာကျက်၊ သည့်မျှဖြင့်သာ အချိန်ကုန်စေခဲ့သည်။ တကယ့်မိခင်ကောင်းပီသသောအမေပါပေ့။

သို့သော် တစ်ခုသောနေ့တွင် အမေစိတ်ထိခိုက်ရတော့သည်။ မမကြီးဘွဲ့ယူပြီး မကြာခင် လင်နောက်လိုက်ပြေးသွားခြင်းကြောင့်ဖြစ်သည်။

အမေသဘောတူထားသည့်ကတစ်ယောက်၊ မမကြီးယူသည်ကတစ်ခြားတစ်ယောက်။

မမကြီးကလည်း တက္ကသိုလ်ရောက်တော့ သူ့အိမ်ထောင်ဘက် သူရွေးခြင်းဖြစ်မည်။ သို့သော် သူ့မှာချစ်သူရှိနေပြီဟူသော စကားကို အမေ့အားမပြောရဲ။

ဆုံးဖြတ်ချက်ကြီးသော၊ ပြတ်သားခိုင်မာလွန်းသည့် အမေ့စိတ်ကိုသိသည်။ ဖွင့်ပြောလျှင်လည်း အမေက သူသဘောတူထားသူသာ ယူရမည်ဟု အတင်းအကျပ် ဆိုပေလိမ့်မည်။

ထို့ကြောင့် သူအိမ်ထောင်ပြုမည့်အကြောင်းကို အသိပေးခြင်း၊ တိုင်ပင်ခြင်း အလျဉ်းမရှိဘဲ လင်နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလေသည်။

အမေသည် မမကြီးလင်နောက်လိုက်သွားသည့်သတင်းကို ဖုန်းမှတစ်ဆင့် ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် သူ့ဒေါသသူမထိန်းဘဲ မတ်တတ်ကပြိုလဲပြီး တက်သွား၍ မနည်းဝိုင်းဝန်းပြုစုကြရသည်။ သည်မျှအထိ စိတ်ဓာတ်ပြင်းထန်သောအမေ။

"အမေရယ်၊ မမကြီးက အမေ့ကိုကြောက်လို့ မတိုင်ပင်ရဲပဲ လိုက်ပြေးသွားတာဖြစ်မှာပေါ့။ အမေ စိတ်ပြေသွားပြီလို့ထင်တဲ့တစ်နေ့ သူတို့ ရောက်လာကြမှာပါ"

"ဟဲ့ ... ကျော်ဆန်း"

အမေက ကျော်ဆန်းကိုဟောက်သည်။ သို့သော် ကျော်ဆန်းက လည်း သူ့စကားကို ဆက်ပြောသည်။

"မမကြီးက စိတ်ထားမည့်ပါဘူး အမေရယ်၊ သူရွေးတဲ့ ယောက်ျားက ဂုဏ်နဲ့၊ အဆင့်နဲ့လူပဲဖြစ်မှာပါ"

"ကျော်ဆန်း"

"ဗျာ - မေမေ"

"နင် ငါ့အနားက အခုထွက်သွားစမ်း"

"မေမေကလဲဗျာ၊ စိတ်ချည်းပဲ။ ကိုယ်ကသမီးရှင်ပဲဥစ္စာ၊ နည်းနည်းပါးပါးတော့ လျှော့ဦးမှပေါ့"

"ဒုန်း ... ဟဲ့ ကျော်ဆန်း"

အမေ ကုတင်ကို ဖိနပ်ပေါက်ပြီး ဟောက်အော် အော်လိုက်၍ ကျော်ဆန်း လန့်ဖျတ်ပြီး တစ်ချိုးတည်း အပြင်ရောက်သွားသည်။ သည့်မျှအထိ ပြင်းထန်သောအမေ။ အမေ ထိုသို့ ပြင်းထန်လွန်းနေ၍ ပင် မမကြီးက သူ့အိမ်ထောင်ပြုမည့်အရေးကို အမေ့အား မတိုင်ပင်ရဲဘဲ လိုက်ပြေးသွားခြင်းဖြစ်သည်။

သည့်လိုနှင့် မမလေးလည်း ဘွဲ့ယူပြီးမကြာခင်ပင် လင်နောက် လိုက်ပြေးသွားပြန်သည်။

အမေ့မှာလည်း သူစီစဉ်ထားသည့်အတိုင်း ဖြစ်မလာရကောင်းလားဆိုပြီး မမကြီး လင်နောက်လိုက်ပြေးသွားတုန်းက အတိုင်းပင် အကြီးအကျယ် ဒေါသပေါက်ကွဲပြန်သည်။

ကျော်ဆန်းကတော့ သူတို့အကြောင်းကိုတွေးပြီး စိတ်လည်း မဆိုး၊ ဝမ်းလည်းမသာ၊ အမေ့အဖြစ်ကိုကြည့်ပြီးသာ တခွီခွီရယ်၏။

အမေက သူ့ကို ရယ်ရကောင်းလားဆိုပြီး ကျော်ဆန်း၏ မိုက်သားတွေကို ဆွဲလိမ်သည်။ မခံနိုင်တော့ ကျော်ဆန်းအမေ့ဆီမှ ရုန်းထွက်ပြီးပြေးသည်။

. . . ဩော် အမေရယ်၊ အမေ့သမီးတွေက အရွယ်ရောက်နေကြပြီပဲဥစ္စာ လင်လိုချင်ကြတော့မှာပေါ့၊ ဒီတော့ သူတို့ကြိုက်တဲ့လူကို ရွေးယူကြတာဆန်းသလား။ ဒါအပြစ်တဲ့လားအမေရယ် . . .

သို့သော် သည်စကားကို အမေကြားအောင် ကျော်ဆန်းမပြောရဲပေ။

* * *

"မမကြီးနဲ့မမလေး၊ အခုတစ်လော အမေကျန်းမာရေးမကောင်းဘူးနော်။ အတော်လေးဖြစ်နေတယ်။ အဲဒါ နင်တို့ဒီအတိုင်းနေလို့ ကောင်းမလား"

ကျော်ဆန်းက ဤသို့ပြောလိုက်ရာ မမကြီးနှင့် မမလေးတို့ အံ့ဩထိတ်လန့်ဖြစ်သွားကြ၏။ စိုးရိမ်ကြောင့်ကြမှုများနှင့်အတူ အတော်လေးလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်ကို တွေ့လိုက်ရသည်။

ကျော်ဆန်းက အမေမသိအောင် မမကြီးနှင့်မမလေးတို့အိမ်သို့ သည်အတိုင်း ခိုးခိုးလာနေကျ။ လာမည့်နေ့တိုင်းတွင်လည်း အမေမသိအောင် မမကြီး၏အိမ်ကိုဖြစ်စေ၊ မမလေး၏အိမ်ကိုဖြစ်စေ၊ ကြိုတင်ဖုန်းဆက်ထားကာ လာပြီး အမေ့သတင်း၊ အိမ်သတင်းတွေကို ပြောနေကျ။

မမကြီးနှင့် မမလေးတို့သတင်းကို ပြန်ပြောပြလျှင်တော့ အမေ့ဆီမှာ ကျော်ဆန်းအဟောက်ခံရမြဲ။

အမေနှင့်အစ်မများ ကြည်ဖြူသင့်မြတ်ကြရေးကို ကျော်ဆန်းကြိုးစားပြီး ဆက်သွယ်ခဲ့သော်လည်း ယနေ့ချိန်ထိ အောင်မြင်မှုမရ

ရှိသေးပေ။ အမေက သည့်မျှအထိ စိတ်ကြီးသည်။ ဒေါသမလျှော့။ မမကြီးကမွေးသော သမီးဦးငါးနှစ်၊ မမလေးက မွေးသောသားဦး ရှစ်လ။ ရတနာလေးတွေ အသီးသီးရှိနေကြပြီ။

သို့သော်လည်း အမေသည် ယနေ့ချိန်ထိ သမီးတွေကို အဆက်အသွယ်မလုပ်သေးပေ။ ကျော်ဆန်းက မမကြီးနှင့် မမလေးတို့ဆီကို မကြာခဏရောက်သည်။ သူတို့စီးပွားရေး ပြေလည်နေကြ၍လည်း ကျော်ဆန်းဝမ်းသာသည်။

သူတို့ယောက်ျားတွေကလည်း သဘောကောင်း၊ ရုပ်ချော၊ ဥစ္စာပေါ်သူတွေချည်း။ ကျော်ဆန်းကပင် တစ်ခါတစ်လေ အစ်မများဆီကပ် ပြီး မုန့်ဖိုး ငါးရာ၊ တစ်ထောင် တောင်းတတ်သည်။

"အမေ နေမကောင်းတာကိုတော့ လာကြည့်ချင်ပါတယ် ကျော်ဆန်းရယ်၊ ဒါပေမယ့် ဖြစ်ပါ့မလား"ဟု မမကြီးက စိုးရိမ်ကြောင့်ကြသံနှော၍ပြော၏

"ဘာလို့ မဖြစ်ပဲနေမှာလဲဟဲ့။ သမီးနဲ့အမေပဲ တော်ကြာ စိတ်ပြေသွားကြတာပဲဥစ္စာ။ အခုဆို နင်တို့မှာတောင် ကလေးတွေကိုယ်စီရှိနေကြပြီ။ အမေ့ဆီကို တစ်ခေါက်မှမလာကြဘူး။ နင်တို့မလွန်ဘူးလား"ဟု ကျော်ဆန်းက အပြစ်တင်တစ်ဝက်ဖြင့် ပြောလိုက်သည်။

"ဒါတွေကိုတော့ တို့လဲ စဉ်းစားကြပါတယ်ဟယ်။ ဒါပေမယ့် တို့အမေကိုကြောက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လာရင်လဲ တစ်ယောက်တည်း လာလို့မကောင်းဘူးလေ"

"ဒါပေါ့၊ နင်တို့ယောက်ျားတွေကိုရော၊ ရတနာလေးတွေကိုပါ

ခေါ်လာခဲ့ကြပေါ့။ သမီးတို့ အမေ့ကိုကန်တော့ဖို့လာကြတာပါ၊ အမေ ကျန်းမာလား၊ နေကောင်းလား၊ ဘာညာပေါ့ဟာ"

စကားမပြောဘဲ ကျောက်ရုပ်လိုနေသော မမလေးက မမကြီး အား ကျော်ဆန်းအကြံပြုနေသည်ကိုသဘောကျပြီးပြုံး၏။

"ဟုတ်တယ်ဟဲ့၊ ငါအကောင်းပြောတာ။ အခုတလော အမေ အတော်လေး နေမကောင်းဖြစ်နေတယ်။ ဒီတော့ နင်တို့ကိုလဲ မြင်ချင် မှာပေါ့။ မနက်က ငါဆန်ပြုတ်ကြိုတိုက်တယ်။ ပါးစပ်မတွေ့ဘူးဆိုပြီး မသောက်ပဲနေတယ်။ ငါကလဲ ကောင်းအောင်မလုပ်တတ်တော့ ပါးစပ် မတွေ့တာဖြစ်မှာပေါ့ဟာ။ အမေကကြက်သားဆန်ပြုတ်ကြိုက်တယ် မဟုတ်လား။ ပုစွန်တုပ်လဲကြိုက်တယ်။ အဲဒါ နင်တို့ကတစ်ယောက် တစ်ခုစီလုပ်ယူလာခဲ့ကြပေါ့ဟုတ်လား။ ဒါပေမယ့်နော် ငါ နင်တို့ဆီသို့ လာပြီး ဒီအကြောင်းတွေကို စီစဥ်ပြောဆိုတဲ့ဟာတော့ အမေ့ကို မသိ စေနဲ့။ ကဲ-ဟုတ်ပြီ။ ငါပြန်မယ်။ နင်တို့မလာပဲမနေကြနဲ့ သိလား"

စကားပြောပြီးသည်နှင့် ကျော်ဆန်းလှည့်ပြန်လာခဲ့သည်။

* * *

"တိန် ... နောင်"

အိမ်တံခါးဝမှ ဘဲ(လ်)မြည်သံကြား၍ အမေလှည့်ကြည့်သည်။ အမေနေမကောင်းစဖြစ်ကတည်းက သတင်းလာမေးသူများ အတွေ့ရ လွယ်အောင်ဆိုပြီး အပြင်ဧည့်ခန်းမှာပင်နေသည်။

"တိန် ... နောင်"

"ကျော်ဆန်း"

"ဗျာ မေမေ"

"တံခါးလာဖွင့်ဦး"

"ဟုတ်ကဲ့"

ကျော်ဆန်းသူ့အခန်းထဲမှ အပြေးကလေးထွက်လာခဲ့သည်။ အမေ့ဘက်သို့ တစ်ချက်မျှလှည့်ကြည့်လိုက်ပြီး တံခါးကိုဆွဲဖွင့်လိုက်သည်။

"ဟာ မမကြီးနဲ့ မမလေးတို့ပါလား၊ အကုန်သူ ပါလာကြတယ်။ အမေ့ကိုကန်တော့ဖို့ လာကြတာထင်တယ်။ လာလေ လာ အထဲဝင်ကြပါ"

ကျော်ဆန်းက တံခါးဖွင့်ပေးရင်း နှုတ်ဆက်ရင်းနှင့် အိမ်အခန်းထဲသို့ အစ်မ၊ ယောက်ဖ၊ တူ၊ တူမများအား ခေါ်လာခဲ့သည်။

အမေသည် သမီး၊ သားမက်၊ မြေးများ အလှူအလှူဝင်လာကြသည်ကို ငေးကြောင်ကြည့်နေ၏။ အမေ၏တင်းနေသော မျက်နှာကြီးကို ကြည့်ပြီး သမီး၊ သားမက်၊ မြေးများအား ဟောက်များပစ်မလား၊ မောင်းထုတ်မလားဟုတွေးပြီး ကျော်ဆန်းစိုးရိမ်နေသည်။

မမကြီးနှင့် မမလေးတို့မိသားစု အမေ့ရှေ့တွင် ခပ်ယို့ယို့ ခပ်လေးထိုင်လိုက်ကြသည်။

အမေက စကားမဆိုဘဲ သူ့ပရိသတ်တွေကို တစ်ယောက်ချင်း ကြည့်နေသည်။ အမေစကားမဆို၍ သမီး၊ သားမက်၊ မြေးများမှာလည်း အသံတိတ်လျက်၊ တုတ်တုတ်မလှုပ်ဘဲငြိမ်နေကြသည်။ အမေ့မျက်စိတွေက သားမက်များကို အဓိကထားပြီးကြည့်သည်။

. . . အင်း လူတွေကတော့ အချောသား၊ အရပ်မြင့်မြင့် အသား ဖြူဖြူ ခန့်ခန့်ချောချောတွေချည်း။ ဝတ်ထားကြတာတွေကလဲ ကော့လို့ ပျံလို့၊ စိန်ရောင်မြရောင်တလက်လက်နဲ့။ ခေတ်မီတဲ့လူတွေချည်း။ သူတို့ မို့လို့ပဲ လင်ချောချောတွေကို ရွေးယူတတ်ကြပလေတယ်။

အမေ ဤသို့တွေး၏။ အမေ့မျက်နှာတွင်တင်းနေသော ဒေါသ အရိပ်အငွေ့များလည်း အနည်းငယ် လျော့ပါးစပြုလာသည်ဟုထင်၏။

မမကြီး၏သမီးအကြီးမက သူ့အဘွားနားကပ်သွားပြီး ကျုံ့ကျုံ့ ထိုင်လျက် ခပ်ချွဲချွဲလေးနှုတ်ဆက်၏။

"အဘွား နေကောင်းလား၊ သမီးတို့ဘာလုပ်ပေးရမလဲ"

အမေ ဘာစကားမျှမဆို။ မြေးမလေးမျက်နှာကို စိုက်ကြည့် နေသည်။

"အဘွား . . ."

"အေးဟေ့ နေကောင်းပြီ။ နင်တို့ကိုမြင်ရလို့ ငါ့ရောဂါတွေ ပျောက်ကုန်ပြီ"ဟု အမေက သူ့အသံခပ်မာမာနှင့် ပြောလိုက်သည်။ မမကြီး၏သမီးက ခပ်ယဲ့ယဲ့လေးပြုံး၍သာနေ၏။

မမလေး၏သားက သူ့အမေရင်ခွင်မှဆင်း၍ ဒူးတွားသွားပြီး သူ့အဘွားပေါင်ပေါ်လက်တင်ကာ အဘွား၏မျက်နှာကိုမော်ကြည့် နေသည်။ ဤတွင် အားလုံးအံ့သြနေကြ၏။ သည်ကလေးက အတော် မျက်နှာရွေးသည်။ သူ့အဖေ၊ အမေကလွဲပြီး မည်သူ့ဆီကိုမျှမလိုက်။ တစ်ဦးတစ်ယောက်ပွေ့ချီသည်ကိုမျှမခံ။

ယခုမူ သူ့အဘွားက မခေါ်မပြော၊ နှုတ်မဆက်ဘဲလျက် သူ့သဘောနှင့်သူသွားသည်။ တစ်အောင့်လေး အဘွားမျက်နှာကို အကဲခတ်ကြည့်နေပြီး တစ်စုံတစ်ခုမျှ ထူးခြားချက်မရှိသည်ကိုသိလျှင် အဘွားရင်ခွင်သို့ ဒူးတွားတက်သွား၏။ နေသားကျအောင်ထိုင်ပြီးသည်နှင့် ဆီးပေါက်လေသည်။


အကုန်သူ စိုးရိမ်ထိတ်လန့်ဖြစ်ပြီး မျက်လုံးပြူးနေကြ၏။ ကလေးကို အမေဟောက်ပစ်မလား၊ ကိုင်များပေါက်ပစ်လေမလား ဟု ....

ကလေးအမေဖြစ်သူ မမလေးခမြာမှာ ပိုပြီးထိတ်ထိတ်ပြာပြာဖြစ်သွားသည်။ သူ့သား ဆီးပေါက်သည်ကိုမြင်သည်နှင့် ''ဟင်... ပေါက်ပြီ''ဟု မတိုးမကျယ်အော်ကာ သူလှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ သူ့ယောက်ျားကိုလည်း ကွက်ခနဲကြည့်သည်။ အမေ့ဆီကိုလည်း အကြည့်ရောက်သည်။ သူ့ကိုယ်တွေကျုံ့ခနဲဖြစ်သွားပြီး အကြီးအကျယ် စိုးရိမ်သွားဟန်ရှိသည်။

သို့သော် အမေ့မှာ စိတ်မဆိုးသည့်အပြင် သူ့မြေးလုပ်လိုက်သည်ကို သဘောကျပြီး ပြုံးပြုံးကြီးသာနေတော့သည်။

အမေပြုံးသည်ကိုမြင်ရမှ ဝမ်းသာကြသော သားသမီးများမှာလည်း အောင့်အင်းမနေနိုင်ကြတော့ဘဲ ဝေါခနဲ တစ်ပြိုင်တည်း ရယ်လိုက်ကြလေသည်။

**မင်းဟိန်းထိဝ်**





# အဖေ့သား

အိမ်ခန်းကြီးတစ်ခုလုံး ခြောက်သွေ့နေ၏။ စကားပြောသံဟူ၍ စိုးစဉ်မျှမကြားရဘဲ လူမနေသော အိမ်ကြီးတစ်လုံးကဲ့သို့ တိတ်ဆိတ်နေသည်။ ဤသို့ တိတ်ဆိတ်နေခဲ့သည်မှာ လဝက်နီးပါးရှိခဲ့ပြီ။ အိမ်မှာ လူတွေရှိနေကြပါလျက် တိတ်ဆိတ်ခြင်းကသာ ကြီးစိုးနေ၏။ အမေ့မှာမူ ကျောက်ရုပ်ကိုတည်ထားသည့်အလား မတုန်မလှုပ်ထိုင်လျက် ကြမ်းပြင်ကိုသာ စိုက်ကြည့်နေသည်။

မိသားစု၏ပျော်ရွှင်မှုများ ကင်းမဲ့ခြင်းကို ရက်အတန်ကြာမျှ ခံစားလာရသောအခါတွင် မကြာသေးမီက ကွယ်လွန်သွားသော အဖေ့အား သတိရခြင်းများစွာဖြစ်လာမိပြန်သည်။

အဖေသည် မိသားစုနှင့်အတူတကွ ပျော်ရွှင်စွာနေထိုင်ရင်းက အသက် ၄၇ နှစ်အရွယ်မှာပင် ကွယ်လွန်သွားခဲ့သည်။ မျက်စိဝါ၊ ဆီးဝါ၊ အသားဝါရောဂါကို ၂၈ ရက်မျှ ခံစားခဲ့ရပြီးနောက် လောကထဲမှ အပြီးတိုင် ထွက်ခွာသွားသည်။

အဖေမှာ ၄၇ နှစ်ပတ်လုံး အမည်းစက်ကင်းစွာနေထိုင်သွား ခဲ့သည်။ အမျိုးအကျိုးကိုလည်း မိသားစုစားဝတ်နေရေးကဲ့သို့ ဆောင် ရွက်ခဲ့သူဖြစ်သည်။ ဘဝကူးစောလွန်းသောအဖေ့အား တွေးမိတိုင်း ရင်ထဲတွင် ဆွေးမြေ့စွာဖြင့် ခံစားရသည်။

""ဖေဖေ ဦးအောင်သိန်း အသက် ၄၇ နှစ် ၁၃၄၂ ခု၊ တပို့တွဲ လဆုတ် ၅ ရက် ကွယ်လွန်""ဟု မှတ်တမ်းထဲတွင် ရေးမှတ်ထားသည်။ အဖေကွယ်လွန်သွားရသည့် အကြောင်းခြင်းရာများကိုလည်း မေ့၍ မရပေ။ နေပူကျဲကျဲ၌ ပင်ပန်းသောဒဏ်ကို လွန်ကဲစွာခံရခြင်းကြောင့် မျက်စိဝါ၊ ဆီးဝါ၊ အသားဝါရောဂါ စွဲကပ်လာခြင်းဖြစ်သည်။ ထို ရောဂါနှင့်ပင် အဖေကွယ်လွန်သွားသည်။

အဖေသည် ရပ်ရွာအကျိုးပြု ကာလသားခေါင်းဆောင်တစ်ဦး ဖြစ်သည်။ အရွယ်ရောက်၍ကာလသားဖြစ်သည့်အချိန်မှ ထိုကာလသား ခေါင်းဆောင်တာဝန်ကို မပျက်မကွက်ထမ်းဆောင်လာခဲ့သည်။ အမေ နှင့် အိမ်ထောင်ကျ၍ အိမ်ထောင်သည်ဘဝသို့ရောက်သော်လည်း ထို တာဝန်က အဖေ့နှုတ်မထွက်ခဲ့။

ရွာဦးကျောင်းဆရာတော်၊ ရွာသူကြီးနှင့် ရွာသားများကလည်း သဘောကျ၊ သူကိုယ်တိုင်ကလည်း နှစ်သက်သဖြင့် ယခုကွယ်လွန် သည့်နေ့ရက်များအထိပင် ကာလသားခေါင်းဆောင်တာဝန်ကို အဖေ မပျက်မကွက် ထမ်းရွက်သွားသည်။

သို့အတွက်ကြောင့်ပင် ကာလသားခေါင်းဆောင်ဖြစ်သည့် အလျောက် သူတို့ကာလသား၊ ကာလသမီးများ၏ ရန်ပုံငွေဖြင့် ဘုန်း

တော်ကြီးကျောင်းနှင့် ရွာအကြားရှိ နွေရော၊ မိုးရော ရေမပြတ်စီးနေသည့် ချောင်းကြီးကို တံတားထိုးရန်အတွက် အဖေတာဝန်ယူခဲ့သည်။

တံတားထိုးရန်အတွက် ရန်ပုံငွေရရေးကတစ်ကြောင်း၊ တံတားကို သင်္ကြန်မကျမီ ပြီးစေလိုသောဆန္ဒရှိနေသည်ကတစ်ကြောင်း၊ သင်္ကြန်မကျမီ တံတားပြီးနိုင်မှ ရွာက သက်ကြီးရွယ်အိုများ၊ အဘိုးအဘွားများ၊ ဘုန်းကြီးကျောင်းသို့ ဥပုသ်စောင့်ရန် သွားနိုင်ကြမည်ဖြစ်သည်။

လွန်ခဲ့သည့်နှစ်တွေမှ ယခင်တံတားအိုကြီးရှိနေသေး၍ အတန်အသင့် သွားလာနိုင်ကြသော်လည်း ယခုတွင်မူ ထိုတံတားအိုကြီးကို လုံးဝသုံး၍မရတော့ပေ။ သို့အတွက်ကြောင့် ယခုနွေရာသီမှာသာ တံတားအသစ်ကို ပြီးအောင်မဆောက်နိုင်လိုက်လျှင် မိုးရာသီ၌ ပိုပြီးအခက်တွေ့လာနိုင်သည်။

ရွာထဲသို့ဆွမ်းတော်ခံရန် ကြွလာကြသည့် ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားများ ရှစ်ရက်၊ လပြည့်၊ လကွယ်နေ့တိုင်း ရွာထဲမှ ဥပုသ်သီလ စောင့်ရန်သွားကြမည့် သက်ကြီးရွယ်အို၊ အဘိုးအဘွားများ၊ သည်ချောင်းကြီးသာ ရေတွေပြည့်နေပါက အခက်အခဲများစွာ တွေ့နိုင်သည်။

ဤသို့ရှိနေသောကြောင့်ပင် အဖေ့မှာ သူ့ကျန်းမာရေးကို ဂရုမစိုက်နိုင်ဘဲ အလုပ်ထဲ၌သာ စိတ်စောနေသည်။ ထိုသို့ နေပူမွန်းတည့်မရှောင် လုပ်လာသော အပင်ပန်းဒဏ်က အဖေ့မှာ မျက်စိဝါ၊ ဆီးဝါ၊ အသားဝါရောဂါ စွဲခဲ့ခြင်းဖြစ်သည်။ အဖေ့အား အထိနာစေသည်။

ရောဂါရပြီးနောက် ကံကြမ္မာ၏ အဆုံးအဖြတ်က နီးသည်ထက် နီးလာ၍ မီးစာကုန်၊ ဆီခန်းပြီး သူ့ဘဝ မျှော်လင့်ချက်မရှိသည်ကို သိသောအခါ အိမ်မှုကိစ္စများအပြင် သူထမ်းရွက်ဆဲဖြစ်သော ကာလ သားခေါင်းဆောင်တာဝန်ကိုပါ သားဖြစ်သူ မောင်အေးချမ်းအား လွှဲ အပ်သည်။

"သား အဖေ့စကားကိုနားထောင်ပါ၊ မပြီးပြတ်ပဲကျန်နေတဲ့ အဖေ့အလုပ်တွေကို သားဆက်လုပ်ပါ။ တွေးပြီးပူမနေနဲ့၊ လုပ်ငန်း သဘောကို နားမလည်ရင် အပျိုကြီး မအိမ်စိုးခိုင်ကိုမေး။ နောက်ပြီး အဖေရေးထားတဲ့ နေ့စဉ်မှတ်တမ်းကိုဖတ်"

အဖေနှင့်အတူတွဲလုပ်လာခဲ့သော အဖေ့ထက် အသက် ဆယ်နှစ် ခန့်ကြီးသည့် အပျိုကြီး ဒေါ်အိမ်စိုးခိုင်သည်လည်း လုပ်ငန်း၏သဘော ကို အဖေနည်းတူ နားလည်သည်။ သို့သော်လည်း ဒေါ်အိမ်စိုးခိုင်မှာ လုပ်ငန်း၏သဘောကိုသာ နားလည်သည်။ မိန်းမသားဖြစ်၍ ထိုအလုပ် တွေကို ဒေါ်အိမ်စိုးခိုင် ဦးဆောင်ဦးရွက်မပြုနိုင်ပေ။

"အဖေရယ်၊ ကျွန်တော်က အဖေ့အလုပ်တွေနဲ့ပတ်သက်ပြီး သိပ်လည်းနားမလည်ဘူး။ ဒါကြောင့်ပဲ အဖေ့အလုပ်တွေကို ကာလသား အကြီးထဲက တစ်ယောက်ယောက်ကို လွှဲအပ်လိုက်ရင် ပိုပြီးမကောင်း ဘူးလား"

"ဖြစ်မယ်မထင်ပါဘူးကွယ်၊ ကာလသားခေါင်းဆောင်ဆိုတာ က ရပ်ရွာအကျိုးပြု အလုပ်တစ်ခုခုကို လုပ်နိုင်မှကောင်းတာ၊ အဖေလုပ် ထားခဲ့တာတွေကို လက်ရှိကာလသားတွေမှာလည်း လုပ်တတ်မယ့်လူကို

တစ်ယောက်မှမမြင်ဘူး။ ဒါကြောင့် အဖေ့လက်စကို သားဆက်လုပ်နိုင်ရင် သိပ်ကောင်းမှာပဲ''

အဖေသည် အသက်ရှူကျပ်နေသည့်အထဲက စကားတွေကို အများကြီးပြောနေ၏။ အားအင်များကုန်ခမ်းပြီး လျှောက်လှမ်းဆဲခရီးက လမ်းဆုံးနေပြီဖြစ်၍ သူ့ဘဝမျှော်လင့်ချက်မရှိသည်ကိုသိသဖြင့် သားဖြစ်သူ ကျွန်ုပ်အား လက်ဆင့်ယူ၍ ဆက်လုပ်ရန် တာဝန်လွှဲနေသည်။

အသက်ရှူကျပ်နေသည့်ကြားက အားတင်းပြီးပြောနေသည့် အဖေ့အား သနားမိသည်ကတစ်ကြောင်း၊ အဖေ၏ဆန္ဒကို လိုက်လျောလိုသည်ကတစ်ကြောင်း၊ ထိုအကြောင်းအမျိုးမျိုးတွေ ရှိနေသောကြောင့်ပင် အဖေ့လက်စအတိုင်း ဆက်လုပ်ရန် ကျွန်ုပ်ခေါင်းညိတ်လိုက်ပါသည်။

အဖေ့မှာ ဝမ်းသာလွန်း၍ထင်သည်။ မျက်ရည်များပင် စို့ထွက်လာ၏။ ချက်ချင်းပင် ခေါင်းအုံးအောက်က လုပ်ဆဲလုပ်ငန်းများ၏ စာချုပ်ကို နှုတ်ယူပြီး မောင်အေးချစ်၏လက်ထဲသို့ထည့်ကာ စာချုပ်နှင့် မောင်အေးချစ်ကို အဖေ အတန်ကြာမျှ ဆုပ်ကိုင်ထားလိုက်သည်။

''ဝမ်းသာလိုက်တာကွယ်၊ အဖေ့အလုပ်တွေကို ငါ့သားက အခုလို တာဝန်ယူလိုက်တဲ့အတွက် အဖေ အသက်ထွက်ဖြောင့်ပြီပေါ့။ အဖေ သေပျော်ပါပြီကွယ်'' ဟုပြောပြီး သား၏မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်းက ဆုပ်ကိုင်ထားသော အဖေ၏လက်များ ပြေလျော့လာ၏။ ပြီးနောက် တစ်စတစ်စနှင့် အဖေ၏ရုပ်သွင်သည် လုံးဝငြိမ်ကျသွားလေသည်။

ဤသို့ဖြင့် အဖေ့အား သတိရတိုင်း အဖေမှာသွားသောစကား တွေကိုလည်း ကျွန်ုပ် ပြန်လည်ကြားယောင် မြင်ယောင်နေမိခြင်းဖြစ် သည်။

* * *

ညနေ မှောင်ရီသမ်းစအချိန်တွင်ဖြစ်သည်။ အိမ်နောက်ဘက် ဝါးရုံဖုတ်များဆီက ကျီးကန်းနှင့်ဆက်ရက်များ၏ အိပ်တန်းလုနေကြ သံတွေလည်း တိတ်ဆိတ်သွားကြလေပြီ။

မောင်အေးချမ်းသည် ရေနံဆီမီးခွက်ကိုထွန်းညှိပြီး အဖေရေးခြစ် မှတ်သားထားခဲ့သော မှတ်တမ်းစာအုပ်များကို ဖတ်ရှုနေသည်။ ကာလ သား ကာလသမီးများနှင့်ပတ်သက်သည့် မှတ်သားလိုက်နာကျင့်သုံးရ မည့် အကြောင်းအရာအတော်များများကို တွေ့သည်။ တစ်ခြား မှတ် သားစရာတွေကိုလည်း အတော်များများ တွေ့သည်။

"မောင်အေးချမ်း အိပ်ပြီလားကွ"

အသံတစ်ခုကြား၍ မောင်အေးချမ်း လမ်းမကို မျှော်ကြည့်လိုက် သည်။ ရွာသူကြီး၊ လူပြန်တော် ဦးဇောတိနှင့် အရပ်လူကြီးသုံးလေး ယောက်တို့ ခြံတံခါးတွန်းဝင်လာနေကြသည်ကို တွေ့လိုက်ရသည်။

"မအိပ်သေးဘူးခင်ဗျ" ဟုပြောပြီး မောင်အေးချမ်းသည် အိမ် ပေါ်ကပြေးဆင်းလိုက်သွားကာ ရွာသူကြီးများအား အိမ်ပေါ်သို့ခေါ်လာခဲ့ သည်။ ဆေးကွမ်း လက်ဖက်များဖြင့် တည်ခင်းဧည့်ခံသည်။ ရေနွေး ခွက်တွေကို စီနေအောင်ချပြီး ရေနွေးငှဲ့ထည့်ပေးသည်။ ရွာသူကြီးက ရေနွေးတစ်ခွက်ကို ကောက်သောက်လိုက်ပြီး ...

“မင်း ကာလသားခေါင်းဆောင်လုပ်တာနဲ့ပတ်သက်ပြီး ရွာသူရွာသားတွေက အားရဝမ်းသာဖြစ်ကြတဲ့အကြောင်းနဲ့ ဆရာတော်က အမိန့်ရှိလိုက်တဲ့အကြောင်းတွေကိုပါ မင်းသိအောင် ပြောပြချင်လို့ တို့လာခဲ့ကြတာ”

“ဟုတ်ကဲ့ အမိန့်ရှိကြပါခင်ဗျ”

“မင်းအမေကော မမြင်ပါလား” ဟု ရွာသူကြီးကမေးသည်။

“ရှိပါတယ်ခင်ဗျ” ဟုပြောပြီး မောင်အေးချမ်းက အမေ့အားခေါ်လိုက်သည်။ အမေ မီးဖိုချောင်မှ ထွက်လာသည်။

“မင်းကို မင်းအဖေက သူမကွယ်လွန်မီကပင် ကာလသားခေါင်းဆောင်တာဝန်တွေကို လွှဲအပ်ထားခဲ့တယ်မဟုတ်လား။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ရပ်ရွာခေါင်းဆောင်တွေ၊ ရွာသူရွာသားတွေနဲ့ ကျောင်းထိုင်ဆရာတော်ကပါ ချွတ်ယွင်းချက်မရှိ သဘောတူလက်ခံကြတယ်။ အဲဒါကတော့ မင်းရဲ့စိတ်ရင်းနဲ့ မင်းရဲ့ကောင်းခြင်းလက္ခဏာတွေကို သိနေကြလို့ပဲပေါ့”

“ဟုတ်ကဲ့”

“ဒါပေမယ့် မင်းက လောကီရေးရာတွေကို သိပ်ပြီးသိကျွမ်းနားလည်မှုမရှိသေးတဲ့ ရှင်လိင်ပြန်ကလေးဆိုတော့လည်း အလုပ်လုပ်ရမယ့်အကြောင်းတွေတွေးပြီး စိတ်ထဲက မရဲမဝံ့ဖြစ်ချင်ဖြစ်နေမှာပေါ့။ ဒါကတော့ ဘယ်သူမျိုးမဆိုပေါ့ကွာ။ လုပ်ငန်းအသစ်တစ်ခုကို လုပ်စမှာဖြစ်တတ်တဲ့ သဘောပါပဲ။ ဒါပေမယ့် မင်းဘာမှ အားမငယ်နဲ့။ မဝံ့မရဲဖြစ်နေစရာလည်းမလိုဘူး။ ကောင်းတဲ့အလုပ်တွေကိုလုပ်ရင်းက အမှား

အယွင်းတစ်ခုခုရှိလာခဲ့ရင်လည်း ကိစ္စမရှိပါဘူး။ ပြုပြင်လို့ အများကြီး ရတယ်။ မင်းဘက်က ဘကြီးတို့ အမြဲတမ်း ရပ်တည်လို့ရှိတယ်ဆိုတာ ကို မင်းယုံကြည်ထားပါ''

''ဟုတ်ကဲ့၊ ကျွန်တော် ကြိုးစားပြီးလုပ်ပါ့မယ်ခင်ဗျ''

''အေး ... ဒါနဲ့ ဆရာတော်က အမိန့်ရှိလိုက်တာကိုလည်း တစ်ဆက်တည်းပြောပြရဦးမယ်။ ဆရာတော်က မင်းကို အတော်လေး အားကိုးရှာတယ်။ ဒီကောင်လေးကို ကိုရင်ဝတ်က လိင်ပြန်ပေးလိုက်ရ တာ ငါသိပ်နမြောတယ်တဲ့။ သူ့အဖေရဲ့အခြေအနေမကောင်းတာကို မြင်လို့သာ ရှင်လိင်ပြန်ပေးလိုက်တာတဲ့။ စာလည်းတော်တယ်။ အနေ လည်းကောင်းတယ်။ ကျောင်းမှာလည်း ငါ့အလုပ်တွေကိုဝင်ပြီး လုပ် ပေးတာမှာ စာကူချပေးတဲ့အပြင် ရပ်ရွာရဲ့ဒုရေးသုရေးတွေကိုအထိ လည်း လိုက်လုပ်နိုင်စွမ်းရှိနေပြီတဲ့။ ပဋ္ဌာင်းဖြစ်ပြီးပြီးချင်း ရန်ကုန်ကို ပို့မယ်ဆိုပြီး ငါစိတ်ကူးနဲ့ စီစဉ်ထားတယ်။ ဒါပေမယ့် အခုတော့ သူ့ခမြာ လယ်ထဲယာထဲမှာ နွားနဲ့အတူ ရုန်းရတော့မယ်တဲ့။ ဆရာတော် က သူစိတ်မကောင်းဖြစ်နေမိတဲ့စကားတွေကို တသီကြီးပြောပြလိုက် တယ်''

''မင်း လိင်ပြန်သွားရတဲ့ကိစ္စကို ဆရာတော်က တကယ်စိတ် မကောင်းဘူး'' ဟု ဦးဇေဝိက ဝင်ပြောပြန်သည်။ မောင်အေးချမ်းက ဘာမျှဝင်မပြော။ ရွာသူကြီးက သူ့စကားကို ပြန်ဆက်သည်။

''မင်းကို ဆရာတော်က စာတစ်ဝါ၊ နှစ်ဝါလောက် လာချပေး ပါလို့ ပြောရဦးမယ်ဆိုပြီးလည်း အမိန့်ရှိလိုက်သေးတယ်''ဟု ရွာသူကြီး

က အမှတ်မထင်ပြောလိုက်၍ မောင်အေးချမ်း အံ့သြသလိုဖြစ်သွား၏။ အမေ့မျက်နှာကိုလည်းကြည့်သည်။ အမေလည်း ရွာသူကြီး၏စကား ကြောင့် အံ့သြသွားဟန်ရှိသည်။

"စာချပေးဖို့တော့ ဖြစ်မှာမဟုတ်ပါဘူး သူကြီးမင်းရယ်။ ကျွန်မသားလေးက လူဖြစ်နေပြီပဲဥစ္စာ။ ဒီတော့ ကိုရင်၊ ဦးပဉ္စင်းတွေကို စာချပေးနေလို့ ကောင်းလည်းမကောင်းတော့ပါဘူး။ သူ့အဖေအမွေ ဆက်ထားခဲ့တဲ့ လယ်ယာတွေကိုပဲ တစိုက်မတ်မတ်လုပ်ပြီး ..."

"လယ်လုပ်ဖို့သာပြောတယ်၊ နင့်သားက လယ်ထွန်ယာလုပ် တတ်လို့လား" ဟု အမေ့စကားမဆုံးမီမှာပင် ရွာသူကြီးက ဖြတ်ပြော လိုက်၏။ ဦးဇောတိကလည်း ....

"ဆရာတော်က သူ့တပည့်ကို လယ်ထဲ ယာထဲဆင်းနေရရင် ပင်ပန်းမှာစိုးလို့ စာလာချပါဆိုပြီး ပြောတာဖြစ်မှာပေါ့။ နောက်ပြီး လူဝတ်ကြောင်နဲ့လည်း စာချလို့ရပါတယ်။ ရှေးခေတ်က စာတတ် ပေတတ် ဘုန်းကြီးလူထွက်တွေလည်း ဒီလိုပဲ ဦးပဉ္စင်းတွေ၊ ကိုရင် တွေ၊ သီလရှင်တွေကို စာချပေးဖူးခဲ့ကြပဲ" ဟု ဝင်ပြောသည်။ ရွာ သူကြီးကလည်း ....

"ဒီနှစ် တို့ရွာကျောင်းမှာ ဝါဆို ဝါကပ်ကြမယ့်ပုဂ္ဂိုလ်တွေထဲမှာ ကိုယ့်ရွာက ကိုရင်၊ ဦးပဉ္စင်း ကျောင်းသားတွေအပြင် တစ်ခြားရွာတွေ က စာလာသင်ကြမယ့် ကိုရင်၊ ဦးပဉ္စင်း၊ သီလရှင်တွေလည်း အပါး ခြောက်ဆယ်အောက် နည်းမှာမဟုတ်ဘူး" ဟု ဆရာတော် အမိန့်ရှိ လိုက်သည့်အတိုင်း ပြောပြသည်။

"ကျွန်မကတော့ သားလေးကို သူ့အဖေရဲ့အမွေတွေကိုပဲ ဆက်လက်ပြီး လုပ်ကိုင်စေချင်တယ်၊ စာချပေးတယ်ဆိုတာက လူ့အလုပ်လည်း မဟုတ်ပါဘူး"

"ဟဲ့ ... ဒါကတော့ ခုတင်က လူပြန်တော် ဇောတိပြောသလိုပဲပေါ့။ ဘုန်းကြီး ကိုရင်ဖြစ်မှရယ် စာချလို့ရတာမှမဟုတ်ဘဲ၊ နောက်ပြီး နင့်သားကို လယ်ထဲ ယာထဲဆင်းဖို့သာပြောတယ်၊ လယ်ယာအကြောင်းကို နင့်သားက နားလည်လို့လား"

"နားမလည်လည်း ဒီလိုပဲ လူငှားနဲ့ သင်လုပ် လုပ်ရမှာပေါ့"

"အေး ... အဲဒါက နင့်သဘော။ အခုဟာက ဆရာတော် အမိန့်ရှိလိုက်တာကို ငါက ပြောပြနေတာ"

အမေ စကားမပြောဘဲ ငြိမ်နေ၏။ တစ်ခြားလူတွေကလည်း စကားမပြောဘဲ အမေ့မျက်နှာကိုသာ စိုက်ကြည့်နေကြသည်။

"ဆရာတော်မှာ သူ့ဟာနဲ့သူ စာချပေးလိမ့်မှာပေါ့"

"သူ့ဟာနဲ့သူ စာချပေးဖို့က ဟုတ်တယ်ကွယ့်။ ဒါပေမယ့် ဒီနှစ်က စာသင်ပရိသတ်များမယ်။ ဒီတော့ ဆရာတော်တစ်ပါးတည်း စာချပေးနေလို့လည်း လိုက်မီမှာမဟုတ်ဘူးကွယ့်။ ဒါကြောင့်လည်း မလေးရဲ့သားကို ဆရာတော် ပြောတာက သဒ္ဒါကြီးတစ်ဝါ၊ သင်္ဂြိုဟ်တစ်ဝါ၊ ဝိနည်းတစ်ဝါ၊ ပြီးတော့ သီလရှင်တွေကို ဓမ္မပဒတစ်ဝါလောက်၊ အဲလိုပဲ သူနိုင်သလောက် စာဝါတွေကို ချပေးခိုင်းမယ်ဆိုပြီး အမိန့်ရှိလိုက်တယ်" ဟု ဦးဇောတိက ပြောသည်။

"အဲဒီလောက်သာ စာဝါတွေများနေရင် ကျွန်မသားလေး နားချိန်တောင်ရမှာမဟုတ်ဘူး။ ဘယ်အချိန် လယ်ထဲယာထဲ ဆင်းရတော့မှာလဲ"

"လယ်ယာလုပ်ရမယ့်ကိစ္စက နင့်အပူမဟုတ်ဘူး။ ဆရာတော်ရှိတယ်။ နင့်လယ်နဲ့ယာကို ဆရာတော်က ဒီနှစ်ပြီးစေလို့ တစ်ခွန်းတည်းမိန့်လိုက်တာနဲ့ ပြီးသွားမှာ" ဟု ရွာသူကြီးကပြောသည်။ ဦးဇော်တိကလည်း ....

"ဒါကတော့ မလေးရယ်။ ဆရာတော်က သူ့တပည့်ကို လယ်ယာလုပ်နေရရင် ပင်ပန်းမှာစိုးလို့၊ နောက်ပြီး စာချပေးတဲ့ကုသိုလ်တွေကို ရစေချင်လို့ပြောတာလည်း ဖြစ်မှာပေါ့။ ပြီးတော့ ရွာသူကြီးအမိန့်ရှိသလို မလေးရဲ့လယ်နဲ့ယာကိုလည်း ဆရာတော် အမိန့်ရှိလိုက်တာနဲ့ပဲ ရွာသူရွာသားတွေက လေးငါးရက်အတွင်းမှာ ပြီးအောင်လုပ်ပေးမှာ။ အခုလိုပြောနေကြတယ်ဆိုတာလည်း မလေးရဲ့သားက စာတော်တယ်မဟုတ်လား။ ကြည့်လေ၊ ကုန်ခဲ့တဲ့နှစ်ကဆိုရင် သူ့မှာ တစ်ခြားသံယာတွေကို ယမိုက်၊ ပဋ္ဌာန်း၊ စာဝါတွေကိုချပေးရင်းက သူ့ကိုယ်တိုင်လည်း ရဟန်းဖြစ်ဖို့နီးပြီဆိုပြီး ပါရာဇိကဏ်ပါဠိတော်နဲ့ အဋ္ဌကထာတွေကိုလည်း ဆရာတော်ဆီမှာ သွားတက်နိုင်သေးတယ်။ အဲဒီလောက်အထိ ဉာဏ်ကောင်းတာ။ ဖွဲ့လည်းကောင်းတယ်။ ဒါကြောင့်ပဲ ဆရာတော်က မလေးသားရဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့ ဖွဲ့လုံ့လတွေကို နားလည်ထားလို့ အားကိုးပြီးပြောတာဖြစ်မှာပေါ့"

"ဒါလည်း ကျွန်မသားလေးကို စာချမခိုင်းရဘူး" ဟုပြောပြီး အမေကသားဓါပခုံးကို သူ့လက်ဖြင့်သိုင်း၍ဖက်ထားသည်။ ရွာသူကြီးတို့က အမေတို့သားအမိကိုကြည့်ပြီး ပြုံးနေကြသည်။

"ဆရာတော်မှာ အခုနှစ် စာသင်ပရိသတ်အများ လက်ခံထားတာဟာ နင့်သားကို အားကိုလို့ဟဲ့။ နင့်သားကိုခေါ်ပြီး စာချခိုင်းမယ်ဆိုတဲ့အစီအစဉ်နဲ့ လက်ခံတာ။ အဲဒါကို နင်က ကန့်ကွက်နေလို့ ရမလား။ ပြီးတော့ ရွာထဲက လက်ရှိဆွမ်း ၁၅ ပွဲအပြင် နောက်ထပ် ၇ ပွဲတောင်တိုးပြီး ချက်ပို့ခိုင်းထားသေးတယ်၊ ဟင်းရည်သောက်တစ်အိုးချက်ဖို့နဲ့ ပန်းကန်ခွက်ယောက်ဆေးဖို့ဆိုပြီး အလှည့်ကျ တစ်နေ့ ကပ္ပိယနှစ်ယောက်စီကိုလည်း ပို့ပေးပါလို့ ငါ့ကိုတောင် ပြောလိုက်သေးတယ်"

"ဒါလည်း ကျွန်မသားလေးကို စာချမခိုင်းဘူး။ အလကား၊ ဘုန်းကြီးများ အသက်ကြီးလာလေ၊ ပရိသတ်မွေးလေ၊ ကိုယ့်ဟာကိုနိုင်တာလည်းမဟုတ်ဘဲနဲ့"

"အေး ... အဲဒီစကားတွေကို နင် ဆရာတော်ကြီးကြားအောင်သွားပြောဖို့ကောင်းတယ်နော်" ဟု ရွာသူကြီးကပြောသည်။ ပြီးရွာသူကြီးနှင့် ဦးဓောတိတို့ ပြုံးကြသည်။ တစ်ခြားလူတွေလည်း နှုတ်ခမ်းတွန့်ရုံပြုံးနေကြသည်။

ကျောင်းထိုင်ဆရာတော်က အမေ၏ဦးလေးဖြစ်သည်။ ဆရာတော်က မွေးချင်းဆွေမျိုးတော်စပ်သူတွေကိုသာ နိုင်သည်မဟုတ်။ ရွာသူရွာသားတွေကိုလည်း နိုင်သည်။ ဘူစိတ်နှင့်မတွေ့လျှင် ကြီးသားငယ်သူမဟူ ခေါ်ရိုက်တတ်သည်။ မောင်အေးချမ်းမှတ်မိသလောက်မှာပင် ဆရာတော် အမေ့ကို နှစ်ခါရိုက်ပြီးပြီ။

အိမ်နားက အမျိုးသမီးကြီးတစ်ယောက်နှင့် ရန်တွေ့၍တစ်ခါ၊ အဖေနှင့်ရန်တွေ့၍ တစ်ခါ။

အိမ်နားက အမျိုးသမီးကြီးမှာ အလွန်အမင်းရန်လိုသည်။ လူတကာနှင့် ရန်တွေ့တတ်သည်။ အမေနှင့်ရန်တွေ့ပုံကလည်း ထိုမိန်းမကြီးသည် အမေ့ခြံနားကပ်ပြီး စပါးလှန်းထားသည်ကို အမေ့သရက်ပင်က သရက်သီးသူ့စပါးများပေါ်ကြွေကျရကောင်းလားဆိုပြီး အိမ်ပေါ်အထိ တက်လာကာ ရန်တွေ့သည်။ ထို့ကြောင့် အမေက သည်းမခံနိုင်၍ ပါးကိုသုံးချက်ရိုက်လွှတ်သည်။

သို့သော် ဆရာတော်က အိမ်ကိုလာပြီး ရန်တွေ့သူအား ပြန်လည်ရန်တွေ့ရိုက်ပုတ်ခြင်းမှာ သူယုတ်မာအလုပ်သာဖြစ်သည်၊ သူတော်ကောင်းတို့အလုပ်မဟုတ်ဟုဆိုပြီး အမေ့အား ကျောင်းသို့ခေါ်ကာ လေးချက်တိတိရိုက်သည်။

အဖေနှင့်ရန်တွေ့သည်က တစ်ခြားမဟုတ်။ အဖေက ရွာရှိကာလသား၊ ကာလသမီးများအား အခမဲ့ အတီးအမှုတ်ကိုရော အဆို၊ အကတွေကိုပါ အတတ်သင်ပေးနေသည်။ ရွာဇာတ်ကလေးဖြစ်ရုံမဟုတ်။ ခေါင်းဆောင်မင်းသားမင်းသမီး တစ်ယောက်နှစ်ယောက်မျှသာ ငှားရမ်းရပြီး ကျန်ဇာတ်တစ်ဖွဲ့လုံးက အဖေ၏ တပည့်တွေချည်းဖြစ်သည်။ နယ်ထွက်ပြီး ရုံပွဲကနိုင်သည်အထိ အဖေသင်ပေးသည်။

ထိုနှစ်ကဆိုလျှင် အဖေ လယ်ကိုရော ယာကိုပါ လှည့်မကြည့်အား။ ဇာတ်နယ်ထွက်ခါနီးတွင်လည်း ဇာတ်ခေါင်းမင်းသားမင်းသမီးကြီးတွေက အဖေ့အား ဇာတ်အဖွဲ့ကို လိုက်ထိမ်းပေးပါဦး

ဆိုပြီး ခေါ်သေးသည်။ ဓာတ်ဆရာကလည်း ခေါ်လာပြန်၍ အဖေလိုက်သွားဖို့လုပ်သည်။

သို့အတွက်ကြောင့် အမေနှင့်ရန်တွေ့ကြခြင်းဖြစ်သည်။ ဆရာတော်က ထိုသတင်းကိုကြားလျှင်ကြားချင်း အမေ့အားခေါ်ကာ ပြေပြေလည်လည်တော့ မပြောဘဲ ရန်တွေ့ရကောင်းလား၊ လူကြမ်းမ ဆိုပြီး အမေ့အား ရိုက်တော့သည်။

ဆရာတော်ကို အမေယော်စဉ်ကပင် ကြောက်သည်။ ယခုလည်း ကြောက်သည်။ ဆရာတော်အား အမေကြောက်သည်ကို သိနေကြ၍ပင် ရွာသူကြီးနှင့်ရွာသားတွေက အဖေ့အား အိမ်အလုပ်တွေကိုဖျက်ပြီး ရွာအလုပ်လုပ်ရမည့်ကိစ္စနှင့်ပတ်သက်၍ ခိုင်းစရာပေါ်ပေါက်လာတိုင်း ဆရာတော်အား ကြိုလျှောက်ထားကြသည်။

ယခုလည်းကြည့်၊ သားကို ကာလသားခေါင်းဆောင်အလုပ်ရော၊ စာချအလုပ်တွေကိုပါ ခိုင်းချင်နေကြ၍ပင် ရွာသူကြီးနှင့်ရွာသားများက ဆရာတော်အားလျှောက်ထားပြီး ဖြစ်ပေလိမ့်မည်။ သို့အတွက်ကြောင့်ပင် အမေ့အား သူတို့၏ ဆန္ဒအတိုင်းဖြစ်အောင် ပြောနေကြခြင်းဖြစ်သည်။ အမေအကျပ်တွေ့နေသည်။

"ကျွန်မသားလေးကို စာချမခိုင်းပါနဲ့လို့ ဆရာတော်ကို ပြောပေးကြပါလား"

"တို့ မပြောရဲဘူး၊ နင့်ဟာနင်သွားပြောပေါ့"

"ရွာသူကြီးနဲ့ ဦးဇောတိတို့က ဦးလေးကို ကြိုလျှောက်ထားကြပြီးမှ ကျွန်မကို လာပြောကြတာဖြစ်မှာပေါ့" ဟု ပြောရင်းက အမေ၏

စကားတွေ စိတ်ဆိုးသံများပါလာ၏။ စိတ်ဆိုးနေ၍ပင် ဆရာတော်အား ဦးလေးဟုထည့်၍ သုံးနှုန်းပြောလိုက်ခြင်းဖြစ်ပေလိမ့်မည်။

"ဒီကိစ္စကို တို့ပြောလို့မရဘူးကွယ်။ ပြီးတော့ ဆရာတော်ရဲ့ စိတ်ကို မလေးလဲ သိသားပဲ။ သူ့စိတ်ကူးနဲ့ ကောင်းမယ်ထင်လို့ လုပ်ထားတာကို ဘယ်သူမှ ပြောလို့မရဘူး။ ဆရာတော်ကလည်း သက်တော်ကြီးလာလေ စိတ်တိုလေပဲ။ သူမကြိုက်တာကိုသိရက်နဲ့ သွားလျှောက်ရင်လဲ လာလျှောက်တဲ့လူကို ကြိမ်နဲ့ဆော်ဖို့ပဲ ရှိတယ်"

"ဦးလေးမတရားဘူး။ ကျွန်မသားလေးကို ကိုရင်နဲ့တုန်းကလဲ နားချိန်မရအောင်ထိ စာကျက်စာချခိုင်းတယ်။ ရွာနဲ့မှတ်သက်တဲ့ အလုပ်တွေကိုလဲ ဒုရေး သုရေးကစပြီး အကုန်ခိုင်းတယ်။ ခိုင်းလို့ကို မဝဘူး။ အခု လူထွက်ကလေးဖြစ်နေတာတောင်မှ ခိုင်းချင်နေသေးတယ်။ ဦးလေးမတရားဘူး" ဟု ပြောရင်းက အမေဒိုမဲ့မဲ့ဖြစ်လာသည်။

"အေး ... မလေးရေ ... အဲဒီစကားတွေကို နင်ကိုယ်တိုင် ဆရာတော်ရှေ့မှာ သွားပြောဖို့ကောင်းတယ်နော်" ဟုပြောထားခဲ့ပြီး ရွာသူကြီးနှင့်ဦးဇောတိတို့အဖွဲ့ တဟားဟားရယ်ပြီး ပြန်သွားကြလေသည်။

"အဲဒီ ဘုန်းကြီးကို မနက်ဖြန် ကျုပ်ကိုယ်တိုင်သွားပြီး ရန်တွေ့မယ်" ဟု ပြောပြီး အမေလည်း စိတ်ဆိုးဆိုးနှင့် ဖင်ဆောင့်၍ ငိုလေသည်။

* * *

တောရွာများ၌ ကာလသားခေါင်းဆောင်လုပ်ရသည်မှာ လွယ်ကူသည်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ရေးအခါကပင် ကျင့်သုံး

လာခဲ့ကြသော "အပေါက်နှိုက်(အောက်နှိုက်) အပျိုလှည့်၊ အပျိုလည်" ဟူသော ယဉ်ကျေးမှုစရိုက်တစ်ခုက မော်င်အေးချမ်းတို့ တောရွာများ၌ မစွန့်လွှတ်ဘဲ ယနေ့တိုင်အောင်ပင် ကျင့်သုံးလျက်ရှိနေကြသေးသည်။ ညဘက်တွင် သမီးရည်းစားစကားပြောကြသော အလေ့အထပင် ဖြစ်သည်။

အရွယ်ရောက်ပြီးသော အပျိုမသည် မိဘနှင့်ခွဲ၍ အိမ်တွင်းခန်း၌ အိပ်ရသည်။ အပျို၏မိဘများ အိမ်ကြချိန်တွင် ထိုအပျိုမအား ချစ်ကြိုက်လိုသော လူပျိုက အပျိုမအိပ်သော ခေါင်းရင်းထရံပေါက်က တုတ်သေးသေးနှင့် ထိုးနှိုက်နိုး၍ အပျိုမအား ရည်းစားစကားပြောရသည်။

လူပျိုက အရပ်နိမ့်ပြီး အိမ်ခန်းက မြင့်နေ၍ ရည်းစားစကားပြောရန် အဆင်သင့်မကျဘဲ ရှိနေခဲ့လျှင် ဆုံ့ဆင့်ပြီး ဆုံပေါ်တက်ပြောသင့်ပြောရသေးသည်။

ရွာခံလူပျိုများက ဧည့်သည်လူမျိုးများ ရောက်လာလျှင်လည်း ထိုနည်းအတိုင်းပင် အပျိုဆီသို့ ရည်းစားစကားပြောရန်အတွက် ပို့ပေးကြရသည်။ တောရွာများ၌ ဤနည်းဖြင့်ပင် သမီးရည်းစားစကားပြောရသည်။ သို့သော် လူပျိုနှင့်အပျိုတို့မှာ တစ်ဦးနှင့်တစ်ဦး အဆင်ပြေကြလျှင် အပြစ်မရှိ။

အဆင်မပြေဘဲ တစ်ဦးနှင့်တစ်ဦး ပဋိပက္ခဖြစ်ကြလျှင်ဖြစ်စေ၊ အဆင်အပြေလွန်သွားပြီး တစ်ဘက်စွန်းသို့ ရောက်သွား၍ ပြဿနာတစ်စုံတစ်ရာရှိလာခဲ့လျှင်ဖြစ်စေ၊ ထိုပြဿနာကိုလည်း လူပျိုခေါင်းဆောင်ကပင် တာဝန်ယူ၍ ဖြေရှင်းပေးရသည်။

တစ်ချို့မှာမူ လူပျိုမဟုတ်ဘဲ အိမ်ထောင်ရှိပါလျက်နှင့် လူပျို ယောင်ဆောင်ပြီး ညဘက်တွင် အပျိုရှိသော အိမ်ကိုသွားကာ ပစ္စည်း အလစ်သုတ်တတ်ကြသည်။

တစ်ချို့က အပျိုမစိတ်ဝင်စားလောက်မည်ဟု ထင်သော လူပျို တစ်ယောက်ယောက်၏ အသွင်သဏ္ဍာန်နှင့် အသံအနေအထားမျိုးကို လုပ်၍ အပျိုမ ချစ်ကြိုက်အောင်ပြောဆို၊ မြူဆွယ်၊ ခေါ်ယူပြီး ဖျက်ဆီး တတ်ကြသည်။ တစ်ခြားသူတို့နှင့် ပတ်သက်ဆက်နွယ်သော အလားတူ ပြဿနာတွေလည်း များစွာရှိသေးသည်။

ထိုပြဿနာတွေကိုလည်း ကာလသားခေါင်းဆောင်ကပင် တာဝန်ယူ၍ ဖြေရှင်းပေးရပြန်သည်။ အပျိုလည်သော အလေ့အထ မပျောက်သမျှ ကာလပတ်လုံးတော့ သည်အတိုင်းပင် ရှိနေကြပေဦး မည်။

သည်အလေ့အထရှိနေသောကြောင့် ကာလသားခေါင်းဆောင် လုပ်ကြရသူတွေအဖို့ စိတ်ပူက်စရာကောင်းသော်လည်း ရွာသူရွာသား များအတွက် ကောင်းသောလက္ခဏာတစ်ခု ရှိပြန်သည်။ ညဘက်တွင် ရွာထဲသို့ ဓားပြ၊ သူခိုးများဝင်လျှင် အပျိုလှည့်ရန် မပြတ်သွားနေကြ သော ကာလသားများထဲက တစ်ယောက်ယောက်နှင့် တွေ့နိုင်သည်။

ဤသို့ တွေ့လျှင် ရွာသားများအား အသိပေးလိုက်သည်နှင့် တူသောကြောင့် လူဆိုးများ ချက်ချင်းထွက်ပြေးကြရသည်။ မပြေးလျှင် လည်း ရွာသားများ ဝိုင်းဖမ်းကြတော့မည်မှာ သေချာသည်။

ဤသို့ဖြင့် ရိုးရာယဉ်ကျေးမှုကို စောင့်ထိန်းရာရောက်သည်က တစ်ကြောင်း၊ ခိုးသားဓားပြများ၏ ရန်ကို အထိုက်အလျောက် အကာ

အကွယ်ရရှိသည်ကတစ်ကြောင်း၊ ထိုသို့ အကြောင်းဆက်များရှိနေသောကြောင့်ပင် သည်အလေ့အထ မပျောက်ပျက်ဘဲ ယနေ့တိုင်အောင်ပင် ရှိနေသေးခြင်းဖြစ်သည်ဟု ဆိုရပေမည်။

* * *

"သားရောက်လာပြီလား၊ ခုတင်ကပဲ မအိမ်ဖိုးခိုင်နဲ့ ခင်သိန်းရွှေအမေတို့ သားဆီကို လာသွားကြတယ်" ဟု အမေက ပြောသည်။

မောင်အေးချမ်းက လူပျိုအပျိုရံပုံငွေနှင့် တံတားဆောက်နေကြသော လက်သမားများဆီကိုသွားပြီး ကြည့်ရှုကြပ်မတ်နေရာက ပြန်ရောက်လာခြင်းဖြစ်သည်။ နေ့ခင်းကို ခဏမျှနားပြီး မနက်နှင့်ညနေအချိန်များတွင် မောင်အေးချမ်းမှာ အိမ်တွင်မရှိဘဲ ယခုကဲ့သို့တံတားအလုပ်ခွင်သို့ ရောက်နေတတ်သည်။

"သားဆီကို သူတို့ ဘာလုပ်ဖို့လာကြတာလဲ အမေ"

"ခင်သိန်းရွှေကို အောင်ကျော်မြင့်က လက်ကိုဆွဲပြီး ရည်းစားစာပေးကယ်ဆိုလားကွယ်။ အဲဒါကို ခင်သိန်းရွှေအမေ ဒေါ်ခင်အေးမြက ဂါတ်တိုင်မယ် ဆိုပြီး သားနဲ့တိုင်ပင်ဖို့လာတာတဲ့။ သားနဲ့မတွေ့လို့ ပြန်သွားကြတယ်"

မောင်အေးချမ်း သက်ပြင်းချလိုက်မိ၏။ လက်ကိုဆွဲပြီး စာပေးသည်ဆိုလျှင် အတော်လေးရိုင်းသည်။ လျှော့တွက်၍မရပေ။ လက်ဆွဲမှုနှင့်တိုင်လျှင် ထောင်မကျဟု မပြောနိုင်။ မိမိက ပြေလည်အောင်ရှင်းမပေးနိုင်ပါက ရုံးရောက်ဂါတ်ရောက် ထောင်ကျတန်းကျ ဖြစ်ကြပေလိမ့်မည်။

မောင်အေးချမ်းတို့အရပ်၌ ကာလသား ကာလသမီးများ၏ ချစ်ရေးကြိုက်ရေးနှင့်ပတ်သက်ပြီး မှုခင်းဖြစ်ကြလျှင် ကာလသားခေါင်းဆောင်၏ ခွင့်ပြုချက်ကို ရယူပြီးမှ ဂါတ်တိုင်၍ တရားဝင်သည်။ ဤအစဉ်အလာသည် ရှေးကပင်ရှိလာခဲ့သည်။

"ဒေါ်ခင်အေးမြက သားကို ဘာများမှာထားခဲ့သေးလဲ အမေ"

"ဘာမှတော့ မှာမထားခဲ့ဘူး၊ နောက်တစ်ခေါက်လာဦးမယ်လို့ ပြောပြီး ပြန်သွားကြတယ်"

အမေပြောသည့်အတိုင်းသာဆိုလျှင် ဒေါ်ခင်အေးမြ မကြာခင် ရောက်လာပေလိမ့်မည်။ ဂါတ်မတိုင်ဖြစ်အောင် ဒေါ်ခင်အေးမြကျေနပ်အောင် ပြောရမည့်စကားတွေကို ကြိုတင်စဉ်းစားထားမှ။

ခင်သိန်းရွှေက ရုပ်ချောပြီး လိမ္မာသော်လည်း သူ့အမေ ဒေါ်ခင်အေးမြက သဘောထားရင့်သီးလွန်းသည်။ မာနကြီးသည်။ မျက်နှာမထောက် ပြောတတ်သည်။

အောင်ကျော်မြင့်၏ မိဘများကလည်း ဖွတ်တစ္ဆတ်၊ တဇောက်ကန်း။ နှစ်ဘက်စလုံးက ထိုသို့ ရှိနေကြသဖြင့်ပင် သည်ပြဿနာကို ဖြေရှင်းရခက်ပေလိမ့်မည်။

ဤသို့ ပြဿနာကို ဖြေရှင်းပေးရန်အတွက် စဉ်းစားနေချိန်မှာပင် မမျှော်မှတ်ဘဲ အောင်ကျော်မြင့်တို့သားအဖ ခြံတံခါးကို တွန်းဖွင့်ဝင်လာနေသည်ကို မြင်ရသည်။ ပြဿနာကို ရင်ဆိုင်ဖြေရှင်းမည့် အချိန်နှင့် နီးလာပြီ။

မောင်အေးချမ်းက အောင်ကျော်မြင့်တို့သားအဖအား ခရီးကြို ကြာ နေရာထိုင်ခင်းပေးပြီး "ထိုင်ပါခင်ဗျာ" ဟု ယဉ်ကျေးဝတ်စကားဆိုရင်း ဆေးကွမ်းလက်ဖက်များနှင့် ဧည့်ခံသည်။

အောင်ကျော်မြင့်၏အဖေ ဦးကျော်ဖြူသည် မောင်အေးချမ်း အား ရှုးကနဲတစ်ချက်ကြည့်ပြီး ဖျာပေါ်တွင် ထိုင်သည်။ အောင်ကျော် မြင့်လည်း ဝင်ထိုင်သည်။

"မင်းဆီကို ဘယ်သူတွေလာလို့ ဘာစကားတွေပြောသွားကြ သတုန်း" ဟု ဦးကျော်ဖြူက ဒေါသသံဖြင့် မေးသည်။

"ကျွန်တော်က တံတားဆောက်နေကြတဲ့ လက်သမားတွေဆီကို သွားနေလို့ ဘယ်သူ့ကိုမှတော့ မတွေ့လိုက်ရဘူး။ ကြီးကြီးအိမ်ဖိုးခိုင်နဲ့ ဒေါ်ခင်အေးမြတို့သမီးအမိ လာသွားကြတယ်လို့တော့ အမေပြောပြလို့ သိရပါတယ်"

"ဒါဆိုရင် ဘာလုပ်ဖို့လာကြတယ်ဆိုတဲ့အကြောင်းကိုတော့ မင်းသိနေနှင့်ရောပေါ့"

"ဟုတ်ကဲ့"

"မင်းပဲ စဉ်းစားကြည့်စမ်းပါကွာ။ လူငယ်တို့ဘာသာဘာဝ အချင်းချင်းဖြစ်ကြတဲ့ကိစ္စကိုများ ပုံကြီးချဲ့ပြီး တိုင်မယ် တောမယ် ဆိုတော့လည်း ဘယ်ကောင်းပါမလဲကွ"

ဦးကျော်ဖြူ အတော်လေးပင် ဒေါသထွက်နေသည်။ မေးကြော ကြီးများ ထောင်ထကာ မျက်လုံးများပင် နီရဲတောက်ပနေသည်။

"ကျွန်တော်အဆင်ပြေအောင် ပြောပေးပါ့မယ်"

"သူက သမီးရှင်၊ ငါက သားရှင်ကွ။ ဂါတ်ရောက်ရင် သူတို့ပဲ အရှက်ကွဲမှာ"

"ဒါ့ကြောင့် အရှက်တကွဲ အကျိုးနည်းမဖြစ်ရအောင် ကျွန်တော် ပြောပေးပါ့မယ်လို့ ဦးကြီးကို ပြောတာပေါ့"

"ဟောက် ... တိုင်စမ်းပါစေကွာ၊ ဒါမျိုးကိုပဲ"

ဦးကျော်ဖြူ၏ တက်ခေါက်သံသည် ကျယ်လောင်သွား၏။ ပြေပြေလည်လည် ဖြေရှင်းလျှင် ရသည့်ကိစ္စကိုများ ဒေါသကြီးနှင့် တက်ခေါက်ပြီး ပြောသည်။

"ဦးကြီးစိတ်မှာရှိတိုင်း မပြောပါနဲ့လား"

"ဘာဖြစ်လို့ မပြောပဲနေရမှာလဲကွ။ သမီးရှင်ကတောင် အဲ လောက်မာန်တက်နေမှတော့ ငါကသားရှင်။ တိုင်စမ်းပါစေကွာ။ တိုင် လို့သာပြောလိုက်စမ်းပါ"

"ဦးကြီးပဲ စဉ်းစားကြည့်ပါ။ ဦးကြီးလည်း ငယ်ရာကကြီးလာ တာပဲ။ ထုံးစံအတိုင်း ရည်းစားစကားပြောတာ၊ ချစ်ကြိုက်ကြတာတွေ ကတော့ မဆန်းပါဘူး။ ဒါပေမယ့် အခု ဦးကြီးသားလုပ်ပုံက ဆန်းနေ တယ်"

"ဘာ..."

ဦးကျော်ဖြူ၏အသံသည် ဟောက်အော်အော်ပြီး ပြောလိုက် သဖြင့် ကျယ်လောင်သွားပြန်၏။ မောင်အေးချမ်းသည်ပင် ဦးကျော်ဖ ြူအား စိတ်ဆိုးချင်လာသည်။ သည်မျှအထိ ဒေါသကိုရှေ့ထားပြီး ပြောနေလျှင် အဘယ်မှာကောင်းတော့မည်နည်း။ သို့သော် မောင်အေး ချမ်းကပင် စိတ်လျှော့၍ပြောသည်။

"မိန်းကလေးရဲ့ လက်ကိုဆွဲပြီး စာပေးတယ်ဆိုကတည်းက ဦးကြီးသားဟာ အတော်လေးလွန်ပြီး အတော်လေးလည်း ရိုင်းနေပြီ။ အဲဒါကို သမီးရှင်က စိတ်မဆိုးဘဲနေမလားဗျ"

"အဲဒါက လူငယ်တွေမှာ မမျှော်လင့်ဘဲ ဖြစ်တတ်တဲ့ကိစ္စပဲကွ။ ဒါကို ပြောလို့ရမလား။ ပြေပြေလည်လည်ဖြေရှင်းရင် ရတဲ့ကိစ္စဟာပဲ။ ဒါကိုများ စိတ်ကြီးဝင်ပြီး ဂါတ်တိုင်မယ်ပြောတယ်။ တိုင်စမ်းပါစေကွာ။ ဘယ်လောက်လျော်ရမလဲ၊ လျော်မယ်"

"ဦးကြီး စိတ်ကိုလျှော့ပါ။ ရုံးရောက် ဂါတ်ရောက်ဆိုရင် မကောင်းဘူး။ ပြေရာပြေကြောင်းပြောဖို့ပဲ သင့်ပါတယ်"

"ဘာလဲ၊ မင်းက သူများအရေးကိုတွေးပူနေသလား။ လျော်ရမှာက ငါကွ။ သားရှင်ဖြစ်တဲ့ ငါကပဲ လျော်ရမှာ။ လျော်မယ်၊ ငါးဆယ်လျော်ရရင် ငါးဆယ်တန်မလို့ခေါ်ပစ်လိုက်မယ်။ တစ်ရာလျော်ရရင် တစ်ရာတန်မလို့ ခေါ်ပစ်လိုက်မယ်။ တိုင်လို့သာပြောလိုက်"

"ဟာ ... ဦးကြီး တော်တော်ခက်ပါလား။ တကယ့်ကိုခက်တယ်။ မိန်းကလေးဘက်က လက်ဆွဲမှုနဲ့တိုင်လိုက်ရင် ဦးကြီးသားကို ချက်ချင်းဖမ်းပြီး ရုံးဂါတ်မရောက်ခင် ပါးတွေနားတွေ ရိုက်ကြတော့မှာ။ အဲဒါကို ဦးကြီးသိရဲ့လား"

ကျွန်ုပ်က ထိုသို့ပြောလိုက်ရာ အောင်ကျော်မြင့်သည် အတော်ကလေးပင် တုန်လှုပ်သွား၏။ မောင်အေးချမ်းအား ကွက်ခနဲ ကြည့်သည်။ မောင်အေးချမ်းဆီက အကြည့်ပြောင်းပြီး သူ့အဖေကိုလည်း ကြည့်သည်။ သို့သော် သူ့အဖေကတော့ မခံချင်စိတ်နှင့် ဒေါသက တက်သည်။

"ဖမ်းတိုင်းပဲ ရိုက်မှာလားကွ"

"ရိုက်မှာပေါ့။ ဦးကြီးသားက ရိုင်းတာကိုး။ မိန်းကလေးလက်ကို ဆွဲပြီး ရည်းစားစာပေးရတယ်လို့များ၊ ဒီလိုမိုက်ရိုင်းတဲ့လူကို ဖမ်းတာနဲ့ ပုံစံမြကြတော့မှာပေါ့။ တရားလည်းရှုံး၊ ပါးတွေရောင်၊ နားတွေပင်းပြီးမှ လွတ်လာတဲ့ သားနားပင်းကြီးကို ဦးကြီးမြင်ချင်ရင် တိုင်လို့ပြောလိုက်မယ်"

မောင်အေးချမ်းက ထိုသို့ ခပ်တင်းတင်း ခြောက်ခြမ်းလုပ်ကြံပြီးပြောလိုက်မှ ဦးကျော်ဖြူ အနည်းငယ် ငြိမ်ကျသွားသည်။ သို့သော်လည်း မျက်နှာကြီးကတော့ တင်းနေတုန်းပင်။ မျက်နှာကြီးတင်းလျက် ကြွမ်းပြင်ကိုသာ စိုက်ကြည့်နေသည်။

မောင်အေးချမ်းပြောလိုက်သည်ကို အတန်အသင့် နားလည်လာပုံရသည်။ မောင်အေးချမ်း လုပ်ကြံပြောလိုက်သည့် စကားကြောင့် ကြောက်စိတ်ရောက်နေသော အောင်ကျော်မြင့်ကိုတော့ သနားသည်။ သို့သော် ထိုသို့မပြောရ၍မဖြစ်။ သူ့အဖေက ဒေါသ၊ မာနကြီးလွန်းသည်။ လျှော့ပြောလျှင် ပိုကဲလာနိုင်သည်။

"ဘယ့်နှယ့်ဗျာ၊ ကိုယ့်ကိုစိတ်မဝင်စားတဲ့မိန်းကလေးကို စိတ်ဝင်စားအောင်တော့ မပြောဘဲ လက်ဆွဲပြီး စာပေးရတယ်လို့များ၊ ရှက်ဖို့ကောင်းလိုက်တာ။ ယောကျ်ားပီပီ တည်တည်တံ့တံ့ ရည်းစားစကားလိုက်ပြောပေါ့။ ကိုယ့်ကိုစိတ်ဝင်စားလာအောင်၊ ကိုယ့်ဘက်ပါလာအောင်လုပ်ပေါ့။ အခုတော့ အဲလိုမဟုတ်ဘဲ ကိုယ့်ကိုစိတ်မဝင်စားတာသိသိကြီးနဲ့ လက်ကိုဆွဲပြီး စာပေးရတယ်လို့များ၊ ယောကျ်ားသိက္ခာ

ကျလိုက်တာ။ ကျွန်တော်သာ ဦးကြီးသားနေရာကဆိုရင် ကိုယ့်ကိုကိုယ် ရှက်ပြီး လူမို့သာ လိပ်ဆို ခေါင်းပြူရဲမှာတောင်မဟုတ်ဘူး"

မောင်အေးချမ်းက ထိုသို့ ပက်ပက်စက်စက် ပြောလိုက်သော်လည်း ဦးကျော်ဇံဖြူသည် စိတ်မဆိုးတော့ပေ။ မောင်အေးချမ်းပြောသည့်ကို သဘောပေါက်ပြီး စိတ်ပြေသွားဟန်ရှိသည်။ နှုတ်ခမ်းတွန့်ရုံမျှပြုံးသည်ကိုလည်း တွေ့လိုက်ရသည်။

သရော်ပြုံးပြုံးသည်လားဟု မောင်အေးချမ်းကြည့်သည်။ ထိုသို့တော့မဟုတ်။ ဒေါသမာန်ရိပ်များလည်း သိပ်ပြီးမရှိတော့ဘဲ သူ့ခေါင်းကိုလည်း ခပ်လေးလေး တစ်ချက်နှစ်ချက်ညိတ်သည်။

မောင်အေးချမ်းပြောသည်မှာ သူတို့သားအဖအား ထိုးနှက်ခြင်းမျိုးမဟုတ်ဘဲ အမှန်ကိုအမှန်အတိုင်းပြောသည်။ နှစ်ဦးနှစ်ဘက် ပြေလည်စေလိုသောဆန္ဒနှင့်သာ ပြောခြင်းဖြစ်သည်ဟု မောင်အေးချမ်းအား ဦးကျော်ဇံဖြူ လုံးဝ နားလည်လာဟန်ရှိသည်။

အောင်ကျော်မြင့်ကတော့ သူ့အဖေ၏မျက်နှာကိုတစ်လှည့်၊ မောင်အေးချမ်းမျက်နှာကိုတစ်လှည့် ကြောင်အမ်းအမ်းနှင့်သာ ကြည့်နေ၏။ သူ့အဖေက -

"ဒါဆိုရင် မင်းက ဘယ်လိုလုပ်မယ်လို့ စိတ်ကူးထားလဲ"

"ဘယ်လိုလုပ်ရမလဲဗျ။ ဦးကြီးသားကို ကာလသားစည်းကမ်းအတိုင်း ဒဏ်ပေးရမှာပေါ့"

ဦးကျော်ဇံဖြူ ခဏလေး တွေဝေသွားသည်။ ပြီးမှ -

"ငါ့သားကိုတော့ မင်းကဒဏ်ပေးလိုက်ပြီပဲထား၊ ကဲ ဟို ကောင်မလေးကိုကော"

"ကောင်မလေးမှာ အပြစ်မှမရှိတာ။ ဒဏ်ပေးလို့ရမလား ဦးကြီး"

"ကဲ ဟုတ်ပြီ၊ ဒါဖြင့် မင်းက ငါ့သားကိုရော ဘယ်လိုဒဏ်မျိုး ပေးမှာလဲ။ ပြောပဲပြောစမ်းပါဦး"

"ဒါကတော့ အစဉ်အလာရှိတာပဲ။ စည်းကမ်းဖောက်ဖျက်တဲ့ ကာလသားကို ဆရာတော် အပ်လိုက်ရုံပေါ့။ ငါးရက်တန်သည်ဖြစ်စေ၊ ခြောက်ရက်တန်သည်ဖြစ်စေ ဆရာတော် ခိုင်းချင်တာခိုင်းလိမ့်မယ်"

မောင်အေးချမ်းက အလျှော့တစ်ဖုံ အခြောက်တစ်မျိုးလုပ်ပြီး စိတ်ရှည်ရှည်နှင့်ပြောပြမှ ဦးကျော်ဇံဖြူ သဘောပေါက်ပြီး ကျေနပ် သွားသည်။ မောင်အေးချမ်းကိုလည်း အပြစ်မမြင်တော့ဘဲ မိုးကဲ့သို့ မည်းနေသော သူ့မျက်နှာကြီးသည်လည်း လုံးဝ ကြည်လင်သွားသည်။ ဒေါသစိတ်များ လွင့်သွားပြီး သူ၏မျက်နှာသည် ပကတိအတိုင်း ပြန် ဖြစ်လာလေသည်။

"ကောင်းပြီလေကွာ၊ မင်းလူကို မင်းကောင်းမယ်ထင်သလိုသာ ကြည့်လုပ်လိုက်တော့၊ ကဲ ... ဟုတ်ပြီလား" ဟု ပြောထားခဲ့ပြီး ဦးကျော်ဇံဖြူ ထပြန်သွားလေသည်။

အောင်ကျော်မြင့်ကတော့ ရှက်၍ ထင်သည်။ သူ့အဖေနှင့် တပါတည်းလိုက်မသွားဘဲ ရေနွေးတစ်ခွက် ကောက်သောက်လိုက်ပြီး မောင်အေးချမ်းအား နှုတ်ဆက်ထားခဲ့ပြီးမှ အိမ်နောက်ဘက်ခြံပေါက်က ထွက်သွားလေသည်။

* * *

"ငါ့သမီးကို ဆွဲလားရမ်းလားလုပ်တဲ့ဥစ္စာ၊ ဘုန်းကြီးကျောင်းမှာ အလုပ်ခိုင်းရုံနဲ့ ငါက ကျေနပ်ရမှာလားဟဲ့။ ခင်အေးမြတဲ့ဟော့၊ မှတ်ထား။ တစ်မြတည်းရှိတယ်။ ဒင်းတို့မျက်ရည်မကျရင် ဘယ်တော့မှ ငါမကျေဘူးမှတ်" ဟု ဒေါ်ခင်အေးမြက အော်ပြီးရန်တွေ့သလိုပြော လိုက်၏။ ထို့ကြောင့် မောင်အေးချမ်းမှာ စိတ်ပျက်ရပြန်သည်။

"စဉ်းစားပါဦးလား အရီးရယ်၊ ကိုယ်က သမီးရှင်ပဲဥစ္စာ၊ လျှော့လည်းတွက်ဦးမှပေါ့"

"ဘာကိုလျှော့တွက်ရမှာလဲဟဲ့၊ ငါက ဘာတွေကို လျှော့တွက်နေရဦးမှာလဲ။ ငါ့သမီးကို အဲဒီသူတောင်းစားလေး လိုက်ရစ်နေတာ ကြာပြီ။ ဒါပေမယ့် ငါ့သမီးက အဲဒါမျိုးကို ကြိုက်ဖို့မပြောနဲ့၊ စိတ်ကူးမှာတောင်မထည့်ဘူး။ ဒါကို ဒင်းသိပါတော့လား။ အဲဒါကိုများ ဆွဲလား ရမ်းလား၊ အားမနာကျင့်တယ်။ မိုက်ရိုင်းတယ်။ ဒါကို ငါက ကြည့်နေရ မှာလားဟဲ့"

ဒေါ်ခင်အေးမြသည် မျက်နှာကြီးတင်းလျက် ခါးကိုလက်ဖြင့် ထောက်ကာ ကျွန်တော့်အား ရန်တွေ့သလိုပြောနေသည်။ ခေါင်းအေး အေးထားပြီးပြောနေသည့် ကျွန်ုပ်သည်ပင် စိတ်ရှုပ်လာမိသည်။ ဂါတ် တိုင်လျှင် သူအနိုင်ရမည့်အကြောင်းတစ်ခုကိုသာ ဒေါ်ခင်အေးမြ သိနေ သည်။ ဂါတ်ကိုတိုင်ဖို့ရန်အတွက်ကိုသာ သူစိတ်သန်နေသည်။ သို့သော် ခင်စိုးရွှေကမူ တစ်ခွန်းမျှဝင်မပြော။ ရှက်နေသောအမူအရာဖြင့် မျက်နှာ ကို အောက်နှိမ်၍သာနေသည်။

"ကျွန်တော်ပြောတာကို အရီး ခဏလေးသည်းခံပြီး နားထောင် ပါ၊ ကျွန်တော် ရှင်းပြပါရစေဦး။ ဘာဖြစ်လို့လဲဆိုတော့ အရီးစိတ်မှာ

ရှိတဲ့အတိုင်း ဂါတ်ကိုတိုင်လိုက်ရင် အရီးဘက်က အနိုင်ရဖို့သေချာပါတယ်။ တရားခံဘက်က အရှုံးကြီးရှုံးလိမ့်မယ်ဆိုတာကိုလည်း ကျွန်တော် နားလည်ပါတယ်။ ဒါပေမယ့် အရီး ဂါတ်တိုင်လို့ အမှုဖွင့်ပြီဆိုရင်တော့ ခြောက်လကြာရင် ကြာမယ်။ တစ်နှစ်ကြာရင် ကြာမယ်။ နောက်ပြီး အဲလိုလက်ဆွဲမှုတစ်ခုကို စစ်ဆေးမေးမြန်းကြရင်းက အရှက်ရပြီး အသက်သတ်သေသွားတဲ့ မိန်းကလေးတစ်ယောက်အဖြစ်ကိုလည်း ကျွန်တော် ကြားဖူးတယ်"

"ဘာရယ် ... "

ဒေါ်ခင်အေးမြ အထိတ်တလန့် ဖြစ်သွားသည်။ မောင်အေးချမ်းအားလည်း ကွက်ကနဲကြည့်သည်။ ခင်သိန်းရွှေလည်း မျက်နှာမော်လာပြီး သူ့အမေကိုရော မောင်အေးချမ်းကိုပါ ကြည့်သည်။ မောင်အေးချမ်း စကားစကို ပြန်ဆက်သည်။

"နောက်ပြီး လက်ဆွဲမှုဖြစ်တယ်ဆိုကတည်းက မိန်းကလေးရဲ့ ဂုဏ်သိက္ခာတွေ အလိုလိုနိမ့်ကျပြီးသားဖြစ်နေပြီ။ ရုံးကိုရောက်လို့ စစ်ဆေးမေးမြန်းတဲ့အခါမှာလည်း အမှုပိုပြီး ထင်ရှားအောင်ဆိုပြီး လက်ကိုတင်ဆွဲသလား၊ ဘာတွေဖြစ်သေးလဲ၊ ဖက်သမား၊ နမ်းသလား၊ ထဘီကိုများဆွဲချွတ်သလား၊ ဘာတွေကို ဘယ်လို ... ဟိုဗျာ ... ကျွန်တော်မပြောချင်တော့ဘူး။ ပြောဖို့လည်း မကောင်းပါဘူး။ ဒါပေမယ့် ကျွန်တော်ကသာ မဝံ့တာ၊ တရားသူကြီးကတော့ ဒါတွေကို မထောက်မငဲ့စစ်ဆေးရတာပဲ။ အဲလိုစစ်ဆေးမေးမြန်းနေတာကို အရီးနားထောင်ချင်နေသလား"

မောင်အေးချမ်း စကားဆက်ကိုဖြတ်ပြီး ဒေါ်ခင်အေးမြအား ကြည့်သည်။ ဒေါ်ခင်အေးမြ စကားမဆိုဘဲ ကြမ်းပြင်ကိုသာ ငေးစိုက်ကြည့်နေသည်။ ခင်သိန်းရွှေမှာမူ ရှက်စိတ်နှင့် မျက်နှာကို မဖော်ရဲတော့ဘဲ မျက်ရည်များပင် စို့ထွက်နေသည်။ မောင်အေးချမ်း ခင်သိန်းရွှေကိုတော့ သနားသည်။ သို့သော် မပြော၍ကား မဖြစ်ပေ။ သူ့အမေအား အလျှော့ပေးလိုက်လျှင် တစ်ဖက်သား ကိုယ်ကျိုးနည်းပေရော့မည်။

"အခုလို ကျွန်တော့ဆီမှာ ပြောဆိုကြရုံနဲ့ နှစ်ဦးနှစ်ဖက် ကျေနပ်ပြေငြိမ်းသွားကြမယ်ဆိုရင်တော့ လူငယ်တို့ဘာသာဘာဝ ဖြစ်ကြတာပဲ ဆိုပြီး ဘယ်သူမှလည်း အပြစ်မြင်မှာမဟုတ်ဘူး။ အပြစ်ပြောလို့လည်း မရပါဘူး။ ဒါကြောင့်မို့ ကျွန်တော့သဘောဆိုရင်တော့ ရုံးဂါတ်မရောက်စေချင်ဘူး။ အဲဒါ အရီးစဉ်းစားပါ"

မောင်အေးချမ်း အတတ်နိုင်ဆုံး ဖျောင်းဖျပြောနေသည့်ကြားကပင် ဒေါ်ခင်အေးမြကား သိပ်ပြီး ကျေနပ်ပုံမပေါ်သေး။ သို့သော် ဒေါသအရိပ်အငွေ့တွေတော့ သူ့မျက်နှာတွင် အတန်အသင့် ပြေလျော့သွားပြီး တစ်စုံတစ်ခုကို ပြောလိုဟန်ဖြင့်လည်း မောင်အေးချမ်းအား ကြည့်သည်။

"ကောင်းပြီလေ၊ နင့်သဘောအတိုင်းပဲလုပ်ပါ။ ဒါပေမယ့်နင် တစ်ခုတော့ တာဝန်ယူရလိမ့်မယ်"

"ဘာကိုလဲ အရီး"

"နောက်နောင်ကို ငါ့သမီးအပေါ် ဒါမျိုး လုံးဝမဖြစ်စေရဘူးဆိုတာကိုပေါ့" ဟု ခပ်ပြတ်ပြတ်ပြောထားခဲ့ပြီး ဒေါ်ခင်အေးမြသည်

သူ့သမီးအားခေါ်ကာ ထပြန်သွားလေသည်။

မောင်အေးချမ်းပြောသည့်စကားတွေကို ဒေါ်ခင်အေးမြ သိပ်ပြီး မကျေနပ်ချင်သော်လည်း လက်ခံလောက်သောစကားတွေဖြစ်နေပြန် သည်။ သို့အတွက်ကြောင့်ပင် စကားကို တိုဆတ်ဆတ်၊ ခပ်ပြတ်ပြတ် ပြောပြီး ထပြန်သွားခြင်းဖြစ်ပေမည်။ ယခုမှပင် မောင်အေးချမ်းမှာ လည်း ခေါင်းပေါ်ကအထုပ်ကြီးကို ပစ်ချလိုက်ရသကဲ့သို့ ပေါ့ပါးသွား လေသည်။

ကာလသားခေါင်းဆောင်တစ်ယောက်၏ လုပ်ရ၊ ကိုင်ရ၊ ဖြေ ရှင်းပေးရသော အရှုပ်အထွေးများအကြောင်းကို ယခင်က အဖေပြောပြ ၍ ကြားရုံကြားခဲ့ဖူးသည်။ ယခု ကိုယ်တိုင်ကိုယ်ကျ ဖြေရှင်းပေးနေရ ပြီ။ ကိုယ်တိုင်ကိုယ့်ကျ ဖြေရှင်းပေးလာရသောအခါမှ အဖေ၏လုပ်ငန်း အကြောင်းတွေကို ပိုမိုနားလည်လာရသည်။ နားလည်စိတ်နှင့်အတူ အဖေ့အား ပို၍ သတိရလာမိပြန်သည်။

အဖေသည် ဤကဲ့သို့သော ပြဿနာမျိုးပေါင်းစုံကို နှစ်ဦး နှစ်ဘက်ကျေနပ်အောင် ဖြေရှင်းပေးရင်းကပင် ရပ်ရွာအကျိုးပြု တံတား ဆောက်၊ လမ်းဖောက် စသောအလုပ်တွေကို မပြတ်လုပ်သွားခဲ့သည်။ ကာလကြာမြင့်စွာ ကာလသားခေါင်းဆောင်တစ်ယောက်၏ တာဝန်ကို မပျက်မကွက် ထမ်းရွက်သွားသည်မှာ ကွယ်လွန်သည့်အချိန်ထိပင် ဖြစ်သည်။

အဖေ့လက်ထက်တွင် ကာလသား၊ ကာလသမီးများ၏ အကြောင်းအရာ အရှုပ်အထွေးကိစ္စတွေနှင့်ပတ်သက်ပြီး မည်သည့်အခါ

မှု ရုံးဂါတ်ရောက်သည်ဟူ၍ မရှိဖူးခဲ့။ ထို့ကြောင့်ပင် ယခု မိမိ၏ လက်ထက်တွင်လည်း မည်သည့်ပြဿနာမျိုးနှင့်ကြုံလာရသည်ဖြစ်စေ ရုံးဂါတ်မရောက်စေဘဲ နှစ်ဦးနှစ်ဖက် ပြေလည်ကျေနပ်အောင် ဖြေရှင်းပေးသွားမည်ဟု ဆုံးဖြတ်ထားသည်။

အဖေ့သားသည် အဖေ၏ခြေရာကို မှီအောင်လိုက်ရမည်။ အဖေ့လက်ရာကိုမပျက်အောင် စောင့်ထိန်းရမည်ဟူသော ခံယူချက်၊ ဖွဲလုံ့လ အပြည့်နှင့်ဆုံးဖြတ်ပြီး မောင်အေးချမ်း လုပ်လာခဲ့သည်။ ယခု ပထမ အဆင့် အောင်မြင်ပြီ။ အတိုင်းအဆမရှိအောင် ဝမ်းသာသည်။

မောင်အေးချမ်း ကာလသားခေါင်းလုပ်နေသမျှကာလပတ်လုံးတွင် ကာလသား၊ ကာလသမီးများ၏ကိစ္စနှင့်ပတ်သက်၍ မည်သည့်အခါမှ ရုံးဂါတ်မရောက်စေရ။ ကြိုးစားပြီး လုပ်ကိုင်ဖြေရှင်းသွားမည်ဟု မောင်အေးချမ်း ဘဝနှင့်ရင်း၍ ဆုံးဖြတ်ထားသည်။

* * *

သကြိန်ကျရန် ငါးရက်အလို။

ကျောင်းကူးတံတားကြီး ပြီးမြောက်အောင်မြင်သဖြင့် ရေစက်ချရမည့်နေ့။

အမေ့မှာ ဝမ်းသာရမည့်အစား အဖေ့ကိုသတိရလွန်း၍ ဝမ်းနည်းကြေကွဲခြင်း များစွာဖြစ်နေသည်။ အဖေအစပြု၍ လုပ်လာခဲ့သော်လည်း မပြီးမြောက်၊ မအောင်မြင်ခဲ့၊ အဖေ့လက်စအတိုင်း မောင်အေးချမ်း ဆက်လုပ်လာခဲ့ရာတွင် တံတားကြီး ပြီးမြောက်၍ ရေစက်ချပွဲကို ယနေ့ ပြုလုပ်ကြပေတော့မည်။

ရေစက်ချရာတွင် အဖေ့နာမည်သည် မလွဲမသွေ ပါရပေဦးမည်။ သို့သော် ယခုအချိန်သည် အိမ်မှာရှိသေး၏။ အမေ သည်မျှ ဝမ်းနည်းနေလျှင် မဏ္ဍပ်ထဲရောက်၍ ရေစက်သွန်းချ အမျှဝေသောအခါတွင် အမေ မငိုဘဲနေနိုင်ပါမည်လား။ မောင်အေးချမ်း တွေးပူနေမိ၏။

အဟောင်းသည် အသစ်တစ်ဖန် ဖြစ်လာရသောကြောင့် ဝမ်းနည်းကြေကွဲမည်မှာ အဆန်းမဟုတ်ဟုဆိုသော်လည်း အမေ မျက်ရည်ကျသည်ကို မောင်အေးချမ်း မမြင်လိုပေ။

"အမေ တံတားရေစက်ချတဲ့အခါ ရေစက်ခွက်ကို အမေကိုင်ပါလား" ဟု လှမ်းပြောလိုက်ရာ အမေသည် မျက်ရည်များစို့ရွဲလျက် မောင်အေးချမ်းအားကြည့်သည်။ အမေ့မျက်ရည်ကို မြင်ရသဖြင့် မောင်အေးချမ်းလည်း ငိုချင်လာမိသည်။

"သားလုပ်တဲ့အလုပ်ပဲ၊ သားကိုယ်တိုင် ရေစက်ချပေါ့။ ဒါပေမယ့် မင်းအဖေကို အမျှဝေဖို့တော့မမေ့နဲ့" ဟုပြောပြီးသည်နှင့် အမေ ငိုလေသည်။ မောင်အေးချမ်း မငိုမိအောင် အတတ်နိုင်ဆုံး စိတ်ကိုထိန်းသည်။

အမေ့အား စိတ်ကိုထိန်း၍ တရားနှင့်ဖြေရန်ပြောပြကာ ထဘီ အင်္ကျီအသစ်များ လဲဝတ်ခိုင်းပြီး သားအမိနှစ်ယောက် မဏ္ဍပ်ရှိရာသို့ ထွက်လာကြသည်။ မဏ္ဍပ်ကို တံတားဦးတွင် ဆောက်ထားသဖြင့် ရွာနှင့်ခပ်လှမ်းလှမ်းသာရှိသည်။ ရွာရှိ ကလေးလူကြီးမကျန် သက်ကြီးရွယ်အိုများပါ အကုန်ရောက်သည်။

မဏ္ဍပ်အတွင်း၌ လူတွေအပြည့်ရောက်နေကြပြီ။ မောင်အေးချမ်းက အမေ့အား သံဃာစင်ခန်းရှေ့တွင် နေရာပေးထားပြီးမှ တံတား

ဆောက်လုပ်ရာ၌ ကုန်ကျစရိတ်ရေးမှတ်ထားသော ငွေစာရင်းကို စာရင်းစစ်များ လက်သို့အပ်သည်။

စာရင်းစစ်များက သူတို့စိတ်ကျေနပ်အောင် အပြန်ပြန်အလှန်လှန် စစ်ဆေးဖတ်ရှုပြီးမှ မောင်အေးချမ်းလက်သို့ ပြန်အပ်ကြသည်။ မဏ္ဍပ်အတွင်း သံဃာစင်၌ ပင့်သံဃာများစုံသည်နှင့် ရပ်မိရပ်ဖများ၊ ရပ်ဝေးမှ ဖိတ်ကြားထားသော လူကြီးလူကောင်း ဧည့်သည်တော်များ၊ ကာလသား၊ ကာလသမီးများ နေရာယူကြသည်။

မောင်အေးချမ်းက သံဃာ့ပရိသတ်၊ လူပရိသတ်တို့ရှေ့မှောက်တွင် တံတားဆောက်လုပ်ရာ၌ ကုန်ကျစရိတ်များ ရေးမှတ်ထားသော စာရင်းကို အသေးစိတ်ဖတ်ပြီး အစီရင်ခံလိုက်သည်။

ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားသော အဖေ။ အဖေ သက်ရှိထင်ရှားရှိစဉ်အခါကပင် လွှဲအပ်တာဝန်ပေးခဲ့သော အလုပ်အကိုင်များကို မိမိက ကြိုးစားပမ်းစား လုပ်လာခဲ့ရာ ကျောင်းကူးတံတားအပါအဝင် လုပ်ငန်းတွေ ချွတ်ယွင်းချက်မရှိ တစ်ခုပြီးတစ်ခု ပြီးမြောက်အောင်မြင်ပြီးဖြစ်သဖြင့် မိမိအတွက် ဖော်မပြတတ်သော ဝမ်းသာပီတိများ ဖြစ်ရပါကြောင်း စသောစကားတွေကိုပြောသည်။

ကိစ္စတွေပြီးသော် ဆရာတော်က ငါးပါးသီလပေးသည်။ ပင့်သံဃာများနှင့် ပရိတ်ဟောသည်။ တရားဟော၍အပြီးတွင် မောင်အေးချမ်းက ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားသော အဖေနှင့်တကွ သုံးဆယ့်တစ်ဘုံအတွင်းရှိ ဝေနေယျသတ္တဝါအပေါင်းတို့အား ရေစက်သွန်းချ၍ အမျှဝေလိုက်သည်။

ပြီးမှ လှူဘွယ်ဝတ္ထုပစ္စည်းများကို သံဃာတော်များအား ဆက်ကပ်ကြသည်။ လက်ဖက်ရည်၊ ရေနွေးကြမ်း၊ ကောက်ညှင်းပေါင်း၊ နှမ်းထောင်းများဖြင့် ပရိသတ်များအား တည်ခင်းဧည့်ခံကြသည်။

ဤတွင် ကျွန်ုပ်အဖို့ အမှတ်မထင် ဝမ်းသာစရာမြင်ကွင်းတစ်ခုက ထပ်တိုးလာပြန်သည်။ အောင်ကျော်မြင့်နှင့် ခင်သိန်းရွှေတို့မှာ တစ်ဦးကမ်းသော လက်ဖက်ဇွန်းနှင့်စားစရာများကို တစ်ဦးက လက်ဆင့်ယူ၍ ပြုံးပြုံးရွှင်ရွှင်နှင့်ပင် တည်ခင်းဧည့်ခံနေကြသည်ကို မြင်လိုက်ရခြင်းကြောင့်ဖြစ်သည်။

တစ်ဆက်တည်းမှာပင် ဦးကျော်ဖေဖြူနှင့် ဒေါ်ခင်အေးမြတို့မှာလည်း လူပျို အပျိုမိဘ၊ လူကြီးလူကောင်း၊ ရပ်မိရပ်ဖများပီသစွာနှင့်ပင် စားပွဲတစ်လုံးတည်းမှာ အတူတကွ စားသောက်၍ ဒါန၊ သီလ စသော ပဋိသန္ဓာရစကားများ ပြောနေကြသည်ကို တွေ့လိုက်ရပြန်သည်။

ထိုမြင်ကွင်းတွေကြောင့် ကျွန်ုပ်မှာ အံ့သြမဆုံး၊ ဖော်မပြတတ်သော ဝမ်းသာပီတိတွေဖြစ်ပြီး အသက်ရှူဖို့ကို မေ့နေသည်အထိပင်ဖြစ်သွားမိသည်။

အဖေလွှဲအပ်ထားခဲ့သည့်အတိုင်း အဖေ့လုပ်ငန်းတွေကို စေ့ဒိဋ္ဌိနည်းလမ်းကျကျ လုပ်ကိုင်ဆောင်ရွက်ရင်းက ချွတ်ယွင်းချက်မရှိ အောင်မြင်ပြီးမြောက်သောကြောင့်လည်းကောင်း၊ လုပ်ငန်းပြီးမြောက်ခြင်းအထိမ်းအမှတ် အဖေ့အားရည်စူး၍ ရေစက်သွန်းချ အမျှဝေလိုက်ရသောကြောင့်လည်းကောင်း၊ ဖော်မပြတတ်သော ဝမ်းသာပီတိတွေဖြစ်ပြီးကျွန်ုပ်သည် မည်သည့်အချိန်ကပင် မျက်ရည်ကျနေမိသည်မသိ။

မျက်ရည်ကျနေမိသော်လည်း ကျွန်ုပ်မရှက်။ ယောကျ်ားလေးဖြစ်ပါလျက် စိတ်ကိုမထိန်းနိုင်အောင် ဝမ်းနည်းဝမ်းသာဖြစ်ပြီး မျက်ရည်ကျရသလားဟု အပြောခံရမည်ကိုလည်း ကျွန်ုပ်မကြောက်။

ရှက်ကြောက်ရမည့်အစား ကျွန်ုပ် ဂုဏ်ယူသည်။ အဖေ့သားသည် အဖေ့အလုပ်တွေကို တသွေမတိမ်း လုပ်နိုင်သည်။ လုပ်ငန်းတွေ တစ်ခုပြီးတစ်ခု အောင်မြင်သည်ဟု စိတ်ထဲတွင် များစွာ ပီတိသောမနဿတွေ ဖြစ်ရသည်။

မောင်အေးချမ်းသည် ကိစ္စအားလုံးပြီးလျှင် ဆောင်ရွက်သိမ်းဆည်းစရာရှိသည်များကို ဝေယျာဝစ္စသမားတို့အားအပ်ကာ အမေ့အားခေါ်၍ အိမ်သို့ ပြန်လာခဲ့သည်။ မောင်အေးချမ်းတို့ရွာသည် ရခိုင်ရိုးမကြီး၏ တောင်စွယ် တောင်တန်းတွေနှင့် ဆက်စပ်လျက်ရှိသည်။

ထို့ကြောင့် တာကူးလသည် မိုးရာသီဘက်သို့ နီးနေပြီဖြစ်၍ သွားလမ်းလာလမ်းတခိုရှိ တောတန်းတောင်စွယ်တို့သည်လည်း ရွက်နုများဝေပြီး စိမ်းစိုလျက် ရှိနေကြသည်။

မိုးမျှော်ပန်းကလေးများလည်း ပွင့်နေကြပြီဖြစ်သည်။ ထိုတောတန်းတခို၌ ငှက်ကလေးများသည်လည်း ပန်းတို့၏ဝတ်ရည်ကို သောက်သုံးရင်း သားပေါက်တို့အား တီတီ တာတာ စကားဆိုရင်း အပျံသင်နေကြလေသည်။

**မင်းဟိန်းထိဝ်**



# အဖေ့ရောဂါ သားသစ္စာ

အမ်းမြစ်မှ တစ်နာရီခန့် လှော်ခတ်ထွက်လိုက်သည်နှင့် "နောင်တော်"အမည်တွင်သော ပင်လယ်သို့ရောက်သည်။ ပင်လယ်လေနှင့်လည်း စတင်၍တွေ့သည်။ မြစ်လေထက်ပြင်းသဖြင့် စိတ်ထဲတွင် ရှိုးတိုးရှတ ခံစားရသည်။ ပင်လယ်ရေသည် စိမ်းညို့၍နေသည်။

လှေနှင့် ပင်လယ်သို့ တစ်ခါမျှမသွားဖူး၍ထင်သည်။ ကြောက်စိတ်လည်း လွှမ်းနေမိသည်။ ထို့ကြောင့် စိတ်ကိုငြိမ်စေရန်အတွက် အကြည့်ကို အဝေးသို့ ပို့လိုက်သည်။

ပင်လယ်ပြင်၏ လက်ဝဲဘက် သုံးမိုင်ကျော်မျှလှမ်းမည့် တစ်နေရာ၌ "ကျောက်ဖြူမြို့"ကြီးကို ပျပျမျှ မြင်ရသည်။ ကျောက်ဖြူမှာ ဆိပ်ကမ်းမြို့ကြီးဖြစ်သည့်အလျောက် သင်္ဘောများ၊ မော်တော်များ၊ လောင်းလှေကြီးများ၊ ပုလဲနှင့် ရေလုပ်ငန်းအဆောက်အအုံကြီးများနှင့် ဖွေးဖွေးလှုပ်နေသည်။

လက်ယာဘက်ဆီမှာတော့ "နောင်တော်တောင်"ကြီး ရှိသည်။ ပင်လယ်ထဲ၌တည်သော ရောမတောင်လုံးလွတ်ကြီးဖြစ်သည်။ မြင့်မောက်သည်။ သစ်တောကြီးများနှင့် စိမ်းစိုနေသည်။

တောင်ခြေတွင် ကျောက်ကမ်းပါးကြီးများ ကာရံနေ၍ မြေသားမြေစိုင်ဟုမရှိဘဲ ပင်လယ်ရေများသာ ပတ်လည်ဝိုင်းနေသည်။ ကမ်းစတခိုရှိ ကျောက်စွန်း၊ ကျောက်ဆောင်၊ ကျောက်မော်များကို လှိုင်းလုံးကြီးများက ရိုက်ခတ်နေသဖြင့် ဖွေးဖွေးဖြူလျက်သာ မြင်နေရသည်။

အနောက်ဘက်၏အဝေးဆီ ပင်လယ်ထဲမှာတော့ "မောင်နှမကျောက်"ဟု အမည်တွင်သော ကျောက်ဆောင်ကြီးတစ်ခုရှိသည်။ ထိုကျောက်ဆောင်ကြီးသည်လည်း မည်သည့်သောင်စ ကမ်းခြေများနှင့်မျှ ဆက်စပ်မှုမရှိဘဲ ပင်လယ်၌ သီးသန့်တည်သော ကျောက်ဆောင်ကြီးသာဖြစ်သည်။

မောင်နှမကျောက်ဆောင်ကို အဝေးကကြည့်လျှင် သေးငယ်သည်ဟု ထင်ရလောက်အောင်ပင် လှိုင်းလုံးကြီးများ၏အကြား၌ မမြင်တစ်ချက် မြင်တစ်ချက် ရှိနေသော်လည်း စင်စစ်တွင်မူ ကျောက်ဆောင်ကြီးသည် ကျွန်းငယ်တစ်ခုခန့်ရှိသည်။

မောင်နှမကျောက်ဆောင်၏ ထိုဘက်မှာတော့ တစ်စုံတစ်ခုသော ကျွန်း၊ ကျောက်ဆောင်ဟူ၍ မရှိတော့ဘဲ ပင်လယ်ပြင်ကြီးသက်သက်သာဖြစ်သည်။

ထိုမောင်နှမကျောက်ဆောင်ကြီးရာဇဝင်မှာ ထူးဆန်းသည်။ ထူးဆန်း၍ စိတ်ဝင်စားဘွယ်လည်းကောင်းသည်။ ရှေးလွန်လေပြီးသော

အခါက သည်ပင်လယ်ပြင်နေရာ၌ တည်ရှိခဲ့ဖူးသော "ကောတုန်တရစ်တိုင်းပြည်ကြီး ရေလွှမ်း၍ ပျက်သုဉ်းရာတွင် မောင်နှမနှစ်ယောက်တို့သည် ပင်လယ်ရေနှင့် မျောပါလာပြီး ထိုကျောက်ဆောင်တွင် လာတင်ကြသည်။ ထမင်းသက်ကုန်သည်အထိ ထိုကျောက်ဆောင်၌ ရှိနေခဲ့ကြသည်။

သူတို့မောင်နှမ မကွယ်လွန်မီခဏ၌ သည်ကျောက်ဆောင်ကြီး၏အနီးတဝိုက် ပင်လယ်ထဲတွင် လှေ၊ သင်္ဘောများ နစ်မြုပ်ခဲ့လျှင် မိမိတို့မောင်နှမက ထိုဒုက္ခသည်များအား ကယ်တင်မစနိုင်သူတွေ ဖြစ်ရပါလို၏"ဟု ဆုတောင်းခဲ့ကြသည့်အကြောင်း သမိုင်းအဆိုရှိသည်။

ထိုသို့ သူတို့မောင်နှမက ဆုတောင်းမိဋ္ဌာန်ပြုထားခဲ့ကြ၍ပင် ထင်သည်။ မောင်နှမကျောက်ဆောင်၏အနီးအနားတွင် လှေ၊ သင်္ဘောများ ပျက်စီးသည်၊ လူသေသည်ဟူ၍ မည်သည့်အခါမျှ မရှိဖူးပေ။

ထိုသို့ရှိခဲ့ဖူး၍ပင် သည်ကျောက်ဆောင်ကို "မောင်နှမကျောက်ဆောင်"ဟု အမည်တွင်ပြီး လူသိများခြင်းလည်းဖြစ်သည်။

ယခု မောင်လှချော့သည် ထိုမောင်နှမကျောက်ဆောင်ဆီသို့ လှေကလေးကို လှော်ခတ်ရင်းက လာခဲ့သည်။ မောင်နှမကျောက်ဆောင်၌ ဓိဝဖိုးငှက်ကလေးများ အသိုက်လုပ်၍ရှိသည်ဟု ကြားဖူးသည်။ ထို့ကြောင့် မောင်လှချော ဓိဝဖိုးငှက်သိုက် အလိုရှိ၍ အရဲစွန့်ကာ ပင်လယ်ပြင်ကို လှေငယ်တစ်စင်းနှင့် လှော်ခတ်လာခဲ့ခြင်းဖြစ်သည်။

အဖေ့၌စွဲကပ်နေသောရောဂါကို ကုသရန် ဓိဝဖိုးငှက်သိုက် လိုသည်ဟု ဆရာကပြောသည်။ ဆေးဖော်စပ်ရန်အတွက် ဓိဝဖိုးငှက်သိုက်

ကိုသာ မရခဲ့လျှင် အဖေ့အသက်ရှင်နိုင်ဘွယ်မရှိဟုလည်း ထပ်ကာ ပြောသေးသည်။

အဖေတစ်ခု .သားတစ်ခုရှိသောဘဝမှာ အဖေသာ ပြိုလဲသွားခဲ့လျှင်မဟုတွေးကာ မောင်လှချော စိတ်ပူသည်။ ထို့ကြောင့်ပင် မောင်လှချောမှာ ပင်လယ်ရေပြင်၏ ပရိယာယ်မာယာဖြစ်သော လှိုင်းထု၊ ရေထု၊ လေထုများအကြောင်းကို ကောင်းစွာနားမလည်ပါဘဲလျက် ယခုကဲ့သို့ အရဲစွန့်ကာ ထွက်လာခဲ့ရခြင်းဖြစ်သည်။

ဆွေနည်းမျိုးနည်းဖြစ်သော အဖေ့မှာ အရေးကြုံလျှင် မောင်လှချောမှလွဲ၍ တစ်ခြားအားကိုးစရာမရှိ။ ထို့ကြောင့် အဖေနှင့်ပတ်သက်ပြီး အရေးအကြောင်းရှိလာတိုင်း မောင်လှချောသာ ကိုယ်တိုင် ဆောင်ရွက်လုပ်ကိုင်ရသည်။

ကွယ်လွန်သူ အမေသည်လည်း ဤရွာသူမဟုတ်ပေ။ အဖေနှင့်အကြောင်းပါ၍သာ အမေ ဤရွာသူ ဖြစ်လာခဲ့သည်။ အမေ သည်ရွာသူမဟုတ်သဖြင့် အမေ၏ဆွေမျိုးများသည်လည်း သည်ရွာ၌ တစ်ဦးတစ်ယောက်မျှ မရှိကြ။

အကြောင်းမှာ ကွယ်လွန်သွားကြပြီဖြစ်သော အဘိုးနှင့်အဘွားတို့သည် ယခု ကျောင်းထိုင်ဆရာတော်ဖြစ်သည့် ဘကြီးနှင့် အဖေတို့ ကျောင်းသားအရွယ်မှာပင် သူတို့၏ ဇာတိရွာကိုစွန့်၍ ရေကြည်ရာ၊ မြက်နုရာ လုပ်စားကွင်း လိုက်ရှာရင်းက သည်ရွာသို့ ရောက်လာကြပြီး အခြေချကြသည်ဟုဆို၏။

သို့ဖြစ်၍ အဘိုးနှင့်အဘွားတို့ ကွယ်လွန်သွားကြပြီးနောက် အဖေနှင့်ဘကြီး ညီအစ်ကိုနှစ်ယောက်သာ ကျန်သည်။ ညီအစ်ကို

နှစ်ယောက်တည်းရှိသည့်အထဲက အစ်ကိုဖြစ်သူမှာ ရဟန်းဝတ်သွားပြန်သည်။ ထို့ကြောင့် အစ်ကိုတစ်ယောက်ရှိသော်လည်း ရဟန်းပုဂ္ဂိုလ်ကြောင့် မည်သို့မျှ ဆက်စပ်အားကိုး၍မရတော့။

ဤသို့ရှိသဖြင့် အဖေနှင့် မောင်လှချော့တို့မှာ သည်သားအဖမှလွဲ၍ အားကိုးရာကောင်း၏။ မိနိုစရာမရှိဟုဆိုလျှင်လည်းမမှား။ လောကကြီးကို သားအဖနှစ်ယောက်တည်း တည်ဆောက်ထားကြသည်နှင့်တူသည်။ မြင့်မြတ်သောလူ့ဘဝကို ရနေသည့်တိုင်အောင် အားတက်စရာမရှိဟု မောင်လှချော့သည် သူ၏လက်ရှိအခြေအနေတွေကို အားမရစွာ တွေးသည်။ တွေးရင်းက ဝမ်းနည်းသဖြင့် မျက်ရည်လည်း အကြိမ်ကြိမ် ကျခဲ့ဖူးပြီ။

ယခုလည်း အဖေ့မှာ လှိုင်းလေများပြင်းထန်သော ပင်လယ်ထဲသို့သွားရမည့် သားဖြစ်သူ မောင်လှချော့အား စိတ်မချ။ မလွှဲသာ၊ မရှောင်သာ၊ မလွှတ်မဖြစ်သောအကြောင်းကြောင့်သာ လွှတ်ရသည်။ ထို့ကြောင့် အမောဖောက်နေသည့်ကြားက အားပြု၍မှာရှာသည်။

“သား သတိထားပြီးသွားပါ။ ပင်လယ်ထဲမှာ လေသွယ်နေရင်မသွားနဲ့။ ပင်လယ်ဝက မိုးသားတွေ အုပ်အုပ်ဆိုင်းဆိုင်းရှိနေတာမြင်ရင်လည်း ပင်လယ်ပြင်သို့မထွက်နဲ့။ အဲလို တစ်ခုခုသာရှိနေင် အမှတ်မထင်မိုးသက်လေပြင်းများ ကျရောက်တတ်တယ်။ သား တစ်ခုခုဖြစ်မှာကို အဖေစိုးတယ်။ သား ဘေးအန္တရာယ်တစ်ခုခုဖြစ်မယ့်အစား အဖေသာ အသေခံမယ်။ အဖေသေရဲတယ်” တဲ့။ တစ်ဆို့သံနှင့်ပြော၏။

“စိတ်ချပါအဖေရယ်။ သား သွားရဲပါတယ်။ သွားလည်းသွားတတ်ပါတယ်။ အဖေမှာတဲ့အတိုင်း လေထု၊ ရေထုတွေကသာ အဟန့်

အတားရှိနေမယ်ဆိုရင်လည်း သားသတိထားပြီး သွားပါ့မယ်''ဟု ငိုချင်စိတ်ကိုမျိုသိပ်ကာ ပြောထားခဲ့ရသည်။

မောင်လှချော အဖေ့အား သနားရှုမဆုံး။ အဖေ့ဝေဒနာကို မောင်လှချောသာ ခံစားလိုက်ချင်သည်။ မိမိ၏အကြောင်းကြောင့် အဖေ့အား စိတ်ဆင်းရဲမပေးလိုပေ။ အဖေတစ်ခု သားတစ်ခုဘဝဖြင့်သာ ကြီးပြင်းခဲ့ရသော မောင်လှချော။

မောင်လှချော အမေ့ကိုမမှတ်မိလိုက်ပေ။ မောင်လှချော ခြောက်လသားအရွယ်မှာပင် အမေ ကွယ်လွန်သွားခဲ့သည်ဟု သိရသည်။ အဖေ့မှာ နွားနို့ကိုတိုက်၍ မောင်လှချောအား မွေးခဲ့ရသည်ဟု အဖေက ပြောပြဖူးသည်။

အဖေသည် အရွယ်ရှိပါလျက်နှင့် နောက်အိမ်ထောင်မပြု။ သားအား မိထွေးနှိပ်စက်မည်ကို အဖေ မလိုလားပေ။ ထို့ကြောင့် အဖေသည် အိမ်ထောင်ရေးနှင့်ပတ်သက်၍ လုံးဝမစဉ်းစားဘဲနေခဲ့သည်။ အချိန်ရှိတိုင်း သားနှင့်သာပျော်နေခဲ့သည်။

သား ခြောက်နှစ်သားအရွယ်တွင် ရွာဦးကျောင်းမှာအပ်သည်။ အဖေ့အစ်ကို ကျောင်းထိုင်ဆရာတော်ဖြစ်သည့် ဘကြီးဘုန်းကြီးကလည်း မောင်လှချောအား အထူးဂရုစိုက်၍ စာသင်ပေးသည်။ အရေးတယူလည်းရှိသည်။

အဖေ့မှာ သားနှင့်ခွဲမနေနိုင်၍ တစ်နေ့တစ်ခေါက်၊ နှစ်ခေါက် ကျောင်းသို့မှန်မှန်လာပြီး သားနှင့်တွေ့သည်။ သားအား မုန့်ကျွေးသည်။ ရေချိုးပေးသည်။ သနပ်ခါးလူးပေးသည်။ အင်္ကျီ၊ ဘောင်းဘီများ လဲ

ပေးသည်။ ညမိုးချုပ်၍ သားအတွက် အိပ်ရာနေရာများလုပ်ပေးပြီးမှ အဖေ အိမ်ပြန်တတ်သည်။

အဖေ၏ ပြုစုယုယမှု၊ ဆရာတော်၏ သွန်သင်ဆုံးမမှုနှင့် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ့ စသောကိစ္စအဝဝတွေကိုသာ နေ့ညမစဲ ပြုလုပ်ဆောင်ရွက်ရင်းက မောင်လှချော ကြီးပျင်းခဲ့သည်။ ထိုသို့ ရှိနေခဲ့ဖူးသူဖြစ်သည့်အလျောက် မောင်လှချောမှာ လောကီရေးရာတွေကို သိပ်ပြီးနားမလည်ခဲ့ပေ။

ထို့ကြောင့်ပင် လေထု၊ ရေထုများအကြောင်းကို ကောင်းစွာနားမလည်၊ လှေလှော်ကောင်းစွာမကျွမ်းကျင်သည့်သား၊ လှေငယ်တစ်စီးနှင့် ပင်လယ်ထဲသို့ထွက်မည့်ကိစ္စကို အဖေစိတ်မချ၊ စိတ်မချ၍လည်း အတန်တန်မှာ၍မဆုံးဖြစ်နေသည်။

ယခုအချိန်မှာ အဖေသည် ရောဂါဖိစီးနှိပ်စက်မှုကို အလူးအလိမ့်ခံစားနေရ၏။ ရောဂါအရှိန်ကြောင့်လည်း အတော်လေးပင် ချိနဲ့နေသည်။ ယှဲ့ယှဲ့မျှသာရှိသော ကိုယ်နှင့်စိတ်ကို အားတင်းပြီးထိန်းရင်းက သားကိုမှာနေခြင်းဖြစ်သည်။ သားကိုကား လုံးဝစိတ်ချခြင်းမရှိ။ မတော်တဆသားသည်သာ တစ်စုံတစ်ခုသောအသက်အန္တရာယ်နှင့် ရင်ဆိုင်သွားရပါက အဖေပါသေသွားနိုင်သည်။

* * *

မောင်လှချောသည် စိတ်ကိုငြိမ်သက်အောင်ထားကာ ကျယ်ပြန့်သော ပင်လယ်ပြင်ကြီးဆီသို့သာ အကြည့်ပို့ထားသည်။ ပင်လယ်ထဲတွင် လေနှင့်လှိုင်းများ ညစ်ညမ်းခြင်း၊ ပြင်းထန်ခြင်းမရှိသော်လည်း

ရှိမြဲရှိနေသော လေနှင့်လှိုင်းများသည်ပင် မောင်လှချော့အား အကြောက်လွှမ်းစေသည်။ လှိုင်းအရှိန်ကြောင့် မောင်လှချော၏ လှေကလေးမှာ နိမ့်လိုက်၊ မြင့်လိုက်။

မောင်လှချော စိတ်ကိုတင်းပြီး လှော်ခတ်ရင်းက မောင်နှမကျောက်ဆောင်ကြီးနားသို့ ရောက်လာခဲ့သည်။ ကျောက်ဆောင်ကြီးကို လှိုင်းလုံးကြီးများ ရိုက်ခတ်နေသဖြင့် မောင်လှချော လှေကို ဆိပ်ကပ်ရခက်နေသည်။ ကွေ့ပတ်လှော်ခတ်ကြည့်ရင်းက ကျောက်တုံးကြီးများ၏အကြားသို့ တိုးဝင်ဆိုက်ကပ်လျှင်ရနိုင်သော ချောင်တစ်နေရာကို တွေ့သည်။

ထိုနေရာသည် ကျောက်တုံးကြီးများ၏အကြားတွင်ဖြစ်၍ လှိုင်းနှင့်လေများ သိပ်ပြီးမဝင်ရောက်နိုင်သဖြင့် အနည်းငယ် ငြိမ်သက်သည်ကိုတွေ့ရသည်။ မောင်လှချောသည် ထိုနေရာသို့ သူ့လှေကလေးကို ထိုးဆိုက်ကပ်လိုက်သည်။ ပြီးနောက် မောင်လှချော ကျောက်ဆောင်ကြီးကို ကုပ်ကပ်တက်သည်။

ကျောက်ဆောင်ကြီးကို ဇီဝဇိုးငှက်ကလေးများ ကွေ့ပတ်ပျံသန်းနေကြသည်ကို တွေ့ရသည်။ ဇီဝဇိုးငှက်ကလေးများသည် ကျောက်ဆောင်ကြီးကို ကွေ့ပတ်ပျံလိုက်၊ ဖြတ်ကျော်ပျံလိုက်၊ ပင်လယ်ထဲသို့ ပျံတက်သွားလိုက်၊ ပြန်ကွေ့လာလိုက်၊ ကျောက်ဆောင်ကြီးပေါ် ကုတ်ကပ်တက်နေသော မောင်လှချော၏ ကျောပေါ်က ဖြတ်ပျံသော အကောင်တွေက ပျံလိုက်နှင့်။

မောင်လှချောကတော့ တစ်စုံတစ်ခုကိုမျှ အာရုံမစိုက်နိုင်။ ကျောက်ဆောင်ထိပ်သို့ရောက်ရေးကိုသာ စိတ်သန်နေသည်။ ခြေချော်၊

လက်ချော်မရှိအောင် သတိကောင်းကောင်းထားပြီး ကုတ်ကပ်တက်သည်။

"ဟိတ် ... မင်းဘယ်သူလဲ"

အမှတ်မထင် ကျယ်လောင်သော အသံကြီးတစ်ခုကြောင့် မောင်လှချော လန့်သွားသည်။ တစ်ဆက်တည်းပင် ကြည့်လိုက်ရာ လူကြီးတစ်ယောက်သည် ခါးကိုလက်ထောက်ကာ ကျောက်စွန်းတွင် မတ်တပ်ရပ်ပြီး မောင်လှချောအား စိုက်ကြည့်နေသည်။

သူ့ကိုယ်၌ အင်္ကျီပွပွကြီးကိုဝတ်ထားပြီး ပုဆိုးကိုမူ ခါးတောင်းကျိုက်ထားသည်။ လက်တွင် ဓားမြှောင်နှင့်ဆင်ဆင်တူသော ဓားဦးချွန်ကြီးတစ်ချောင်းကိုလည်း ဆုပ်ကိုင်ထားသည်။ လေတိုက်နေသဖြင့် သူ့အင်္ကျီကြီးမှာ ဖောင်းပွ ဖူးယောင်နေသည်။

မောင်လှချော ထိုလူကြီးကိုကြည့်ပြီး ကြောက်နေမိသည်။ ထိုလူကြီးကလည်း မောင်လှချောအား စိုက်ကြည့်နေသည်။ ထို့ကြောင့်ပင် မောင်လှချောက ကြောက်ကြောက်နှင့် သူလာရင်းကိစ္စကို ပြောပြလိုက်သည်။

"ကျွန် ... ကျွန်တော် ငှက်သိုက်ရှာဖို့ လာခဲ့တာပါခင်ဗျ"

"ငှက်သိုက်ရှာဖို့၊ ဟုတ်လား၊ ဘာငှက်သိုက်လဲကွ"

"ဇီဝဇိုးငှက်သိုက်ပါခင်ဗျ"

"ဩော် ... ဇီဝဇိုးငှက်သိုက်ရှာဖို့လာတယ်ဆိုပါလား ဟား ... ဟား ... ဟား ... ဒီပင်လယ်ထဲမှာ ငှက်သိုက်ရှာတဲ့လူဆိုလို့ တို့ကလွဲပြီး တစ်ခြားလူတွေမရှိဘူးလို့ ထင်ခဲ့တာ၊ အခုတော့ မင်းလဲ တစ်ယောက်တိုးလာနေပြီပဲကိုး"

မောင်လှချော်မှာ အော်ပြီးစကားပြောနေသော လူကြီးအား ကြောက်ကြောက်နှင့်သာ ကြည့်နေမိသည်။ ထိုစဉ် နောက်လူနှစ်ယောက်လည်း ကျောက်စွန်းတွေကို နင်းလျှောက်လာကြပြီး လူကြီး၏ အနားတွင် လာရပ်ကြသည်။

သူတို့ကို မောင်လှချော အကဲခတ်သည်။ ပင်လယ်ဓားပြဆိုသူတွေတော့ ဟုတ်ဟန်မတူ။ အမြဲတမ်း ငှက်သိုက်ရှာဖွေနေကြသည့် လူများသာဖြစ်မည်ဟု မောင်လှချောတွေးသည်။

ထို့ကြောင့်ပင် မောင်လှချောက ငှက်သိုက်ရှာဖို့လာသည်ဟု ပြောလိုက်၍ ထိုလူများက မောင်လှချောအား ဝိုင်းကြည့်နေကြခြင်း ဖြစ်ပေမည်။ မောင်လှချောက ငှက်သိုက်ရှာဖို့လာသည်ဆို၍လည်း သူတို့ သိပ်ပြီး ကျေနပ်ကြဟန်မတူ။

သူတို့၏စားခွက်ထဲသို့ ဝင်လာရကောင်းလားဟုတွေးကာ မခ္ခရိယ ဖြစ်နေကြဟန်နှင့်သာတူသည်။ မနာလို မုန်းတီးသည့်အကြည့်မျိုးနှင့် မောင်လှချောအား စိုက်ကာကြည့်နေကြသည်။ ထို့ကြောင့်ပင် မောင်လှချောက ပြောပြလိုက်သည်။

"ကျွန်တော်က ငှက်သိုက်ကို စီးပွားဖြစ်လာရှာတာ မဟုတ်ပါဘူးခင်ဗျ၊ အဖေ့ကျန်းမာရေးအတွက် ဆေးဖော်ဖို့ နည်းနည်းပါးပါး ရရင် ပြန်သွားမှာပါ"

သူတို့တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ ပြီးမှ ယခင်စကားပြောသည့် လူကြီးကပင် အော်၍ပြောပြန်သည်။

"ဆေးဖော်ဖို့ နည်းနည်းပါးပါးရရင် ကျေနပ်ပြီတဲ့လား"

"ဟုတ်ကဲ့"

"အေး … ရှာ … ရှာ၊ ဒါပေမယ့် အခုဈေးလောဆယ်မှာ တော့ မင်းငှက်သိုက်ရမယ်လို့ မထင်နဲ့၊ ငှက်သိုက်တွေကို ကောက်ထား လို့ ကုန်နေပြီ။ ဒါကြောင့် မင်းမှာ ငှက်သိုက်အစား ငှက်အသေကောင် တွေပဲ ရလိမ့်မယ်ဆိုတာ မှတ်ထား"

"ဘာဖြစ်လို့ပါလဲ ခင်ဗျ"

မောင်လှချောက မေးသည်။ သို့သော်လည်း သူတို့စကားမဆို၊ သူတို့အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ သည်။ ပြီးမှ အကြီးဆုံးလူက မေးငေါ့ပြီး အချက်ပြလိုက်သဖြင့် အကုန်လုံး လှေပေါ်သို့ ဆင်းသွားကြသည်။

သို့မှ သူတို့လှေကို မောင်လှချောမြင်သည်။ လှေကို ကျောက်ခဲ ကြီးများ၏အကြား၊ ချောင်တစ်နေရာတွင် ဆိုက်ကပ်ထားကြခြင်း ဖြစ် သည်။

သူတို့အထဲက လူတစ်ယောက်သည် လှေပေါ်သို့ လှမ်းတက်ရင်း က မောင်လှချောအား ပြောပြသည်။

"ဒီလူကြီးက ငှက်သိုက်အစား ငှက်အသေကောင်တွေကိုပဲ ရလိမ့်မယ်လို့ ပြောတာကို မင်းနားမလည်ဘူးထင်တယ်။ ဇီဝစိုးငှက် ဆိုတာတွေက အသိုက်လုပ်ရလွန်းရင် သေတတ်တယ်ကွ။ ဘာဖြစ်လို့လဲ ဆိုတော့ အခုပဲ တို့အဖွဲ့ဟာ အရင်ကပင်ရှိနေတဲ့ ငှက်သိုက်တွေကို ကောက်ယူကြပြီးတဲ့အပြင် ငှက်ကလေးတွေ နောက်ထပ်လုပ်ကြတဲ့ အသိုက်တွေကိုပါ စောင့်ကြည့်ပြီး ကောက်ကြသေးတယ်။ ပြီးတော့

မင်းကလဲ အခုငှက်သိုက်ကောက်ဖို့ လာပြန်ပြီဆိုတော့ ဒီကောင်တွေ ဘယ်ခံနိုင်တော့မလဲကွ။ ဇီဝဖိုးငှက်ဆိုတာတွေက ကောက်ရိုးမျှင်တွေ၊ မြက်မှိုက်တွေနဲ့ အသိုက်လုပ်တာမဟုတ်ဘဲ သူတို့ ပါးစပ်ထဲက အန် ထုတ်လို့ရတဲ့ အန်ဖတ်လို့ခေါ်တဲ့ အမြှုပ်တွေနဲ့သာ အသိုက်လုပ်ကြတာ ကိုး။ ဒါကြောင့် အဲလို အန်ထုတ်ပြီးသာ အသိုက်လုပ်နေရတော့ ခဏ ခဏ ဘယ်အန်နိုင်ပါ့မလဲ။ ဒီတော့ အန်မထုတ်နိုင်တဲ့အဆုံး ဇီဝဖိုး ငှက်ကလေးတွေမှာ အန်ရင်းက ပါးစပ်ထဲ သွေးတွေပါလာပြီး ရင်ကွဲ ကာ သေကြရတော့တာပဲ''

''ဪ ... ဟုတ်ကဲ့''

ထိုလူများသည် စကားကို ထိုမျှသာ ပြောထားခဲ့ပြီး သူတို့၏ လှေကလေးကိုတက်စီးကာ တစ်ယောက်တက်တစ်ချောင်းစီနှင့် ကျွမ်း ကျင်စွာ လှော်ခတ်ရင်းက ပင်လယ်ထဲသို့ ထွက်သွားကြလေသည်။ ဆယ့်ငါးမိနစ်ခန့်အကြာမှာပင် ကျယ်ပြန့်သော ပင်လယ်ထဲသို့ ရောက် သွားကြသဖြင့် သူတို့အား ကြည့်၍ မမြင်လိုက်ရတော့ပေ။

မောင်လှချောသည် ငှက်သိုက်ရှိမည်ဟုထင်သော အမြင့်ဆုံး ကျောက်ဆောင်ကြီးပေါ်သို့ တက်သည်။ ကျောက်တုံးကျောက်ဆောင် တွေက မတ်စောက်ခြင်းမရှိသဖြင့် အတက်ရလွယ်သည်။ ကျောက်သား တွေချင်း ထိစပ်နေ၍ အဆင့်ဆင့်အထပ်ထပ်ရှိနေခြင်းသာဖြစ်သည်။ ကျောက်ဆောင်ထက်သို့ ရောက်သွားသဖြင့် လေက တဝုန်းဝုန်း တိုက် ခတ်နေသည်။

ဇီဝဖိုးငှက်ကလေးတစ်ကောင် သေနေသည်ကိုတွေ့၍ မောင်လှ ချော ကောက်ကြည့်သည်။ ငှက်ကလေး၏ပါးစပ်မှာ သွေးစတွေနှင့်။

ငှက်သေကို စိုက်ကြည့်နေချိန်မှာပင် နောက်တစ်ကောင်လည်း ပျံသန်းနေရင်းက မောင်လှချော၏အနားသို့ ဖုတ်ကနဲ ပြုတ်ကျလာပြန်သည်။

ထိုပြုတ်ကျလာသောအကောင်သည်လည်း ပါးစပ်ကို ဟပ်စေ့ဟပ်စေ့လုပ်ရင်းက သွေးစတွေ စီးကျလာသည်။ ထို့နောက် အကြောတစ်ချက်နှစ်ချက်ဆွဲကာ သေသွားပြန်လေသည်။

ဤတွင် မောင်လှချော လှေစီးပြီး ပင်လယ်ထဲသို့ထွက်သွားကြသောအဖွဲ့ထဲက လူတစ်ယောက် ပြောပြခဲ့သည်ကို အမှတ်ရလာသည်။ ဇီဝဖိုးငှက်များမှာ ပါးစပ်ထဲက အမြှုပ်တွေကို အန်ထုတ်ပြီးသာ အသိုက်လုပ်ကြရသည်။ ထိုသို့အန်ထုတ်ရဖန်များလာသောအခါ သွေးပါပြီး သေကြရသည်တဲ့။ ဟုတ်ပေမည်။ ယခုပင် သွေးအန်ပြီးသေနေကြသော ဇီဝဖိုးငှက်တွေကို မောင်လှချော တွေ့နေရပြီမဟုတ်လား။

ထိုလူများအဖွဲ့သည်လည်း မည်မျှအထိပင် အချိန်ကြာအောင်နေပြီး ငှက်သိုက်ကောက်နေခဲ့ကြသည်မသိ။ ငှက်ကလေးတွေ အန်ထုတ်ပြီး အသိုက်လုပ်လိုက်၊ လူတွေကကောက်လိုက်နှင့် အကြိမ်ကြိမ်အခါခါ အန်ထုတ်ပြီး အသိုက်လုပ်ရလွန်း၍ပင် ဇီဝဖိုးငှက်ကလေးတွေ သေကြရခြင်းဖြစ်မည်ဟု မောင်လှချော နားလည်လိုက်သည်။ နားလည်စိတ်နှင့် အတူ အတော်လေးလည်း စိတ်ထိခိုက်သွားမိသည်။

သူတို့၏ဘဝကလည်း ဆန်းကြယ်လွန်းသည်။ အန်ထုတ်၍ရသော အန်ဖတ်အမြှုပ်တွေနှင့်သာ အသိုက်လုပ်ရသည်တဲ့။ ထို့ကြောင့် သားသမီးများသည်သာ ရင်သွေးဖြစ်ရုံမကဘဲ အသိုက်သည်လည်း ရင်သွေးကဲ့သို့ တူနေလေသည်။

ထိုသို့ရှိနေ၍ပင် အတိုင်းအတာတစ်ခုထက်ကျော်လွန်ပြီး အန်ထုတ်၍ အသိုက်လုပ်ရသောအခါ သူတို့ ရင်ကွဲကြခြင်းဖြစ်လိမ့်မည်။ အသိုက်အအုံကို အကြိမ်ကြိမ်အခါခါ ဖျက်ဆီးခြင်းခံရ၍ ထပ်မံ အန်ထုတ်ပြီး အသိုက်လုပ်ရလွန်းသဖြင့် အသက်ကို စွန့်ရသော ဇီဝဇိုးငှက်ကလေးများ၏အဖြစ်တွေ။

မောင်လှချောတွေးရင်းက ဇီဝဇိုးငှက်ကလေးများအား သနားလာမိသည်။ ယခုမူ မောင်လှချောမှာလည်း ငှက်သိုက်ကောက်ရန်လာခဲ့သူဖြစ်နေပြန်သည်။ ကျန်ရှိနေကြသော ငှက်ကလေးများတစ်ဖန်ပြုလုပ်ကြမည့် အသိုက်တွေကို မောင်လှချောက ဆက်၍ကောက်လျှင်သူတို့လေးတွေ နောက်ထပ်သေကြရဦးမည် စသည်ဖြင့် တွေးကာမောင်လှချော လက်တွန့်နေမိသည်။

မည်သည့်အခါကမျှ အကုသိုလ်အမှုကို ကျူးလွန်စေလိုသောစေတနာနှင့် ကိုယ်တိုင်မလုပ်ခဲ့ဖူးသော မောင်လှချော။ မိမိ၏အတွက်ဖြစ်စေ၊ တစ်ခြားတစ်ယောက်၏ အတွက်ဖြစ်စေ၊ မောင်လှချောသည်သေစေလိုသော စေတနာနှင့် မည်သည့်သားကောင်ကိုမျှ မသတ်ခဲ့ဖူးပေ။

ဆရာတော်၏ ဆုံးမဩဝါဒကိုခံယူပြီး ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ စသောအရေးကိစ္စတွေကို ဆောင်ရွက်လုပ်ကိုင်ရင်းကသာ ကြီးပြင်းခဲ့သည်။ သို့သော် ယခုမူ သူ့ပယောဂကြောင့် ဇီဝဇိုးငှက်ကလေးတွေ အကြွင်းမဲ့သေကြရတော့မည်

အိမ်မှထွက်လာစဉ်ကပင် မောင်လှချော စဉ်းစားခဲ့သည်။ ဇီဝဇိုးငှက်ကလေးများ၏ အသိုက်တွေကို ဖျက်ဆီးရပေတော့မည်။ ထိုက်သင့်

သော အကုသိုလ်အဖို့ကို ခံရပေတော့မည်စသည်ဖြင့် တွေးခဲ့မိသည်။ သို့သော်လည်း အဖေ၏ကျန်းမာရေးအတွက် ဆေးဖော်စပ်ရန် အနည်းငယ်မျှသာတွေးကာ ဖြေခဲ့သည်။ အပြစ်သည် သိပ်ပြီးကြီးလေးအံ့လည်း မထင်ခဲ့။

ယခုတော့ မောင်လှချောထင်သလို တစ်ခုမှ မဟုတ်တော့အဲ ဇီဝဖိုးငှက်ကလေးတွေမှာ အသိုက်ကို ဖျက်ဆီးခံရလျှင် အသိုက်တွေကို ချက်ချင်းပြန်လုပ်တတ်ကြ၏။ ထိုသို့ အသိုက်ကို အခါခါ ပြုလုပ်လာရသောအခါ အင်္ဂါရပ်တွေပါ ရင်ကွဲပြီး သေကြရသောအဖြစ်။

မောင်လှချော အစဉ်းစားရခက်နေသည်။ အဖေကျန်းမာရေးကိုလည်း မြင်ယောင်မြန်သည်။ ဇီဝဖိုးငှက်သိုက်ရမှ ဇီဝဖိုးငှက်သိုက်နှင့် ဆေးဖော်စပ်ပြီး ကုသမှ အသက်ရှင်မည့်အဖေ။ ထို့ကြောင့် အဖေသည် မောင်လှချောပြန်အလာကို စောင့်မျှော်၍ နေပေလိမ့်မည်။ မောင်လှချော ပြန်လာလျှင် ဇီဝဖိုးငှက်သိုက်တွေ ပါလာလိမ့်မည်ဟုလည်း ယုံကြည်နေပေလိမ့်မည်။

စဉ်းစားရင်းက မောင်လှချောငိုင်ကျသွားပြန်သည်။ အပြစ်မရှိသော ငှက်ကလေးများအနေပျက်ပြီး အသက်ပါသေကြရမည့်အဖြစ်တွေကို မောင်လှချောမလိုလားပေ။

ကြီးလေးသော အကုသိုလ်အဖို့ကို ပထမဆုံးအကြိမ်ထိတွေ့ ကျူးလွန်ရန် တာစူနေသော မောင်လှချော။ ကျောက်ဆောင်ထက်တွင် ထိုင်ကာ ခေါင်းငိုက်စိုက်ချလျက် ထိုသို့ အကြာကြီး စဉ်းစားရင်းက ဆုံးဖြတ်ချက်တစ်ခုကို အတည်ပြုလိုက်လေသည်။

"ဇီဝဖိုးငှက်သိုက်တွေကို ငါမကောက်တော့ပြီ"

ကျွန်ုပ်သည် သရဏဂုံတည်၏။ ငါးပါးသီလလည်း မြဲ၏။ သူတစ်ပါး၏ အသက်ကို သေစေလိုသော စေတနာနှင့်လည်း မည်သည့်အခါမျှ မသတ်ခဲ့ဖူး။ ဘဝကို အမှတ်ရ၍ သိတတ်နားလည်သည်မှ သက်ရှိသတ္တဝါတို့အား နှိပ်စက်ကလူပြုခြင်းကိုလည်း အချိန်ရှိတိုင်း ရှောင်ကြဉ်ခဲ့သည်။

ယခုလည်း မိမိ၏ ဖခင်အသက်ရှင်ရေးအတွက် ငှက်ကလေးများအား ညှင်းဆဲခြင်း၊ သတ်ဖြတ်ခြင်းကို မပြုပါ။ ဤစကားသည် မှန်၏။ ဤမှန်သောစကားကြောင့် ကျွန်ုပ်ဖခင်၏ကိုယ်၌စွဲကပ်နေသော ဝေဒနာသည်လည်း အကြွင်းမဲ့ ပျောက်ကင်းပါစေသော် ....

မောင်လှချောသည် ထိုသို့ တိုးတိုးဆိုလိုက်၏။ မှန်သောစကားစကို ဆိုလိုက်ခြင်းကြောင့် ကိုယ်လက်များလည်း အတိုင်းထက်အလွန် ပေါ့ပါးလန်းဆန်းသွား၏။ စိတ်နှလုံးများလည်း အေးမြကြည်လင်၍ နေ၏။ ထို့နောက် မောင်လှချောသည် သူ့လှေကလေးကို တက်စီးပြီး ကျောက်ဆောင်မှခွာ၍ လာလမ်းအတိုင်း လှော်ခတ်ကာ ထွက်လာခဲ့လေသည်။

**မင်းဟိန်းထိုပ်**

# သားအတွက် အသက်စွန့်သောမိခင်

သည်တစ်လောတွင် မိုးကြီးသည်။ ရွာလယ် စမ်းချောင်းကြီးတွင် တောင်ကျရေများ ဒလဟောစီးနေသည်။ ချောင်းရေလျှံနေ၍ ဖို့ထားသောအဖီအောက်က နွားအိပ်ရာ (သိပ်ရာ) များသာ ရေလွှတ်ပြီး အိမ်ခြံများမှာပင် ရေတွေလွှမ်းနေသည်။

မောင်အေးချမ်းတို့ရွာက ရခိုင်ရိုးမကြီး၏တောင်ခြေတွင် တည်ရှိသဖြင့် ရိုးမမိုး၊ သို့မဟုတ် တောင်မိုးရွာလျှင် တော်တော်နှင့်မပြတ်။ ဖွဲပြီးရွာနေတတ်သည်။ လဆန်းတစ်ရက်နေ့မှာရွာလျှင်လည်း လပြည့်သည်အထိ။ လဆုတ်တစ်ရက်မှာရွာလျှင် လကွယ်နေ့အထိ။ ထိုသို့ရွာတတ်သည်ဟု ရှေးလူကြီးများ အယူရှိသည်။

ဟုတ်ပေမည်။ ယခုလည်း လဆန်းတစ်ရက်နေ့ကပင် ရွာလာခဲ့သောမိုးသည် ဆယ်ရက်ရှိခဲ့ပြီ။ မပြတ်သေး။ လပြည့်သည်အထိ၊ နောက်ငါးရက်ရွာဦးမည်ဟု ယူဆရသည်။ ရေတွေလျှံနေသည်ကိုကြည့်ကာ မောင်အေးချမ်း စိတ်ပျက်စွာ တွေးနေသည်။

ထို့နောက် မောင်အေးချမ်း အဖီအောက်သို့ ဆင်းလာခဲ့သည်။ နွားမီးဖိုတွင် မီးလှုံရန်အတွက်ဖြစ်သည်။ လက်ချောင်းတွေကို မီးကင်နေတုန်းမှာပင် အိမ်နောက်ဘက် ခြံတံခါးကိုတွန်းကာ ရေထဲဖြတ်သန်းလာနေသော ခြေသံတစ်ခုကိုကြား၍ မောင်အေးချမ်း ကြည့်လိုက်သည်။

ဦးလေး မောင်ညိုစိန်ကို တွေ့လိုက်ရသည်။ ဦးလေးသည် ခမောက်ကို အဖီစတွင်ထားခဲ့ကာ မောင်ဖိအထဲသို့ဝင်လာပြီး ခါးတောင်းကျိုက်ကို ဖြုတ်သည်။ လက်တွေကိုဖြန့်ကာ မီးကင်သည်။

''ဦးလေး ဘယ်ကိုသွားတာလဲ၊ မိုးကရွာပါဘိသနဲ့''

မောင်အေးချမ်းက မေးလိုက်၍ ဦးလေးသည် သူ့ခါးပိုက်တွင် ထည့်ယူလာသောအထုပ်ကလေးကို လက်နှင့်ပုတ်ပြသည်။ အထုပ်ကလေးသည် တုန်လှုပ်သွားပြီး အထဲက ''ကျိ ကျိ'' ဟူသောအသံကို ကြားလိုက်ရသည်။

''တွေ့လား ဒီမှာ၊ မင်းအတွက်ယူလာတာ'' ဦးလေးသည် ထိုသို့ပြောကာ ခါးပိုက်ထဲလက်နှိုက်ပြီး ကြက်ပေါက်ကလေးတစ်ကောင်ကို ထုတ်ယူ၍ မောင်အေးချမ်းအားပေးသည်။

''ဟာ ကြက်ပေါက်ကလေးတစ်ကောင် ရပြီဟေ့။ အမေရေ ဒီမှာလာကြည့်စမ်းပါဦးဗျ။ ဦးလေးက ကျွန်တော့်ကို ကြက်ပေါက်လေးတစ်ကောင် ပေးနေတယ်''

အမေသည် မောင်အေးချမ်း အော်ပြောလိုက်၍ အိမ်ပေါ်မှ အဖီအောက်သို့ ဆင်းလာခဲ့သည်။

''ဦးလေးကလဲ ကြက်ပေးရအောင်လာတာများ မိုးရွာကြီးထဲလာရပြန်တယ်လို့''

"အခုလိုမိုးကြီးလို့ ရေတွေပြည့်လျှံနေတုန်းလာပေးမှ ကြက်ပေါက်ကလေးက အဖီအောက်မှာ နေမှာပေါ့ကွ။ အဲလိုမှမဟုတ်ရင် သူ့အမေကိုလိုက်ရှာရင်းနဲ့ ပျောက်သွားနိုင်တယ်"

"အမေ ဒီမှာကြည့်စမ်းပါဗျ။ ဦးလေးက ကျွန်တော့်ကို ကြက်ပေါက်လေးတစ်ကောင်ပေးတယ်ဗျ"

မောင်အေးချမ်းက ကြက်ပေါက်ကလေးကို ကိုင်ပြလိုက်သည်။

"အဲလောက်အငယ်လေးကို ဘာလုပ်ဖို့လာပေးရတာလဲ"

အမေက အပြစ်တင်သံတစ်ဝက်နှင့် ဦးရေှးအားပြောသည်။ ဦးလေးသည် မောင်အေးချမ်းဆီက ကြက်ပေါက်ကလေးကိုပြန်ယူပြီး ကိုင်ပြရင်းက ပြောသည်။

"ဒီကြက်ကလေးကို လာပေးတာနဲ့ပတ်သက်ပြီးပြောမယ်ဆိုရင်တော့ အကြောင်းအရာက အရှည်ကြီးပဲအစ်မရဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကြက်မကြီးမှာ ဒီကြက်ကလေးတွေကိုပေါက်တော့ ကျွန်တော်က နာနတ်သီးရောင်းဖို့ နာနတ်ခင်းကိုချည်း သွားနေရတယ်။ ကြက်ပေါက်ကလေးတွေကို ဂရုမစိုက်အားဘူး။ မေအေးမှာလည်း သူ့ကလေးတွေနဲ့သူ၊ ကြက်ပေါက်တွေကို ဂရုမစိုက်နိုင်ဘူး။ ဒီတော့ ကြက်ပေါက်တွေကို ချိုးသိမ်း သုတ်ချီတော့တာပေါ့။ ဒါကြောင့် ဒီတစ်ကောင်တည်းကျန်တာကို ညီလေးလာပေးတာ"

"မေအေး"ဆိုသူမှာ ဦးလေး၏မိန်းမဖြစ်သည်။ ဦးလေးက ညီလေးဟုဆိုလိုက်ခြင်းမှာလည်း မောင်အေးချမ်းအား ခေါ်ခြင်းပင်ဖြစ်သည်။

"ဒီတစ်ကောင်တည်းကျန်တဲ့ကြက်ပေါက်ကို ငါ့သား ဘာလို့လာပေးနေရတာလဲ"

"သားမခွဲနိုင်လို့ပေါ့ အစ်မရဲ့။ ဒါကြောင့် လာပေးတာပေါ့။ ဒီကြက်ကလေးကြီးပြင်းအောင် သားခွဲအောင်သာထားနေရင် ကြက်မ ကြီးဟာ တော်တော်နဲ့ဥမှာမဟုတ်ဘူး။ ဒါကြောင့် ညီလေးကို မွေးပါစေ ဆိုပြီး လာပေးတာ"

"ဟင် နင်ရက်စက်လှချည်လား နွားရဲ့၊ သားတောင်မခွဲသေးဘဲ ကြက်ကလေးကို ကြက်မကြီးနဲ့ခွဲပြီး ယူလာတယ်။ နင် ငရဲကြီးတော့ မှာပဲ"

"ကြီး ကြီး၊ ဒီအတိုင်းသာ သားခွဲအောင်စောင့်နေရရင် ကြက် မကြီး တော်တော်နဲ့ ဥမှာမဟုတ်ဘူး။ ဒီတော့ ညီလေး ရော့ကွာ။ ဒီ ကြက်ပေါက်ကလေးကို မင်းမွေးထား"ဟုပြောကာ ဦးလေးသည် ကြက်ပေါက်ကလေးကို မောင်အေးချမ်းအားကမ်းပေးပြီး သွားရန်ပြင် သည်။

"ဟဲ့ - အဲလိုမလုပ်ပါနဲ့၊ နင့်ကြက်ပေါက်ကို ပြန်ယူသွား။ အလကား၊ သားတောင်မခွဲသေးဘူး၊ တော်ကြာ ငါ့သား ငရဲကြီးနေ ပါ့မယ်"

အမေသည် မောင်အေးချမ်းဆီက ကြက်ပေါက်ကလေးကို လှမ်း ယူပြီး ဦးလေးအား ပြန်ပေးသည်။ ဦးလေးက မယူ။

"ကျွန်တော်မယူဘူး။ မွေးစားမယ့်လူမရှိလို့ ပြန်ယူသွားရတယ် ဆိုရင်လည်း ကျွန်တော် အိမ်ရောက်အောင် ပြန်မယူတော့ဘဲ လမ်းမှာ သတ်ပစ်ခဲ့မှာ"

အမေသည် ကြက်ပေါက်ကလေးကိုကိုင်ထားရင်းက ဦးလေး အား အံ့သြသလိုဖြစ်ကာ စိုက်ကြည့်နေသည်။ ဦးလေးသည် အမေ့လက်

ထဲက ကြက်ပေါက်ကလေးကို လှမ်းဆွဲရင်း "ပေး ပေး၊ ကိုင်ပြီး မြေကြီးမှာပေါက်ပစ်လိုက်မယ်" ဟုဆို၍ အမေက မပေးဘဲယူထားသည်။

"ပေးလေ"

"မပေးဘူး၊ နင်ကအရူးပဲ။ တိရစ္ဆာန်၊ သတ္တဝါတွေကို သနားဖို့ သိတဲ့လူမှမဟုတ်တာ"

"ကဲ ဒါဆိုရင် ကျွန်တော့်ကိုမပြောနဲ့၊ ပြန်တော့မယ်" ဟုဆိုကာ ဦးလေးသည် အမေမမြင်အောင် တစ်ဖက်သို့လှည့်၍ပြုံးကာ သူ့အိမ် ကို ပြန်သွားလေသည်။

"ငရဲကြီးရင် နင်ပဲကြီးမှာ၊ ငါ့သားမကြီးဘူး" ဟုပြောကာ အမေသည် ကြက်ပေါက်လေးကို သားအား ကမ်းပေးသည်။

ကြက်ပေါက်ကလေးမှာ အဝါရောင်အဆင်းရှိပြီး ကြက်မ ကလေး ဖြစ်သည်။ ငယ်သေးသော်လည်း ဗန္ဓုအနွယ်ဖြစ်သဖြင့် အမွေးစုံ နေပြီ။ အထီး၊ အမဟု ခွဲခြား၍သိနိုင်ပြီ။ မောင်အေးချမ်းက ကြက်မ လေးကို အဝါရောင်အဆင်းရှိ၍ "ဝါမ" ဟု အမည်ပေးလိုက်သည်။

ဝါမက လိမ္မာသည်။ အဝေးကိုမသွားဘဲ အဖီအောက်မှာပင် နေသည်။ အစာစားချင်လျှင် မောင်အေးချမ်းဆီကိုလာပြီး "တီတီ တီတီ" ဟုအော်ကာ တောင်းသည်။ မောင်အေးချမ်းက ဆန်ကွဲတွေကို လက်ခုပ်မှာထားပြီးကျွေးသည်။ ဝါမက သူ့နှုတ်သီးတိုတိုတုတ်တုတ် လေးနှင့်ကောက်စားလျှင် လက်တွေယားရ၍ မောင်အေးချမ်း၏ကိုယ် သည် တွန့်ကနဲ ဖြစ်သွားသည်။

* * *

ဝါမလေးအား ဂရုတစိုက် ကျွေးမွေးစောင့်ရှောက်လာခဲ့ရာ ယခုအခါ ဝါမသည် အရွယ်ရောက်လာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ရွယ်တူကြက်ဖလေးတစ်ကောင်ဝယ်ပြီး ဝါမနှင့် ပေးစားလိုက်သည်။ သို့သော် ဝါမသည် ထိုကြက်ဖလေးကို စိတ်ဝင်စားဟန်မတူ။ မြင်စတွင် လာပြီးကြည့်သော်လည်း တစ်ချက်မျှကြည့်ကာ နောက်ဆုတ် နောက်ဆုတ်သွားပြီး သူ့ဘာသာ အစာရှာစား၍သာနေလေသည်။

ကြက်ဖလေးကတော့ ဖိုသတ္တဝါလေးပီပီ ပွင့်လင်းသည်။ လျှို့ဝှက်ခြင်း၊ ဖုံးကွယ်ခြင်း အလျဉ်းမပြု။ ရုပ်ချောသောဝါမကို သူမြင်မြင်ချင်းကြိုက်သည်။ ထို့ကြောင့် အိုက်တင်တွေ အိုက်ချင်တွေလုပ်မနေတော့ဘဲ ဝါမဆီသို့လိုက်သွားပြီး တောင်ပံတစ်ဘက် ဘေးသို့ကားကားလေးချကာ ယက်ကန်ယက်ကန်နှင့် "တော့ကော် တော့ကော်" လုပ်နေသည်။

သို့သော်လည်း ဝါမက စိတ်မဝင်စားသူပီပီ တစ်နေရာသို့သာဖယ်သွားသည်။ ကြက်ဖလေးကလိုက်သွားပြီး ယခင်ကအတိုင်း တော့ကော် တော့ကော် လုပ်ပြန်သည်။ ဝါမသည် ကြက်ဖလေးအား စိတ်တိုလာပြီး နှုတ်သီးနှင့် ထိုးဆိတ်တော့သည်။ ကြက်ဖသည် အစတွင်အချစ်ဇောကြောင့် သည်းခံနေကြည့်သော်လည်း လေးငါးချက် အဆိတ်ခံလာရသောအခါ မခံနိုင်တော့ဘဲ နောက်ဆုတ်နောက်ဆုတ်နှင့် ပြေးသည်။ ချစ်စိတ်ကြောင့် ပြန်၍တော့မဆိတ်။

ထိုအခါ ဝါမသည် ဣန္ဒြေရရနှင့် သူ့ဘာသာ အစာရှာစား၍နေပြန်သည်။ ကြက်ဖလေးကတော့ အလျှော့မပေး။ ဝါမဆီ ပြန်လိုက်သွားပြီး တော့ကော်တော့ကော် လုပ်ပြန်သည်။ ဝါမကလည်း ဆိတ်ပြန်သည်။

သည်လိုနှင့် ဝါမက ရန်တွေ့ပြီးထိုးဆိတ်လိုက်၊ ကြက်ဖလေးက နောက်ဆုတ်ပြေးလိုက်၊ ပြန်လိုက်သွားပြီး တော့ကော်တော့ကော်လုပ်လိုက်နှင့် ညနေပိုင်းသို့ရောက်သောအခါမှာတော့ သူတို့ချင်း အဆင်ပြေသွားလေသည်။

ကြက်ဖလေးသည် သည်းခံပြီး ချစ်ရေးဆိုတတ်သောကြောင့် ဝါမစိတ်ဝင်စားသွားခြင်းဖြစ်မည်ဟု မောင်အေးချမ်း ယူဆသည်။ ဝါမသည် မဆိတ်တော့ဘဲ ကြက်ဖလေးနှင့် တွဲသွားတော့သည်။ ကြက်ဖလေးက တော့ကော်တော့ကော်မြည်လျှင် ဝါမကလည်း ကရော်ကရော်ဟု ကျေနပ်သံပေးသည်။

ကြက်ဖလေးက ဝါမအား အစာရှာကျွေးသည်။ စားစရာတစ်ခုခုရလျှင် ထိုအစာကို နှုတ်သီးနှင့်ထိုးဆိတ်ပြီး "တု တု - တု တု" ဟူ သော သူ့ဘာသာသံနှင့်ခေါ်သည်။ ဝါမလာစားလျှင် အတောင်လေးဘေးချကာ ကျေနပ်သံနှင့် "တော့ကော် တော့ကော်"ဟု လုပ်နေတတ်သည်။

ဝါမသည် မကြာခင်မှာပင် "ကရော် ကရော်"ဟု အော်လာသည်။ ဥတင်းလိုအပ်လာပြီဟုသိ၍ မောင်အေးချမ်းက ကောက်ရိုးမျှင်တွေကို တောင်းမှာထည့်ပြီး ဥတင်းလုပ်ပေးလိုက်သည်။

ကြက်ဖလေးကပင် ဥတင်းထဲသို့အလျှင်ဝင်ပြီး ဝါမအားခေါ်သည်။ ဝါမရောက်လာလျှင် ကြက်ဖလေးက ဖယ်ပေးလိုက်သည်။ ဝါမ ဥတင်းထဲဝင်ပြီး ဥ,ဥသည် တစ်နေ့တစ်လုံးကျနှင့် ဆယ့်ခြောက်ရက်တိတိဥသည်။

ဝါမသည် သားသည်မိခင် ကြက်မကြီးတစ်ကောင်၏အသံမျိုးနှင့် ''ကောက် ကောက်''ဟုအော်လာပြန်သည်။ ပြီးနောက် ဥတွေကို ရင်ဘတ်တွေ၊ အတောင်ပံတွေနှင့်အုပ်ကာဝပ်သည်။

ဥဝပ်နေချိန်တွင် အစာကို အချိန်နှင့်သာ ရှာစားတော့သည်။ ထိုတစ်ကြိမ်တွင် အစာကိုရော ရေကိုပါ အပြီးစားသောက်သည်။ အစာနှင့်ရေကို ခဏသာ ရှာစားသောက်ပြီးနောက် ဥများ သူ့ကိုယ်ငွေ့မလွှင့်ပြယ်မီ၊ မအေးစက်မီ ဥတင်းသို့ပြန်တက်ကာ ဝပ်သည်။

မောင်အေးချမ်းက ဝါမ အစာနှင့်ရေကို တစ်ချိန်နှင့်သာ စားသောက်သည်ကိုသိ၍ အစာကိုရော ရေကိုပါ အဆင်သင့်လုပ်ပေးထားသည်။ တလင်းချိန်ဖြစ်၍ ကြက်စာပေါသည်။ စပါးရော ဆန်ရောပါ ရှိသဖြင့် ဝါမအတွက် အစာမှာ အခက်အခဲမရှိ။

ဝါမ၏ဥများသည် အချိန်သို့ရောက်လျှင် ကြက်ပေါက်ကလေးများပေါက်လာကြသည်။ ဥ ဆယ့်ခြောက်လုံးတွင် ဆယ့်သုံးကောင်သာ ပေါက်ပြီး ကျန်သုံးလုံးမှာ အဆန်ချောင်များ ဖြစ်သွားလေသည်။

ထိုအကျန်ကြက်ဥများအထဲတွင် ကြက်ပေါက်ကလေးများ မရှိပေ။ ကြော်စားလျှင် ရနိုင်သည်။ သို့သော် အမေက ကြက်ဥအကျန်တွေကို မောင်အေးချမ်းအား ''မစားနဲ့''ဟုဆိုသည်။ ကြက်ဥအကျန်ကို စားသူများမှာ မှတ်ဉာဏ်နည်းသွားတတ်သည်ဟု အဆိုရှိသည်။ ထို့ကြောင့် လူငယ်များမစားကြဘဲ လူကြီးအချို့သာ စားကြသည်ဆို၍ မောင်အေးချမ်းက ထိုကြက်ဥ အဆံချောင်သုံးလုံးကို အိမ်နားက ဦးပြည့်ထွန်းဦးအား ပေးလိုက်သည်။

## သားအတွက် အသက်စွန့်သောမိခင်

မောင်အေးချမ်းမှာ ကြက်ပေါက်ကလေးတွေကိုကြည့်ပြီး ဝမ်းသာစိတ်နှင့် ကြည်နူးနေသည်။ မောင်အေးချမ်းက နုနယ်သော သားပေါက်လေးတွေဆိုလျှင် လူကလေးမှစပြီး ကြက်ပေါက်၊ ငှက်ပေါက်စသော အသေးအမွှားကလေးတွေအထိ ချစ်တတ်သည်။ မောင်အေးချမ်းက သားပေါက်ကလေးတွေကို ချစ်ခင်သနားနေမိသည်မှာ အကြောင်းရှိသည်။

တစ်ခါက မောင်အေးချမ်း ရေသောက်နေရာမှ ကလေးလေးတစ်ယောက်သည် သူ့မိခင်ဆီမှ ဒူးတွား(လေးဘက်သွား)လာပြီး မောင်အေးချမ်း ရေသောက်နေသည်ကို ကြည့်နေသည်။ မောင်အေးချမ်းက ရေတိုက်လိုက်ရာ အငမ်းမရသောက်သည်။ ကလေးသည် မည်သည့်အချိန်ကပင် ရေဆာနေသည်မသိ။ မိခင်ဖြစ်သူကလည်း အမှတ်တမဲ့နေဟန်ရှိသည်။

မောင်အေးချမ်း၏စိတ်ထဲတွင် ကလေးကို အတော်လေးပင် သနားသွားမိသည်။ ထိုရက်များအတွင်း၌ ကလေးရေသောက်နေသည်ကိုသာ မောင်အေးခမ်း၏ မျက်စိထဲတွင် မြင်ယောင်နေမိသည်။ ထို့ကြောင့် လောကခံကိုလည်း အတော်လေးပင် ကြောက်သွားမိသည်။

ကလေးမိခင်တွေကိုလည်း ကလေးများအား တစ်နေ့ကို ရေဆယ်ကြိမ်ခန့် တိုက်ကြပါရန် လိုက်ပြောခဲ့ဖူးသည်။ မောင်အေးချမ်းမှာ ထိုနေ့ကစပြီး သူတို့ဘာသာ ရှာဖွေမစားသောက်တတ်ကြသေးသောသက်ရှိ သတ္တဝါငယ်များအား လူကလေးမှစ၍ တိရစ္ဆာန်များအဆုံး သနားဂရုဏာစိတ် အပြည့်ထားတတ်လာခဲ့သည်။

ထို့ကြောင့် မောင်အေးချမ်းသည် ဝါမနှင့် သားပေါက်တွေကို အထူးဂရုစိုက်ကာ ကျွေးမွေးပြုစုသည်။ ကြက်ပေါက်ကလေးတွေ လမ်းမသွားနိုင်သေး၍ ဝါမကို ဟိုဟိုသည်သည်မသွားစေရန် ကြိုးရှည်ရှည်နှင့် ချည်ထားသည်။ အစာကျွေးရာတွင် ကြက်ပေါက်ကလေးတွေပါ စားနိုင်အောင် ဆန်ကွဲတွေကိုသာကျွေးသည်။ ရေကိုလည်း ခွက်မှာထည့်ကာ မြေကြီးထဲတွင်းတူးမြှုပ်၍ မြေကြီးနှင့် ခွက်နှုတ်ခမ်းကို တိတိထားသည်။ သို့မှ ကြက်ကလေးတွေပါ သောက်နိုင်ကြမည်ဖြစ်သည်။

ကြက်ပေါက်ကလေးတွေ သူတို့ဘာသာ ကောင်းစွာသွားနိုင်လာကြလျှင် ဝါမကို ချည်တိုင်မှ လွှတ်ပေးလိုက်သည်။ ဝါမသည် သူ့သားပေါက်ကလေးများနှင့်အတူ ခြံထဲတွင် သွားလာလှည့်ပတ်ကာ ရှာဖွေစားသောက်နေသည်။

အစာနှင့်ရေကိုတော့ ယခင်ကအတိုင်းထားပေးသည်။ ဝါမက မောင်အေးချမ်းကျွေးသည်ကို စားသောက်ရုံနှင့်မကျေနပ်၊ သူ့သားသမီးတွေကို သူ့ကိုယ်စွမ်းနှင့်လည်း ရှာဖွေကျွေးသေးသည်။ တကယ့်မိခင်ကောင်းပီသသော ဝါမပါပေ့။

ကြက်ဖကြီးကတော့ ဝါမကိုသာချစ်သည်။ သားပေါက်ကလေးတွေကိုမူ လုံးဝမချစ်။ အစာလည်း ရှာ၍မကျွေး။ ပြုစုစောင့်ရှောက်ခြင်းလည်းမရှိ။ သူ့အနားသို့လာလျှင်ပင် ထိုးဆိတ်လွှတ်တတ်သည်။

ဖိုသတ္တဝါများသည် ဤအတိုင်းပင်လား။ သားသမီးများကို ဖခင်သည် မိခင်ကဲ့သို့ မချစ်လေရော့သလားဟု မောင်အေးချမ်း တွေးသည်။ မောင်အေးချမ်းက လူပျိုလှူရွယ်ကလေးသာရှိသေး၍ ဖခင်တို့အကြောင်းကို မသိသေးပေ။

မိခင်များမှာကား လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် သားသမီးများအား ကိုယ်ဖိရင်ဖိပြုစုပေးကြသည်။ အစာရလျှင် ကိုယ်မစားဘဲ သားသမီးများကိုသာ ပေးကျွေးကြသည်။ အိပ်စက်ရာတွင်လည်း သားသမီးများကို သူတို့၏ရင်ဘတ်အောက်၊ သို့တည်းမဟုတ် ဘေးနားတွင်ထားပြီးသာ အိပ်ကြသည်။

ယခုပင်ကြည့်၊ ဝါမသည် သူ့သားသမီးများကို အစာဝအောင်ရှာကျွေးသည်။ ပြီးရေခွက်နားသွားသည်။ ရေကို သူအရင်သောက်ပြလိုက်သည်။ ထို့နောက် သားပေါက်ကလေးတွေကို သောက်စေသည်။ စားသောက်ခြင်းကိစ္စပြီးလျှင် ရင်ဘတ်ကို မ၍ပေးသည်။

သားပေါက်ကလေးတွေက ကြက်မကြီး၏ ရင်ဘတ်အောက်သို့ အလုအယက်တိုးဝင်ကြသည်။ ဝါမသည် သားပေါက်ကလေးများအား နှုတ်သီးနှင့် တို့ကာတို့ကာ ပြုစုပေးရင်းက သားပေါက်လေးများနှင့် အတူအိပ်ပျော်သွားလေသည်။

* * *

"မောင်အေးချမ်း ဝါမသားပေါက်ပြီဆိုကွ ဘယ်နှစ်ကောင်ပေါက်တုန်း"

ဦးလေးမောင်ညိုစိန်သည် အိမ်ရှေ့ကမတ်တပ်ရပ်ပြီး မေးသည်။ မောင်လူလုက "ဟုတ်တယ်ဦးလေး၊ ဆယ့်သုံးကောင်ပေါက်တယ်" ဟု ပြောလိုက်သည်။ ဦးလေးသည် အောက်ဆင့်တွင် တင်ပါးလွှဲထိုင်လိုက်ရင်းက "ဘယ်မှာလဲ ကြည့်ရအောင်" ဟုဆို၍ မောင်အေးချမ်းက ဝါမအား ခေါ်လိုက်သည်။

ဝါမသည် သူ့သားပေါက်ကလေးများအားခေါ်ကာ မောင်အေးချမ်းဆီသို့ လာနေသည်။ မောင်အေးချမ်းက ဆန်ကွဲတွေကို လက်နှင့်ဆုပ်ပြီး ဝါမအား အစာကျွေးနေကျ အဖီအောက်သို့ သွားသည်။ ဦးလေးလည်း လိုက်လာသည်။ ဝါမတို့သားအမိ အစာစားနေကြသည်ကို ကြည့်သည်။

"ဘယ်မှာလဲကွ၊ ဆယ့်သုံးကောင်ပေါက်တယ်ဆို၊ ဆယ်ကောင်တည်းပါလား"

ဦးလေးကပြောလိုက်၍ မောင်အေးချမ်း "ဟင်" ခနဲဖြစ်သွားသည်။ ဟုတ်သည်။ အသေအချာကြည့်မိမှ ကြက်ပေါက်ကလေးသုံးကောင်ပျောက်နေသည်ကို သိလိုက်ရသည်။

"ကြက်ပေါက်သုံးကောင်ဘယ်ရောက်သွားပါလိမ့်"

အံ့ဩသလို ဆိုလိုက်ပြီး ကြက်ပေါက်ကလေးတွေကို တစ်ကောင်ချင်းရေတွက်ကြည့်သည်။ ဆယ်ကောင်တည်းသာရှိသည်။ နောက်တစ်ခေါက် ထပ်၍ ရေတွက်ကြည့်ပြန်သည်။ သို့သော်လည်း ဆယ်ကောင်တည်းသာ ဖြစ်သည်။

"မင်းကြက်တွေ ဆယ့်သုံးကောင်ပေါက်တာဟုတ်လို့လား"

"ဟုတ်တယ်ဦးလေးရဲ့၊ ကျွန်တော်အစာကျွေးတိုင်း ရေကြည့်နေတာပဲ"

"ဒါဆိုရင် နောက်သုံးကောင်ဘယ်ရောက်သွားလဲ"

မောင်အေးချမ်းစကားမဆိုဘဲ ကြက်ပေါက်တွေကိုသာ အခါခါရေတွက်နေသည်။ သို့သော် မည်မျှပင် ရေတွက်ရေတွက် ဆယ်ကောင်သာရှိသည်။

"မင်း ... ငါ့ကို ကြက်ပေါက်ကလေးခွဲပေးမှာစိုးလို့များ ပျောက်တယ်၊ ရှတယ်ဆိုပြီး ပြောနေတာများလား။ ငါက ဝါမကလေး ကို မင်း အပိုင်ပေးတာပါကွာ"

"ဟုတ်တယ်ဦးလေး။ ဝါမဟာ ဆယ့်ခြောက်လုံးဥတယ်။ သုံးလုံးက အဆံချောင်ဖြစ်သွားလို့ ကျွန်တော် ဦးပြည့်ထွန်းဦးကို ပေး လိုက်တယ်။ ဆယ့်သုံးကောင်ပေါက်တာ အမှန်ပဲ"

"ဒီလိုဆိုရင် မင်းကြက်ပေါက်တွေကို ဂျိုးသိမ်းချီသွားတာ ဖြစ်မယ်ထင်တယ်။ မဟုတ်ရင် ဘယ်ရောက်မှာလဲ။ ဒီလိုမှမဟုတ်ရင် ကမျစ်မြုပ်လို့ သေတာများလား"

"ကမျစ်" ဟူသည်မှာ အိမ်ဘိစပ် (လျှာထုံ) အရိုင်းပင်၏ အသီးအပွင့်တွေကဖြစ်သော အပ်တံဖျားခန့် အဝါရောင်အကောင် ကလေးတွေဖြစ်သည်။ ကြက်ပေါက်ကလေးများ၏ကိုယ်ကို မြုပ်ဝင် တတ်သည်။ လူတွေ၏ကိုယ်ကိုလည်း မြုပ်တတ်သည်။ ယားကျိကျိ ဝေဒနာမျိုးခံစားတတ်သည်။

ထိုဘိစပ်အရိုင်းပင်များကို "ကမျစ်ပင်" ဟု ဒေသစကားနှင့် ခေါ်ကြသည်။ အိမ်ဘိစပ်အရိုင်းပင်တွေ များများပေါက်လေ ကမျစ်ပေါ လေဖြစ်သည်။ ယခုလိုဆောင်းရာသီတွင် ကမျစ်ပိုပေါလာခြင်းဖြစ် သည်။

ကမျစ်များသည် ကြက်ပေါက်ကလေးများ၏ ကိုယ်၌ အစုလိုက် မြုပ်တတ်သည်။ လူများမှာ ကမျစ်မြုပ်လျှင် ယားရုံယားသော်လည်း အကောင်ငယ်သော ကြက်ပေါက်ကလေးများမှာမူ သေတတ်သည်အထိ ဖြစ်တတ်သည်။

"ကမျစ်မြှုပ်ရင် ကျွန်တော်သိမှာပေါ့ ဦးလေး၊ ကျွန်တော်က ကြက်ပေါက်ကလေးတွေကို နေ့တိုင်းကြည့်ရှုစစ်ဆေးနေတာပဲ၊ ပြီးတော့ ကမျစ်မြှုပ်တဲ့ကြက်ကလေးတွေက သေတော့မယ်ဆိုရင် ညှိုးကျလာတတ်တာပဲ၊ အခု ဘာမှမဖြစ်ပါဘူး၊ ကျွန်တော် အမြဲတမ်းဂရုစိုက်ပါတယ်"

"ဒါဆိုရင် ချိုးသိမ်းချီယူတာဖြစ်မယ်ထင်တယ်"

"ချိုးသိမ်းချီရင်လည်း အသံကြားမှာပေါ့၊ ချိုးသိမ်းချီရင် အလွယ်တကူမရပါဘူး၊ အပင်ပေါ်ကထိုးဆင်းလာပြီး ကြက်ကလေးကို ခြေသည်းနဲ့ကုပ်မှရတာဆိုတော့ ကြက်မကြီးနဲ့ တိုက်ခိုက်ကြသံတွေကို ကြားရမှာပေါ့"

ဦးလေး စကားမဆိုဘဲ စဉ်းစားနေသည် ကြက်ပေါက်သုံးကောင် ပျောက်ခြင်းမလှပျောက်သွား၍ မောင်အေးချမ်းလည်း နှမြောနေသည်။ လက်ပွန်းတတီးမွေးလာခဲ့ရသော ကြက်ပေါက်ကလေးတွေဖြစ်၍ သံယောဇဉ်လည်းရှိသည်။ ဟိုဟိုသည်သည် ဖွေရှာကြည့်သော်လည်း ပျောက်သွားသော ကြက်ကလေးများကိုမူ အစအနမျှပင် မတွေ့ရတော့ပေ။

* * *

"မနေ့က မောင်ညှိုစိန် ကြက်ပေါက်ကလေးတွေကို လာစစ်တယ်ဆို၊ မောင်ညှိုစိန်က ဝါမကို သားအပိုင်ပေးတာမဟုတ်ဘူးလား"

အမေကမေးသည်။ မနေ့က ဦးလေးရောက်လာပြီး ကြက်ပေါက်ကလေးတွေကို လာမေးရာတွင် အမေ ဆေးခင်းသို့သွားနေ၍ အိမ်မှာမရှိပေ။

"ဦးလေး ကြက်ပေါက်တွေလာမေးတဲ့အကြောင်း အမေ့ကို ဘယ်သူပြောလဲ"

"မညိုမြပြောတာပေါ့။ ကြက်ပေါက်ကလေးတွေ ပျောက်နေလို့ ဆိုပြီး ခြံထဲတောင် လိုက်ရှာကြတယ်လို့တောင် ပြောပြသေးတယ်"

"ဦးလေးက ကျွန်တော့်ကို သူ့ဆီမှာ နှာနုတ်ခင်းပေါင်းကူ ထွင်ပေးပို့လာခေါ်ရင်း ဝါမကိုသတိရလို့ ဝင်မေးတာပါအမေရဲ့။ ကြက် ပေါက်တောင်းဖို့လာတာမဟုတ်ပါဘူး"

"ကြက်ပေါက်ကလေးတွေ ပျောက်နေတယ်ဆိုတာကော ဟုတ် သလား"

"ဟုတ်တယ်အမေ။ ကြက်ပေါက်လေး သုံးကောင်တောင် ပျောက်နေတယ်"

"ဘယ်ကိုများရောက်သွားပါလိမ့်၊ အသေအချာကော စစ်ကြည့် ကြရဲ့လား"

"စစ်ကြည့်ပါတယ်။ ဒါကြောင့် ပျောက်ချင်းမလှပျောက်သွား ပါလားဆိုပြီး ခြံထဲဆင်းရှာကြတာပေါ့။ ဒါပေမယ့် ပျောက်သွားတဲ့ ကြက်ကလေးတွေကိုတော့ ပြန်မတွေ့ဘူး"

မောင်အေးချမ်းတို့သားအမိ ပြောနေကြတုန်းမှာပင် ဝါမသည် သူ့သားပေါက်လေးများနှင့်အတူ ရောက်လာကြပြီး မောင်အေးချမ်းဆီ မှာ အစာတောင်းသည်။ မောင်အေးချမ်းက ဆန်ကွဲတွေချကျွေးသည်။ ကြက်ပေါက်ကလေးတွေကိုလည်း စစ်ကြည့်သည်။ ဤတွင် ကြက် ပေါက်သုံးကောင် ထပ်ပြီးပျောက်နေသည်ကို တွေ့ရပြန်သည်။

"အမေရေ ကြက်ပေါက်သုံးကောင် ပျောက်သွားပြန်ပြီဗျ"

အမေသည် "ဟင်"ကနဲဖြစ်သွားကာ ကြက်ပေါက်ကလေးတွေကို တစ်ကောင်ချင်း ရေကြည့်ပြန်သည်။

"အေးကွယ်။ ကြက်ပေါက်ကလေးတွေ ဘယ်ကိုရောက်သွားပါလိမ့်"

အမေက နှမြောတသ ပြောသည်။ မောင်အေးချမ်းလည်း အတော်လေးပင်စိတ်ပျက်သွားသလိုတွေ့နေသည်။သည်ရက်များအတွင်းမှာပင် ကြက်ပေါက်ကလေးခြောက်ကောင်တိတိ ပျောက်သွားပြီဖြစ်သည်။

သည်တလောတွင် မောင်အေးချမ်းကလည်း အိမ်မှာမနေဖြစ်။ ကြက်ပေါက်တွေ အဘယ်ကြောင့် ပျောက်သွားရသည်ကို စောင့်မကြည့်အား။ ကျောင်းထိုင်ဆရာတော်က သောက်ရေတွင်းတစ်တွင်း တူးခိုင်းနေခြင်းကြောင့်ဖြစ်သည်။ ပြီးနောက် ယခုတစ်ဖန် ဦးလေးဆီမှာ နာနတ်ခင်းပေါင်းခုတ်ကူနေရပြန်သည်။ ထို့ကြောင့် ဝါမ၏သားပေါက်ကလေးများ ပျောက်ချင်းမလှ အဘယ်ကြောင့် ပျောက်နေသည်ကို မစစ်ကြည့်၊ မစောင့်ရှောက်နိုင် ဖြစ်နေသည်။

မောင်အေးချမ်းသည် နောက်တစ်နေ့တွင်လည်း ကြက်ပေါက်ကလေးတွေကို စစ်ဆေးကြည့်ပြန်သည်။ သည်နေ့တွင်လည်း ကြက်ပေါက်ကလေးသုံးကောင်တိတိ ပျောက်နေသည်ကို တွေ့ရပြန်သည်။

"ဟာ အမေရေ ကြက်ပေါက်ကလေးတွေ ပျောက်ပြန်ပြီဗျ"

မောင်အေးချမ်းက အော်ပြောလိုက်၍ အမေ အဖီအောက်သို့ ဆင်းလာနေသည်။ မောင်အေးချမ်းက ကြက်ပေါက်ကလေးတွေကို

အမေ့အား တစ်ကောင်ချင်း ရေတွက်ပြလိုက်သည်။

"ဟင် ဟုတ်ပေသားပဲ"

ပြောရင်းက အမေထိုင်သည်။ သားအမိနှစ်ယောက် ကြက်ပေါက်ကလေးကိုကြည့်ကာ ငေးနေကြသည်။ ကြက်ပေါက်ကလေးများမှာ လေးကောင်သာ ကျန်တော့သည်။

"တစ်ကယ်ပဲကွယ်၊ ကြက်ပေါက်ကလေးတွေကို ဘယ်လိုအကောင်တွေကများ လာကိုက်နေလဲမသိဘူး။ ခက်တယ်၊ ဒီတစ်လောမှာမှ အမေကလည်း ဆေးခင်းကိုချည်း သွားနေရတယ်။ ဒီတော့နေ့ခင်းမှာ သားရော အမေပါ အိမ်မှာမရှိကြတော့တဲ့အတွက် ကြက်ပေါက်ကလေးတွေ ဘာကြောင့်ပျောက်တယ်ဆိုတာ သိဖို့ခက်နေတယ်"

ဆေးပင်တွေကို ထိပ်ညွန့်ချိုးနေရချိန်ဖြစ်၍ အမေလည်းဆေးခင်းကို နေ့တိုင်းသွားနေရသည်။ ထိပ်လွန်သွားလျှင် ဆေးရွက်တွေ သေးငယ်သွားတတ်သည်။ ထို့ကြောင့် ဆေးပင်များ၏ ထိပ်ညွန့်ကိုမလွန်မီ အပြီးချိုးပစ်ရသည်။

ဦးလေး၏ နာနတ်ခင်းပေါင်းကိုလည်း ယခုရက်များအတွင်းပြီးအောင်မထွင်၍မဖြစ်။ ယခုအချိန်မှာသာ ပေါင်းမနိုင်လိုက်လျှင် အသီးများ သိမ်ဖျင်းသွားနိုင်သည်။ ယခုလို အသီး စသီးသောအချိန်၌သာ ပေါင်းမနိုင်လိုက်လျှင် အသီးများ ထင်သလောက် မကြီးထွားနိုင်တော့ပေ။ ထို့ကြောင့် ဦးလေးက မောင်အေးချမ်းအား ပေါင်းထွင်ရန် အကူခေါ်ထားခြင်းဖြစ်သည်။ ဦးလေးမှာက သားသမီးတွေအရွယ် မရောက်ကြသေး၍ မိဘကို ကူနိုင်သူဟူ၍ မရှိသေးပေ။

ထိုသို့ရှိနေ၍ မောင်အေးချမ်းမှာ မငြင်းသာ။ မောင်အေးချမ်းက ဦးလေးဆီမှာ နာနတ်ခင်းပေါင်းခုတ်၊ အမေက ဆေးပင်ထိပ်ညှနဲ့ချိုး၊ ညီမလေးက ကျောင်းတက်၊ သူ့အလုပ်နှင့်သူရှိနေကြ၍ နေ့ခင်းတွင် အိမ်မှာ တစ်ယောက်မျှမရှိကြပေ။ ထို့ကြောင့် ကြက်ပေါက်ကလေးတွေ အဘယ်ကြောင့် ပျောက်ဆုံးနေရသည်ကို မစုံစမ်းနိုင်ခြင်း ဖြစ်နေကြသည်။

* * *

ဝါမဌ် သားပေါက်ကလေး ဆယ့်သုံးကောင် ပေါက်ခဲ့သော်လည်း ခဏခဏပျောက်ဆုံးနေရခြင်းကြောင့် ယခုအခါတွင် တစ်ကောင်သာကျန်တော့သည်။ မောင်အေးချမ်းမှာ ပျောက်ဆုံးသွားသော ကြက်ပေါက်ကလေးများကိုတွေးကာ နှမြောမဆုံးဖြစ်နေသည်။

သို့သော် ယခုတော့ မောင်အေးချမ်းလည်း ဦးလေးနာနတ်ခင်းမှာ ကူခုတ်ပြီးသွားပြီဖြစ်သဖြင့် အိမ်မှာ နားနားနေနေ နေနိုင်ပြီ။ ထို့ကြောင့် ဝါမ၏ သားပေါက်ကလေးများ အဘယ်ကြောင့်ပျောက်သည်ကို စုံစမ်းရန် အချိန်ရနေပြီဖြစ်သည်။ ကြက်ပေါက်ကလေးများ ပျောက်ဆုံးနေရသည့်အဖြစ်ကို တိကျစွာသိရအောင် မောင်အေးချမ်း အားထုတ်ရပေလိမ့်မည်။

ဝါမမှာလည်း တစ်ကောင်တည်းသာကျန်တော့သော သူ့ကြက်ပေါက်ကလေးကို အတော်လေးပင် ချစ်ရှာဟန်ရှိသည်။ အထူးဂရုစိုက်သည်ကိုတွေ့ရသည်။ ရသမျှအစာအာဟာရကို သူမစားဘဲ ကြက်

ပေါက်ကလေးကိုသာကျွေးသည်။ ကြက်ပေါက်ကလေးဗိုက်ဝမှ သူစားသည်။ ဤလက်ကျန်တစ်ကောင်မှာလည်း ကြက်မကလေးပင်ဖြစ်သည်။

ဝါမကဲ့သို့ပင် ဗန္ဓမလေးဖြစ်ပြီး အရောင်အဆင်းမှာလည်း အဝါရောင်ဖြစ်သည်။ သူ့မိခင်နှင့်လည်း ချွတ်စွပ်တူ၍ မောင်အေးချမ်းက ကြက်မကြီးကို ယခင်အတိုင်း ဝါမကြီးဟုခေါ်ပြီး ကြက်ပေါက်ကလေးကိုတော့ ဝါမကလေး ဟုခေါ်သည်။

ဝါမကလေးသည်လည်း ဝါမကြီးငယ်စဉ်ကကဲ့သို့ပင် လိမ်မာသည်။ လူနှင့်အကျွမ်းဝင်သည်။ လက်ပေါ်မှာအစာကျွေးလျှင် သူ့နှုတ်သီးတိုတိုလေးနှင့် တို့ကာ တို့ကာစားသည်။

ဝါမတို့သမီးအမိသည် အစာစားပြီးလျှင်လည်း အဝေးသို့မသွားကြတော့ပေ။ အိမ်အောက်၊ အဖီအောက်များသာ နေကြတော့သည်။ အိမ့်အပြင်သို့ပင် မထွက်ဘဲနေကြသည်။

ဝါမသည် ဟိုယခင် သူ့သားသမီးများ ပျောက်ဆုံးနေစကပင် ယခုကဲ့သို့ အိမ်အောက်မှာချည်းပင် နေလေသလားတော့မသိ။ ဝါမယခု အိမ်အောက်မှမထွက်သည်ကို ကြည့်ရခြင်းအားဖြင့်သူ့သားသမီးတွေ ဘေးဆိုးကပ်ဆိုး အန္တရာယ်ဆိုးကြောင့် ပျောက်ဆုံး၊ သို့တည်းမဟုတ်သေဆုံး နေကြသည်ကြောင့် အပြင်သို့မထွက်ရဲဘဲ အိမ်အောက်မှာပင်နေလိမ့်မည်ဟု ယူဆမိသည်။ ထိုအချိန်က မောင်အေးချမ်းရော အမေပါ အိမ်မှာရှိမနေကြ၍ အတိအကျတော့ မပြောနိုင်ပေ။

ဝါမကြီးသည် သမီးဖြစ်သူ ဝါမကလေးအား ရင်ဘတ်အောက် ၌နေစေပြီး အတောင်ပံနှင့်လည်း အုပ်ဝပ်၍ထားသည်။ တစ်ခါတစ်ရံ နှုတ်သီးနှင့်တို့၍တို့၍ ပြုစုပေးနေတတ်သည်။

ဝါမသည် သူ့သမီးလေးကို သူနှင့်တူသောကြောင့် ပိုပြီးချစ်နေ ဟန်ရှိသည်။ "အမေ့မျက်လုံး အဖေ့မျက်နှာ၊ အဖေ့မျက်လုံး၊ အမေ့ မျက်နှာ"ဟု လူတို့ဆိုလေ့ရှိကြသော်လည်း ဝါမကြီး၏သမီးလေးမှာ ဖခင်ကြက်ဖကြီးနှင့်မတူဘဲ မိခင်ဖြစ်သူ ဝါမနှင့်သာ ချွတ်စွပ်တူသည်။

မောင်အေးချမ်းသည် အိပ်ရာထဲမှာလှဲအိပ်ပြီး ဝါမတို့သမီးအမိ အကြောင်းတွေကို တွေးတောစဉ်းစားနေသည်။ သူတို့သမီးအမိတွေကို ချစ်ကြသည်ကို စိတ်ကူးတွင် ထည့်သွင်းစဉ်းစားရင်း မောင်အေးချမ်း ကြည်နူးနေမိသည်။ ကြက်များသည်လည်း သားသမီးများကို လူများ ကဲ့သို့ပင် ချစ်တတ်ကြသည်ဟု တွေးသည်။

"ကောက် .... ကောက် .... ကောက်"

အမှတ်မထင် ဝါမကြီး၏ အလန့်တကြားအော်သံကြောင့် မောင် အေးချမ်း ဝေါက်ကနဲထထိုင်သည်။ တစ်ဆက်တည်းပင် အိမ်အောက် သို့ပြေးဆင်းကာ ဝါမကြီးအော်သံကြားရာ အဖီစနားသို့ အကြည့်ရောက် သွားသည်။

ဤတွင် ဝါမကြီး၏သားပေါက်တွေကို လာစားနေသော လက် မောင်းထက်ကြီးမည့် မည်းညိုရောင် လင်းမြွေကြီးကို မြင်ရတော့သည်။ လင်းမြွေကြီးသည် သူ့ကိုယ်လုံးကြီးကို ထောင်မတ်လျက် ဝါမကြီးအား ဝါးစားတော့မလို အုပ်မိုးထားသည်။

ဝါမကြီးသည် လင်းမြွေကြီး၏ရှေ့တွင် ပက်လက်အနေအထား ဖြစ်ကာ ခြေထောက်၊ နှုတ်သီးနှင့် အတောင်ပံများကို လင်းမြွေကြီးအားခွပ်ဖို့အသင့်ပြင်ထားသည်။သူ့သမီးလေးအား လင်းမြွေကြီး မကိုက်နိုင်ရန်အတွက် အသက်ပေးကာ ကာရံထားခြင်းဖြစ်သည်။ ကြက်ပေါက်မလေးကမူ ကြက်မကြီး၏နောက်တွင် ကွယ်နေ၏။ မောင်အေးချမ်းနှင့် လေးငါးလုံခန့်မျှ လှမ်းပေမည်။

"အမေရေ ဒီမှာ လာကြည့်စမ်းပါဦးဗျ"

မောင်အေးချမ်း အော်ပြောလိုက်၍ အမေသည် အိမ်ပေါ်မှ ပြေးဆင်းလာခဲ့သည်။ လင်းမြွေကြီးနှင့်ဝါမတို့အဖြစ်တွေကိုကြည့်ပြီး အမေလည်း "ဟင်..."ကနဲဖြစ်သွားသည်။

မောင်အေးချမ်းသည် လင်းမြွေကြီးအား စိုက်ကြည့်ထားရင်းက ခြေထောက်နှင့် ကျောက်ခဲစမ်းသည်။ တွေ့သည်နှင့် ကုန်းကောက်ရာ လင်းမြွေကြီးသည် ဝါမ၏လည်ပင်းကို သူ့ကိုယ်လုံးကြီးနှင့် ရစ်(ကျစ်) ပတ်ပစ်ခဲ့ပြီး တလဝေါချုံထဲသို့ ချောကနဲ ဝင်သွားလေသည်။

မောင်အေးချမ်းရောအမေပါ 'ဟင်...'ကနဲ ဖြစ်သွားသည်။

ဝါမမှာ "ကောက်..."ဟု တစ်ခွန်းသာအော်နိုင်ခဲ့ပြီး မြေပေါ်တွင် ဆန့်ငင်ဆန့်ငင်ဖြစ်ကာ အကြောဆွဲနေလေသည်။

"ဖြစ်မှဖြစ်ရလေကွယ်"

အမေက စိတ်ထိခိုက်သံနှင့်ပြောသည်။

ကြက်ပေါက်ကလေးတွေကို သည်လင်းမြွေကြီး လာစားနေတာပါလားဟု ယခုမှပင် အမေရော မောင်အေးချမ်းပါ သိလိုက်ကြသည်။ သို့သော် ယခုသိသောအခါ နောက်ကျခဲ့လေပြီ။

ကြက်ပေါက်ကလေးသည် အကြောဆွဲကာ ဆန့်ငင်ဆန့်ငင်ဖြစ်နေသော မိခင်ဝါမကြီး၏အနားသို့သွားသည်။ ကြက်မကြီးအား သူ့ဘာသာစကားတွေနှင့် ခေါ်ကြည့်နေသည်။ သူ့အမေက သူ့အား ပြန်လည်စကားမဆိုနိုင်တော့ဘဲ လုံးဝငြိမ်ကျသွားတော့မှ တစ်ဖန် နိုးထနိုင်ခြင်းမရှိပြီဟု သိဟန်ရှိသည်။

ထိုအခါမှ သူ့မိခင်အနားမှခွာကာ မောင်အေးချမ်း၏အနားသို့ ကပ်ပါလာပြီး "တီ တီ တီ" ဟူသောအသံနှင့် နှုတ်ဆက်သည်။ မှီခိုအားထားရာရှာသည်ဟု မောင်အေးချမ်း သိလိုက်သည်။

ဝါမကြီးက 'ကောက်'ဟု နောက်ဆုံးအော်လိုက်သောအသံမှာလည်း သူ့သမီးလေးအား "ပြေး" ဟု အော်ပြောထားခဲ့ခြင်းဖြစ်ပေမည်။ သခင်များအား မိခင်အမှတ်နှင့်နေပါလေ့ဟု မှာထားခဲ့သည်လည်း ဖြစ်ကောင်းဖြစ်ပေမည်။ ကြက်ပေါက် ဝါမကလေးသည် မောင်အေးချမ်း၏အနားမှ မခွာတော့ပေ။ မောင်အေးချမ်းမှာ ဝါမကလေးအား ကြည့်ကာ ကြေကွဲနေမိသည်။

"ရပါတယ် ဝါမကလေးရယ်၊ ဝါမကလေး မငိုနဲ့နော်၊ နင့်အမေ မရှိတော့ပေမယ့် နင့်ကိုငါချစ်တာပဲ။ ငါ့အမေကလည်း နင့်ကို အစာကျွေးမှာပါ"

ထိုသို့ပြောလိုက်ရာ ဝါမကလေးသည် မောင်အေးချမ်း၏ လက်ဝါးပေါ်သို့ တက်လာပြီး ဝပ်နေပါတော့သည်။

**မင်းဟိန်းထိဝ်**



## သားကြောင့် အကြောက်ကင်းသောမိခင်

"ကျိ ကျိ … ကျိ ကျိ …"

ကြွက်သံတွေက မိုးချုပ်သည်နှင့် ဆူညံလာသည်။ တစ်ကောင်နှင့်တစ်ကောင် ပြေးကြ လိုက်ကြ ရန်ဖြစ်ကြ၊ ကိုက်ခဲကြသံတွေက မိုး လင်းသည်အထိ အသံတိတ်သည်ဟူ၍မရှိ။ ကြွက်စာတွေကလည်း အိမ် မှာအမြဲရှိနေသည်။

စပါးကျီ၊ ဆန်ကျီတွေ၊ ခြံထွက်ငှက်ပျောသီးတွေ ကြိုက် သလောက်စား။ သို့သော် မည်မျှပင်စားရစားရ ကြွက်သံတွေကတော့ ဆူညံနေမြဲ။ ကြွက်ဟူသည်မှာ စားရလေ ဆူညံလေ အကောင်မျိုးပင် လေလား။

ကြောင်လည်းမမွေးချင်။ ကြောင်မွေးလျှင် ကြွက်တွေ အမြစ် ပြတ်မဟုတ်သော်မှ အထိုက်အလျောက်တော့ ငြိမ်ကုပ်သွားနိုင်သည်။ သို့သော် မောင်အေးချမ်းတို့အိမ်မှာက ကြောင်မွေးလေ့မရှိကြ။

မောင်အေးချမ်းမှတ်မိသည့်အချိန်ကပင် အိမ်မွေးကြောင်ဟူ၍ တစ်ခါမျှ မမြင်ဖူး။ အဘယ်ကြောင့် ကြောင်မမွေးကြသည်ကိုမူ မောင်အေးချမ်း မသိပေ။ ကြောင်မရှိ၍ပင် ကြွက်များသောင်းကျန်းနေကြခြင်း ဖြစ်ပေမည်။

"သား၊ မင်းအဖေရဲ့စာအုပ်တွေကို ကြည့်ဦးကွယ်၊ မတော်တဆ ကြွက်ကိုက်သွားပါ့မယ်"

အမေက ရေနံဆီမီးရောင်တွင် ဆေးပြင်းလိပ်လိပ်ရင်းက ပြောသည်။

"အဖေ့စာအုပ်တွေကို အမေက ဘယ်မှာထားလို့လဲ"

"တစ်လောကပဲ အမေပြောလို့ မင်းအဖေစာအုပ်တွေကို သားကိုင်တယ်မဟုတ်လား"

"အဲဒီနေ့က ဋီကာကျော်စာအုပ်နဲ့ သင်္ဂြိုဟ်စာအုပ်လောက်ပဲ ကြည့်ပြီး သား ဖာထဲပြန်ထည့်ထားလိုက်တာပဲ"

"ဒါကြောင့်ပြောတာပေါ့၊ အဲဒီနီးကိုရက်ထားတဲ့ဖာဆိုတာက ကြွက်ကိုက်ရင် ပျက်စီးသွားနိုင်တာပဲ။ ဒီတော့ မတော်တဆ ကြွက်ဖောက်ဝင်ပြီး စာအုပ်တွေကို ကိုက်မှာစိုးလို့ပေါ့"

"အဲဒီနေ့ကတော့ သားကိုင်ပြီး ဖာထဲပဲပြန်ထည့်ထားလိုက်တယ် အမေရဲ့"

"အေးလေ … အဲဒီစာအုပ်တွေကို ကြွက်ကိုက်မှာစိုးလို့ပေါ့၊ သွားလေသူမှာ တစ်သက်လုံးစောင့်ရှောက်ထားခဲ့တာကွယ်၊ မပျက်စီးပါစေနဲ့။ အမေလည်း အသက်ရှိသမျှ ကာလပတ်လုံး စောင့်ရှောက်သွားရမှာပဲ"

အမေသည် ကွယ်လွန်သူ အဖေ၏ ကျန်ခဲ့သောပစ္စည်းတွေကို အမြတ်တနိုး သိမ်းဆည်းထားရှိသည်။ မကြာခဏလည်း ပြန်ကြည့်နေတတ်သည်။ သို့အတွက်ကြောင့် အမေသည် အဖေ့စာအုပ်တွေကို ကြွက်ကိုက်မည်စိုး၍ ယခုကဲ့သို့ သားအားပြောနေခြင်းဖြစ်သည်။

* * *

"မောင်အေးချမ်း အသံမကြားပါလား၊ ဘယ်ထွက်သွားလဲ"

ဦးလေး မောင်ရွှေမြင့်သည် အိမ်ရှေ့တွင်ရပ်လျက် လေးဂွကို ကိုင်၍ ငှက်ယမ်းလိုက်ရင်းက မေးသည်။ အမေက ဦးလေးအားကြည့်လိုက်ပြီး အိမ်တွင်းသို့ မျှော်ကြည့်ကာပြောသည်။

"အိမ်တွင်းထဲမှာ စာအုပ်တွေကို ရှင်းနေတယ်"

ဦးလေးအိမ်တွင်းထဲသို့ ဝင်လာခဲ့သည်။ မောင်အေးချမ်း စာအုပ်တွေ ဖြန့်ကြဲရှင်းလင်းနေသည်ကို ကြည့်သည်။ အမေလည်း ဝင်လိုက်လာပြီး သားလုပ်နေသည်ကို ကြည့်ကာ မေးသည်။

"သား မင်းအဖေရဲ့ စာအုပ်တွေကို ကြွက်ကိုက်တာတွေ့လား"

"စာအုပ်တွေကိုတော့ မကိုက်သေးဘူးအမေရဲ့။ ဒါပေမယ့် ဖာကိုဖောက်ကိုက်ထားတာ တွေ့တယ်"

"ဒါ့ကြောင့် အမေကပြောတာပေါ့။ အချိန်မီသာ မကြည့်မိရင် စာအုပ်တွေကိုကိုက်တော့မှာပဲ။ ကြွက်တွေနဲ့တော့ စိတ်ညစ်ရတယ်ကွယ်"

ဦးလေးက ဖာအဖုံးကိုကောက်ကိုင်ကာ ကြွက်ကိုက်ပေါက်ကို ကြည့်သည်။ ပြီး အပေါက်နှစ်ခုကိုလွဲကာ ဖုံးကြည့်သည်။

"ဒီလိုဖုံးလိုက်ရင် အပေါက်မရှိတော့ဘူးကွ"

ဦးလေးက သူဖုံးထားသည်ကို မောင်အေးချမ်းအား ပြသည်။ ဟုတ်သည်။ ဖာ၏အဖုံးသည် တောင်းငယ်ကို တောင်းကြီးနှင့် အပေါ်ကအုပ်သကဲ့သို့ အပေါ်ဖုံးသည် ကြမ်းထိအောင်ရှည်သဖြင့် အပေါက်နှစ်ခုကို တစ်ခုစီလွှဲ၍ ဖုံးလိုက်သောအခါ အပေါက်ပင် အပေါက်ကို မမြင်ရတော့ပေ။

"ဒါပေမယ့် စာအုပ်ဖာကို ဒီအတိုင်းထားလို့ မဖြစ်တော့ဘူး ဦးလေး။ ကြွက်တွေက အတော်သောင်းကျန်းတယ်။ မတော်တဆ စာအုပ်တွေကိုကိုက်ပစ်ရင် ခက်မှာ။ ဒီတော့ ကိုယ်အိပ်ရာနားယူထားမှ ဖြစ်မယ်"

"အိပ်ရာနားယူထားရင်ကော ဘာဖြစ်မှာလဲကွ။ ကြွက်လာ ကိုက်ရင် မင်းကသိမှာတဲ့လား။ ကိုယ်ပေါ်ကို ကြွက်ဖြတ်လျှောက်သွား တောင် သိမှာမဟုတ်တဲ့အကောင်ကများ"

"လူနားမှာထားရင် အဝေးမှာထက်တော့ ပိုပြီးစိတ်ချရတာပေါ့"

"ဘာမှ ပြောမနေနဲ့၊ ကြွက်တွေကို အကုန်မောင်းထုတ်လိုက်။ ဒီလိုဆိုရင်တော့ အထိုက်အလျောက် စိတ်ချရလိမ့်မယ်"

"ကြွက်တွေကို မောင်းထုတ်လို့ရမှာလားဟဲ့၊ သူတို့မှာလည်း ခြေ၊ လက်တွေနဲ့ပဲ။ ပြန်လာကြမှာပေါ့" ဟု အမေက ဝင်ပြောသည်။

"အဲဒါ အဲဒါ ခက်တာပဲ။ အဝတ်စုတ်တွေ၊ စာအုပ်တွေကို ကိုက်တယ်ဆိုတာ အပျော်တမ်း၊ အပျင်းပြေကိုက်တာယ်လို့များ ထင်နေ သလား။ စားစရာတစ်ခုခုကိုထည့်ပြီး ဖုံးအုပ်ထားရင် အနံ့ရလို့၊ စား

ချင်လို့ကိုက်တာတစ်မျိုး၊ အသိုက်လုပ်ဖို့ကိုက်တာတစ်မျိုး၊ ဒီနှစ်မျိုးကြောင့်ကိုက်တာ။ ဒီတော့ မောင်းထုတ်လိုက်လို့ အဝေးသို့ရောက်သွားရင် အိမ်ကိုလာတဲ့ကြွက်တွေအနေနဲ့ စားစရာထည့်ထားတာတွေကိုသာ ကိုက်ချင်ကိုက်မယ်။ ဒီလို စာအုပ်ထည့်ထားတဲ့ ဖာစုတ်တွေ၊ တောင်းစုတ်၊ ပလုံးစုတ်တွေကို ကိုက်ပါဆိုလို့တောင် မကိုက်တော့ဘူး"

ဦးလေးရှင်းပြသည်ကို အမေ နားထောင်နေသည်။ ဦးလေး၏ စကားတွေက လက်ခံလောက်သည်။ ဌာနေကြွက်တွေမဟုတ်လျှင် အသိုက်လုပ်ရန်အကြောင်းမရှိသဖြင့် စာအုပ်တွေကို ကိုက်မည်မဟုတ်တော့ပေ။

"ဖြစ်နိုင်တယ်ဦးလေး၊ ဒီတော့ ကြွက်တွေကို မောင်းထုတ်လို့ လွယ်ပါ့မလား။ ကြွက်တွေကိုမောင်းထုတ်ရင် ဦးလေးကော ကူညီမှာလား"

"ကူညီမယ်၊ ဒါပေမယ့် ပြန့်ကျဲနေတဲ့စာအုပ်တွေကို မင်းသိမ်းဆည်းလိုက်ဦး" ဟု ပြောရင်းက ဦးလေးသည် စာအုပ်တွေကို တစ်အုပ်ပြီးတစ်အုပ် ကောက်ကြည့်သည်။

"ဒါ မင်းအဖေ ကိုရင်ဝတ်နဲ့တုန်းက ဆိုခဲ့တဲ့စာအုပ်အား"

"ဒါပေါ့ ဦးလေးရဲ့"

ဦးလေး ယခုကောက်ကြည့်ပြီးမေးနေသည်မှာ သင်္ဂြိုဟ်စာအုပ်ဖြစ်သည်။ ဦးလေးသည် အတွင်းစာသားတွေကိုပါ လှန်လှောကြည့်နေသည်။

"ပုံနှိပ်စာလုံးတွေကြားမှာ ခဲတံနဲ့ရေးထားတဲ့ မည်းမည်းစာလုံးလေးတွေက ဘာလုပ်ဖို့ ရေးထားတာလဲကွ"

"ပါဠိစာပေတွေမှာ အနက်ပေးထားတယ်ဆိုတာ ဒါမျိုးပေါ့ ဦးလေးရဲ့။ အဲဒီအဓိပ္ပာယ်တွေပေါ့၊ သိချင်ရင် ဦးလေး ပြတင်းပေါက်နားသွားပြီး ဖတ်ကြည့်ပါလား"

"မင်းလဲ ကိုရင်ဝတ်နဲ့တုန်းက ဒီစာမျိုးကို သင်ခဲ့ဖူးသလား"

"ဒါပေါ့ သဒ္ဒါဂြိုဟ်ဆိုတာက အဘိဓမ္မာရဲ့ အခြေခံစာပေပဲ၊ အဘိဓမ္မာကိုသင်ရင် သဒ္ဒါဂြိုဟ်က စသင်ရတာပေါ့"

"အေးကွ၊ ငါလည်း ပရိတ်ကြီးနဲ့ လောကနီတိကုန်တာနဲ့ သဒ္ဒါဂြိုဟ်ကိုသင်ဖို့ စိတ်ကူးခဲ့သေးတယ်။ ဒါပေမယ့် ငါက ဗေဒင်ကိုပဲ ဝါသနာပါလို့ ဗေဒင်ကိုပဲ သင်ခဲ့ဖူးတယ်။ ဒါပေမယ့် ဗေဒင်လည်း ဟုတ္တိပတ္တိတော့ မတတ်ခဲ့ပါဘူး။ သဒ္ဒါဂြိုဟ်သင်နေရရင်လည်းကွာ ဘုန်းကြီးဖြစ်ရင်ဖြစ်ပေါ့။ မဖြစ်ရင်တော့ အပိုပဲ"

"ဒီလို ဘယ်ဟုတ်မလဲ ဦးလေးရဲ့၊ ဘုရားဟောတဲ့စာပေတွေကို ဒီလို အချည်းနှီးစကားမျိုး မပြောကောင်းပါဘူး။ ငရဲကြီးတတ်တယ်။ ပြီးတော့ စာဆိုတာက ဘယ်လိုမျိုးပဲဖြစ်ဖြစ် တတ်လေကောင်းလေပေါ့"

"ကဲ ဟုတ်ပါပြီ။ ဘုရား၊ တရား၊ အကြောင်းတွေကိုထားဦး။ ကြွက်တွေကို ရှင်းကြရအောင်"

"ကြွက်တွေကို သတ်တော့ မသတ်ကြနဲ့နော်" ဟု ပြောထားခဲ့ပြီး အမေ အပြင်သို့ထွက်သွားသည်။

"ဘာကိုစလုပ်ရမှာလဲ ဦးလေး"

မောင်အေးချမ်းကမေးသည်။ ဦးလေးက စကားမဆိုသေးဘဲ ဟိုဟိုသည်သည် ကြည့်နေသေးသည်။ ပြီးမှ -

"ခေါင်စီးလျှောက်တန်းတို့၊ တိုင်ကြားတို့၊ အဲလိုကြွက်ခိုနေလောက်မယ့်နေရာတွေကို အဓိကထားပြီး မွှေနှောက်ရမှာပေါ့။ အသိုက်အအုံမလုပ်နိုင်အောင် နှင်ထုတ်ပစ်ရမှာကိုး"

"မြွေတွေ ကင်းတွေ သတိထားနော်"

အမေကပြန့်ဝင်လာပြီး ပြောပြန်သည်။

ဦးလေးနှင့် မောင်အေးချမ်း ခါးတောင်းကျိုက်ကာ ထုတ်တန်းပေါ်တက်ကြသည်။ ထုတ်တန်းကနေပြီး ခေါင်စီးလျှောက်တန်းနှင့်ချင်ဝါးလုံးအကြားတွေကို တုတ်စတွေနှင့်ထိုးကာ ကြွက်တွေကိုရှာကြသည်။ ကြွက်တွေ ထွက်ပြေးကြသည်။ အိမ်တွင်းထဲသို့ ပြန်မဆင်းရအောင် လျှောက်တန်းအတိုင်းပြေးစေပြီး လျှောက်တန်းဆုံးသည်နှင့်အောက်သို့ကျသွားအောင် မောင်းချလိုက်ကြသည်။ သို့မှ အိမ်ပေါ်သို့ပြန်မတက်ဘဲ အဝေးသို့ ပြေးကြမည်ဖြစ်သည်။

"ဒီမှာ တွေ့လား ကြွက်သိုက်"

ဦးလေးက ကြွက်သိုက်ဟုယူဆရသော အမှိုက်တစ်ဆုပ်ကို ကိုင်ပြသည်။ ပြီး အောက်သို့ ဖျတ်ကနဲ ပစ်ချလိုက်သည်။

ထရံများအကြားတွင်လည်း ကြွက်တွေကိုတွေ့သည်။ ကြွက်သိုက်ကိုမူမတွေ့။ ဦးလေးက ကြွက်တွေကို တုတ်နှင့်ထိုးကာ မောင်းထုတ်သည်။ အမေက ကြွက်တွေကိုမသတ်နှင့်ဟုပြောထား၍သာ။ သို့မဟုတ်လျှင် ဦးလေးဆီမှာ ကြွက်များသက်သာရန် နည်းလမ်းမရှိ။

ပြောထားသည့်တိုင်အောင် အမေသည် ခေါင်းမော့၍ကြည့်နေသေးသည်။ သားက ကြွက်မသတ်ဟုသိသော်လည်း မောင်ဖြစ်သူ

ဦးလေး မောင်ရွှေမြင့် ကြွက်သတ်မည်ကို အမေ စိုးရိမ်နေသည်။

"အစ်မရဲ့ကြွက်တွေကို သတ်လို့ရဖို့နေနေသာသာ၊ လူကိုမြင်တာနဲ့ သုတ်ကနဲပြေးကြတယ်"

"ပြေးမှာပေါ့ဟဲ့၊ နင်တို့က စုတ်တွေနဲ့ထိုးပြီးမောင်းထုတ်နေကြကိုး"

"မောင်းထုတ်ရုံမက တစ်ကောင်မကျန် ကိစ္စဖြတ်ပစ်ချင်တယ်။ ကြွက်က လူ့ကိုဒုက္ခပေးတာပဲရှိတာ။ ဘာအကျိုးပြုတာမှတ်လို့"

ဦးလေးသည် သူ့မျက်နှာက ပိုးခြည်မျှင်တွေကို လက်နှင့်ယူပစ်ရင်းကပြောသည်။ တူဝရီးနှစ်ယောက်လုံး ချွေးပြန်နေကြပြီ။ ခေါင်စီးမှာရော၊ ကြက်ယက်နှင့်တိုင်ကြားတွေမှာပါ ကြွက်တွေမရှိတော့ဘူးဟု သိပြီးမှ ဦးလေးနှင့် မောင်အေးချမ်း ထုတ်တန်းမှ ပြန်ဆင်းလာခဲ့ကြသည်။

အောက်သို့ပြုတ်ကျသောကြွက်တွေ အိမ်ပေါ်ပြန်တက်၊မတက် စစ်ဆေးကြည့်ကြသည်။ တစ်ကောင်မျှတော့မတွေ့။ အိမ်အောက်ဘက်ရှိ သရက်ပင်နှင့် ဝါးနဏ်ဖုတ်ကြီးဆီသို့ ပြေးသွားကြပေလိမ့်မည်။

"မောင်းဖီက ကြွပ်စင်ပေါ်ကို သွားကြရအောင်ကွာ၊ အဲဒီမှာလည်း ကြွက်တွေရှိကြဦးမယ်"

တူဝရီးနှစ်ယောက် မောင်းဖီအောက်သို့ ဆင်းလာခဲ့သည်။ မောင်းဖီအောက်တွင် နွားများအားသိပ်သဖြင့် နွားချေးတွေရှိသည်။ မောင်အေးချမ်းက နွားချေးကို သစ်သားကော်တံကြီးနှင့်ကော်ကာ အပြင်သို့ ထုတ်ပစ်သည်။

ဦးလေးက ကြပ်စင်ကြီးကိုမော့ကြည့်နေသည်။ ကြပ်စင်တွင် တောင်းဆိုး၊ ပလုံးဆိုးတွေ၊ မျိုးစပါးထည့်သည့် ခြင်းတောင်းအဟောင်းတွေနှင့် ရိုင်ပတ်အဟောင်းလည်းရှိသည်။

"ဒီရိုင်ပတ်အဟောင်းတွေကို မ,ကြအောင်ကွာ"

"မြွေ၊ ကင်းတွေများရှိနေသလား ကြည့်ကြနော်။ သတိနဲ့ လုပ်ကြ"

အမေကရပ်ကြည့်ရင်းပြောသည်။ အမေ့မှာလည်း သူ့မောင် ကြွက်သတ်မည့်စိုး၍ မောင်နှင့်သား အိမ်တွင်းကကြွက်တွေကိုရှင်းလျှင် အိမ်တွင်းဝင်လာလိုက်၊ အဖီအောက်ကကြပ်စင်ကိုရှင်းလျှင် အဖီအောက် ကိုလိုက်လာနှင့်။

ကြပ်စင်ကိုတက်လျှင် ပြိုကျနိုင်သည်။ ဝါးလုံးတွေကို နှီးတွေနှင့်ချည်နှောင်ထားရုံမျှသာဖြစ်၍ ခိုင်ခန့်မှုလည်းမရှိ။ ထို့ကြောင့် ဦးလေးသည် လက်ထောင်းဆုံကြီးကိုလိမ့်ယူလာပြီး ထောင်လိုက်သည်။ ဆုံပေါ်တက်ကာ ရိုင်ပတ်အဟောင်းတွေကို ဆွဲချသည်။ မောင်အေးချမ်းကလှမ်းယူပြီး အိမ်ရှေ့မြေပြင်သို့ပြောင်းသည်။

ရိုင်ပတ်တွေကိုပြောင်းပြီးနောက် တောင်းဆိုး၊ ပလုံးဆိုး၊ ခြင်းတောင်းဆိုးတွေကို စင်အောက်သို့ချကြသည်။ စင်ပေါ်က အမှိုက်တွေကို တံမြက်စည်းနှင့် သပ်ချပစ်ကြသည်။ ပြီး အိမ်ရှေ့သို့ထွက်လာကြကာ ရိုင်ပတ်တွေကို ကြိုးဖြည်ပြီး ဖြန့်လိုက်ကြသည်။

"ဟာ ရိုင်ပတ်တွေကို ကြွက်ကိုက်လို့ ညက်ညက်ကြေနေပြီ အမေရေ၊ အားလုံး အဝိုင်းလိုက် အကွင်းလိုက် အပေါက်ကြီးတွေ ဖြစ်နေပြီဗျ"

မောင်အေးချမ်းကပြောလိုက်၍ အမေသည် အိမ်ရှေ့သို့လိုက်လာပြီးကြည့်သည်။ အမေလည်း ရိုင်ပတ်တွေ စုတ်ပြတ်နေသည်ကိုကြည့်ကာ စိတ်ပျက်သွား၏။

"ဟေး ... အဲဒါခက်တာပဲ၊ အဲဒီရိုင်ပတ်တွေဟာ ဟောင်းနွမ်းနေပေမယ့် သုံးလို့ရသေးတယ်ဆိုပြီး သိမ်းဆည်းထားတာ။ စားသောက်စရာလည်းမဟုတ်ဘဲနဲ့ သက်သက်မဲ့ကိုက်ပစ်တယ်"

အမေက စိတ်ပျက်စွာနှင့်ပြောသည်။ ကြွက်ကိုက်ထားသော ရိုင်ပတ်တွေကိုကြည့်ကာ အမေ စိတ်မကောင်းဖြစ်နေသည်။

"ဒါတောင် အစ်မက ကြွက်ကိုမသတ်နဲ့လို့ တားနေရသေးတယ်။ ကြွက်တွေ ရိုင်ပတ်စုတ်တွေကိုကိုက်တာ နည်းသေးတယ်။ လူကိုကိုက် ဖို့လိုသေးတယ်"ဟု ဦးလေးကပြောသည်။

"ငရဲကြီးမှာစိုးလို့ ပြောတာပေါ့ဟဲ့၊ ကြွက်ကိုတော့ ဘယ်သူက ချစ်မှာလဲ"

"ဒီလိုဆိုရင် တွေ့သရွေ့ကြွက်တွေကို ကျွန်တော် ရှင်းလိုက်ရမလား"

"မလုပ်ပါနဲ့၊ သက်သက်ငရဲခံလို့၊ ဘာလို့သတ်မှာလဲ၊ မောင်းထုတ်လိုက်လည်း ပြီးတာပဲဟာ"

"နေဦး၊ နောက် ကြွက်ခိုနေလောက်တဲ့နေရာတစ်ခု ရှိသေးတယ်"ဟုပြောပြီး ဦးလေးသည် မီးတွင်းက လယ်ထွန်ရာတွင်အသုံးပြုသည့် ထမ်းပိုးဝါးလုံးကြီးကို သွားယူသည်။

ဦးလေးသည် ထမ်းပိုးကြီးကိုမ ယူလာပြီး ဦးစောက်ထောင်ကာ မြေမှာဆောင့်လိုက်သည်။ သုံးလေးချက်ဆောင့်လိုက်သည်နှင့် ကြွက်

နှစ်ကောင်သုံးကောင် ဖုတ်ကနဲ ဖုတ်ကနဲ ပြုတ်ကျလာပြီး ထွက်ပြေးကြသည်။ ခွေးလိမ္မာတိုက်ကျော်က လိုက်ကိုက်ရာ အမေကအော်လိုက်၍ ကြွက်များလွတ်သွားကြသည်။

တိုက်ကျော်လိုက်ကိုက်၍ ကြွက်များသည် အိမ်ပေါ်ပြန်မတက်နိုင်တော့ဘဲ လမ်းလွဲကာ အိမ်နောက်ဘက် သရက်ပင်ပေါ်သို့သာ တက်ပြေးသွားကြလေသည်။ သရက်ပင်ခွတွင် သစ်တက်လင်းညှိဖုတ်ကြီးရှိသည်။

ထိုသစ်တက်လင်းညှိဖုတ်နှင့်အတူ ဖယောင်းပင်၊ ဖီးကွက်နှင့် ခမ်းပန်း နွယ်ချုံများလည်း ရောထွေး၍ရှိသည်။ ကြွက်များ ခိုလှုံနေနိုင်လောက်သည်။

ဦးလေးသည် ကြွက်များထွက်ပြေးသွားပြီးနောက် ထမ်းပိုးဝါးလုံးခေါင်းထဲသို့ တုတ်နှင့်ထိုး၏။ ကြွက်သိုက်များ ထွက်ကျလာသည်။ စာရွက်စုတ်နှင့် အဝတ်စုတ်တွေချည်းဖြစ်သည်။ ပြီး ဦးလေးသည် ထမ်းပိုးကို နေရောင်ဘက်တော့ကာ အခေါင်းထဲသို့ကြည့်သည်။

"တစ်ကောင်မှမရှိတော့ဘူးကွ။ ကဲ ..... ဒီလောက်ဆိုရင် ကြွက်ရန်ကိုစိတ်ချရပြီ။ မင်းအဖေမှာထားခဲ့တဲ့စာအုပ်တွေကိုလည်း အိပ်ရာနား ယူထားစရာမလိုတော့ဘူး"ဟု ဦးလေးကပြောသည်။

"ကြွက်တွေ ထွက်ပြေးတာမြင်တိုင်း စိတ်ချရပြီလို့ ပြောလို့ရမလားဦးလေး၊ သူတို့မှာလဲ ခြေလက်တွေနဲ့ပဲ။ ညကို ပြန်မလာဘူးလို့ ပြောနိုင်မလား"

"လာသလောက်တော့ လာမှာပေါ့ကွ။ ဒါပေမယ့် အသိုက်မလုပ်နိုင်အောင်သာ တားဆီးထားပြီပဲ။ ဒီတော့ သူတို့အသိုက်မလုပ်ရရင် စာအုပ်တို့၊ အဝတ်အထည်တို့ကို မကိုက်တော့ဘူးပေါ့"

ကြွက်များအိမ်မှ ထွက်ပြေးသွားကြပြီဖြစ်၍ မောင်အေးချမ်း ဝမ်းသာသွားသည်။ အဖေမှာကျန်ခဲ့သော စာအုပ်တွေနှင့် အဝတ်အထည်တွေလည်း ကြွက်ရန်နှင့်လွတ်ပြီဟုတွေးသည်။ နေ့ခင်းနေ့လည်များတွင်လည်း စားစရာများကို အမှတ်မထင် ကြွက်စားနိုင်တော့မည်မဟုတ်ပေ။

သို့သော် ဦးလေးပြောသလို နောင်တွင်လည်း ကြွက်များ အိမ်နေကြွက်အဖြစ် ခိုမနေနိုင်၊ အသိုက်အအုံများမလုပ်နိုင်အောင်တော့ အတတ်နိုင်ဆုံး တားဆီးထားရပေမည်။ ကြွက်များ အသိုက်အအုံလုပ်နိုင်မည့် တိုင်ကြား၊ ထရံကြား၊ ထမ်းပိုး၊ ဝါးလုံးခေါင်း စသည်တွေကိုလည်း နှစ်ရက်တစ်ခါ သုံးရက်တစ်ခါ ကြည့်ရှုရှင်းလင်းထားရမည်ဖြစ်သည်။

* * *

"သား ဒီနေ့ဘုန်းကြီးကျောင်းကို သွားဦးမလား"

အမေကမေးသည်။ သားက ဖက်လတ်စ ဝိသုဒ္ဓိမဂ်(ဘုံပိုင်း) စာအုပ်ကြီးကို သိမ်းထားလိုက်ပြီး တစ်စုံတစ်ခုသို့ထွက်သွားရန် ဟန်ပြင်နေသည်ကိုမြင်၍ မေးခြင်းဖြစ်သည်။

"ဆရာတော်က ခေါ်ထားတာတော့မရှိဘူးအမေရဲ့။ ဒါကြောင့် ဒီနေ့ကျောင်းကိုမသွားတော့ပဲ ပိန်းတောချောင် ချောင်းတံတားက လက်ကိုင်တန်းကျိုးနေတာတွေလို့ အိမ်နောက်ဘက် ဝါးနက်ဖုတ်က ဝါးတစ်လုံးခုတ်ပြီး လက်ကိုင်တန်းသွားလုပ်မလို့ပါ"

ပိန်းတောချောင် ချောင်းတံတားမှာ ဘုန်းကြီးကျောင်းနှင့်ရွာကို ဆက်သွယ်နေသော ပျဉ်းကတိုးတုံးတံတားကြီးဖြစ်သည်။ ရွာနှင့် ဘုန်းကြီးကျောင်းမှာ တစ်မိုင်ကျော်မျှလှမ်းသည်။ ထိုတုံးတံတားက လျှောက်သွားမှ ကျောင်းကိုရောက်သည်။

ထိုတုံးတံတားသာမရှိလျှင်လည်း ပိန်းတောချောင်ချောင်းမှာ မိုးတွင်း၌ တောင်ကျရေစီးသဖြင့် ဥပုသ်သည်များ၊ ဆွမ်းခံကြွလာကြမည့် ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသား၊ ကပ္ပိယများအဖို့ များစွာအခက်တွေ့ရကြသည်။ ထို့ကြောင့် အဘိုး (အမေ၏အဖေ) မကွယ်လွန်မီ သည်နေ့ရာ၌ တုံးတံတားထိုးရန် စီစဉ်ခဲ့သည်။

သို့သော် အဘိုးမှာ ထိုနှစ်မိုးဦးကျတွင် တံတားထိုးမည်ဟု စီစဉ်ထားသော်လည်း အဘိုး၏အသက်တမ်းက မိုးဦးကျအောင်မရှည်ခဲ့။ တပေါင်းလမှာပင် ကွယ်လွန်သွားလေသည်။

ထို့ကြောင့် ကွယ်လွန်သူအဘိုး၏ အာသီသနှင့်ဆန္ဒတွေကို ဖြည့်စွက်၍ ကုသိုလ်ဆက်ပေးသည့်အနေနှင့် ထိုနှစ်မိုးကျမှာပင် အဖေနှင့် အဘိုး၏ သားကြီး ဦးဘထွန်းအေးတို့က ယခုရှိနေသည့် ပျဉ်းကတိုးတုံးကြီးကို ဆင်နှင့်ဆွဲကာ တံတားထိုးကြသည်။ တံတား တစ်ဘက်တစ်ချက်တွင် ဝါးလက်ကိုင်တန်းတွေကိုလည်း လုပ်ပေးထားကြသည်။ ပြီး အဘိုးအား အမျှဝေကြသည်။

ထိုအချိန်က မောင်အေးချမ်း အသက် ခုနစ်နှစ်သားရှိနေပြီ။ အဘိုးကွယ်လွန်သည်ကိုရော၊ ဦးလေးနှင့် အဖေတို့ ဆင်ဦးစီးကိုခေါ်ကာ ဆင်နှင့်တုံးဆွဲပြီး တံတားထိုးကြသည်ကိုရော ဆင်ဦးစီးအား ငွေ

ခြောက်ကျပ်ပေးလိုက်ရသည်ကိုပါ မောင်အေးချမ်း ကောင်းစွာမှတ်မိနေပြီ။

ယခု မောင်အေးချမ်း အသက် ဆယ့်ကိုးနှစ်ရှိပြီဖြစ်၍ ထိုတုံးတားကြီး၏ သက်တမ်းမှာလည်း ဆယ့်နှစ်နှစ်ရှိနေပြီဟု တိကျစွာတွက်နိုင်သည်။ အတိတ်ကအရိပ်တစ်ခုပေမို့ မောင်အေးချမ်းကောင်းစွာမှတ်မိနေသည်။

သားက စကားမဆိုဘဲနေ၍ အမေသည်လည်း စကားမဆိုဘဲသားအားကြည့်နေသည်။ သည်တုံးတံတားကြီးနှင့်ပတ်သက်ပြီး သားကမေ့၍မရသလို အမေအဖို့မှာလည်း မေ့၍ရနိုင်မည်မဟုတ်ပေ။

ဖခင်ဖြစ်သူက ဆန္ဒရှိခဲ့၍ ခင်ပွန်းနှင့်မောင်ဖြစ်သူတို့က ထိုတုံးတံတားကြီးကို ထိုးလုပ်ကြသည်။ ယခုအခါတွင် ဖခင်ရော ခင်ပွန်းပါ မရှိကြတော့ပေ။ ထို့ကြောင့် သည်တံတားကြီးသည် အတိတ်ကအရိပ်တစ်ခုကို အမှတ်တရ အတွေးဖော်နေသယောင်ရှိနေ၍ အမေလည်းအမြဲသတိရ၍နေပေလိမ့်မည်ဟု မောင်အေးချမ်းတွေးသည်။

"တံတားလက်ကိုင်တန်းကို နောက်နေ့မှ သွားလုပ်ရင်ကောကွယ်"

"ဘာဖြစ်လို့လဲ အမေ"

"အမေစပါးလှန်ထားတယ်။ ဒါကြောင့် ကြိတ်ထိုးရအောင်"

"ရပါတယ်အမေရဲ့၊ အခုက နွေရာသီပါ။ တုံးတံတားကြီးကလူတွေသိပ်ပြီးမသွားကြပါဘူး။ ရိုးပြတ်တွေကပဲ ဖြတ်သွားနေကြတာမိုးရာသီမှပဲ တုံးတံတားကြီးကို အဓိကထားပြီးသွားကြတယ်ဆိုတော့။ ဒီတော့ နောက်တစ်ရက်ရက်မှာ သွားထိုးရင်လည်း ရတာပဲ"

"အေး ဒီလိုဆိုရင် အမေနဲ့စပါးကြိတ်ထိုးရအောင်"

ထို့နောက် သားအမိနှစ်ယောက် မောင်ဖီအောက်က ကြိတ်ဆုံကြီးကို မ,ကာ အိမ်နောက်ဘက် သရက်ပင်အောက်သို့ ပြောင်းကြသည်။ သရက်ပင်ကြီးတွေက သုံးလေးပင်ရှိသဖြင့် အရိပ်ကောင်းသည်။ နေပြောက်မျှပင်မထိုးဘဲ အုပ်ဆိုင်းနေသည်။

အဖေရှိတုန်းက သည်သရက်ပင်အောက်မှာပင် နှီးဖျာလျှော်၊ တောင်း၊ ပလုံး၊ ခမောက် ရက်လေ့ရှိသည်။ ဆေးသီတံ၊ ဓနိတံများလည်းသပ်သည်။ အမေက ဓနိပျစ်သည်။ ဆေးသီသည်။

အမေနှင့်သား ကြိတ်ဆုံပြောင်းပြီးနောက် ဖျာခင်းကာ ကြိတ်ဆုံကို ဖျာပေါ်တွင်တည်ကြသည်။ စပါးတွေကိုဆုံထဲလောင်းထည့်ပြီး သားအမိနှစ်ယောက် ကြိတ်ထိုးကြသည်။

စပါးတစ်ဆုံညက်သည်နှင့် အမေက ကြိတ်ထိုးရပ်ထားလိုက်ပြီး ဖွဲတွေကို ဆန်ကောနဲ့ပြာကာ ဆန်ကာချသည်။ သားက တစ်ယောက်တည်းကြိတ်ထိုးသည်။ သို့သော် မောင်အေးချမ်းက အလုပ်ကြမ်းကို သိပ်ပြီးမလုပ်ဖူး၍ အတော်လေး ပင်ပန်းသလိုတွေ့သည်။

အမေက သားပင်ပန်းသည်ကိုကြည့်၍ "သားနားနေပါ၊ အမေဒါတွေ ဆန်ကာချပြီးရင် ဝင်ကူပါမယ်"ဟုဆို၍ မောင်အေးချမ်း နားနေလိုက်သည်။ အိမ်ရှေ့ဘက်က ရေအိုးစင်ဆီသွားပြီး ရေတစ်မှုတ်ခပ်သောက်ကာ သရက်မြစ်တွင်ထိုင်သည်။

သရက်ပင်ပေါ်ကအမှိုက်တွေ တဖွဲဖွဲကျသည်ကိုမြင်၍ မောင်အေးချမ်း မော့ကြည့်သည်။ သရက်ပင်ခွရှိ သစ်တတ်လင်းညှိဖုတ်ကြီး

ဆီကဖြစ်သည်။ တစ်ဆက်တည်းမှာပင် ကြွက်ပေါက်တွေအော်သံကို ကြားရသည်။

"ကြွက်တွေ သရက်ပင်ပေါ်က အော်နေကြတယ်အမေရဲ့"

သားက အမေ့အား ပြောလိုက်သည်။

"အော်ပါစေ၊ သူတို့ဟာနဲ့သူတို့အော်တာ။ တို့အိမ်ကိုမလာရင် ပြီးရော"

အမေက ဆန်ကာချရင်းနှင့်ပြောသည်။ မောင်အေးချမ်းက သရက်ပင်ပေါ်ကိုသာ မော့်ကြည့်နေသည်။ ကြွက်တွေခိုနေကြသော သစ်တက်လင်းညှီဖုတ်ကြီးကလည်း လူလေးယောက်ဖက်ခန့်ရှိသည်။ အောက်သို့ သုံးပုံတစ်ပုံခန့် တွဲကျနေသည်။ ကြွက်တွေသောင်းကျန်းနေကြ၍ သစ်တက်လင်းညှီဖုတ်ကြီး သိမ့်သိမ့်လှုပ်နေသည်။ ကြွက်တွေ အတော်များပုံရသည်။

မောင်အေးချမ်းနှင့်ဦးလေး အိမ်ပေါ်မှမောင်းချလိုက်၍ ကြွက်များသည် သစ်တက်လင်းညှီဖုတ်ကြီးဆီသို့ရောက်ပြီး စုပေါင်းနေကြခြင်းဖြစ်ပေမည်။ ကြွက်တွေကတော့ မည်သည့်နေရာကိုရောက်ရောက် ဆူညံလျက်ပင်။

"သား သွားမလှုပ်နဲ့နော်၊ သူတို့ဟာနဲ့သူတို့ နေကြပါစေ"

အမေက မောင်အေးချမ်း သစ်တက်လင်းညှီဖုတ်ကြီး မော့်ကြည့်နေသည်ကိုမြင်သောကြောင့် ကြွက်များအား တစ်စုံတစ်ခုလုပ်မည်စိုး၍ ပြောသည်။

"သား ဘာမှမလုပ်ပါဘူးအမေရဲ့။ ကြွက်တွေတော့ အတော်များပုံရတယ်အမေရေ။ သစ်တက်လင်းညီဖုတ်ကြီးတစ်ခုလုံး သိမ့်သိမ့်လှုပ်နေတာပဲ"

"နေပါစေ၊ သွားမလုပ်နဲ့။ သားက အိမ်ပေါ်မှာမနေနိုင်အောင် မောင်းထုတ်လိုက်လို့ သူတို့စုပေါင်းပြီးနေတာဖြစ်မှာပေါ့"

မောင်အေးချမ်း ကြည့်နေချိန်မှာပင် ကြွက်ပေါက်တစ်ကောင် ဖုတ်ကနဲ ပြုတ်ကျလာသည်။ ကြွက်ပေါက်က သိပ်ပြီးပြေးနိုင်သော အရွယ်မဟုတ်သေးပေ။ သို့သော်လည်း သစ်ရွက်ခြောက်အောက်မှာတော့ ပုန်းတတ်နေပြီ။

ပထမတစ်ကောင်ပြုတ်ကျ၍မကြာမီ နောက်တစ်ကောင် ပြုတ်ကျလာပြန်သည်။ တစ်ဆက်တည်းမှာပင် နံကြောင်ကြောင်နှင့် မြွေကြီးတစ်ကောင်လည်း ပြုတ်ကျလာသဖြင့် မောင်အေးချမ်းလန့်ပြီး "အမလေး ..." ဟု အော်မိသွားသည်။

မောင်အေးချမ်းအော်လိုက်၍ အမေက မောင်အေးချမ်းကိုကြည့်သည်။ အမေလည်း မြွေကြီးအား မြင်သွားသည်။

"အမလေး သား ပြေး ... ပြေး ..."

အမေက အော်ပြောသော်လည်း မောင်အေးချမ်း မပြေးပေ။ မြွေကြီးကိုသာ စိုက်ကြည့်နေသည်။ မြွေကြီးသည် ကြွက်ပေါက်ကလေးများအား လိုက်ရှာနေသည်။ ကြွက်ပေါက်ကလေးတွေက သရက်ရွက်ခြောက်တွေအောက်၌ ပုန်းခိုနေကြ၍ မြွေကြီးရှာမတွေ့ဖြစ်နေသည်။

"သား ပြေးစမ်းပါ။ ဘာကြည့်နေတာလဲ။ မြွေကိုမကြောက်ဘူးလား"

"မကြောက်ဘူးအမေရဲ့။ ဒါက ငန်းစောင်းလို့ခေါ်တဲ့ ငန်းမြွေမျိုးမှမဟုတ်တာ။ ကြက်ဥခိုးလို့ခေါ်တဲ့ နံကြောင်မြွေမျိုးပဲ။ လူကိုမကိုက်ရဲဘူး။ လူကိုအင်မတန်ကြောက်တတ်တဲ့မြွေပဲ"

နံကြောင်မြွေမျိုးက ကြောက်တတ်သောသဘောရှိသည်။ လူကိုရော၊ ခွေးစသော ကိုယ်လုံးထွားသည့်အကောင်ကြီးတွေကိုပါ ကိုက်ရဲသောသတ္တိမရှိပေ။

တစ်ခါက မောင်အေးချမ်း လယ်တောသို့သွားရာ နွားစားကျက်ကုန်းအစတွင်ရှိသည့်ချုံထဲ၌ နံကြောင်မြွေကြီးတစ်ကောင် ရှဥ့်သိုက်ထဲက ရှဥ့်ပေါက်တွေကိုနှိုက်စားနေ၍ ခွေးတွေဝိုင်းဟောင်ကြသဖြင့် ကြောက်လန့်ပြီး အောက်သို့ပြုတ်ကျသည်။ ခွေးတွေဝိုင်းလိုက်ကြ၍ မြွေကြီးသည် လူနှစ်ဖက်ခန့်ရှိ ပျဥ်းကတိုးငုတ်ကြီးကို ကွေ့ပတ်ရင်းက ငုတ်ပေါ်တက်ပြေးသွားသည်။

ခွေးတွေ မျက်ခြည်ပြတ်သွားသည်။ ပျဥ်းကတိုးငုတ်ကြီးကို ကွေ့ပတ်ရှာဖွေ၍မတွေ့လျှင် ချုံပေါ်ကိုချည်းကြည့်ကာ ဟောင်နေကြသည်။ ခွေးတစ်ကောင်က ပျဥ်းကတိုးငုတ်ပေါ် ခုန်တက်သည်။ မြွေကြီးကို အခွေလိုက်တက်နင်းသည်။ သို့သော် ခွေးသည် မြွေကြီးကိုမမြင်၊ မြွေကိုတက်နင်းထားသည်ဟုလည်း မသိ။ ချုံပေါ်ကိုသာကြည့်ကာ ဟောင်နေသည်။

မြွေကြီးမှာ ခွေးကို ကိုက်လည်းမကိုက်ရဲ၊ ပါးစပ်နှင့်ကိုက်ဟန်ပြုကာ ခွေး၏ခြေလက်တွေကို သွားဟပ်သည်။ သို့သော်လည်း ခွေးမသိ။ ချုံပေါ်ကိုသာကြည့်ပြီးဟောင်နေသည်။ နောက်ဆုံး ခွေးတက်

နင်း၍ ခြေသည်းစူးသည်ကို မခံနိုင်သဖြင့် မြွေကြီး ကုန်းထလိုက်မှ ခွေးလည်း သူမြွေတက်နင်းထားသည်ကိုသိကာ ပျဉ်းကတိုးသစ်ငုတ်မှ ဆင်းပြေးလေသည်။

ထို့ကြောင့် နံကြောင်မြွေများသည် ခွေးကိုသော်မှမကိုက်ရဲ။ သူရဲဘောအလွန်ကြောင်သောမြွေမျိုးဟု မောင်အေးချမ်းသိလိုက်သည်။ ထိုသို့ နံကြောင်များ သတ္တိမရှိသည်ကိုသိ၍ မောင်အေးချမ်းက မကြောက်ခြင်းဖြစ်သည်။ နံကြောင်များမှာ အဆိပ်မရှိသဖြင့် ကိုက်လျှင် တစ်စုံတစ်ခုမျှမဖြစ်ဟုလည်း သိရသည်။

သည်နံကြောင်မြွေမျိုးက ကြက်ဥကိုတော့ အလွန်ကြိုက်သည်။ ကြက်ဥကိုတွေ့လျှင် ဗိုက်မှာတဆို့ မျိုသွားတတ်သည်။ တစ်ခါက နံကြောင်မြွေကြီးတစ်ကောင် ကြက်ဥမျိုနေသည်ကို မောင်အေးချမ်း မြင်ဖူးသည်။ ကြက်ဥကို မျိုလေ့ရှိ၍ ကြက်ဥခိုး၊ နံကြောင်ကြောင်နှင့် ဖြစ်၍ နံကြောင်၊ ထို့ကြောင့် ကြက်ဥခိုး၊ နံကြောင် စသည်ဖြင့် ခေါ်ကြ ဟန်ရှိသည်။

နံကြောင်နှင့်ငန်းစောင်းမှာ တူသယောင်ယောင်ရှိသော်လည်း ခွဲခြားနိုင်သောလက္ခဏာတွေရှိသည်။ နံကြောင်က ခေါင်းသေးပြီး ငန်းစောင်းက နံကြောင်ထက် ခေါင်းအနည်းငယ်မျှကြီးသည်။ နံကြောင်က အဆိပ်မရှိ၊ ငန်းစောင်းက အဆိပ်ရှိသည်။ ထိုသို့ ထူးခြားသည်။

"အမေ၊ သား မြွေကြီးကိုရိုက်လိုက်ရမလား"

"မရိုက်ပါနဲ့၊ ဘာလို့ရိုက်မှာလဲ"

အမေလည်း ဆန်ကာမချတော့ဘဲ မြွေကြီးကိုသာစိုက်ကြည့်နေသည်။ မြွေကြီးက သရက်ရွက်ခြောက်အောက်တွေ ခေါင်းထိုးကာ ကြွက်ပေါက်ကလေးတွေကို လိုက်ရှာနေသည်။

"ရိုက်သာမသတ်ရင် ကြွက်ပေါက်ကလေးတွေကို တွေ့တာနဲ့ မျိုတော့မှာပဲ အမေရဲ့"

"ဘယ်တတ်နိုင်တော့မလဲကွယ်။ သူ့ဝဋ်ဆက်နဲ့သူလို့ပဲ ပြောရတော့မှာပေါ့။ မသတ်ကောင်းပါဘူး။ ကြွက်ပေါက်ကလေးတွေကို သနားပေမယ့် အဲလိုရိုက်သတ်လိုက်ရင် သားပဲငရဲကြီးတော့မှာပေါ့။ တစ်နေရာကိုမောင်းထုတ်လိုက်ပြန်ရင်လဲ သူ့အစာကိုအဟန့်အတားလုပ်လိုက်တဲ့အတွက် လုပ်တဲ့လူမှာ အပြစ်ကြီးသတဲ့"

နံကြောင်မြွေကြီးကတော့ သရက်ရွက်ခြောက်အောက်တွေကို ခေါင်းထိုးပြီး ကြွက်ပေါက်တွေကိုသာ ရှာနေဆဲဖြစ်သည်။ ကြွက်ပေါက်ကလေးတွေက လုံခြုံသောနေရာကိုရှာပြီးလည်း ပုန်းတတ်နေပြီဖြစ်၍ နံကြောင်ကြီးမှာ ကြွက်ပေါက်ကလေးတွေကို တော်တော်နှင့်ရှာ၍မတွေ့နိုင် ဖြစ်နေသည်။

မြွေကြီးသည် သစ်ရွက်အောက် ခေါင်းထိုးရှာရင်းက ကြွက်ပေါက်တစ်ကောင်ကိုတွေ့သွားလေသည်။ ဆတ်ကနဲ ကိုက်ချလိုက်သည်။ မြွေကြီး၏ချွန်ထက်သောအစွယ်ကြီး စူးနစ်မြုပ်ဝင်သဖြင့် ကြွက်ကလေးမှာ "ကျီ"ခနဲ တစ်ချက်သာ အော်နိုင်ခဲ့သည်။

မြွေကြီးသည် ကြွက်ပေါက်လေးအား ကိုက်ရင်းက သူ့ကိုယ်လုံးကြီးနှင့် ဖိကျစ်ပစ်၏။ ကြွက်ကလေးမှာ နောက်တစ်ကြိမ်ပင် မအော်

နိုင်ဘဲ အကြောဆွဲကာ ငြိမ်ကျသွားလေသည်။ ကြွက်ပေါက်ကလေး သေမှ မြွေကြီးကမျိုသည်။

ယခင်ကလည်း တစ်ကောင်မျိုထားပြီးနှင့်တူသည်။ သစ်တက် လင်းညှီဖုတ်ကြီးထဲက ကြွက်တွေအော်သံကြားကတည်းကပင် တစ် ကောင်မျိုပြီးဖြစ်ပေလိမ့်မည်။ မြွေကြီး၏ဗိုက်ထဲတွင် ဘုတစ်ခုဖြစ်နေ သည်။ ထိုဘုမှာ ကြွက်ကလေးတစ်ကောင်ကောင်ကို မျိုထားသည့်ဘု သာ ဖြစ်ပေလိမ့်မည်။ ယခုမျိုနေသည်မှာ ဒုတိယအကောင်သာ ဖြစ် နိုင်သည်။

မောင်အေးချမ်းသည် ကြွက်ကလေးများ၏ကံကြမ္မာကိုကြည့် ကာ စိတ်ထဲမကောင်းနိုင်။ ကြွက်ကလေးများ ယခုကဲ့သို့ မြွေမျိုခံရခြင်း မှာ ဦးလေးနှင့်မောင်အေးချမ်းတို့၏ပယောဂလည်းမကင်းဟုထင်သည်။ ဦးလေးနှင့်မောင်အေးချမ်း အိမ်ပေါ်မှမောင်းချလိုက်၍ ကြွက်များ ခိုကိုး ရာမဲ့ဖြစ်ကြရသည်။

ထိုကြွက်များတွင် တစ်ခြားကြွက်တွေက ဝေးရာသို့ပြေးနိုင်ကြ သော်လည်း ငါး နှင့်ဖြစ်သောကြွက်မကြီးမှာ အိမ်နှင့်အနီးဆုံး ဤသရက် ပင်ပေါ်က သစ်တက်လင်းညှီဖုတ်ကြီးသို့ရောက်လာပြီးသာ မွေးဖွား ခြင်းကိစ္စကို ပြုရပေလိမ့်မည်။ ထို့ကြောင့် ကြွက်သားပေါက်ကလေးများ မြွေမျိုခံရခြင်းဖြစ်သည်ဟုတွေးကာ မောင်အေးချမ်းမှာ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်ဘဲ စိတ်မကောင်းကြီးစွာ ဖြစ်နေမိသည်။

"မောင်ရွှေမြင့်ရေ၊ ဒီမှာ လာကြည့်စမ်းပါဦးဟဲ့"

အမေကခေါ်လိုက်၍ ဦးလေးသည် လောက်လေးကိုကိုင်လျက် အိမ်ရှေ့မှ အိမ်နောက်ဘက်သို့ လျှောက်လာခဲ့သည်။ သားနှင့်အမေက မြွေကြီး ကြွက်မျိုနေသည်ကိုသာ စိုက်ကြည့်နေကြသည်။

"ဘာလဲ အစ်မ"

ဦးလေးကမေးသည်။ မြွေကြီးနှင့် မောင်အေးချမ်းတို့အကြား တွင် ရှစ်လံကိုးလံခန့်လှမ်းနေသည်။ ဦးလေးသည် သရက်ရွက်ခြောက် တွေ ရှိနေ၍ မြွေကြီးကို ချက်ချင်း းမမြင်ခြင်းဖြစ်မည်။

"ဟိုမှာကြည့်လိုက်ပါလား၊ ဖြစ်နေကြတာကို"

အမေက မေးထိုးပြလိုက်မှ ဦးလေးမြင်သွားသည်။ ဦးလေး "ဟာ..."ကနဲဖြစ်ကာ စိုက်ကြည့်နေသည်။ ပြီးမှ "မြွေဘာစားနေလဲ မသိဘူး"ဟုဆိုသည်။

"ကြွက်ပေါက်တွေကို မျိုနေတာပေါ့ဟဲ့။ တို့သားအမိ စပါး ကြိတ်ထိုးနေတုန်း ကြွက်ပေါက်တွေရော၊ မြွေရော အထွေးလိုက် ပြုတ် ကျလာကြတယ်။ အဲဒါ အခု မျိုနေတာပေါ့"

မြွေက အကောင်ကြီးသော်လည်း ခေါင်းပိုင်းသေး၍ ပါးစပ် ပေါက်ကျဉ်းသဖြင့် ကြွက်ပေါက်လေးကိုပင် မနည်းအားပြုပြီး မျိုနေ ရသည်။ မောင်အေးချမ်းတို့ ကြည့်နေချိန်မှာပင် ကြွက်မကြီးသည် သရက်ပင်ပေါ်မှပြေးဆင်းလာပြီး မြွေကြီး၏ ခါးလယ်ပိုင်းကို ပြေးကိုက် တော့သည်။

"ဟာ ... ဟို ... ဟိုမှာ၊ လုံးထွေးကုန်ပြီဟေ့"ဟု ဦးလေးက ပြောသည်။ မြွေကြီး တွန့်ကနဲဖြစ်သွားပြီး လူးလိမ့်နေသည်။ ကြွက်မ ကြီး၏သွားများ မြွေကြီး၏ကိုယ်ထဲသို့ နစ်ဝင်သွားဟန်ရှိသည်။

မြွေကြီးမှာ ကြွက်ပေါက်ကိုမျိုနေဆဲဖြစ်၍ ပါးစပ်မအားသဖြင့် ကြွက်မကြီးအား နောက်လှည့်မတိုက်ခိုက်နိုင်။ တွန့်လိမ် တွန့်လိမ်ဖြစ်၍ သာနေသည်။ ကြွက်မကြီးက မဖြုတ်ဘဲ ခဲထားသည်။ ခဲထားရင်းက ခါ၍လည်းယမ်းသည်။

မြွေကြီးမှာ မတတ်နိုင်သည့်အဆုံး နာလွန်း၍ လူးလိုက်ပြန်လိုက်နှင့် တွန့်လိမ်၍သာနေသည်။ ကြွက်မကြီးကလည်းမဖြုတ်။ ကိုက်ခဲလျက်ပင်ရှိသည်။ တစ်ကယ့်အသက်လုပွဲကြီးဖြစ်သည်။

မြွေကြီးမှာ ကြွက်မကြီးကိုက်၍ နာလွန်းသောကြောင့်ပင် မျိုဆဲလည်ပင်းထဲတွင်တစ်ဆို့နေသည့် ကြွက်ပေါက်ကလေးကို ပြန်ထုတ်၍လည်းမရ၊ မျိုချ၍လည်းမကျ ဖြစ်နေဟန်ရှိသည်။ နာကျင်လွန်းလျှင်အားလျော့သွားတတ်သည်။ မည်သည့်အရာကိုမျှ အားထုတ်၍မရဟုမောင်အေးချမ်း ကြားဖူးသည်။ ထို့ကြောင့် မြွေကြီးမှာ မျိုနေဆဲ ကြွက်ပေါက်ကလေးကို မျိုချ၍လည်းမကျ၊ ပြန်ထုတ်၍လည်းမရ ဖြစ်နေဟန်ရှိသည်။

မောင်အေးချမ်းတို့ ကြည့်နေကြတုန်းမှာပင် မြွေကြီးသည် လည်ချောင်းထဲတစ်ဆို့နေသည့်ကြွက်ပေါက်ကလေးအား အန်ထုတ်နေသည်ကိုမြင်ရသည်။ အားပြုပြီးအန်ထုတ်ရင်း မြွေပါးစပ်ထဲမှ ကြွက်ပေါက်ကလေး ပြူထွက်စပြုသည်နှင့် ကြွက်မကြီးသည် သရက်ပင်ခြေရင်းကိုတစ်ပတ်ပတ်ကာ သရက်ပင်ပေါ်သို့ တက်ပြေးသွားလေသည်။

မြွေကြီးသည် ကြွက်ပေါက်ကလေးကို ပါးစပ်ထဲမှထုတ်ပြီး ရှူးရှူးရှဲရှဲဖြစ်ကာ ကြွက်မကြီးအား လိုက်ရှာနေသည်။ သစ်ရွက်အောက်

တွေကို ခေါင်းထိုးပြီးရှာသည်။ သရက်ပင်ကိုလည်း ပတ်ကာရှာသည်။ မြက်ဖုတ်တွေအောက်ကိုလည်း လိုက်ရှာသည်။

ကြွက်မကြီးကိုမူ ရှာ၍မတွေ့တော့ပေ။ သရက်ပင်မှာ မူလ စိုက်စကပင် သုံးပင်ပူးဖြစ်သည်။ ခြေရင်းတွင် သုံးပင် တသားတည်းပူး နေပြီး လူတစ်ရပ်ခန့်အမြင့်တွင် တစ်ပင်စီကွဲသွားသည်။ တစ်ပင်ကို လူတစ်ဖက်ခန့်ရှိပြီး သုံးပင်ပူးနေသည့်အရင်းမှာမူ လူသုံးဖက်ခန့်ရှိသည်။

ထိုသုံးပင်ဖြာထွက်သည့် ခွနေရာသည် လူတစ်ရပ်သာသာခန့် မြင့်သည်။ ကြွက်မကြီးသည် ထိုခွကြားကနေကာ မြွေကြီးအားကြည့် နေသည်။ ကြွက်မကြီး သရက်ပင်ခွတွင်တက်နေ၍ မြွေကြီးရှာမတွေ့ ဖြစ်နေသည်။ မြွေကြီးသည် ရှူးရှူးရှဲရှဲဖြစ်ပြီး တစ်အောင့်လိုက်ရှာကြည့် သော်လည်း ကြွက်မကြီးအားမတွေ့သည့်နောက် ပြန်လာပြီး စောစောက သူအန်ထုတ်ထားခဲ့သော ကြွက်ပေါက်ကလေးအား ပြန်၍မျိုပြန်သည်။

မျို၍ ကြွက်ပေါက်ကလေး လည်ဆစ်ခန့်ရောက်သည်နှင့် သည် မျှဆိုလျှင် မြွေကြီးကိုက်၍မရတော့ပြီဟု ကြွက်မကြီး သိဟန်ရှိသည်။ ချက်ချင်း သရက်ပင်ခွမှ ပြေးဆင်းလာပြီး မြွေကြီး၏ခါးပိုင်းကို အပြေး ကိုက်ပြန်သည်။

"ဟာ ချပြန်ပြီဟေ့၊ တကယ့်သတ္တိရှိတဲ့ကြွက်မပဲ၊ ခဲထား၊ ခဲထား"

ဦးလေးက ပြောခြင်းဖြစ်သည်။ ဦးလေးသည် ကြွက်မကြီးဘက် က အားပေးနေသည်။ အမေကမူ တိတ်ဆိတ်လျက်။ မြွေကြီးနှင့်ကြွက် ကြီးတို့၏အဖြစ်တွေကိုသာ စိုက်ကြည့်နေသည်။ ကြည့်နေရင်းက စိတ် မကောင်းလည်း ဖြစ်နေဟန်ရှိသည်။

"အဲဒါကိုသာကြည့်ပေါ့၊ သားသမီးနဲ့မိဘဆိုတာ"

အမေက ကရုဏာသံနှင့်ပြောသည်။ ဦးလေးကလည်း ပြန်၍ပြောသည်။

"မြွေနဲ့ကြွက်ကိုက်တာကြည့်ပြီး သားသမီးတွေ၊ မိဘတွေ အကြောင်းနဲ့ ဘာဆိုင်လို့လဲအစ်မရဲ့"

"မဆိုင်ပဲနေမလားဟဲ့၊ မြွေကြီးက သူ့သားတွေကိုကိုက်တဲ့ အတွက် ကြွက်မကြီးက မြွေကြီးကိုပြန်ပြီး လက်စားချေနေတာပေါ့။ ကြွက်ဟာ မြွေကိုကြောက်တာပဲ။ အခုလို ကြွက်မကြီးက မြွေကိုကိုက်ရဲတယ်ဆိုတာဟာ သားဇောကြောင့်ပေါ့"

အမေနှင့် ဦးလေးတို့ စကားပြောနေချိန်မှာပင် ကြွက်မကြီးသည် သစ်ပင်ခွကြားသို့ တက်ပြေးသွားပြန်သည်။ မြွေကြီး၏ပါးစပ်ထဲက ကြွက်ပေါက်ကလေး ကျွတ်လုလုဖြစ်လာ၍ ကြွက်မကြီးထွက်ပြေးသွားခြင်းဖြစ်သည်။

မြွေကြီးသည် ကြွက်ပေါက်ကလေး ပါးစပ်မှကျွတ်သည်နှင့် ကြွက်မကြီးအား လိုက်ရှာပြန်သည်။ ယခင်ကအတိုင်း သစ်ရွက်အောက်၊ မြက်ဖုတ်အောက်နှင့် သရက်ပင်ခြေရင်းတွေကို လိုက်ရှာနေသည်။ မတွေ့လျှင် သူ့ကိုယ်ကြီးကိုဆန့်နိုင်သမျှဆန့်ထောင်ကာ ဟိုဟိုသည်သည် ကြည့်သည်။

ကြွက်မကြီးအား လုံးဝရှာ၍မတွေ့တော့မှ ပြန်လာပြီး ကြွက်ပေါက်ကလေးကို မျိုပြန်သည်။ ကြွက်မကြီးကိုက်ထား၍ နာနေသောကြောင့်ထင်သည်။ မြွေကြီးမှာ ယခင်ကကဲ့သို့ မသွက်လက်တော့ဘဲ ဖြည်းဖြည်းချင်းသာ မျိုနေရသည်။

ကြွက်ကလေးအားမျိုး၍ လည်ချောင်းထဲသို့ရောက်သည်နှင့် ကြွက်မကြီးသည် သရက်ပင်ခွမှ ဖုတ်ကနဲခုန်ဆင်းလာပြီး မြွေကြီးအား ကိုက်ပြန်လေသည်။

"ဟာ လုပ်ပြန်ပြီဟေ့၊ လုပ်ပြန်ပေါ့"

ဦးလေးသည် ကြွက်မကြီးက မြွေကြီးအားကိုက်နေသည်ကို ကြည့်ကာ သဘောကျနေသည်။ ပြုံးရင်းကပြောနေသည်။

ခုန်ဆွခုန်ဆွ နှင့် လက်ခုပ်လက်ဝါးတီးပြီး "ခဲထား ခဲထား" ဟုလည်း ဆိုသည်။ ကြွက်မကြီးကလည်း မြွေကြီးအား သူကိုက်နေကျ ခါးလည်ပိုင်းကိုသာကိုက်သည်။ မြွေများမှာ အစာတစ်ခုခုကိုမျိုနေလျှင် ခါးလယ်ပိုင်းက သိပ်ပြီးလှုပ်၍မရဘဲ ခေါင်းပိုင်းနှင့် အမြီးပိုင်းကသာ ကျစ်တတ် ပတ်တတ်သည်ဟု မောင်အေးချမ်း ကြားဖူးသည်။

သည်အကြောင်းကို ကြွက်မကြီးလည်း သိဟန်ရှိသည်။ ကြွက်နှင့်မြွေမှာ ရန်သူဖြစ်၍ ကြွက်များမှာ မြွေကိုအမြဲတမ်း ကြောက်နေရသဖြင့် မြွေများ၏အလေ့အထတွေကို သူတို့၏ အသိဉာဏ်တွေနှင့် လေ့လာထားကောင်း လေ့လာထားပေလိမ့်မည်။

ထို့ကြောင့် ကြွက်မကြီးသည် မြွေကြီးအားကိုက်ရာတွင် ခေါင်းပိုင်းကိုလည်းမကိုက်၊ အမြီးပိုင်းကိုလည်းမကိုက်၊ ခါးလယ်ပိုင်းကိုသာ ကိုက်သည်။ ကြွက်မကြီးကိုက်ထားသော မြွေကြီး၏ခါးပိုင်းသည်လည်း သွေးများယိုထွက်ကာ ဖုမောက်၊ ရောင်ရမ်းနေချေပြီ။

"မြွေကြီးက ကြွက်မကြီးဆီမှာ အကိုက်ခံရလို့ ကြွက်မကြီးကိုသာ စိတ်ဆိုးတယ်၊ တို့လူတွေကိုတော့ ရန်မလုပ်ဘူးနော်"

ဦးလေးကပြောသည်။

"ဒီမြွေမျိုးက အဆိပ်မပြင်းလို့ထင်တယ်ဦးလေး၊ လူကို အတော်ကြောက်တတ်တယ်။ လူကိုမဆိုထား‌နဲ့၊ ခွေးကိုတောင်မကိုက်ရဲဘူး" ဟုအစချီကာ မောင်အေးချမ်းသည် သူတစ်ခါကကြုံခဲ့ဖူးသည့် နံကြောင်မြွေကြီး၏အကြောင်းကို ပြောပြလိုက်သည်။ သစ်ငုတ်ပေါ်က နံကြောင်မြွေကို ခွေးတက်နင်းသော်လည်း မြွေကမကိုက်ရဲသည့်အကြောင်းဖြစ်သည်။

မောင်အေးချမ်းနှင့်ဦးလေး စကားပြောနေချိန်မှာပင် ကြွက်မကြီးသည် သရက်ပင်ခွကြားသို့ တက်ပြေးသွားပြန်သည်။ မြွေကြီးမှာလည်း ပါးစပ်ထဲက ကြွက်ပေါက်ကို အန်ထုတ်နေရရင်းနှင့်ပင် ကြွက်မကြီးအား မမီလိုက်သဖြင့် ကြွက်မကြီးပြေးရာ လမ်းကိုသာ လိုက်၍ရှာနေလေသည်။

ယခင်ကအတိုင်းပင် ရှုးရှုးရှဲရှဲနှင့် လိုက်ရှာ၍မရလျှင် ပြန်ရောက်လာခဲ့သည်။ သို့သော် သည်အကြိမ်တွင် ကြွက်ပေါက်ကလေးအား ချက်ချင်းမမြိုသေးဘဲ ကြွက်ကိုက်၍ သွေးယိုထွက်နေသည့် သူ့ကိုယ်က အနာကို သူ့ခေါင်းနှင့်တို့ကာပွတ်သည်။ မြေပေါ်တွင် တွန့်လိုက် လူးလိုက်နှင့်လည်း လုပ်သည်။

ပြီးမှ ကြွက်ပေါက်ကလေးကိုမျိုသည်။ ကြွက်မကြီးကလည်း ယခင်ကအတိုင်းပင် မြွေကြီး ကြွက်ပေါက်ကိုမျို၍ လည်ပင်းခန့်ရောက်သည်နှင့် ပြေးလိုက်လာပြီး ကိုက်ပြန်လေသည်။ မြွေကြီးမှာလည်း လူးလွန့်တွန့်လိမ်လျက်နှင့် ...

ထိုကဲ့သို့ ကြွက်မကြီးကကိုက်လိုက်၊ မြွေကြီးလိုက်လျှင်ပြေးလိုက်၊ မြွေကြီးက ကြွက်မကြီးအားမမီလျှင်ပြန်လာပြီး ကြွက်ပေါက်ကလေးအားမျိုလိုက်နှင့် လေးကြိမ်တိတိ ရှိသွားသည်။

အမေက မိခင်ပီပီ ကြွက်မကြီး၏အဖြစ်ကိုကြည့်ကာ ကြေကွဲနေသည်။ မြွေကြီးက ကြွက်ပေါက်ကလေးအား ရက်ရက်စက်စက်ကိုက်၍ မျိုနေသော်လည်း သူ့အစာသူစားသည်ပဲဟုတွေးလျှင်း မြွေကြီးကိုလည်း အပြစ်မဆိုသာပေ။

သို့သော်လည်း ကြွက်ပေါက်ကလေးများနှင့် ကြွက်မကြီးတို့အဖြစ်တွေကိုကြည့်ကာ အမေ သနားနေသည်။ သူ့အသက်ကိုပင် ပမာမပြု၊ ဂရုမထားနိုင်ဘဲ မြွေကြီးကို အတင်းဝင်ကိုက်နေသော ကြွက်မကြီးအား အမေစိုက်ကြည့်နေသည်။

"နင်တို့ အဲဒါကိုသာကြည့်ကြ၊ ကြွက်မကြီးဟာ မြွေကိုကြောက်ပေမယ့် မြွေကြီးကိုပြန်လှန်တိုက်ခိုက်နေတာဟာ သားဧကြောင့်ပေါ့" ဟုဆိုသည်။ ဦးလေးနှင့် မောင်အေးချမ်းမှာလည်း အမေက ထိုသို့အခါခါပြောလာသော်ကြောင့် ကြွက်မကြီး၏အဖြစ်တွေကိုကြည့်ကာ သားသည်မ တစ်ဦး၏ မိခင်မေတ္တာကို ပိုမိုသဘောပေါက်နားလည်လာကြပြီး ကြွက်မကြီးအား သနားနေမိကြသည်။

ဦးလေးက စိတ်မြန်သူဖြစ်သည့်အလျောက် ကြွက်မကြီးအားသနားစိတ်ကိုချုပ်တည်းမရဖြစ်လာကာ "ဒီလောက်အထိဖြစ်နေမှတော့ ငါကြည့်လို့မရတော့ဘူးကွာ" ဟုဆိုကာ မြွေကြီး၏ဦးခေါင်းကိုလောက်လေးနှင့် တစ်ချက်တည်းပစ်သတ်လိုက်သည်။

"ဟဲ့ ... ဟဲ့ ... အဲလိုဘာဖြစ်လို့လုပ်ရတာလဲ"

သို့သော် အမေ၏ဟန့်တားခြင်းမှာ နောက်ကျသွားလေပြီ။ မြွေကြီးမှာ မျိုထားဆဲ ကြွက်ပေါက်ကလေးကိုပင် အပြင်သို့ရောက်အောင်မထုတ်နိုင်ခဲ့ဘဲ အကြောဆွဲကာ တွန့်လိမ်တွန့်လိမ်ဖြစ်နေလေသည်။ ဤအကြိမ်တွင် ကြွက်မကြီးသည် နောက်ဆုတ်၍မပြေးတော့ပေ။

မြွေကြီးသေတော့မည်ဟုသိသွားဟန်ရှိ၏။ အငြိုးဖွဲ့ကာ မဖြုတ်တမ်းကိုက်တော့သည်။ ခါးပိုင်းကိုမျှ ကိုက်ရုံနှင့်မနေဘဲ အမြီးပိုင်းကိုရော ခေါင်းပိုင်းကိုပါ ဒေါနှင့်မာန်နှင့်ကိုက်သည်။

မြွေကြီး၏မျက်လုံးတွေကိုလည်း ဖောက်ကိုက်ပစ်လိုက်သည်။ မြွေကြီး အကြောဆွဲကာ တွန့်လိမ်နေ၍ ကြွက်မကြီးသည် ခဲကိုက်ရင်းက မြွေဗိုက်အောက်သို့ ရောက်သောအခါရောက်၏။ သို့သော် ကြွက်မကြီးသည် ကြောက်ခြင်းလန့်ခြင်းမရှိဘဲ ကိုက်မြဲကိုက်သည်။ မြွေကြီးလုံးဝငြိမ်သွားတော့မှ အကိုက်ရပ်သည်။

မြွေကြီး၏ကိုယ်တွင်လည်း ကြွက်မကြီးကိုက်ထား၍ သွေးတွေချက်ချင်းနီကာ မြင့်မကောင်းအောင် ထွက်နေသည်။ ကြွက်မကြီးသည် မြွေကြီးအား စိတ်ကျေနပ်အောင်ကိုက်လိုက်ပြီးနောက် မြွေပါးစပ်တွင် တန်းလန်းရှိနေသော ကြွက်ပေါက်လေးအား ဆွဲနှုတ်သည်။

သူ့လက်တွေနှင့်ပွတ်သည်။ လက်ဖြင့်ဆွဲပွေ့ကာ လူများကဲ့သို့ ရင်ခွင်တွင်ထားသည်။ လက်တွေနှင့် လျှည်းပြန်ကာ ပွတ်သပ်နေသည်။ နှုတ်သီးနှင့်တို့၍တို့၍လည်း နမ်းသည်။

သို့မှ ကြွက်၏လက်ခြေများသည် လူများကဲ့သို့ ကိုင်၍ပွတ်၍ ရသည်ဟု မောင်အေးချမ်းသိလိုက်ရသည်။ နမ်းရှုနေသည်ကိုမြင်၍ အသနားလည်း ပိုမိသည်။

ကြွက်မကြီးသည် သားပေါက်ကလေးအား ရင်ခွင်၌ထားကာ ပြုစုပွတ်သပ်နေသော်လည်း သူ့သားအသက်ကင်းနေပြီ။ တစ်ဖန်နိုးထ ရှင်သန်နိုင်ခြင်းမရှိပြီဟု သိသွားဟန်ရှိသည်။ ငိုင်ကျသွား၏။ တွေ တွေ ငေးငေးဖြစ်သွားသည်။

ထိုသို့ ခဏကြာမျှ တွေးတောငေးမောစွာ ငြိမ်သက်စဉ်းစားနေ ပြီးမှ အနီးတွင်ရှိသည့် ကြွက်ကျစ်စာပုံကို လက်နှင့်ယက်ကာ သား ပေါက်ကလေးအား မြှုပ်နှံလိုက်လေသည်။ ပြီးအပေါ်က မြေတုံးတွေ၊ သရက်ရွက်ခြောက်တွေကိုပုံသည်။

သားအလောင်းကို သင်္ဂြိုဟ်ခြင်းကိစ္စပြီးပြီးနောက် ပြန်လာခဲ့ပြီး မတ်တပ်ရပ်ကာ လက်ကလေးပူးလျက် ဟိုဟိုသည်သည်ကြည့်သည်။ ကျန်ရှိနေသေးသော သားပေါက်တစ်ကောင်ကိုရှာနေခြင်းဖြစ်မည်ဟု မောင်အေးချမ်း နားလည်လိုက်သည်။ တစ်ဆက်တည်းမှာပင် သူ့ဘာ သာစကားနှင့် အော်ခေါ်လိုက်သည်။

ကြွက်ပေါက်ကလေးသည် သူ့မိခင်၏အသံကိုကြားသည်နှင့် ပုန်းခိုနေသည့် သရက်ရွက်ခြောက်များအကြားမှ ချက်ချင်းပြေးထွက် လာသည်။ ကြွက်မကြီးသည် ပြေးထွက်လာသော သားပေါက်အား မတ်တပ်ရပ်ကာကြိုသည်။

သားနှင့်အမိ ဆုံမိကြလျှင် လူများကဲ့သို့ပင် ဖက်ထားလိုက်ကြ သည်။ ကျိကျိကျက်ကျက်နှင့်လည်း အော်ပစ်ကြသည်။ အဖြစ်အပျက်

တွေကို သူတို့ဘာသာစကားတွေနှင့် အပြန်အလှန်ပြောနေကြဟန်နှင့် တူသည်။ လွမ်းဆွေးငိုကြွေးစရာကောင်းသော စကားတွေချည်း ဖြစ်ပေလိမ့်မည်။

သူတို့ဘာသာစကားတွေနှင့် ခဏကြာမျှပြောနေကြပြီးနောက် လူတွေကိုကြည့်ကြသည်။ လူတွေကိုမူ ကြောက်ရမှန်းမသိ။ သူတို့အား တစ်စုံတစ်ခုမျှမလုပ်သဖြင့်လူများမှာ သူတို့ရန်သူမဟုတ်ဟု သိနေကြသည်။

ထိုကဲ့သို့ တွေဝေစွာနှင့် ခဏမျှငြိမ်နေခဲ့ပြီးနောက် ကြွက်မကြီးသည် လှုပ်လှုပ်ရှားရှားဖြစ်လာကာ သူ့သားပေါက်ကလေးအား ချီမ,ပြီး အနီးရှိ ဝါးနက်ဖုတ်ကြီးပေါ်သို့သာ တက်သွားလေသည်။

**မင်းဟိန်းထိဝ်**

[illegible]

# အားမသန်၍ မာန်လျှော့လိုက်ရသောမိခင်

နွေခေါင်နွေဖျား၊ မိုးဦးကျရန်နီးသောအချိန်သို့ ရောက်လာခဲ့ပြီ ဖြစ်သည်။ စခန်း၏ပတ်ဝန်းကျင်တခိုဦရှိသည့် သစ်တောများ ရွက်နုဝေ လျက် စိမ်းစိုနေကြသည်။ ပွင့်ဖတ်ကလေးများ ဝေစီသောအပင်များ လည်းရှိသည်။ မိုးဦးမိုးကို ကြိုနေကြသောသဘော အပြည့်အဝဆောင် လျက်ရှိနေကြသည်။

ဆောင်းဦးမှစ၍ နွေရာသီတလျှောက်တွင် ဤ ပြေယ်စခန်းကြီး ၌ ဆောက်လုပ်ရေးဆိုင်ရာ လမ်းဗိုလ်လမ်းမင်းများ၊ ယန္တရားတပ်ဖွဲ့ဝင် စက်သမားများ၊ ကာယအလုပ်သမားများ စသည်ဖြင့် လူပေါင်းတစ်ရာ ကျော် ရှိခဲ့ဖူးသည်။

ယခုအချိန်မှာတော့ ထိုလူများလည်း သူတို့၏လုပ်ငန်းအားလုံး အပြီးသတ်၍ စခန်းရွှေ့သွားကြပြီဖြစ်သည်။ ထို့ကြောင့် ယခုအခါတွင် မောင်အေးချမ်းတို့ နေ့စားအလုပ်သမားတစ်စုသာ ကျန်နေခဲ့ကြသည်။

မောင်အေးချမ်းတို့ နေ့စားအလုပ်သမားများမှာလည်း လမ်းသစ်ဖောက်စဉ်ကတည်းကအတိုင်း အဆောက်အဦအသစ်များဆောက်၊ ရေတံလျှောက်သွယ်၊ မျောခုတ်၊ တုတ်ရိုက်မှစ၍ အိမ်သာကျင်းတူး စသည်အထိ မောင်အေးချမ်းတို့ နေ့စားအလုပ်သမားများကသာ တာဝန်ယူ၍ လုပ်ပေးကြရသည်။ ထိုသို့ အလုပ်များသဖြင့် နားရက်သီးသန့်မထားဘဲ အလုပ်ပါးသောအခါမှာသာ ဟင်းကျွေး ရှာဖွေစားသောက်ခွင့် ရကြသည်။

နေ့စားအလုပ်သမားအားလုံး တစ်ပေါင်းတည်း နေထိုင်ချက်စားကြ၍ တစ်ချို့ ငါးရှာ၊ ဟင်းခူးသွားလျှင်ပင် ကျန်သောလူများပါ စားသောက်ကြရသဖြင့် အဆင်တော့ပြေသည်။ မောင်အေးချမ်းတို့အဖွဲ့မှာ အိမ်ထောင်ရှင်လူကြီးအချို့တို့ ရှိကြသော်လည်း အလုပ်ထဲသို့ မိန်းမနှင့်ကလေးများ ပါမလာကြ၍ အလုပ်သမားအားလုံးပင် စုပေါင်းပြီး နေထိုင်၊ ချက်ပြုတ်၊ စားသောက်ကြခြင်းဖြစ်သည်။

သည်နေ့လည်း မောင်အေးချမ်းနှင့် အလုပ်သမားအချို့ ငပြေယံချောင်းထဲသို့ဆင်းပြီး ရေချိုငါးရှာသွားရန် စီစဉ်နေကြသည်။ နေ့စားအလုပ်ကလည်း သည်ငပြေယံစခန်းမှာ လက်စသတ်လိုက်ကြပြီဖြစ်၍ နောက်စခန်းတစ်ခုသို့ ပြောင်းမိန့်မကျမချင်း သက်သက်သာသာ နေထိုင်ခွင့်ရကြသည်။

ထို့ကြောင့် ပြောင်းရွှေ့မိန့်ကျမလာမီ လေးငါးရက်အတွင်း မောင်အေးချမ်းတို့လူစုမှာ ပျော်ရွှင်ချမ်းမြေ့စွာနှင့်ပင် တောတန်းတွေလျှောက်သွားလိုက်၊ ရှားတောဟင်းတွေကိုခူးလိုက်၊ ရိုးပေါက်စမ်းချောင်းကြီးထဲဆင်းပြီး ငါးဖမ်းလိုက်နှင့် လမ်းဗိုလ်လမ်းမင်းတို့က ခေါ်ခိုင်း

မည့် နောက်စခန်းသစ်တစ်ခု ဆောက်လုပ်ရန်အတွက် အားသစ်မွေးနေကြခြင်းဖြစ်သည်။

"ဆရာလေး လက်နက်ကိရိယာတွေအားလုံး အသင့်ဖြစ်နေပြီ၊ သွားကြစို့လား"

တောင်ပေါ် စိုင်ဘောင်ချင်းအမျိုးသားကြီး ကိုမောင်ခန့်က အော်ပြောသည်။ စခန်း၌ မောင်အေးချမ်းက အလုပ်သမားခေါင်းဆောင်ဖြစ်၍ အလုပ်သမားအားလုံးကပင် ဆရာလေးဟု ခေါ်ကြသည်။ လက်နက်ကိရိယာဆိုသည်မှာလည်း ငါးဖမ်းရန်အတွက် ငါးမျှားချိတ်နှင့် ငါးပစ်ဆူးများပင်ဖြစ်သည်။ အမဲသားကောင်များကိုတွေ့လျှင် ပစ်ခတ်ရန်အတွက် နှစ်လုံးပြူးနှင့် ကုတ်ချိုးသေနတ်တွေကိုလည်း ယူဆောင်ကြမည်ဖြစ်သည်။

သည် ပြေယ်စခန်းကြီးက ရိုးမထဲတွင်ဖြစ်၍ သားရဲများပေါသည်။ လူကိုလည်း မကြာခဏ ရန်ပြုလေ့ရှိ၍ နှစ်လုံးပြူးနှင့် ကုတ်ချိုးသေနတ်များကို တရားဝင်ကိုင်ဆောင်ခွင့် ရထားကြသည်။ ထို့ကြောင့် လွတ်လပ်စွာပင် ပစ်ခတ်နိုင်ကြခြင်းဖြစ်သည်။

မောင်အေးချမ်း နှစ်လုံးပြူးသေနတ်ကြီးကို နောက်ကြောလွယ်ပြီး အဆောင်ထဲမှ ထွက်လာခဲ့သည်။ ငါးရှာ ဟင်းရူးသွားကြမည့် အလုပ်သမားတွေလည်း စခန်းရှေ့က သစ်ပင်ကြီးအောက်တွင် စုရုံးနေကြပြီ။ လူစုံသည်နှင့် ပြေယ်စခန်း၏မြောက်ဘက် ပြေယ်ချောင်းကြီးသို့ ဦးတည်ပြီး ဆင်းလာခဲ့ကြသည်။ အလုပ်အားလပ်ချိန်ကြောင့် လူပေါင်းနှစ်ဆယ်ကျော်ပင် လိုက်လာကြခြင်းဖြစ်သည်။

စခန်းမှထွက်သည်နှင့် သစ်တောဝါးတောကြီးများကို ထိုးဖောက်ပြီး သွားကြရသည်။ တောင်ဆင်းချည်းဖြစ်၍ ပင်ပန်းခြင်းတော့ မရှိ။ အဆင်ပြေသလိုပင် တိုးဖောက်၍သွားကြသည်။

သည်ရခိုင်ရိုးမကြီးတစ်လျှောက်၌ သစ်တောထက် ဝါးတောတွေကသာ များသည်။ သစ်ပင်များမှာ ချောက်ကမ်းပါးနှင့် တောင်ထိပ်အချို့မှာသာ အနည်းငယ်မျှပေါက်ပြီး ဝါးတောက နေရာအနှံ့ပေါက်သည်။ ထို့ကြောင့် ရခိုင်ဝါးတောသည် ကမ္ဘာ၌ အကြီးဆုံးဟု သုတေသီတို့ ဆိုကြသည်။

"ဝုန်း .... ဂူး ..... ရှန်း ....."

"ဂစ် ..... ဂတော့ ..... ဂတော့ ...."

ဆူဆူညံညံအသံတွေကိုကြားရ၍ အကုန်သူ ရပ်တန့်ပြီး နားထောင်ကြ၏။ ထိုအသံတွေကို ကိုမောင်ခန့်က နားလည်သည်။

"ဆရာလေး၊ သစ်တောထဲက မျောက်ညိုတွေအော်ပြီး ကျွန်တော်တို့ဘက်ကို ပြေးလာသံကြားရတယ်ဗျ၊ ဒီဘက်ကို ရောက်ကောင်းရောက်လာနိုင်တယ်။ ကျွန်တော်တို့ ပစ်လိုက်မယ်နော်"

မောင်အေးချမ်း ဘာမျှမပြောမိ။ မောင်အေးချမ်းမှာ ငါးပါးသီလကို မကျိုးမပေါက်အောင် စောန့်မထိန်းနိုင်သော်လည်း အနေကန်အားဖြင့် ရနိုင်သမျှတော့ထိန်း၏။ ထို့ကြောင့် မျောက်ကဲ့သို့ အသိဉာဏ်ရှိသော အကောင်ဗလောင်များကို ကိုယ်တိုင်မသတ်သလို သူတစ်ပါးကိုလည်း သတ်ပါဟု မည်သည့်အခါမျှ မစေခိုင်းဖူးပေ။

ယခု သူနောက်ကြောခွံလွယ်ယူလာသော သေနတ်မှာလည်း သားကောင်များကိုသတ်ရန်အတွက်မဟုတ်။ အမှတ်မထင် သားရဲများနှင့် ရင်ဆိုင်ရလျှင် ကာကွယ်ရန်အတွက်သာဖြစ်သည်။

ကိုမောင်ခန့်သည် မောင်အေးချမ်း ဆိတ်ဆိတ်နေသည်ကိုမြင်သည်နှင့် နောက် သေနတ်သမားတစ်ယောက်ကိုပါ အသင့်အနေအထားဖြစ်အောင် ပြောလိုက်၏။ ထို့နောက် မျောက်များပြေးလာကြမည့် တောင်ကြောဆက်တစ်နေရာသို့ ပြေးသွားကြပြီး စောင့်ကြည့်နေကြလေသည်။

မျောက်များ အဘယ်ကြောင့် သစ်တောထဲမှ အလန့်တကြား ပြေးထွက်လာကြသည်မသိ။ နောက်ထပ် သစ်တောထဲက ငယ်သံပါအောင် အော်ဟစ်သော မျောက်သံအချို့ကိုလည်း ကြားနေရသေးသည်။ သစ်တောထဲမှ ပြေးထွက်လာကြသောမျောက်များ ဝါးပင်တွေကို တစ်ပင်ချင်းနင်း၍ ပြေးလာနေကြရင်း တောင်ကြောဘက်သို့ ရောက်သည်နှင့် –

“ဒိုင်း .... ဒိုင်း .... ” ဟူသော သေနတ်သံနှစ်ချက် ကျယ်လောင်သွားလေသည်။ သေနတ်သံနှစ်ချက်နှင့်တဆက်တည်း မျောက် နှစ်ကောင်လည်း ပြုတ်ကျလာလေသည်။

မျောက်မုဆိုး ကိုမောင်ခန့်နှင့် ဦးယာဘိုတို့မှာ ရိုးသားကြီးများ ပီပီ မုဆိုးအလုပ်ကို ကျွမ်းကျင်ကြသည်။ ဆန့်ငင်ဆန့်ငင်ဖြစ်နေသော မျောက်နှစ်ကောင်ကို အသက်ကင်းသွားအောင် ထပ်၍ စီရင်လိုက်ပြီး မျှောက်အမြီးဖျားကို တစ်လက်မမျှချန်၍ မျောက်ခေါင်းတစ်ခုဆန့်စာရ

အောင် ဓားမြှောင်နှင့်ခွဲလိုက်ကြသည်။ ထို့နောက် မျောက်ခေါင်းမှာ စွပ်၍ မျောက်နှစ်ကောင်ကို တစ်ယောက်တစ်ကောင် လွယ်အိတ်လွယ်သကဲ့သို့ လွယ်ထားလိုက်ကြသည်။

ထို့နောက် ဝါးတောအတိုင်း ချောင်းဆီသို့ ဆင်းကြသည်။ ကိုမောင်ခန့်က "ဆရာလေး ဒီမျောက်တွေ ဘာကိုလန့်လို့ သစ်တောထဲက ထွက်ပြေးလာကြတယ်မသိဘူးနော်" ဟု မေးပြောပြောသည်။

"သူတို့ဘာသာ အချင်းချင်း ရန်ဖြစ်ကြလို့ ကိုက်ခဲပြီး ရှုံးတဲ့အကောင်တွေ ထွက်ပြေးကြတာဖြစ်မှာပေါ့" ဟု တိုတိုပင်ဖြေလိုက်သည်။ ထိုထက်ဖြေရမည်ကလည်း မျောက်များ ပြေးလာကြသည့် အကြောင်းနှင့်ပတ်သက်၍ မောင်အေးချမ်းကား နားလည်ခြင်းမရှိ။

ငပြေယ်ချောင်းဖျားသို့ ရောက်လာကြသည်။ ငပြေယ်ချောင်းက တောနက်ထဲမှာကြောင့် လူအရောက်နည်း၍ ရေချိုငါးပေါသည်။ အတော်အတန်နက်သော အိုင်များမှာပင် ရေချိုငါးများ သွားလာလှုပ်ရှားနေကြသည်ကို တွေ့နေရသည်။ ထိုတက်ငါးပေါသောအိုင်ကြီးကို တွေ့နိုင်ရန်အတွက် ချောင်းဝသို့ စုန်ဆင်းကြသည်။

ချောင်းဝသို့ရောက်လာကြသည်။ ငပြေယ်ချောင်းဝမှာ သရွက်ချောင်းကြီးမှာဆုံး၏။ သရွက်ချောင်းသည် အမ်းချောင်းကြီးမှာဆုံး၏။ အမ်းချောင်းကြီးသည် ချောင်းဝ၌ ကြီးသည်ထက်ကြီးလာပြီး အမ်းမြစ်ဖြစ်ကာ ကျောက်ဖြူမြို့နယ်၊ နောင်တော်ပင်လယ်မှာဆုံးသည်။ ချောင်းအစဉ်ကား ထိုသို့ရှိ၏။

ထို့ကြောင့်ပင် မြစ်နှင့်ပင်လယ်နှင့်နီး၍ ငပြေယ်ချောင်း၊ သရွက်ချောင်းတခို၌ ငါးပေါသည်ဟု ယူဆရသည်။ မည်သည့်အိုင်ကိုကြည့်

ကြည့်၊ ငါးများ သစ်ရွက်ကဲ့သို့ အထပ်ထပ်ရှိနေသည်ကိုသာ တွေ့ရသည်။

လှူကိုမမြင်ဖူး၍ထင်၏။ လှူ ရေထဲသို့ဆင်းလျှင်ပင် ဝိုင်းအုံရောက်လာကြပြီး အနား၌ ရစ်သီရစ်သီလုပ်နေကြသည်။ လိုချင်သောငါးကို လက်နက်ကိရိယာများနှင့် ဖမ်းယူရုံသာရှိသည်။

သူများတွေ ငါးမျှားနေကြတုန်း မောင်အေးချမ်းက ချောင်းကမ်းန ဖူး၌ ဒန့်ဒကောက်ခူးသည်။ ဒန့်ဒကောက်က ပြုတ်စားလျှင်လည်းကောင်း၊ ချက်စားလျှင်လည်းကောင်း၊ ဘက်စုံစား၍ကောင်းသော တောသဘာဝဟင်းတစ်မျိုးဖြစ်သည်။

ဒန့်ဒကောက် လိုသလောက်ရပြီးနောက် သပြေသီး ခူးပြန်သည်။ ချောင်းကမ်းန ဖူးတွေမှာ သပြေပင်ကြီးတွေရှိနေ၍ သပြေသီး တစ်ထမ်းတစ်ပိုးစာကိုလည်း ခဏချင်းပင်ရသည်။

ရိုးမကြီးထိပ်ဖျားဆီက ဆူညံသံကြီးတွေကိုကြား၍ မောင်အေးချမ်း နားစိုက်ထောင်သည်။ တစ်တောလုံး ဆူညံလာသောအသံကြီးဖြစ်သည်။ ဘာသံဟု ခွဲခြား၍ နားမလည်နိုင်ဖြစ်နေသည်။ ထို့ကြောင့် ငါးမျှားနေကြသောလူများဘက်သို့လှည့်၍ "ဘာသံကြီးတွေလဲဗျ" ဟု မေးလိုက်သည်။

ဦးယာတိုက "ရိုးမိုးရွာလာတာ ဆရာလေးရဲ့၊ ရိုးမထိပ်ဘက်မှာ မိုးရွာနေတယ်" ဟုပြော၍ မောင်အေးချမ်း ကောင်းကင်ကိုမော့ကြည့်သည်။ ဟုတ်သည်။ ကောင်းကင်၌ မိုးသားခဲကြီးများ မဲမှောင်လျက် နိမ့်မှန်းမသိ နိမ့်ဆင်းလာနေသည်ကို တွေ့နေရသည်။

တဆက်တည်းမှာပင် သစ္စာချောင်းကြီးတခိုသို့လည်း ဆက်ရွာလာသဖြင့် မောင်အေးချမ်းတို့လူစု မိုးစိုကုန်ကြသည်။ နွေမိုးမျှရှိသေး၍ မိုးသည် ဟန်ပြင်ခြင်း၊ ဟိန်းဟောက်ခြင်းမရှိဘဲ ရွာချလိုက်သည်။

မိုးသီးပေါက်များကြီး၍ ကိုယ်ကို ခဲလုံးကလေးတွေနှင့်ပေါက်သကဲ့သို့ နာကျင်သွား၏။ မိုးခိုနေစရာလည်းမရှိ။ သည်အတိုင်းပင် မိုးစိုခံကြရသည်။ မောင်အေးချမ်းမှာ ဒန့်ဒကောက်နှင့် သပြေသီးရူးပြီးလျှင် သာယာလှပသော သစ္စာချောင်းကြီး၏ ရှုမျှော်ခင်းတွေကို ကြည့်ရှုခံစားမည်ဟု စိတ်ကူးထားသည်။ ယခုတော့ မိုးက သွန်သလိုရွာချလိုက်ပြီ။

"ဂူး .... ဝေါ .... ဂူး .... ဝေါ ...." ဟု ချောက်ကြိုမြောင်ကြားများက ချောင်းရေစီးသံတွေကို ကြားလာရသည်။ နွေမှာရွာသောမိုးကြောင့် အမှိုက်သရိုက် ဒိုက်သရောတွေလည်း အထွေးလိုက်ပါလာလေ၏။ ထို့ကြောင့် မောင်အေးချမ်း စိတ်ပူသွားသည်။ တောင်ကျရေ သည်ထက်များလာလျှင် ရေကျကလည်းကြမ်း၊ ဒိုက်သရောတွေကလည်း ဖောင်ဖွဲ့သကဲ့သို့ ပါလာမည်ဖြစ်၍ ထိုဘက်ကမ်းသို့ကူးရန် အခက်တွေ့လာနိုင်သည်။

"ဦးယာဘို၊ ကျွန်တော်တို့ ရေကျမသန်ခင် ဟိုဘက်ကမ်းသို့ ကြိုတင်ကူးထားမှ ဖြစ်မယ်ထင်တယ်"

"ဘာဖြစ်လို့လဲ ဆရာလေး၊ နွေမိုးပဲဥစ္စာ၊ ရေများများမကျနိုင်ပါဘူး"

"ရေများများမကျနိုင်တာကတော့ ဟုတ်ပါတယ်။ ဒါပေမယ့် လျှော့တော့မတွက်နဲ့။ ရိုးမလမ်းတလျှောက် စက်ကြီးတွေနဲ့ လမ်းချဲ့ထိုး

ထားတဲ့ မြေပြိုတွေက ရေနဲ့တဟုန်ထိုးစီးဆင်းလာတော့မှာ။ ဒါကြောင့် မိုးရေထဲက ရွှံ့ရေက လေးဆယောက် ပိုများလာနိုင်တယ်''

''ဟုတ်သားပဲ၊ ကျွန်တော်လည်း အခုမှ စဉ်းစားမိတယ်''

''စဉ်းစားနေလို့မဖြစ်ဘူးဗျ။ မိုးက သည်းလာနေပြီ။ ဒီတော့ သဲကန္တာရကို မိုးရွာသလို၊ မီးတောင်ကြီးပေါက်ကွဲသလို၊ ရွှံ့ရေ၊ ချော်ရေ တွေ အဟုန်နဲ့ စီးဆင်းလာနိုင်တယ်။ အခုတောင် အတော်လေး ကျလာ နေပြီ။ တော်ကြာ ချောင်းကို အဖြတ်ရခက်လာနိုင်တယ်။ ဒါကြောင့် ပြေယ်ဘက်ကမ်းသို့ ကြိုတင်ကူးထားမှဖြစ်လိမ့်မယ်''

ပြောနေကြရင်းနှင့် ရွှံ့ရေများ အဟုန်နှင့် ကျလာလေသည်။ ကြိုးစားပြီးကူး၍ သရွက်ချောင်းကြီး၏ သည်ဘက်ကမ်းသို့ ရောက်လာ ကြသည်။ သို့သော် ပြေယ်ဘက်ကမ်းသို့ရောက်ရန် လိုနေသေးသည်။ ပြေယ်ချောင်းကို ဖြတ်ကူးနိုင်မည့်နေရာကို လိုက်ရှာကြသည်။

လာခဲ့ကြစဉ်ကချောင်းအတိုင်း ယခု နီးရာကဖြတ်နေကြ၍ အခက်တွေ့ကြရ၏။ ဝါးဖုတ်နှင့် ကြိမ်ပိုက်တောတွေက ထူထပ်ပိန်းပိတ် နေသည်။ ချောင်းကိုဖြတ်ကူးနိုင်မည့်နေရာကိုတွေ့လျှင်လည်း မတ် စောက်သော ကျောက်ကမ်းပါးယံကြီးဖြစ်နေပြန်သည်။

ချောင်းကိုဖြတ်ကူးနိုင်ရေးအတွက် ကျောက်ကမ်းပါးလွတ်သော ခပ်ပြေပြေနေရာတစ်ခုကို အပြေးအလွှား လိုက်ရှာကြသည်။ ချောင်း ထဲတွင်လည်း ရွှံ့နှင့်ရောသောရေများ အဟုန်နှင့်ကျနေသဖြင့် ဆူညံ နေသည်။ ခပ်ပြေပြေတစ်နေရာကိုသာ မတွေ့ပါက အခက်ကြီး ခက်ပေ လိမ့်မည်။

ရွှံ့ရေများ ငယ်သွားအောင်သာ စောင့်နေရလျှင်လည်း မိုးချုပ်သွားနိုင်သည်။ ထိုအခက်အခဲကို ကျော်လွှားနိုင်ရေးအတွက်နှင့် ချောင်းဖြတ်နေရာတစ်ခုရရေးအတွက် အပြေးအလွှား ကြိုးစားပြီး လိုက်ရှာနေကြရသည်။ ချောင်းကမ်းနားတွေကိုချည်း လျှောက်နေကြသဖြင့် ဝါးတောနှင့် ကြိမ်တောတွေမှာလည်း ပို၍ပင် ထူထပ်နေသည်ကို တွေ့ရ၏။

"ဒီမှာ တွေ့ပြီဆရာလေး၊ ဒီတုံးကြီးအတိုင်း လျှောက်လာခဲ့ပါ"

"ဆရာလေး ... ဒီမှာ ကန့်လန့်ဖြတ်တုံးကြီးရှိတယ် ... ဒီတုံးကြီးအတိုင်း လျှောက်လာခဲ့ ...."

အဖွဲ့သားများ အော်ပြောကြသံတွေကို မိုးသံများအကြားမှ သန့်သန့်မျှ ကြားရသည်။ မောင်အေးချမ်း အသံကြားရာသို့ အပြေးလိုက်သည်။ ဝါးတောနှင့် ကြိမ်တောတွေကို တိုးဖောက်၍ဆင်းသည်။

တုံးကြီးကိုတွေ့ပြီ။ တုံးကြီးကို ရွှံ့ရေတွေဖြတ်ကျော်နေပြီး ရှေ့ကလူတွေလည်း နင်းလျှောက်ထားကြ၍ ခါးနွဲ့ကာ ရွှံ့ရေအောက်သို့ပင် နစ်ဝင်နေ၏။ မောင်အေးချမ်းက နောက်ဆုံးမှ နင်းလျှောက်ရသဖြင့် တုံးကြီးမှာ ပိုပြီးပင် နစ်ဝင်သွားသလို တွေ့သည်။

"ရွှီး .... ဗွမ်း ...."

"နင့်မေကလွှား၊ တုံးမဟုတ်ဘူး၊ မြွေကြီးကွ၊ မြွေကြီး ... မြွေကြီး ...."

မောင်အေးချမ်း ကြောက်ကြောက်လန့်လန့်နှင့် သံကုန်အော်လိုက်၍ တောလုံးပဲ့ဟိန်းသွားလေသည်။ မောင်အေးချမ်းမှာ နောက်သို့ပင် လှည့်၍မကြည့်ခဲ့ရဘဲ အားကုန်သုတ်ကာ ဦးတည်ရာဘက်သို့ ပြေးလေသည်။

မြွေကြီးမှာ လူနှစ်ဆယ်ကျော် နင်းလျှောက်နေကြတုန်းက မလှုပ်နိုင်၊ မလွန့်နိုင်ဟန်ရှိသော်လည်း နောက်ဆုံး မောင်အေးချမ်းအလှည့်မှာတော့ ကုန်းထလာသည်။ သို့မှ မောင်အေးချမ်းလည်း မြွေကြီးမှန်းသိခြင်းဖြစ်သည်။ ကံကောင်း၍ နွံရေထဲသို့ ပြုတ်မကျခဲ့။

မောင်အေးချမ်းတို့အဖွဲ့မှာ ညောင်း၍ညောင်းမှန်းမသိ။ ကြောက်ကြောက်နှင့် ဝါးတောအတိုင်း တောင်ကြောကိုပြေးတက်ကြသည်။ မြွေကြီး နောက်ကလိုက်မလာ၍ တော်သေးသည်။ မြွေကြီးသာ နောက်ကလိုက်လာပါက မကိုက်မီပင် ကြောက်၍ သေသွားနိုင်သည်။

မျောက်များ သစ်တောထဲမှ အော်ဟစ်ပြေးထွက်လာကြသည်မှာလည်း ဤမြွေကြီးနှင့်တွေ့၍ သို့တည်းမဟုတ်၊ မြွေကြီးက မျောက်တွေကို ဖမ်းစား၍ ဖြစ်နိုင်သည်ဟု မောင်အေးချမ်း ပြေးရင်းလွှားရင်းကတွေးသည်။ ယခု ချောက်ထဲသို့ အဘယ်ကြောင့် ရောက်နေပြီး ကန့်လန့်ဖြတ်နေသည်မသိ။ ရေသောက်သည်များလား။

* * *

မောင်အေးချမ်း စခန်းသို့ရောက်သည်နှင့် စခန်း၌ကျန်နေခဲ့ကြသော အလုပ်သမားအချို့ ပြေးလိုက်လာကြသည်။ စခန်းသို့ ရှေ့ဆုံးကရောက်နှင့်သောလူများက မြွေကြီးအကြောင်းတွေကို ပြောပြထားကြ၍ ထိုအကြောင်းတွေကိုပင် မောင်အေးချမ်းအား ထပ်မေးကြည့်ရန် ရောက်လာကြခြင်းဖြစ်သည်။

"ဆရာလေးတို့ မြွေကြီးနဲ့ တွေ့ခဲ့ကြတယ်ဆို"

"ငပြယ်ဘက်ကမ်း ဖြတ်ကူးကြတာမှာ မြွေကြီးကို သစ်တုံးထင်ပြီး လျှောက်ခဲ့ကြတယ်ဆို"

"မြွေကြီးက လူတွေလျှောက်နိုင်လောက်အောင်ပဲကြီးသလား ဆရာလေး"

တစ်ယောက်တစ်ပေါက် ဝိုင်း၍မေးနေကြသည်။ မောင်အေးချမ်း တစ်ချက်အားပြု၍ ပြုံးလိုက်ပြီး "တော်သေးတာပေါ့ဗျာ၊ ကံကောင်းလို့မသေတာ"

"ဆရာလေးတို့ မြွေကြီးနဲ့ တွေ့ခဲ့ကြတဲ့အကြောင်းတွေကို အစအဆုံး ပြောပြပါလား" ဟု မောင်လုံးက မေးသည်။

"တို့အဖွဲ့ ချောင်းထဲဆင်းကြတုန်းကပင် ငပြေယ်ချောင်း သစ်တောထဲက မျောက်တွေ ကျယ်ကျယ်လောင်လောင်အော်ပြီး ပြေးထွက်လာကြတယ်ကွ။ အဲဒါဟာ မျောက်တွေကို မြွေကြီးကိုက်လို့ပဲဖြစ်မယ်လို့ ယူဆရတယ်။ ဒါပေမယ့် တို့က မျောက်တွေ ဘာဖြစ်လို့အော်ဟစ်ပြေးလာကြသလဲဆိုတာ အလေးအနက်မတွေးကြဘဲ မျောက်နှစ်ကောင်ကိုသာ သေနတ်နဲ့ပစ်ယူပြီး ချောင်းထဲကို ဆင်းသွားကြတယ်။ ချောင်းထဲရောက်တော့ သူများတွေကငါးဖမ်းပြီး ငါ သပြေသီးခူးနေတုန်းမှာပင် ရှိုးမိုးရွာလာသံတွေကို ကြားရတယ်"

"ဟုတ်ပါတယ်။ ဒီမှာလည်း မိုးရွာတယ်။ ဒါပေမယ့် ဒီမှာက သိပ်ပြီး များများမရွာခဲ့ဘဲ ငပြေယ်ချောင်းဖျားနဲ့ သရွက်ချောင်းဖျားဘက်တွေကိုသာ ဆက်ပြီးရွာသွားတာ တွေ့လိုက်ရတယ်"

"အေး - မိုးရွာလာတော့ တို့လည်း ရေကျမကြမ်းခင် ဒီဘက်ကမ်းကိုရောက်အောင်ကူးဖို့ ချောင်းဖြတ်တစ်ခုကို အပြေးအလွှား လိုက်ရှာရင်း ကိုမောင်ခန့်တို့လူစုကပဲ မြွေကြီး ချောင်းကန့်လန့်ဖြတ်နေတာကို

သစ်တုံးထင်ပြီး အရင်ဖြတ်ကူးကြတယ်။ ပြီးတော့ နောက်ဆုံးကဖြစ်တဲ့ ငါ့ကိုလည်း ဒီတုံးကပင်ကူးလာခဲ့ဖို့ အော်ပြောကြတယ်။ ဒါကြောင့် ငါအကူးမှာ မြွေကြီး ကုန်းထတော့တာပဲ"

"ဟာ အကြီးကြီးပဲလား"

"အင်း - ဖေပါလုံးထက်တောင် ကြီးလိမ့်မယ်လို့ထင်တယ်။ လူတွေနင်းလျှောက်ထားကြလို့ မြွေကြီးအာ ရွံ့ထဲနစ်ဝင်နေတော့ ဘယ်လောက်အထိကြီးလိမ့်မယ်ဆိုတာ အတိအကျ မပြောနိုင်ဘူး"

အခြားလူတွေက ပါးစပ်အဟောင်းသားနှင့် ဝိုင်းအုံကြည့်နေကြ၏။ မောင်လုံးက ဆက်မေးသည်။

"မြွေကြီးဟာ ချောင်းကို ကန့်လန့်ဖြတ်နေတယ်ဆိုတော့ ဘာဖြစ် လို့ အဲလိုဖြတ်နေတယ်ထင်သလဲ ဆရာလေး"

"ရေဆင်းသောက်တာဖြစ်မယ်ထင်တာပဲ။ မြွေကြီးများဟာ ရေ သောက်ရင် ချောင်းသို့မဆင်းပဲ အမြီးဖျားကို သစ်ပင်မှာချိတ်ထားပြီး ကိုယ်လုံးကြီးကို ချောင်းထဲသို့ဆန့်ထုတ်ပြီးသာ ရေသောက်လေ့ရှိတယ်လို့ ကြားဖူးတယ်။ ရေသောက်ပြီးရင်လည်း သူ့ကိုယ်လုံးကြီးကို ပြန်တို ပြီး နောက်သို့ဆုတ်လို့ တက်သွားတတ်သတဲ့"

မောင်လုံး ခေါင်းတစ်ချက်နှစ်ချက်ညိတ်လိုက်ပြီး "မြွေကြီးက ဘယ်လိုအရောင်လဲ ဆရာလေး"

"အဝါရောင်ပါပဲ။ ရွံ့ရေတွေလူးနေလို့များ အဝါရောင် (မြေကြီး ရောင်) ဖြစ်နေသလားတော့ မပြောတတ်။ ငါကနောက်ဆုံးဖြစ်လို့ မြွေကြီးကုန်းထတာကိုတောင် ငါနဲ့ နောက်လူတစ်ယောက်နှစ်ယောက်ပဲ

သိကြတာ။ ရှေ့ကလျှောက်သွားကြတဲ့လူတွေကတော့ မြွေမှန်းတောင် မသိခဲ့ကြဘူး။ ငါ လန့်ဖျန့် ပြီးအော်လိုက်မှ အကုန်သူ မြွေမှန်းသိပြီး တကြိုးတည်းပြေးကြတာ''

''ကံကောင်းလို့ပေါ့ဗျာ။ မတော်လို့ မြွေကြီးသာ လိုက်ကိုက်မယ်ဆိုရင် တစ်ယောက်မကျန်တောင် ပါသွားနိုင်တာပေါ့နော်''

''ကံပေါ့ကွာ။ သေကံမပါတော့လည်းမသေဘူးပေါ့။ သေကံသာပါခဲ့ရင်လည်း ဒီလောက်ဆို မြွေကြီးအစာ ဖြစ်သွားကြလောက်ပြီပေါ့''

စကားဆက်ပြတ်သွားသည်နှင့် မောင်အေးချမ်း ရေနွေးတစ်ခွက်သောက်ပြီး အိပ်ရာထဲ လှဲလိုက်သည်။ ကြောက်ကြောက်နှင့် တောင်စောက်ကို တဟုန်ထိုးပြေးတက်လာခဲ့၍ တစ်ကိုယ်လုံး ရိုက်ထားသလို ပင် နာနေသည်။ ထို့ကြောင့် အိပ်ရာထဲလှဲအိပ်လိုက်မှ နေသာထိုင်သာ ရှိသွားသည်။

ထို့နောက် ဦးယာဘို အခန်းထဲသို့ဝင်လာနေ၍ မောင်အေးချမ်း ထထိုင်လိုက်သည်။ ဦးယာဘိုသည် နောက်သို့ တစ်ချက်ပြန်ကြည့်လိုက်ပြီး ''ဆရာလေးကို ဆင်အဖွဲ့ကလူတွေ တွေ့ချင်တယ်လို့ပြောပါတယ်'' ဟုဆိုသည်။

''ဆင်အဖွဲ့၊ ဘယ်ကဆင်အဖွဲ့တုန်း''

''ကျွန်တော်တို့ ပြေယ်ချောင်းထဲ ဆင်းနေတုန်း ရောက်နေကြတာလို့ပြောတယ်။ ခုတင်က ဆရာလေး စကားပြောနေလို့ သူတို့ မလာသေးဘဲ စကားပြတ်သွားမှ ဆရာလေးဆီ လာတွေ့မယ်လို့ သွား

ပြောပေးပါဆိုလို့ ကျွန်တော် အခု လာပြောတာပါ။ အဲဒီဆင်အဖွဲ့ ခေါင်းဆောင်ကြီးကလည်း ဆရာလေးနဲ့သိတယ်လို့ပြောတယ်။ ပြီးတော့ သူတို့ဆင်တစ်ဖွဲ့လုံးလည်း နွေရာသီကုန်လို့ မိုးဦးကျတဲ့အထိ ကျွန်တော်တို့စခန်းမှာ နေချင်ကြတယ်တဲ့"

မောင်အေးချမ်း ခဏလေးစဉ်းစားလိုက်ပြီး "ဆင်အဖွဲ့ ခေါင်းဆောင်ကြီးက ကျွန်တော်နဲ့သိတယ်ဆိုရင် နာမည်ဘယ်သူလဲ"

"ကျွန်တော်ဘယ်သိပါ့မလဲ။ သူက ဘယ်သူဘယ်ဝါလို့မှ ပြောမပြတာ။ ဒါပေမယ့် သူကတော့ ဆရာလေးနဲ့သိတယ်လို့ပြောတယ်"

"ကောင်းပြီလေ၊ ဒီလိုဆိုရင် အဲဒီဆင်အဖွဲ့ခေါင်းဆောင်လူကြီးကို ခေါ်လိုက်ပါ"

မောင်အေးချမ်း၏စကားအဆုံးမှာပင် ဦးယာဘို အခန်းမှထွက်သွားလေသည်။ ထို့နောက် ဆင်အဖွဲ့ခေါင်းဆောင်ကြီးအပါအဝင် ဆင်အဖွဲ့သားအချို့ကိုပါခေါ်ပြီး ချက်ချင်းပြန်ရောက်လာသည်။ သို့မှ ဆင်အဖွဲ့ခေါင်းဆောင်ကြီးဆိုသူမှာ မောင်အေးချမ်း အမ်းမှာနေခဲ့တုန်းက သိခဲ့ဖူးသော ဦးဘကျန်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ ဦးဘကျန် မောင်အေးချမ်းကိုမြင်သည်နှင့် ပြုံးပြသည်။ မောင်အေးချမ်းလည်း လှဲအိပ်နေရာမှ ထထိုင်လိုက်သည်။

"မောင်အေးချမ်း နေကောင်းတယ်မဟုတ်လား"

ဦးဘကျန်က စ၍နှုတ်ဆက်သည်။

"ကောင်းပါတယ် ဦးဘကျန်။ ကဲ ဒီတော့ ရေနွေးလေးဘာလေးသောက်ကြပါ။ ဦးဘကျန်တို့ ဆင်တွေနဲ့ရောက်နေကြတယ်လို့တော့ ကြားတယ်။ ဘယ်ကဆင်တွေ ရလာကြသတုန်း"

"ငါ့အမြဲတမ်း ဆင်ဖမ်းလေ့ရှိတာကို မင်းသိပါတယ်။ ဒါပေမယ့် အသက်ကရလာတော့ ဒီနှစ်ကစပြီး ဆင်မဖမ်းတော့ပါဘူးလို့ ဆုံးဖြတ်မိတယ်။ ပြီးတော့ ဘာလုပ်ကိုင်စားရမလဲ စဉ်းစားတယ်။ စဉ်းစားပေမယ့် အလုပ်မမြင်လို့ ဆင်ပဲဆက်ဖမ်းပြန်တယ်။ ဒါပေမယ့် အချိန်နှောင်းမှဖမ်းရလို့ နွေလထဲရောက်မှ ဆင်ရတယ်။ ဒါကြောင့် မြေပြန့်က နေရဲရဲတောက်ပူနေတော့ ဆင်တွေသေကုန်မှာစိုးလို့ သစ်တောမန်နေဂျာကြီးဆီမှာ ရှိုးသို့ ဆင်ကျောင်းရင်း ဆင်ပညာတွေလည်း သင်ပါရစေလို့ ခွင့်တောင်းပြီး အခု ဒီကိုရောက်လာခဲ့တာ"

"ဒီတော့ ကျွန်တော်တို့စခန်းမှာနေပြီး နွေရာသီကုန်တဲ့အထိ ဆင်ကျောင်းနေကြမယ်ပေါ့"

"အေး အဲလိုစိတ်ကူးပြီး ရှိုးတက်လာကြတာပေါ့။ ဒီတော့ မင်းကကော နေခွင့်ပြုမယ်မဟုတ်လား"

မောင်အေးချမ်း စဉ်းစားရင်းက တစ်ချက်ပြုံးလိုက်ပြီး "အဲဒါက ဒီလိုရှိတယ် ဦးဘကျန်။ ကျွန်တော်တို့က ဆောက်လုပ်ရေးလုပ်ငန်းတွေကိုသာ လုပ်ကိုင်နေကြရတယ်ဆိုတော့ ဦးဘကျန်တို့ဆင်တွေက ကျွန်တော်တို့စခန်းတွေကို မဖျက်ဆီးအောင် တာဝန်ယူနိုင်ပါ့မလား"

"တာဝန်ယူပါတယ်။ မင်းတို့အဆောက်အဦတွေကို လုံးဝမဖျက်ဆီးစေရပါဘူး"

"အဆောက်အဦတွေက ဓနိတွေချည်းဆိုတော့ ဓနိက ဆားငန်ဓာတ်ပါလို့ ဆင်ကြိုက်တယ်ဗျ။ ဒါကြောင့် အတော်လေးတော့ ဂရုစိုက်ကြရလိမ့်မယ်"

"စိတ်ချပါကွာ။ တစ်ခုမှ မဖျက်စီးစေရဘူးလို့ ငါတာဝန်ယူပါတယ်"

"ဒါတင်မကသေးဘူး ဦးဘကျန်ရဲ့။ ဒီငပြယ်စခန်းအောက်ဘက်မှာ ငပြယ်ရွာဆိုတာရှိတယ်။ စိုင့်ဘောင် ချင်းတိုင်းရင်းသားတွေ စုရုံးပေါင်းနေထိုင်ကြတဲ့ရွာပေါ့။ အဲဒီ သူတို့လုပ်ကိုင်ထားကြတဲ့ တောင်ယာတွေကိုလည်း ဦးဘကျန်တို့ဆင်တွေ လုံးဝမဖျက်ဆီးစေရဘူးလို့ တာဝန်ယူရဦးမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဦးဘကျန်တို့က ကျွန်တော်တို့စခန်းမှာ နေခွင့်တောင်းပြီးနေကြတယ်ဆိုရင် ဖြစ်လာတဲ့ပြဿနာတွေအားလုံးဟာ ကျွန်တော့်မှာ တာဝန်ရှိနေလို့ပါပဲ"

"တောင်ယာကို ဆင်ဝင်လို့ လုံးဝမဖြစ်ဘူးဆိုတာကို တို့လည်း သိတာပဲကွ။ ဒါကြောင့် လုံးဝမဝင်စေရဘူးလို့ တာဝန်ယူပါတယ်"

"ဒါတင်မကသေးဘူး ဦးဘကျန်ရဲ့။ စိုင်ဘောင်တွေ ကုန်ခဲ့တဲ့နှစ်က လုပ်ပြီးပစ်ထားခဲ့တဲ့ တောင်ယာဟောင်း၊ ဖုန်းဆိုးတောတွေကိုလည်း ဦးဘကျန်တို့ဆင်တွေ လုံးဝမဝင်စေရဘူးလို့ တာဝန်ယူရဦးမယ်"

"ဟာ ဘာဖြစ်လို့တုန်း။ ဖုန်းဆိုးတောပဲဥစ္စာ။ စွန့်ပစ်ထားတဲ့ဟာ ဆင်ဝင်ရင်ကော ဘာဖြစ်မှာလဲ"

"ဖြစ်တာပေါ့၊ ဦးဘကျန်ရယ်။ ဖုန်းဆိုးတောဆိုပေမယ့် စားပင်တွေက အများကြီးရှိကြသေးတယ်လေ။ ဆင်ခရမ်းပင်တို့၊ ငရုပ်ပင်တို့ဆိုတာတွေက ခုတ်ထွင်ရှင်းလင်းထားရင် နှစ်နှစ်သုံးနှစ်အထိ မသေဘဲ အသီးသီးသေးတယ်။ ဒါကြောင့် တောင်ပေါ်သူတောင်ပေါ်သားတွေမှာ အဲဒါတွေကိုလည်း ဆွတ်ခူးရောင်းချလို့ တစ်ဘက်တစ်လမ်းက ငွေရနေကြသေးတာပဲ"

ဦးဘကျုန် ခေါင်းကုတ်၏။ မောင်အေးချမ်းအားကြည့်ကာ ပြုံးလည်းပြုံးသည် "ထိန်းသိမ်းရမယ့်တာဝန်၊ အန္တရာယ်တွေက အများကြီးပါလား"

"ဒါကြောင့်ပြောတာပေါ့"

"ရပါတယ်ကွာ။ ဒါတွေကိုလည်း တစ်ခုမှမဖြစ်စေရဘူးလို့ တာဝန်ယူပါတယ်။ ကဲ ဒီလောက်ဆိုရင်ကော နေခွင့်ပြုပြီလား"

မောင်အေးချမ်း ခေါင်းညိတ်လိုက်ပြီး "အေးလေ အဲလောက်အထိ တာဝန်ယူပါတယ်ဆိုတော့လည်း နေခွင့်ပေးရတော့မှာပေါ့"

"ကဲ နေခွင့်ရပြီးရင် တစ်ခုမေးကြည့်ဦးမယ်။ မင်းတို့လူစု ဒီနေ့ ငါးရှာ ဟင်းရူးသွားရင်းက ရောမမြွေကြီးတစ်ကောင်နဲ့ တွေ့ခဲ့ကြတယ်ဆို။ မင်းနဲ့အတူ လိုက်ပါသွားကြတဲ့လူတွေကပြောပြလို့ တို့အဖွဲ့တောင် ကြက်သီးထမိကြသေးတယ်'

"ဟုတ်တယ် ဦးဘကျုန်။ နည်းတဲ့မြွေကြီးမဟုတ်ဘူး။ ဒရမ်းစည်ထက်တောင် ကြီးလိမ့်မယ်ထင်တယ်။ တစ်ယောက်တည်း တောထဲလျှောက်သွားနေရင်းကသာ အမှတ်မထင်တွေ့မယ်ဆိုရင် လန့်ပြီးတောင် သေသွားလောက်တယ်"

"အေးပေါ့။ လက်မောင်းလောက်မြွေကို တွေ့ရင်တောင် ကြောက်ကြရတာ၊ ဒရမ်းစည်ထက်ကြီးတဲ့မြွေကြီးကိုသာတွေ့ရင်တော့ ဘယ်ပြောစရာရှိတော့မလဲ။ ဒါပေမယ့် မြွေကြီးရင် နဂါးအနွယ်ဝင်တယ်လို့ ပြောကြတာ ကြားဖူးတယ်။ တစ်ချို့ကလည်း မြွေကြီးပေမယ့် နဂါးအနွယ်သာမဟုတ်ရင် မြေကြီးခေါင်းမှာအောင်းပြီး အစာမစား

ရေမသောက်ဘဲ တစ်သက်ပတ်လုံး သက်တမ်းကုန်တဲ့အထိ နေသွားတယ်လို့လည်း ပြောကြတယ်။ ဒီတော့ မင်းတို့တွေ့ခဲ့တယ်ဆိုတဲ့မြွေကြီးဟာ မြေကြီးထဲမှာလည်းမဟုတ်တော့ နဂါးများ ဖြစ်နေလေ့သလားကွာ"

"နဂါးတော့ ဟုတ်ပါ့မလားဗျာ။ နဂါးများဟာ ပင်လယ်ထဲမှာသာ အမြဲနေတယ်လို့ ကြားဖူးပါတယ်။ ဒါကြောင့် ဒီလို ရိုးမထဲမှာ အမြဲနေပါ့မလား။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့လူစု အဲဒီမြွေကြီးအော်သံကို မကြာခဏကြားနေကြတာ ကြာပါပြီ၊ ဒီနှစ် မိုးနှောင့်ပိုင်းကပေါ့။ ကျွန်တော်တို့ ညစာစားပြီး မီးလှုံနေကြတုန်း မြွေကြီး ကျယ်ကျယ်လောင်လောင်အော်သံကို ကြားရတယ်၊ ဒါပေမယ့် ကျွန်တော်တို့က မြွေအော်သံလို့ မသိကြဘူး။ ချင်းအမျိုးသားကြီး ဦးယာဘိုနဲ့ ကိုမောင်ခန့်တို့ကသာ မြွေတွန်တယ်ဆိုပြီး ပြောကြတယ်"

"မြွေတွန်တယ်ဆိုတော့ ဘယ်လိုဟာလဲ"

ဦးဘကျန်က သဘောမပေါက်၍ မေးသည်။

"ပြောခဲ့တဲ့အတိုင်းပေါ့။ ကျွန်တော်တို့ ညနေစာစားပြီး မီးလှုံနေကြတုန်း မြွေကြီး ကျယ်ကျယ်လောင်လောင်အော်လာတော့ ဦးယာဘိုနဲ့ ကိုမောင်ခန့်တို့က သူတို့ စိုင်ဘောင်ချင်းစကားနဲ့ မြွေတွန်တယ်တဲ့။ အမှန်က ကျွန်တော်တို့တစ်ဖွဲ့လုံး ဒီအသံကြီးကို ငပြဲယ်ချောင်းဖျားဘက်က ကြားလိုက်၊ သရွက်ချောင်းဖျားဘက်ကကြားလိုက်နဲ့ မကြာခဏကြားဖူးနေကြတာကတော့ ကြာပြီလေ။ ဒါပေမယ့် ဆင်အော်သံလိုပဲ ထင်နေကြတယ်။ အသံကြီးကလည်း ဆင်အော်သလိုပဲ ကျယ်လောင်

တာကိုး။ ဒီတော့ တောထဲမှာက ဆင်အော်သံ၊ ကျားအော်သံတွေကို ကြားရတာ မဆန်းဘူးမဟုတ်လား။ ဒီကြားထဲ အခု ဦးယာဘိုနဲ့ ကိုမောင်ခန့်တို့က မြွေတွန်တယ်လို့ပြောလိုက်တော့၊ ကျွန်တော်လည်း အထူးအဆန်းဖြစ်သွားပြီး မေးကြည့်လိုက်တယ်။ မြွေတွန်တာပါပဲတဲ့။ ကြက်များတွန်သလို၊ ကျားများ တာခေါ်သလို၊ မ,ခေါ်သလိုသဘော သက်ရောက်တယ်လို့ ပြောပြကြတယ်"

"တွန်သံဆိုရင်တော့ မ,ခေါ်တာတစ်မျိုးနဲ့ မိုက်သူထွက်ခဲ့ဆိုတဲ့ အဓိပ္ပာယ်တစ်မျိုးရတဲ့ တာခေါ်တာမျိုးဆိုပြီး ရှိတတ်ပါတယ်"

"ဟုတ်တယ်။ သူတို့ကလည်း အဲဒီသဘောမျိုး ရှင်းပြကြတယ်။ ဒါကြောင့် ပြောခဲ့တဲ့အတိုင်း နဂါးသာဖြစ်မယ်ဆိုရင် ပယ်လယ်ပျော် သတ္တဝါကြောင့် ရိုးမကြီးသို့လာပြီး အဲလို ခဏခဏ တွန်နေပါ့မလား။ ဒါပေမယ့် ထူးဆန်းတာတစ်ခုက မိုးကုန်တဲ့အချိန်ကစပြီး မြွေကြီးတွန် သံကို မကြားရဘဲနေလာလိုက်တာ အခုမှ အကောင်ကိုတွေ့လာရပြန် တယ်။ တွေ့တော့လည်း ပြေယ်ချောင်းထဲမှာ။ ဒါကြောင့် ဒီမြွေကြီးဟာ ဒီငပြေယ်ချောင်းနဲ့ သရွက်ချောင်းကြီးနားတခို ရိုးမမှာပဲ အမြဲနေလိမ့်မယ် လို့ ကျွန်တော် ယူဆမိတယ်။ အဲလို ယူဆမိလို့လည်း နဂါးမဟုတ်နိုင် ဘူးလို့ ထင်ရတာပေါ့"

"မင်းတို့က အော်သံကို ကြားဖူးတယ်ဆိုတော့ အသံက တော်တော်ကျယ်သလား"

"ဆင်အော်သံလိုပဲဗျ။ အကျယ်ကြီးပဲ"

ဦးဘကျန် ခေါင်းတစ်ချက်နှစ်ချက် ညိတ်လိုက်သည်။

"အေး - မင်းတို့ တွေ့ခဲ့ကြတဲ့မြွေကြီးကလည်း ဒရမ်းစည် ထက်တောင်မက ကြီးတယ်ဆိုတော့ တွန်တဲ့မြွေကြီးဟာလည်း အဲဒီ မြွေကြီး ဖြစ်ကောင်းဖြစ်နိုင်တာပေါ့။ ဒါကြောင့် အကောင်ကြီးလို့ အသံကျယ်တာ ဖြစ်မယ်ထင်တယ်"

"ပြီးတော့ အဲဒီတုန်းက ကျွန်တော်တို့ ဦးယာဘိုနဲ့ ကိုမောင်ခန့် ကို ဆက်ပြီးမေးကြည့်ကြသေးတယ်။ အဲလောက်အသံကျယ်တဲ့မြွေမျိုး ဟာ ဘယ်လောက်အထိကြီးသလဲ၊ အရောင်ကဘယ်လိုလဲ၊ ဘယ်လို နေရာမျိုးမှာနေသလဲဆိုတော့ မြွေကြီးက ပုတ်လုံး ရိုင်လုံးလောက်ကြီးတဲ့ အကြောင်း၊ အဝါ၊ အဝါနက်၊ အပြာ၊ အပြာနု၊ အပြာရင့်၊ လေးငါး မျိုးလောက်ရှိတတ်ပြီး နေတာကတော့ ကျောက်ခေါင်းတို့၊ သစ်တော ကြီးတို့မှာ နေတတ်သလို တစ်ခါတစ်လေ ရေအိုင်ကြီးမှာလည်း ဆင်းနေ တတ်ပါတယ်တဲ့။ ဒါပေမယ့် အဲလိုကြီးတဲ့မြွေမျိုးဟာ လူကိုတော့ ပြဿနာမလုပ်ပါဘူးလို့လည်း ပြောပြကြတယ်။ သူတို့နှစ်ယောက်က ရိုးသားကြီးတွေဆိုတော့ ရိုးမကြီးရဲ့ လျှို့ဝှက်ဆန်းကြယ်အကြောင်းတွေ ကို ကောင်းကောင်းသိထားလို့ ပြောပြနိုင်ကြတယ်"

"အေး အကောင်ကို ကိုယ်တိုင်မမြင်ဖူးပေမယ့် မင်းပြောပြ တော့လည်း ကြားဖူးရတာပေါ့ကွာ။ အံ့ဩဖို့လည်းကောင်းပါတယ်။ ကဲ - ဒီတော့ ငါပြန်မယ်။ နေဖို့ထိုင်ဖို့ တဲတွေလည်းထိုးရဦးမယ်။ မင်းကော ဆင် ကြည့်ဖို့ လိုက်ဦးမလား"

"မလိုက်တော့ပါဘူးဗျာ။ ကျွန်တော် အတော်လေးပင်ပန်းနေပြီ။ ဒီတော့ နောက်နေ့မှပဲ ကြည့်တော့မယ်"

## အားမသန်၍ မာန်လျှော့လိုက်ရသောမိခင်

မောင်အေးချမ်း၏စကားအဆုံးတွင် ဦးဘကျန် ထပြန်သွားလေသည်။ သို့မှ မောင်အေးချမ်းလည်း နားခွင့်ရသည်။

တကယ်တွင်မူ မောင်အေးချမ်းသည် ဆင်ကျောင်းစခန်းအဖြစ် ရက်ရှည်လများ နေထိုင်ကြမည့် ဦးဘကျန်တို့ဆင်အဖွဲ့ကို လက်မခံချင်ပေ။ သူတို့ဆင်တွေက သည့်နှစ်မှဖမ်းထားကြသည်ကြောင့် ဆင်ရိုင်းအဆင့်မှာသာ ရှိသေးသည်။ ထို့ကြောင့် လူတွေနှင့် တောထဲမှာသာတွေ့လျှင်လည်း ပြဿနာတစ်စုံတစ်ရာမလုပ်ပဲဟု မပြောနိုင်။

ထို့အပြင် စခန်း၏အဆောက်အဦတွေကိုလည်း လူအလစ်တွင် ဆင်များ ဝင်မဖျက်ဟု မပြောနိုင်။ တောင်ယာတွေကိုလည်း ဝင်မစားဟု တိကျစွာ မည်သူမျှတာဝန်ယူနိုင်ကြမည်မဟုတ်။ စားလျှင် လျော်ပေးမည်ဆိုသော်လည်း မည်သည့်အခင်းရှင်ကမျှ အလျော်ကို လိုချင်ကြမည်မဟုတ်။

ထို့ကြောင့် အဆိုပါအကြောင်းကိစ္စများရှိလာခဲ့လျှင် မလိုအပ်သောအဖြစ်တွေနှင့် ရင်ဆိုင်လာရနိုင်သည်။ ထိုသို့ အကြောင်းတွေရှိနေသောကြောင့်ပင် မောင်အေးချမ်းက လက်မခံလိုခြင်းဖြစ်သည်။

သို့သော်လည်း ဦးဘကျန်နှင့် မောင်အေးချမ်းတို့မှာ မောင်အေးချမ်း အမ်းမှာနေစဉ်ကပင် အတန်အသင့် ရင်းနှီးဖူးကြသည်။ ဦးဘကျန်၏အိမ်မှာလည်း မောင်အေးချမ်း ထမင်းစားဖူးသည်။ ရေနွေးလည်း သောက်ဖူးသည်။ ထို့ကြောင့် ထိုအကြောင်းတွေကိုထောက်၍ မငြင်းသာတော့။

* * *

"ဒေါင် .... ဒင် ...."
"ဒေါင် .... ဒင် ...."
"ဒေါင် .... ဒင် ...."

ဦးဘကျန်တို့အဖွဲ့ ဆင်စီးပြီး စခန်းထဲသို့ ဝင်လာကြသည်။ လွန်ခဲ့သောညက တောထဲသို့လွှတ်လိုက်သည့် ဆင်များအား သွားကောက်ပြီး ပြန်လာကြခြင်းဖြစ်သည်။ ဦးဘကျန်က ခေါင်းဆောင်ဆင်ပြောင်ကြီးကိုစီးပြီး ရှေ့ဆုံးက။

ဦးဘကျန် မောင်အေးချမ်းကို တစ်ချက်ပြုံးပြပြီး ဆင်ပေါ်မှ ဆင်းကာ ကြိမ်ခါးဖူး (ကြိမ်ပင်ပေါက်)တစ်စည်းကို မောင်အေးချမ်းအား ပေးသည်။

"ရော့ - မင်းအတွက်၊ ငါရဲ့ ဆင်ကောက်ပြန်လက်ဆောင်"

"ဟာ - ဦးဘကျန် မလုပ်ပါနဲ့၊ ဦးဘကျန်တို့ပဲ စားကြပါ။ ကျွန်တော့်မှာ ဟင်းရှိပါတယ်"

"ရပါတယ်ကွာ၊ ဒါ အားနာစရာမဟုတ်ပါဘူး။ တို့မှာလည်း အများကြီး ခုတ်ယူလာကြတယ်။ ဒါကြောင့် ယူသွား"

ဦးဘကျန်က အတင်းထိုးပေးနေသဖြင့် မောင်အေးချမ်းမှာ အားနာနာနှင့်ပင် ယူလိုက်ရသည်။ သူတို့ပေးကြသည်က ကြိမ်ဖူးသက်သက်မဟုတ်။ ကြိမ်ဖူး၊ ဂျပ်ဖူး၊ နဘက်ဖူးဟု လေးမျိုးတိတိဖြစ်သည်။ ကြိမ်ဖူး၊ ဂျပ်ဖူး၊ နဘက်ဖူး၊ မင်းပေါင်းဖူးတွေက ကြော်စား၊ ချက်စား၊ မီးဖုတ်စား၊ ဘယ်လိုပဲစားစား ကောင်းသည်။ ရိုးမဒေသ၌ ရာသီမရွေး စားသောက်၍ရသော သတ်သတ်လွတ် ဟင်းလျာကောင်းတစ်မျိုးပင် ဖြစ်သည်။

"ငါစီးတဲ့ ဆင်ပြောင်ကြီးက ကိုးပေကျော်တယ်ကွ။ အစိုးရဆီမှာ ဆင်ဖမ်းခ ဈေးအများဆုံးရတဲ့ ဆင်ပြောင်ကြီးပေါ့။ ကျန်တဲ့ဆင်တွေကတော့ ရှစ်ပေ၊ ခုနစ်ပေ၊ ခြောက်ပေ၊ ငါးပေ၊ အစားစားပေါ့။ အငယ်ဆုံး အကောင်လေးတွေအထိဆိုရင် ဒီကို စုစုပေါင်း ဆယ့်ငါးကောင်ပါလာတယ်"

ဦးဘကျန်က သူ့ဆင်တွေကို မောင်အေးချမ်းအား လိုက်ပြနေသည်။ ရိုးမ၌ အစာပေါ၍ ဆင်များ ဗိုက်ကားလာကြသည်။ ကျွဲကိုယ်လုံးခန့် ဆင်ပေါက်ကလေးတစ်ကောင်ကိုလည်း တွေ့ရသည်။

"ဒီဆင်ပေါက်လေးက မျက်စိပေါက်သေးသေးလေးနဲ့ ချစ်စရာလေးပဲဗျ။ ဒီလို ဘယ်နှစ်ကောင်ပါသလဲ"

"အဲလိုအငယ်လေး နှစ်ကောင်ပါတယ်။ ဒီအကောင်လေးအပြင် နောက်မှာကျန်နေတာ တစ်ကောင်ရှိသေးတယ်။ အဲဒီအကောင်လေးရဲ့မိခင် ဆင်မကြီးက ကျုံးဒဏ်နဲ့ ကျုံးထဲမှာပဲ သေသွားရှာတယ်။ လူများလို သွေးနုနုနဲ့ဖြစ်လို့ ကျုံးဒဏ်ကိုမခံနိုင်လွန်းတဲ့အတွက် သေသွားတာဖြစ်မယ်ထင်တယ်၊ အဲဒီဆင်ပေါက်ကလေး အသက်ရှင်ရေးအတွက် ငှက်ပျောသီးမှည့်တွေကျွေးပြီး မွေးခဲ့ကြရတယ်"

"ဩော် ဟုတ်လား၊ သနားစရာပဲနော်"

"သနားစရာပေါ့ကွာ။ ဒါကြောင့် ငါလည်း ဒီနှစ်ကစပြီး ဆင်မဖမ်းတော့ဘူးလို့ နေခဲ့ပြီးမှ တစ်ခြားအလုပ်မဖြစ်တာနဲ့ ဆင်ဖမ်းအလုပ်ကိုပဲ ပြန်လုပ်ခဲ့ရတာ။ အမှန်က လုံးဝမလုပ်သင့်တဲ့အလုပ်ဆိုရင် တောင်မမှားဘူး။ အတော့်ကို သနားစရာ၊ ကြေကွဲစရာအကြောင်းတွေနဲ့

ကြုံ ကြုရတယ်။ ဒီဆင်ပေါက်လေးရဲ့အမေ မိကောက်တေးဟာလည်း မိတဆိုးလေးပဲ''

ဦးဘကျန်က ဆင်ပေါက်ကလေး၏မိခင် ဆင်မအား လက်ညှိုး ထိုးပြသည်။ သူ့နာမည်ကို ''မိကောက်တေး''ဟုလည်း သိလိုက်ရ သည်။ မိကောက်တေးက လိမ္မာပုံရသည်။

''မိကောက်တေးပါလာတဲ့ဆင်အုပ်ကို ဖမ်းကြတုန်းကလည်း မိကောက်တေးအမေ ဆင်မဟာ ကျူးဒဏ်နဲ့ပဲ သေသွားရှာတယ်။ အဲဒီ တုန်းက မိကောက်တေးဟာ နှစ်နှစ်သမီးပဲရှိသေးတယ်''

''နှစ်နှစ်သမီးဆိုတော့ ဘယ်လိုလုပ်ပြီးသိလဲ ဦးဘကျန်''

မောင်အေးချမ်းက အထူးအဆန်းဖြစ်ကာ မေးကြည့်လိုက်သည်။

''နှစ်နှစ်သမီးဆိုလို့ မင်းအံ့ဩသွားတယ်ထင်တယ်။ သစ်တော ဘက်ဆိုင်ရာလူကြီးတွေက သူတို့အတွေ့အကြုံအရ ဆင်သက်ကို ဘယ် နှစ်နှစ်ရှိပြီဆိုတာ သိကြတယ်။ အဲဒီတုန်းက မိကောက်တေးဟာ ကျွဲ လောက်ပဲရှိသေးတော့ ပိုပြီး ခန့်မှန်းရလွယ်တာပေါ့''

''ဩော် .... ဩော် ....''

''သူ့မိခင်ဆင်မကြီး သေသွားတော့ မိကောက်တေးခမြာမှာ ခိုကိုးရာမဲ့ဖြစ်ပြီး လူများလို အော်ငိုတော့တာပဲကွာ။ တို့မှာဖြင့် သနားလို့ မဆုံးဖြစ်ကြရတယ်။ တို့ဆင်သမားတွေက မိကောက်တေးလေးကို ချော့မော့ပြီး အသက်ရှင်ရေးအတွက် ကျွဲနို့တိုက်၊ နွားနို့တိုက်၊ ငှက်ပျော သီးမှည့်ကျွေး၊ ရွာထဲမှာ ငှက်ပျောသီးမှည့်ရှာလို့မရရင် ကျောင်းထိုင် ဆရာတော်ဆီသွားတောင်း၊ အဲလို ဘဝအဖုံဖုံကို ဖြတ်သန်းခဲ့ပြီးမှ

မိကောက်တေးဟာ ဒီအရွယ်ကိုရောက်လာတာ။ အခုဆိုရင် မိကောက်တေးကတောင် မျက်လုံးပေါက်ကျဉ်းကျဉ်းလေးနဲ့ အကျဉ်းလေးတစ်ကောင်မွေးထားပြီ" ဟုပြောပြီး ဦးဘကျန်က မိကောက်တေး၏သား ဆင်ပေါက်ကလေး၏ခေါင်းကို ပုတ်လိုက်၏။

ဆင်ပေါက် ငကျဉ်းလေးက ဘာမျှမလှုပ်၊ ငြိမ်ချက်သားကောင်းနေသည်။ သူ့သခင်က သူ့ခေါင်းကိုပုတ်လိုက်၍ ကျေနပ်နေဟန်လည်းရှိသည်။

"မိကောက်တေးရဲ့အဖြစ်တွေက ရင်နာစရာပါလား။ အရပ်ကူပါ၊ လူဝိုင်းပါဆိုသလို ဆင်သမားတွေနဲ့မပြီးလို့ ကျောင်းထိုင်ဆရာတော်ကပါတောင် ကျွေးမွေးရသေးတယ်ဆိုတော့ ..."

"ဒါပေါ့၊ ဒီတုန်းက ဆရာတော် ငှက်ပျောသီးပေးမှန်းသိနေတော့ မိကောက်တေးက သူဗိုက်ဆာတိုင်း ဆင်သမားတွေမပါဘဲလည်းကျောင်းကိုသွားပြီး ဆရာတော်ဆီမှာ ငှက်ပျော်သီးမှည့် တောင်းတော့တာပဲ၊ ဆရာတော်က ငှက်ပျောသီးမှည့်မရှိဘူးလို့ပြောရင် သူစိတ်ကောက်တယ်၊ ဆရာတော်ကို ရှိမခိုးတော့ပဲ အပင်တွေကို ရိုက်ချိုး၊ သူ့နှာမောင်းလေးနဲ့လိမ်ချိုး လုပ်တော့တာပဲ။ အဲလိုစိတ်ကောက်ပြတတ်လို့ ဆရာတော်က မိကောက်တေးလို့ နာမည်ပေးလိုက်တာ။ အဲဒီနေ့ကစပြီး မိကောက်တေးလို့ နာမည်တွင်သွားတယ်"

"ဩော် ဟုတ်လား၊ တကယ့် မိကောက်တေးပါလား"

မောင်အေးချမ်း မိကောက်တေးကို အလိုလိုစိတ်ဝင်စားသွားမိသည်။ မိကောက်တေးက တကယ့်ချစ်စရာကောင်းသော ရုပ်လက္ခဏာ

တွေလည်း ရှိသည်။ ဦးဘကျန်က သူ့အကြောင်းတွေကို ပြောပြနေ၍ မိကောက်တေး ကျေနပ်ပြုံး ပြုံးနေသည်။ ပါးစပ်လေးမပွင့်တပွင့်နှင့် အောက်နှုတ်ခမ်းလေးတွဲလျက် နှာမောင်းကို သာသာလေး လှုပ်ယမ်းနေသည်။

"လိမ္မာတာမှာလည်း မိကောက်တေးဆိုရင် သူ့ဘာပဲလုပ်နေ လုပ်နေ ချောခနဲပဲကွ။ လူစကားကိုလည်း လူကလေးတစ်ယောက်လိုပဲ နားလည်တယ်။ ဝါဝင်၊ ဝါကျွတ်၊ သင်္ကြန် အဲလို နေ့ကြီးရက်ကြီးတွေမှာလည်း ကျောင်းထိုင်ဆရာတော် တို့ဆင်စခန်းကို သီလပေး၊ ပရိတ်ဟော၊ တရားဟော အမြဲကြွတယ်။ အဲဒီအခါမှာ မိကောက်တေးက လည်း ဆရာတော်ဟောတဲ့တရားကို လူလို နာယူတတ်တယ်။ စကား မပြောတတ်တာတစ်ခုပဲရှိတယ်။ နားလည်တာမှာတော့ တကယ့်လူလိုပဲ။ အခု နောက်မှာ ကျန်နေသေးတယ်ဆိုတဲ့ ဆင်ပေါက်ကလေးမှာလည်း သူ့ မိခင်ဆင်မ သေတော့ တစ်ချိန်တည်း နို့ပြတ်သွားလို့ တို့ဆင်သမား တွေရော၊ ကျောင်းထိုင်ဆရာတော်ကပါ မိကောက်တေးကို ဝိုင်းပြောပြီး နို့တိုက်ခိုင်းကြလို့ မိကောက်တေးက သူ့သားလေးနဲ့အတူ နို့တိုက်ထား တယ်"

"သြော် .... သြော် .... မိကောက်တေးက မိတဆိုး ဆင်ပေါက်ကလေးကို နို့တိုက်ထားတယ်ဆိုတော့ သူငယ်ငယ်တုန်းက မိတဆိုးဘဝနဲ့ ကြုံခဲ့ရတဲ့အဖြစ်တွေ ကိုရင်နာပြီး ကိုယ်ချင်းစာလို့ နို့ တိုက်တာလည်း ဖြစ်မှာပေါ့"

ဆင်များ နားလည်လိမ္မာသည့်အကြောင်းကို မောင်အေးချမ်း လည်း အတော်အသင့် နားလည်ဖူးသည်။ တိရစ္ဆာန်များစွာတို့အထဲတွင်

ဆင်သည် လူစကားကို နားလည်အလွယ်ဆုံး၊ ပညာသင်၍လည်း အတတ်လွယ်ဆုံး။ လူတို့၌ လူပျိုစိတ်၊ အပျိုစိတ်ရောက်ပုံကို ယောက်ျားလေး အသက် ၁၆၊ ၁၇၊ မိန်းကလေး အသက် ၁၅၊ ၁၆ ဟု သုတေသီပညာရှင်တို့ ဆုံးဖြတ်ထားကြသလို ဆင်များမှာလည်း လူများနည်းတူပင်ဖြစ်သည်။

ဆင်ထီးလေး အသက် ၁၆၊ ၁၇၊ ဆင်မလေး အသက် ၁၅၊ ၁၆ အရွယ်သို့ရောက်လျှင် လိင်ဆက်ဆံလိုစိတ် ဖြစ်ပေါ်လာတတ်ကြသည်။ အသက်တမ်းကုန်သောအခါတွင်လည်း ၇၀၊ ၈၀ အတွင်းဖြစ်၍ လူနှင့်တူညီမှုရှိသည်ဟု သုတေသီတို့က ဆိုကြခြင်းဖြစ်သည်။

(ယခင် ဆင်မှတ်တမ်းများ၌ ဆင်တို့ ဖိုစိတ်မစိတ်ရောက်ပုံကို ဆင်ထီးလေး ၁၈၊ ၁၉၊ ဆင်မလေး ၁၇၊ ၁၈ ဟု ရှိသည့်အကြောင်းကို နားလည်ဖူးသည်။ သို့သော် ထိုမှတ်တမ်းများမှာ ရှေးကျလွန်းပြီး ယခုအခါ ဆုတ်ကပ်လည်းဖြစ်၊ ရာသီဥတုကလည်း ကြမ်းလာသဖြင့် သက်တမ်းကို လျှော့တွက်ရမည်ဟု တစ်ဖန်တွက်ဆကြကြောင်း၊ ထို့ကြောင့် ယခုတွင် သက်တမ်းကိုလျှော့ပြီး ဆင်ထီးလေး အသက် ၁၆၊ ၁၇၊ ဆင်မလေး အသက် ၁၅၊ ၁၆ ဟု အရွယ်ရောက်ပုံကို ယူဆရမည်ဖြစ်ကြောင်းသိရ၍ အထီးလေး ၁၆၊ ၁၇၊ အမလေး ၁၅၊ ၁၆ ဟု ရေးလိုက်သည်။)

"ဒါဆို ဦးဘကျန်တို့မှာ ဆင်ရိုင်းတွေချည်းသက်သက်မဟုတ်ဘဲ မိကောက်တေးတို့သားအမိအပြင် နောက်ထပ် ဆင်ယဉ်တွေ ဘယ်နှစ်ကောင်လောက် ပါသေးလဲ"

"နောက်ထပ် ဆင်ယဉ်တွေ မပါတော့ပါဘူး။ ဒီနှစ်နွေဦးက ဖမ်းထားတဲ့ဆင်ရိုင်းတွေချည်းပါပဲ။ ဒီမိကောက်တေးတို့သားအမိကို ခေါ်လာတာတောင် သားပေါက်ကလေးရှိနေတာရယ်၊ နောက်မှာကျန်နေခဲ့တယ်ဆိုတဲ့ မိတဆိုးဆင်ပေါက်ကလေးကို နို့တိုက်နေတာရယ်ကြောင့် ဒီမှာက မြေပြန့်ထက် အစာပေါလို့ အစာကောင်းစားရပါစေဆိုပြီးသာ ခေါ်လာခဲ့တာပါ"

"ဦးဘကျန်၊ တေက်ကို ရှာလို့မတွေ့ဘူးဗျ"

တေက်ကိုထိန်းနေသော ဆင်ဦးစီးလေးက ရောက်လာပြီး ပြောလိုက်ခြင်းဖြစ်သည်။ တေက်ဟူသည်မှာ သည်နှစ်ဖမ်းရာတွင် မိခင်ဆင်မ ကျုံးဒဏ်နှင့်သေသွား၍ မိကောက်တေးက နို့တိုက်ထားသည်ဟု ဦးဘကျန်ပြောပြသော ဆင်ပေါက်ကလေးပင်ဖြစ်သည်။

"တေက်ကိုရှာလို့မတွေ့ဘူး၊ ဟုတ်လား"

"ဟုတ်ဘယ် ဦးဘကျန်၊ ကျွန်တော့်အထင်တော့ တောထိ (ကျားကိုက်)သွားပြီလို့ပဲထင်တယ်"

တောရိုင်း ရိုးမကြီးများ၌ "ကျားကိုက်တယ်"ဟု တည့်တည့်မပြောရ။ တောစည်းကမ်းကိုပင်မထိန်းဘဲ (သွယ်ဝိုက်မပြောဘဲ) ပြောင်ပြောင်ပြောရကောင်းလားဟု တောစောင့်နတ်များက မနာလိုဖြစ်လျှင် တစ်ယောက်ပြီးတစ်ယောက်၊ တစ်ကောင်ပြီးတစ်ကောင် ဆက်ကိုက်တတ်သည်ဟု တောသူတောင်သားများ အယူရှိကြသည်။ ထို့ကြောင့် သွယ်ဝိုက်သောနည်းနှင့် တောထိသည်ဟု ပြောကြရသည်။

"တောထိသွားပြီလို့ထင်တယ်ဆိုတော့ မင်းတို့က လက်ရာခြေရာ ဘယ်လိုများတွေ့ခဲ့လို့လဲ"

"တောက်ခြေရာဆုံးတဲ့နေရာမှာ လုံးတွေးထားတဲ့အနေအထားမျိုးတွေကို တွေ့ရပါတယ်။ မြေကမ်းပါးတွေလည်း ပွန်းပဲ့နေတယ်။ သစ်ပင်ဝါးပင်တွေတောင် ကျိုးကြေပြိုလဲနေတာတွေကို တွေ့ခဲ့ရလို့ပါ"

ဦးဘကျန် စဉ်းစားနေ၏။ စဉ်းစားစရာလည်းဖြစ်နေသည်။ သစ်ပင် ဝါးပင်များ ကျိုးကြေကျန်ခဲ့သော အနေအထားမျိုးဆိုသဖြင့် လျှော့တွက်၍မရပေ။

"မင်းပြောတာတွေ အမှန်ပဲလား အောင်ကျော်သိန်း"

"အမှန်ပဲ ဦးဘကျန်၊ တောက်ခြေရာအတိုင်းလိုက်သွားလို့ ခြေရာဆုံးတဲ့နေရာမှာပဲ အဲလို ဆိုးဆိုးဝါးဝါးအခြေအနေတွေကို တွေ့ခဲ့ရတယ်"

"မင်းတို့ ရှေ့ဆက်ပြီး လေ့လာကြည့်ခဲ့ကြသေးလား"

"ရှေ့ဆက်ပြီးလေ့လာဖို့တော့လုပ်ကြပါတယ်။ ဒါပေမယ့် ဖြစ်ပျက်ကျန်နေခဲ့တဲ့ လက်ရာခြေရာတွေက အတော်လေး အဆန်းတကြယ်ဖြစ်နေတော့ ကျွန်တော်တို့လည်း အခြေအနေမဟန်တာနဲ့ ပြန်ခဲ့ကြတယ်"

"အေး ကောင်းလိုက်တာ၊ တကယ့်သတ္တိရှိတဲ့လူတွေပဲ။ ကိုယ့်ဆင်အခြေအနေ ဘယ်လိုဖြစ်နေတယ်လို့တောင် တိတိကျကျမသိဘဲ ကြောက်လို့ ပြန်ပြေးလာကြသတဲ့၊ သိပ်ကို အားကိုးရတာပဲ"

ဦးဘကျန်သည် အောင်ကျော်သိန်းအားစိုက်ကြည့်ကာ ပြောလိုက်သည်။ အောင်ကျော်သိန်းက ကြောင်နေ၏။

"ဒါဆို မင်းတို့က တောက်ကို ကျားကိုက်သွားလို့ထင်ပြီး ပြန်လာကြတာပဲလား"

ဦးဘကျန်က စိတ်တိုလွန်း၍ထင်သည်။ တောစည်းကမ်းတွေကို ပင် မစောင့်ဘဲ ပြောချလိုက်သည်။ အောင်ကျော်သိန်းကတော့ မျက်နှာ ကို အောက်နှိမ့်ပြီး "ဟုတ်ကဲ့" ဟုသာပြော၏။

"အေး - ကောင်းတယ်၊ သိပ်ကိုကောင်းတာပဲ၊ ဆင်ဆိုတာ ကြီးကြီးငယ်ငယ်၊ အရိုင်းဖြစ်ဖြစ်၊ အယဉ်ဖြစ်ဖြစ် နိုင်ငံပိုင်ကွ၊ အဲဒါကို မင်းတို့ လျှော့တွက်နေကြသလား။ တစ်စုံတစ်ခု အကြောင်းထူးလို့ ကိုယ်တိုင်မတတ်နိုင်ရင်တောင် ချက်ချင်း သက်ဆိုင်ရာကို အကြောင်း ကြားရတယ်။ အဖြစ်အပျက်ကိုလည်း ကိုယ်တိုင်လိုက်ပြရတယ်။ အခု မင်းတို့ပြောပုံအတိုင်းသာဆိုရင် သက်ဆိုင်ရာကို ဘယ်လိုပြောပြီး အကြောင်းကြားမလဲ"

ဦးဘကျန်က အောင်ကျော်သိန်းကို ဟောက်နေ၏။ တောက် ပျောက်သွားသည်၊ ကျားကိုက်သည်ဟုသာထင်ပြီး ရှေ့ဆက်မလေ့လာခဲ့ သဖြင့် အတော်လေး ဒေါသထွက်နေလေသည်။ အောင်ကျော်သိန်းလည်း ဘာမျှပြန်မပြောဝံ့တော့ဘဲ မျက်နှာအောက်နှိမ့်၍သာနေ၏။

ထို့နောက် ဦးဘကျန်သည် မောင်အေးချမ်းဘက်သို့လှည့်ကြည့် ပြီး "မောင်အေးချမ်း ငါလိုက်သွားကြည့်လိုက်ဦးမယ်ကွာ" ဟုဆိုကာ အောင်ကျော်သိန်းအပါအဝင် ဆင်သမားအစုထဲက လူသုံးလေးယောက် ကိုခေါ်ပြီး ဆင်းစီးစားမြှောင်ကြီးတွေကိုယ်စီကိုင်၍ ချက်ချင်းလိုက်သွား ကြလေသည်။

* * *

မောင်အေးချမ်းတို့အဖွဲ့ မနက်စာစား၍အပြီးတွင် ဝန်ထောက်ကြီးဆီက အလုပ်သတ်မှတ်ပေးမည့် နေ့ရက်စောင့်ဆိုင်းရင်းနှင့် ရေမြောင်းဖော်ရန် စီစဉ်ကြ၏။ ရေမြောင်းဟူသည်မှာလည်း မိုးမကျမီ ပြီးစီးအောင် မဖြစ်မနေလုပ်ရမည့် လုပ်ငန်းပင်ဖြစ်သည်။

ထို့ကြောင့် ဝန်ထောက်ကြီးဆီက အလုပ်သီးသန့်ချမပေးသေးသောရက်များအတွင်း အားအားနေမည့်အစား ရေမြောင်းတွေကိုပင် လိုက်ဖော်ရန် ဆုံးဖြတ်ချက်ချလိုက်ကြသည်။ ရေမြောင်းဖော်မည့် ပေါက်တူးနှင့်ဂေါ်ပြားတွေက အပြည့်အစုံမရှိ၍ ဆင်ခုံတိုင်စခန်းရှိ လမ်းမိုလ်ကြီးဆီသို့သွားထုတ်ရန် မောင်အေးချမ်းက စာရေးပေးပြီး အလုပ်သမားတစ်ယောက်အား လွှတ်လိုက်သည်။

စခန်းနောက်ဘက်က လူသံတွေကိုကြား၍ မောင်အေးချမ်း ကြည့်လိုက်ရာ ဦးဘကျန်တို့လူစု ပြန်လာနေကြသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် မောင်အေးချမ်းလည်း သူတို့မှာ ပျောက်သွားသည်ဆိုသော ဆင်ကလေးအကြောင်းကို မေးမြန်းကြည့်ရန် အဆောင်မှထွက်၍ သူတို့ဆင်အဖွဲ့ စုပေါင်းနေထိုင်ကြသည့် အဆောင်သို့ လျှောက်လာခဲ့သည်။

"မောင်အေးချမ်း လာကွ၊ ထိုင်၊ ငါတော်တော်မိုက်ဆာလာလို့ ထမင်းစားလိုက်ဦးမယ်။ ထမင်းစားသောက်ပြီးမှ မင်းဆီလာမလို့ပဲ"

"ဟုတ်ကဲ့၊ ဒီတော့ ဆင်ကလေးတစ်ကောင်ပျောက်သွားတယ်ဆိုတာ ဘယ်လိုအခြေအနေရှိပါသလဲ ဦးဘကျန်"

"အေး ပျောက်သွားတာကတော့ အမှန်ပဲကွ။ တို့ လိုက်သွားပြီး ကြည့်ကြတော့လည်း ဘာမှတော့ အကြောင်းမထူးပါဘူး၊ အောင်ကျော်

သိန်းပြောပြတဲ့အတိုင်းပါပဲ။ တောက်ခြေရာဆုံးတဲ့နေရာမှာ လုံးထွေးထားတဲ့အနေအထားနဲ့ မြေကမ်းပါးတွေ ပွန်းပဲ့နေတာတို့၊ သစ်ပင်၊ ဝါးပင်တွေ ကျိုးကြေနေတာတို့ကိုလည်း တွေ့ရတယ်။ ဒီထက်တော့ ဘာမှမတွေ့ဘူး"

"ဒီတော့ ဦးဘကျန်တို့က ဘာဖြစ်သွားတယ်လို့များ ထင်ကြသလဲ"

"တို့လည်း မြင်ခဲ့ရတဲ့ လက်ရာခြေရာတွေကလွဲပြီး ဘာမှ မထင်တတ်ကြဘူး။ တောရဲတစ်ကောင်ကောင်က ကိုက်သွားတယ်လို့ပဲ ပြောနိုင်တယ်။ ဘယ်လိုတောရဲ ကိုက်သွားတယ်ဆိုတာတောင် မပြောနိုင်ကြဘူး"

"တောရဲတစ်ကောင်ကောင်က ကိုက်သွားတယ်လို့ဆိုတော့ တောထိ(ကျားကိုက်)တာတို့ဘာတို့ကော မဖြစ်နိုင်ဘူးလား ဦးဘကျန်"

"မဖြစ်နိုင်ဘူးကွ။ တောထိတယ်လို့ဆိုတဲ့ ကျားဆွဲခံရတာမျိုးသာဆိုရင် ဒီလောက်အထိ မြေကမ်းပါး၊ ကျောက်ကမ်းပါးတွေပြို၊ သစ်ပင်တွေကျိုးကြေလောက်အောင်အထိ မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျားဆိုတာ ဉာဏ်ရှင်ပဲ။ ဘယ်လိုသားကောင်မျိုးကိုမဆို အသေအချာချောင်းပြီး ပိုင်ပြီဆိုမှ လည်ကုပ်ကို အမိအရကိုက်တာကိုး။ ပြီးတော့ ဆင်ကိုကိုက်နိုင်တဲ့ကျားဆိုရင်လည်း **နီလာစင်း**လို့ခေါ်တဲ့ ရောမရိုးမကျားကြီးမျိုးပဲဖြစ်မယ်။ နီလာစင်းကျားမျိုးကလည်း တို့ - ဆင်ကလေးလို နုနယ်တဲ့အကောင်မျိုးကို ဒီလောက်အထိ လုံးထွေးနေစရာ မလိုပါဘူး။ ဇွေ့ကနဲတောင်ပါသွားနိုင်တယ်။ အခုတော့ အဲလိုမဟုတ်ဘဲ

လုံး ထွေးထားကြတဲ့နေရာတွေကို အတော်များများ တွေ့ခဲ့ရတယ်"

စကားဆက်ပြတ်သွားကြ၏။ ဦးဘကျန် ထမင်းစားနေသည်ကို အားနာ၍ မောင်အေးချမ်းက သူ့အမေးကို ရပ်ထားလိုက်ခြင်းဖြစ်သည်။ သို့သော် အကြောင်းအရာက စိတ်ဝင်စားစရာ ကောင်းလွန်းနေ၍ မောင်အေးချမ်းက ဆက်မေးလိုက်ပြန်သည်။

"ဒီတော့ ဦးဘကျန်တို့က တစ်သက်လုံး တောထဲမှာဆင်ဖမ်း ရင်းနဲ့ တောရဲ့သားကောင် မြောက်များစွာတို့အကြောင်းတွေကို သိလာကြပါလျက် အခုကိစ္စကျတော့မှ နားမလည်နိုင်ဘူးလား"

"နားမလည်နိုင်ဘူးကွ။ တကယ့်ကို အထူးအဆန်းဖြစ်နေတယ်။ ဒါကြောင့် ဆင်ကလေးကို ဘယ်လိုသားရဲမျိုးက ကိုက်ချီသွားတယ် ဆိုတာ လုံးဝစဉ်းစားလို့မရနိုင်ကြဘူး"

"စဉ်းစားလို့မရရင်ကော ဦးဘကျန်တို့က ဘယ်လိုဆက်လုပ် မယ်လို့ စိတ်ကူးထားပါသလဲ"

ဦးဘကျန်သည် ထမင်းဝသွား၍ ပန်းကန်ပြားဆေးကာ ရေကို အဝသောက်လိုက်၏။ ထို့နောက် လက်တွေကို ပုဆိုးစွန်းနှင့်သုတ်ရင်း "အဲဒီအဖြစ်အပျက်ကို အကောင်အထည်မဖော်လို့ကလည်းမဖြစ်တော့ ရှေ့ကိုဆက်လုပ်ရဖို့ပဲ ရှိတော့တာပေါ့။ ဒါကြောင့် ဒီနေ့ပဲ တို့ဆင်အဖွဲ့က သက်ဆိုင်ရာသစ်တောဌာနကို တိုင်ကြားရတော့မှာပေါ့။ ကျန်တဲ့လူတွေ ကတော့ အဲဒီအဖြစ်အပျက်နဲ့ အနီးပတ်ဝန်းကျင်တွေကိုလိုက်ပြီး လေ့လာ ရဦးမယ်"

ဦးဘကျန်သည် ဆေးလိပ်ဖွာရင်း ပုဆိုးအင်္ကျီလဲ၏။ လွယ်အိတ် ကလေးထဲသို့ အဝတ်တစ်စုံအပိုကို ထည့်သည်။

"ဦးဘကျန်ကိုယ်တိုင် သွားတိုင်မှာလား"

"ငါကိုယ်တိုင်သွားရမှာပေါ့။ ဒီဆင်အဖွဲ့ကို ငါက ဦးဆောင်လာခဲ့တာပဲ။ ပြီးတော့ အခုကိစ္စက ဆင်ကလေးတစ်ကောင်လုံး ပျောက်ခြင်းမလှ ပျောက်ဆုံးသွားတဲ့ကိစ္စကြောင့် ပေါ့ပေါ့တန်တန်နေလို့မဖြစ်ဘူး၊ ချက်ချင်းသွားတိုင်မှဖြစ်မယ်"

"ဒီလိုဆိုရင် ကားကြုံလည်းမရှိ ခြေကျင်သွားရမှာပါလား"

"သွားရမှာပေါ့ကွာ။ အရေးအကြောင်းက ရှိလာနေပြီပဲ။ ဒီတော့ ငါ သစ်တောဌာနသို့သွားရင် သစ်တောမန်နေဂျာနဲ့ မတွေ့ရမချင်း စောင့်သင့်စောင့်နေရတတ်တာကြောင့် ဒီကြားထဲ ငါ့ဆင်သမားတွေ စားရေးသောက်ရေးအဆင်မပြေလို့ လိုအပ်တာများရှိခဲ့ရင် မင်းပဲကြည့်ပြီး လုပ်ကိုင်ပေးလိုက်ပါကွာ"

ထို့နောက် ဦးဘကျန်သည် ဆင်သမားတွေဘက်သို့လှည့်လိုက်ပြီး "တို့လူစုတွေကလည်း ပေါ့ပေါ့မနေကြနဲ့၊ ငါ မနက်ဖြန် ပြန်ရောက်ချင်လည်း ရောက်လာမယ်။ နှစ်ရက်သုံးရက်ကြာချင်လည်းကြာမယ်။ ဘာပဲဖြစ်ဖြစ် ဆင်ကလေးကိစ္စကို တစ်ရက်မကျန်သာ လိုက်ရှာနေကြ။ ငါ သစ်တောအရာရှိတွေနဲ့အတူ ရောက်လာကြတဲ့အခါ မင်းတို့လိုက်ရှာကြလို့ ဆင်ကလေးကို အရှင်ဖြစ်စေ၊ အသေဖြစ်စေ တွေ့ပြီးသားဖြစ်နေရင် ပိုကောင်းတယ်။ မတွေ့ဘူးဆိုရင်လည်း ဆင်သမားတွေအားလုံး တောထဲမှာလိုက်ရှာနေကြတာကိုပဲ ငါတွေ့ချင်တယ်" ဟုပြောထားခဲ့ပြီး ဦးဘကျန် စခန်းမှ ထွက်သွားလေသည်။

ဆင်သမားတွေမှာလည်း နေ့လည်စာစားသောက်ပြီးကြသည်နှင့် ဆင်ကလေးကို ထပ်ရှာရန် ဆက်ထွက်သွားကြလေသည်။

မောင်အေးချမ်း ဉာဏ်မီသမျှစဉ်းစားကြည့်သည်။ ဆင်ကလေးကို ကိုက်ခဲလုံးထွေးထားသည့်နေရာတွေ တွေ့ပါလျက် ဘာကောင်ကိုက်သည်ဟုလည်း မပြောနိုင်။ ဆင်ကလေးကိုလည်း အစအနမျှ ရှာ၍မရဆိုသဖြင့် အကြောင်းအရာက ထူးဆန်းနေသလို ကြောက်ရ၊ လန့်ရမလိုလည်း ဖြစ်နေလေသည်။

တောကျွမ်းသော ဦးဘကျန်တို့ ဆင်သမားများသည်ပင် အဖြစ်အပျက်နှင့် လက်ရာခြေရာတွေကိုတွေ့ရပါလျက် မည်သို့ဖြစ်သည်ဟု တိကျသောအဖြေကို မဆိုနိုင်ကြဘဲ ပဟေဠိဆန်နေလေသည်။ ဆင်ကလေးတစ်ကောင်လုံးကို ကိုက်ဖမ်းသွားသည့်တိုင်အောင် အစအနမျှ ရှာမရ၊ ကောက်ချက်လည်းမချနိုင်ကြသဖြင့် အတော့်ကို စဉ်းစားရမည့် အဖြစ်သို့ ရောက်နေလေသည်။

မိုးချုပ်စအချိန်မှာပင် ဦးဘကျန်နှင့် သစ်တောဘက်ဆိုင်ရာ လူကြီးများ ရောက်လာကြသည်။ ဦးဘကျန် စခန်းမှထွက်၍ ခြေလျင်လျှောက်သွားရင်းက လမ်းမှာပင် ကားကြုံ၍ မြို့သို့ ဒါရိုက်ရောက်သွားသည်ဟုဆိုသည်။ သစ်တောမန်နေဂျာနှင့်လည်း အဆင်သင့်ပင်တွေ့ရ၍ အကြောင်းအကျိုးတွေကိုပြောပြကာ သစ်တောမန်နေဂျာကြီး၏ကားနှင့်ပင် ပြန်ရောက်လာကြခြင်းဖြစ်သည်။

မန်နေဂျာကြီးနှင့်အတူ သစ်တောအုပ်တစ်ယောက်၊ သစ်တောကြပ်တစ်ယောက်နှင့် လုံခြုံရေး လက်နက်ကိုင်တပ်သားများလည်း ငါးယောက် ပါလာသေးသည်။

မန်နေဂျာကြီးလည်း ရောက်ရောက်ချင်းပင် နေ့ခင်းက သွားရှာကြသော ဆင်သမားတွေကို မေးမြန်းသည်။ ဖြစ်ပျက်ပုံ၏အစအဆုံးကို

တော့ ဦးဘကျန်ပြောပြထား၍ သိပြီးသားဖြစ်မည်ထင်သည်။ ထို့ကြောင့် ဖြစ်စဉ်၏အစကိုတော့ မမေးမြန်းပေ။ နေ့ခင်းကသွားကြည့်ကြသည့်လူများ ယခင်ဖြစ်ပျက်သည်ထက်ပို၍ ဘာများထူးသလဲဟုသာ မေးသည်။ သို့သော် ဘာမျှတော့ ပိုမသိရ။ ဆင်ကလေးကို ရှာမတွေ့ခဲ့ကြဟုသာ ပြောပြကြသည်။

သည်လိုနှင့် မိုးချုပ်သွားလေသည်။

နောက်နေ့ မိုးလင်းသည့်နှင့် မန်နေဂျာကြီးဦးဆောင်သော သစ်တောအရာရှိများ၊ ဆင်သမားများ ထိုအခင်းဖြစ်ပွားသောနေရာကို သွားကြည့်ကြပြန်သည်။ ထမင်းထုပ်ယူသွားကြသဖြင့် နေ့လည်စာကို တောထဲမှာစားပြီး တစ်နေ့ခင်းလုံး တောတွေကိုထိုးဖောက်၍ ရှာဖွေခဲ့ကြသည်ဟုဆိုသည်။ သို့သော်လည်း ဆင်ကလေးကိုရှာ၍မတွေ့သလို ဆင်ကလေးအား မည်သည့်သားရဲကိုက်ချီသွားသည်ဟုပင် ကောက်ချက်မချနိုင်ကြ။

မန်နေဂျာကြီးကတော့ အခြေအနေကို သုံးရက်မျှစောင့်ကြည့်ပြီးနောက် ဘာမျှထူးခြား၍မလာသောအခါ သူသိရသမျှအကြောင်းတွေကို ရေးသား မှတ်ယူပြီး သူ့လူများနှင့်အတူ ပြန်သွားကြလေသည်။ ဦးဘကျန်တို့လူစုကိုလည်း သည်ကိစ္စနှင့်ပတ်သက်၍ ဆက်လက် လိုက်ရှာ စုံစမ်းကြပါ။ အကြောင်းထူးလျှင် ချက်ချင်းလာပြောပါဟုလည်း မှာကြားထားခဲ့သည်။

ဦးဘကျန်တို့အဖွဲ့မှာလည်း ထိုင်နေရင်း ဖျာစုတ်ရသည်ဆိုသကဲ့သို့ ဖြစ်ကြရ၏။ အအေးဓာတ်ရှိသော ရိုးမသို့တက်၍ ဆင်တွေကို အစာ

ကောင်းကျေးရင်း ဆင်တို့၏အတတ်ပညာတွေကို စိတ်ရှည်လက်ရှည် သင်ကြားကြမည်ဟု လာခဲ့ကြတော့မှ ဆင်ကလေးတစ်ကောင် ပျောက် ခြင်းမလှ ပျောက်ဆုံးသွားရ၍ နားရက်မရှိအောင်ပင် လိုက်ရှာ၊ စုံစမ်း နေကြရလေသည်။

* * *

ဆင်ကလေး ပျောက်ဆုံးသွားပြီးနောက် ဆယ်ရက်ကျော်ခန့် တစ်ခုသော ညတွင်ဖြစ်သည်။ ညသန်းခေါင်ကျော်ကပင် ပြေယ်ချောင်း ဘက်ဆီက စူးဝါးဆူညံသံကြီးများကို ကြားကြရသည်။ မောင်အေးချမ်း တို့ စခန်းအတွင်းရှိ လူများအားလုံးပင် မအိပ်ရဲသည့်အထိ တုန်လှုပ် ချောက်ချားနေကြသည်။ ဘာသံတွေမှန်းကိုလည်း ကောင်းစွာ နား မလည်ကြ။

ဆင်အုပ်ကို ပြေယ်ချောင်းဘက်လွှတ်ထားသဖြင့် ဆင်များ တစ်စုံတစ်ခုဖြစ်နေကြပြီလားဟု ဆင်သမားများ စိတ်မချဖြစ်နေကြ သည်။ ယခင်နေ့ကလည်း ဆင်ပေါက်ကလေးတစ်ကောင် ပျောက်ခြင်း မလှ ပျောက်သွားခဲ့ပြီ။ ထို့ကြောင့် ယခုလည်း ဆင်တွေ တစ်စုံတစ်ခု ဖြစ်ပြန်ပြီလားဟု စိတ်ပူစွာ တွေးနေကြသည်။

သို့ဖြစ်၍ ဝေလီဝေလင်းရောက်သည်နှင့် ဆင်သမားတွေအားလုံး စုပေါင်းပြီး မောင်အေးချမ်းတို့စခန်းက သေနတ်သုံးလက်ကိုယူကာ မောင်အေးချမ်း၊ ဦးယာဘို၊ ကိုမောင်ခန့်တို့ကိုပါ အကူခေါ်၍ ယခု ထွက်လာကြခြင်းဖြစ်သည်။

စခန်းနားပတ်ဝန်းကျင်တွင် ဝေလီဝေလင်းရှိနေပြီဖြစ်သော်လည်း တောထဲသို့ဝင်လိုက်သည့်အခါတွင် အတော်လေးပင် မှောင်မိုက်နေသည်ကို တွေ့ရသည်။

"ဦးဘကျန် သတိထားပြီးသွားနော်။ ချော်လဲလို့ ငုတ်ထိုးနေပါ့မယ်"

"ရပါတယ်ကွာ၊ သတိလည်းထားပါတယ်။ စခန်းမှာတုန်းက ရောင်နီလာနေတာကိုမြင်ခဲ့တာတောင် တောထဲမှာ အမှောင်ကျတုန်းပဲ"

"ဂူး ···· "

"ဝေါ ···· ဂူး ····"

"ရှီး ···· ဘောင်း ···· ဒိုင်း ····· ဝွန်း ····"

ဆူညံသံကြီးက ပေါ်ထွက်လာပြန်သည်။ မောင်အေးချမ်းတို့လူစု လန့်ဖျတ်ပြီး တန့်ခနဲရပ်သွားကြ၏။ သေနတ်တွေကိုလည်း မောင်းထိုးပြီး အသင့်အနေအထားမျိုး ဖြစ်သွားကြသည်။ အသံကြားရာဘက်သို့ နားစိုက်ထောင်ကြသည်။ သိပ်ပြီးအဝေးကတော့မဟုတ်။ တစ်ကုန်းကျော်ခန့်ကဖြစ်သည်။

"ဦးဘကျန်၊ ဘာသံကြီးလဲဗျ" ဟု မောင်အေးချမ်းက မေးလိုက်သည်။

"ဂူး ···ဆိုတာကတော့ ဆင်ကလေးအူသံပဲပေါ့။ ဝေါ - ဂူး ··· လို့အော်သံက ဆင်ကြီးအော်သံ၊ ရှီ ··· ဆိုတဲ့အသံကိုတော့ ဘာကောင်အော်သံမှန်း နားမလည်ဘူး"

"အူသံ" ဟူသည်မှာ သေလုမျောပါး။ သို့တည်းမဟုတ်၊ အသက်အန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့ရသောအခါ အထိမ်းမဲ့ဖြစ်ပေါ်

တတ်သော အသံမျိုးဖြစ်သည်။ "အော်သံ"ဟူသည်က အခါမလင့်၊ အသီပေး၊ ဟိန်းဟောက်၊ ဘာသာနှောသောအခါများမှာ သတ္တဝါတို့ အော်တတ်ခြင်းဖြစ်သည်။

အူသံကိုကား မည်သည့်အသက်အန္တရာယ်၊ သေလောက်သော အဖြစ်မျိုးနှင့် ကြုံရသည်ဖြစ်စေ၊ ဆင်နှင့်ကျွဲမှတစ်ပါး အခြားသော တိရစ္ဆာန်၊ သတ္တဝါများ အူသံကို မပြုတတ်ကြဟု အတွေ့အကြုံများ သော မုဆိုးကြီးတို့ အဆိုရှိသည်။

"အဲဒီ ရှိ-ဆိုတဲ့အသံကြီးကို ကျွန်တော်လည်း မခန့်မှန်းတတ် ဖြစ်နေတယ်"

"ငါ့ဆင်တွေ အသက်အန္တရာယ်တစ်ခုခုနဲ့ တွေ့နေကြပြီထင် တယ်ကွာ"

ဦးဘကျန်က စိတ်မကောင်းသံနှင့်ပြောသည်။ တစ်ခြားလူတွေ မှာလည်း စိတ်တွေချောက်ချားပြီး ဦးဘကျန်ကိုကြည့်လိုက်။ မောင်အေး ချမ်းကိုကြည့်လိုက်။ အသံကြားရာသို့ကြည့်လိုက်နှင့်။

"ဝူး ...."

"ဝေါ ..... ဝူး ...."

"ရှူး ...."

အသံတွေကို ပိုမိုကြားလာရ၏။ တောလုံး ဆူညံသွားသည်။ မောင်အေးချမ်းတို့လူစုလည်း အကုန်သူ အထိတ်တလန့်ဖြစ်နေကြသည်။

"ဟုတ်နေပြီကွာ။ ငါ့ဆင်တွေကို သားရဲတစ်ကောင်ကောင်က ကိုက်သတ်နေပြီဆိုတာ ယုံမှားသံသယဖြစ်စရာ မလိုတော့ဘူး"

"အေးဗျာ၊ ဆင်တွေ အသက်အန္တရာယ်တစ်ခုခုနဲ့ တွေ့လို့ အော်ကြတယ်ဆိုတာကိုတော့ ကျွန်တော်လည်း နားလည်ပါတယ်။ ဆင်တွေကိုတောင်မှကိုက်နိုင်တဲ့ သားရဲကိုတော့ လျှော့တွက်လို့မရဘူးဗျ။ မိုးလည်းလင်းပြီပဲ။ ဘာ့ကြောင့်ဆိုတာသိရအောင်၊ ခြေဖော့ဖော့နင်းပြီး သွားကြည့်ကြရအောင်။ လူကိုအန္တရာယ်ပြုရင် [illegible]တ်ဖို့သေနတ်ကိုတော့ အသင့်ပြင်ထားကြ" ဟု အဖွဲ့သားများကိုပြောပြီး မောင်အေးချမ်း ရှေ့ကသွားသည်။

နားနှင့်မျက်စိကို ရှေ့နောက်ဘယ်ညာ ပို့ထားကြသည်။ သေနတ်တွေကိုမောင်းထိုးပြီး ရှေ့တည့်တည့်သို့ ထိုးချိန်ထားကြသည်။ တစ်ကုန်းကျော်လိုက်သည်နှင့် အဖြစ်အပျက်၏တစ်စွန်းတစ်ကို စ၍မြင်ကြရသည်။ ဝါးပင်များ ကျိုးကြေပြိုလဲနေသည်ကို ရုတ်တွေ့လိုက်ရသဖြင့် ပိုပြီး တုန်လှုပ်ချောက်ချားသွားကြသည်။

မောင်အေးချမ်း မတ်တပ်ရပ်ပြီး စဉ်းစားသည်။ အန္တရာယ်ကို မျက်ဝါးထင်ထင် မမြင်ရသေးသော်လည်း ရှေ့တိုးသွားကြရာတွင် အဖွဲ့သားအားလုံးကို အထူးသတိရှိကြစေရန် မောင်အေးချမ်းက ထပ်ဆင့်သတိပေးသည်။ အသက်အန္တရာယ်နှင့်ရင်ဆိုင်ရလျှင် အကြောက်လွန်ပြီး အရမ်းကာရော မဖြစ်ကြဖို့၊ ဝရုန်းသုန်းကားမပြေးကြဖို့ သတိထားပြီး ပြန်လည်ခုခံတိုက်ခိုက်ကြဖို့ -

"ဟွတ်"

"ဝေါ ···· ဂူး ···· ရွှီ ····"

"ရှူး ····"

## အားမသန်၍ မာန်လျှော့လိုက်ရသောမိခင်

ဝါးပင်များ ပြိုလဲကျိုးကြေနေသည့်ချိုင့်ထဲက စူးရှကျယ်လောင်သောအသံကြီးများကို ကြားလိုက်ရ၍ မောင်အေးချမ်းတို့အဖွဲ့ တောင်ထိပ်က ခြေဖျားထောက်ပြီး ကြည့်လိုက်ကြသည်။

"ဟာ - ဟိုမှာ - ဟိုမှာ - ရောမမြွေကြီးပါလား ဦးဘကျန်" ဟု မောင်အေးချမ်းက တိုးတိုးပြောလိုက်သည်။ အခြားလူတွေလည်း မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်ကုန်ကြသည်။ အံ့သြခြင်း၊ ထိတ်လန့်ခြင်းနှင့်အတူ ကြောက်သွေးများလည်း ဆူဝေသွားကြသည်။

အဝါရောင်မြွေကြီးတစ်ကောင်သည် ဆင်ပေါက်ကလေးအား လိုက်ပြီး သူ့အခွေကြီးနှင့်ဖိထားသည်။ သားကိုပြန်ရရန်အတွက် အတင်းဝင်လုနေသော ဆင်မအား လိုက်၍ကိုက်သည်။ ဆင်မက နောက်ဆုတ်ပြေးသည်။

မြွေကြီးငြိမ်သွားလျှင် ဆင်မက အပြေးအောင်းသည်။ အစွယ်တိုလေးနှင့် မြွေကြီးအားထိုးသည်။ မြွေကြီး ခေါင်းထောင်လာလျှင် ဆင်မနောက်ဆုတ်ပြေးသည်။ ထို့နောက် ပြေးလိုက်သွားပြီး အောင်းသည်။ အစွယ်တိုလေးနှင့်ထိုးသည်။ တကယ့်အသက်အန္တရာယ်နှင့်အနီးဆုံးသောတိုက်ပွဲဖြစ်နေလေသည်။

တစ်ခြားဆင်တွေကိုတော့ သည်နေရာ၌ တစ်ကောင်မျှမတွေ့ရပေ။ မြွေကြီးက ဆင်မတို့သားအမိ တစ်ခြားဆင်များနှင့် တကွဲစီဖြစ်နေ၍ပင် ဆင်ပေါက်ကလေးအား ဝင်ကိုက်ရဲလေသလား၊ ဆင်မက သားယယ်အားညှာပြီး ဖြည်းဖြည်းသွားနေ၍ အခြားဆင်တွေနှင့် ဝေးကျန်ခဲ့သဖြင့်ပင် မြွေကြီးကိုက်ခွင့်ရသွားလေသလား။

သို့တည်းမဟုတ်၊ မြွေကြီးကပင် ဆင်ပေါက်ကလေးကို အတင်း ဝင်လိုက်၍ တစ်ခြားဆင်တွေ လန့်ဖျန့်ပြီး ပြိုပြေးသွားကြလေသလား ဟု ဝါးဖုတ်အကွယ်ကရပ်ပြီး လားပေါင်းများစွာ ဖြစ်နေကြသည်။ ဆင်တို့၏သဘောမှာလည်း လန့်ဖျန့် လျှင် ဆောက်တည်ရာမပြေးတတ် သောသဘောရှိသည်။

"ငါ့ဆင်ပေါက်ကလေးတော့ သွားပါပြီ။ တောက် .... ဒီမြွေ ကြီးကို ငါလိုက်သတ်မယ်ကွာ"

ဦးဘကျန် ဒေါသသံကြီးနှင့်ပြောပြီး တက်ခေါက်ကြုံးဝါးသည်။ မောင်အေးချမ်းဆီက သေနတ်ကိုလည်းတောင်းသည်။ မောင်အေးချမ်း က မပေး။

"ဦးဘကျန် အဲလိုစိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ဗျ။ တိုးတိုးလည်း ပြောစမ်းပါ။ တော်ကြာ ခင်ဗျားအသံကို မြွေကြီးကြားသွားလို့ ခက် တော့မှာပဲ။ ကျွန်တော် စဉ်းစားပါရစေဦး"

"စိတ်လိုက်မာန်ပါလုပ်ရပြီလားကွာ။ ဆင်ဓာစ်ကောင်လုံးကို လိုက်သတ်ထားတဲ့ဥစ္စာ"

ဦးဘကျန်သည် ဝိုသံပါကြီးနှင့်ပြောပြီး မောင်အေးချမ်းဆီက သေနတ်ကို အတင်းတောင်းသည်။

"ဦးဘကျန် အဲလိုမလုပ်ရဘူးဗျ။ မြွေက အကောင်ကြီး။ နှစ်လုံး ပြူးသေနတ်လောက်နဲ့ပစ်လို့ သေမှာလည်းမဟုတ်ဘူး။ အနှာရမှ ပိုဆိုး မှာ။ သားရဲဆိုတာက အနှာရရင် ထိန်းမနိုင်သိမ်းမနိုင်၊ အတော့်ကိုဆိုး တတ်တယ်။ အဲဒါကိုလည်း ထည့်စဉ်းစားဦး"

"ဒါဆိုရင် မင်းက ဘယ်လိုလုပ်မှာလဲ"

"ပစ်တော့ ပစ်မှာပေါ့။ ဒါပေမယ့် သတိထားပြီးပစ်ရမှာ။ မသေရင် လူဆီကိုလိုက်မှလာဘူးလို့ မပြောနိုင်ဘူး"

မောင်အေးချမ်းက သူ့လူများကို မြွေကြီးအား သေနတ်နှင့်ပစ်ရန် စီမံလိုက်ရ၏။ သည်မျှအထိ အဖြစ်ဆိုးနှင့်ကြုံလာရသောအခါ သူ့အသက်ကိုမသတ်ပဲ အနေကံသီလပျက်မည်ကိုကြောက်ပြီး မစီမံ၍လည်းမဖြစ်တော့။ ထို့ကြောင့် မောင်အေးချမ်းသည် သူ့ဆီကသေနတ်ကို မောင်လုံးအားပေးလိုက်ပြီး ဦးယာဘို၊ ကိုမောင်ခန့်နှင့် မောင်လုံးတို့ကို မြွေကြီးအား ပစ်သတ်ခွင့်ပြုလိုက်ရလေသည်။

သူတို့သုံးယောက် သေနတ်ကို မြွေကြီးဆီသို့ထိုးချိန်လိုက်ပြီးနောက် တစ်ယောက်နှင့်တစ်ယောက် အချက်ပေးလိုက်ကြပြီး အစဉ်အတိုင်း ပစ်လိုက်ကြလေသည်။

"ဒိုင်း ...."

"ဒိုင်း ...."

"ဒိုင်း ...."

အဝါရောင်မြွေကြီးသည် ကျည်သုံးချက်ထိသည်နှင့် တွန့်လူးပြီးလိမ့်သွားသည်။ ပြီးမှ ဆတ်ခနဲခေါင်းထောင်လာသည်။ ရူးရှသောမျက်လုံးကြီးများနှင့် သေနတ်သံကြားသည့် မောင်အေးချမ်းတို့လူစုကွယ်နေကြသော ဝါးဖုတ်ကြီးကိုကြည့်သည်။ သေနတ်သမားတွေကနောက်ထပ်ပစ်ရန် ကျည်ထည့်ကြသည်။ ကြောက်စိတ်လွှမ်းသဖြင့်သူတို့၏လက်တွေ တုန်နေကြသည်။ မြွေကြီးလိုက်လာမည်စိုး၍ သတိထားကြည့်ရင်းက တုန်တုန်ယင်ယင်နှင့်လုပ်နေ၍ ပိုကြာသည်။

သေနတ်ကိုကျည်ထည့်၊ မောင်းထိုးလုပ်နေကြတုန်းမှာပင် မြွေကြီး ခေါင်းထောင်လာပြီး ဟိုဟိုသည်သည်ကြည့်ရင်းက ဆင်မကို "ရှူး...."ခနဲ မာန်ထားခဲ့ပြီး ချောက်ထဲသို့ ချောဆင်းသွားလေသည်။ မြွေကြီးသည် ကျည်သုံးချက်ထိမှန်သည့်တိုင်အောင် တောင်ပေါ်တောင်အောက် အတော်လေးလှမ်းနေ၍ သေလောက်သောဒဏ်ရာ ရလိမ့်အုံ့မထင်။

ဆင်မသည် မြွေကြီးအန္တရာယ်က လွတ်သည်နှင့် သူ့သား ဆင်ပေါက်ကလေးအား အပြေးဖက်သည်။ နှာမောင်းနှင့်ပွတ်သည်။

မောင်အေးချမ်းတို့လည်း ဝါးရုံများကိုထိုးဖောက်ပြီး ဆင်းလိုက်ကြသည်။ ဆင်မအနားသို့အရောက်တွင် မတ်တပ်ရပ်လိုက်ကြသည်။

ဆင်မသည် သခင်များကိုမြင်သောအခါတွင် ဆောက်တည်ရာမရဖြစ်နေလေသည်။ သားကိုပွေ့ဖက်လိုက်၊ သခင်များဆီပြေးလာလိုက်နှင့် ရူးသကဲ့သို့ဖြစ်နေလေသည်။ သားကိုကောက်၍မ,သည်။ သူ၏နှာမောင်းနှင့်ပွတ်သည်။ နှာမောင်းကိုခေါင်းပေါ်တင်ပြီး ကျယ်လောင်စွာအော်သည်။ တိရစ္ဆာန်ဖြစ်သော်လည်း သားဓာကြောင့် အပူမီးတောက်နေသော ဆင်မပါပေ။

သူ့၌ ဤကဲ့သို့ဖြစ်ရပြီဟု ဝမ်းနည်းကြေကွဲစွာနှင့် သခင်များအား ပြောပြတိုင်ကြားနေခြင်းဖြစ်မည်ထင်သည်။ ဆင်မ၏အဖြစ်ကိုကြည့်ပြီး အကုန်သူပင် စိတ်မကောင်းဖြစ်ကြရသည်။

ဆင်ကလေးမှာကား ဟင်းရွက်ပြုတ်ကဲ့သို့ နွမ်းဖတ်လျက်အသက်မရှိတော့။ ဆင်မသည် အသက်ကင်းနေသောသားကို ကောက်

မလိုက်၊ ချထားလိုက်၊ ချီတုံချတုံလုပ်နေရင်းက သားသေကို လူအုပ်ထဲသို့ လာချထားခဲ့ပြီး ကျယ်လောင်စွာအော်လိုက်သည်။

ချစ်လှစွာသောသားလေးကို စွန့်လွှတ်လိုက်ရသဖြင့် သေမထူးရှင်မထူးသောဘဝမှာ မြွေကြီးကို ကလဲ့စားချေတော့မည်ဟု သခင်များသိအောင် ပြောခဲ့ခြင်းဖြစ်မည်ထင်သည်။ ထို့နောက် ဆင်မသည် မြွေကြီးချောဆင်းသွားသော ချောက်အတိုင်း အပြေးလိုက်လေသည်။

"ဟဲ့ – မိကောက်တေး၊ အဲလိုမလုပ်ရဘူး။ မိကောက်တေး ပြန်လာခဲ့။ အားမသန် မာန်လျှော့ရတယ်သမီးရဲ့။ အဲဒီမြွေကြီးကို အဖေ ကလဲ့စားချေပေးမယ်။ အဖေကိုယ်တိုင် ပစ်သတ်မယ်။ မိကောက်တေး အဖေ့ဆီကိုပြန်လာခဲ့"

ဦးဘကျန်အော်ပြောလိုက်၍ ပြေးသွားနေသော မိကောက်တေး၏ခြေလှမ်းများ တန့်ရပ်သွားသည်။ နားနှစ်ဘက်ကိုကားပြီး ငြိမ်နေသည်။

"သမီး အဲလိုမလုပ်ရဘူးနော်၊ အဖေ့ဆီပြန်လာခဲ့။ သမီးရဲ့ သားလေးကိုကိုက်သွားတဲ့မြွေကြီးကို အဖေ ကလဲ့စားချေပေးမယ်။ အဖေကိုယ်တိုင်သတ်မယ်။ မိကောက်တေး အဖေ့ဆီပြန်လာခဲ့"

ဦးဘကျန်က အဆက်မပြတ် အော်ပြောသတိပေးနေ၊ ပြန်လာရန်ခေါ်နေသဖြင့် မိကောက်တေးသည် လူအုပ်ဆီသို့ ပြန်ပြေးလာပြီး အသက်ကင်းနေသောသားကို ကောက်မပြန်သည်။ ရီဝေသောမျက်လုံးများနှင့် သခင်များအား စိုက်ကြည့်နေသည်။ မျက်လုံးအိမ်မှ မျက်ရည်များလည်း ယိုစီးနေ၏။

နွာမောင်းကို ခေါင်းပေါ်မှာတင်ပြီး ကျယ်လောင်စွာအော်ဟစ်သည်။ မြွေကြီးက သူ့သားကို ရက်ရက်စက်စက် ကိုက်သတ်သွားသည့်အကြောင်း သခင်များသိအောင် အကြိမ်ကြိမ်ပြောပြနေခြင်းဖြစ်ပေလိမ့်မည်။

"ဒီဆင်မက တကယ်လိမ္မာတာကွ။ လူ့လက်ထဲမှာကြီးပြင်းခဲ့ရလို့ လူတစ်ယောက်လို လိမ္မာတယ်"ဟု သူ့ဆင်မလိမ္မာပုံများကို ပြောပြနေရင်းက ဦးဘကျန် မျက်ရည်ကျသည်။ တစ်ခြားလူများမှာလည်း ဆင်မ၏အဖြစ်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်ကြရသည်။

"ဟို - အပတ်က ပျောက်ဆုံးသွားတဲ့ဆင်ကလေးဟာလည်း ဒီမြွေကြီးစားသွားတာပဲဖြစ်ရမယ်"ဟု ဦးဘကျန်က ဒေါသနှင့်ပြောသည်။

"ဖြစ်မှာပေါ့။ ဒီမြွေကြီးမဟုတ်တောင်မှ သူ့အဖော် အခြားမြွေကြီးတစ်ကောင်ကောင်က ကိုက်တာလည်း ဖြစ်ကောင်းဖြစ်မယ်"

မောင်အေးချမ်းတို့အဖွဲ့ ဆင်ကလေးအလောင်းကို မြေမြှုပ်ရန် ပြင်ဆင်ကြ၏။ တစ်ချို့က စခန်းသို့ပြန်ပြီး ပေါက်တူး၊ ပေါက်ပြားသွားယူသူက ယူကြသည်။ ထို့နောက် တွင်းတူးပြီး ဆင်ကလေးအလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ရန် တောင်းကြသောအခါ မိကောက်စေးကမပေးဘဲ အတင်းလုထား၍ အခက်တွေ့ကြရပြန်သည်။

"သမီး - အဲလိုမလုပ်ရဘူးလေ၊ ဆရာတော် တရားဟောလိုက်တာကို မေ့နေပြီထင်တယ်။ မမြဲသောတရားဆိုတာလေ၊ မမြဲသောတရားကို ဆရာတော် အကြိမ်ကြိမ် ဟောပြောဆုံးမဖူးတယ်မဟုတ်

လား။ ဒီရိုးမကြီးကိုလာခါနီးမှာ သွားကန်တော့ကြတော့လည်း မမြဲသောတရားကို ကျောင်းထိုင်ဆရာတော် ဟောပါတယ်။ သေသူပြန်မရှင်ဘူးသမီးရဲ့။ သေသူပြန်ရှင်ရိုးမရှိဘူး။ အဖေ့သမီးလေး လိမ္မာပါတယ်။ ကဲ-သမီးအချိန်မနည်းတော့ဘူး။ သမီးရဲ့သားလေးကို ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ထားခဲ့ပြီး အဖေတို့နဲ့အတူ စခန်းကိုပြန်ကြပါစို့နော်"

ဦးဘကျန်က လူတစ်ယောက်ကိုပြောသလို မိကောက်တေးအား ပြောဆို နှစ်သိမ့်နေ၏။ လူစကားကို နားလည်သော ဆင်မဖြစ်၍ ဦးဘကျန် ပြောပြနေသည်ကို မတုန်မလှုပ် နားစိုက်ထောင်နေသည်။ မျက်ရည်များလည်း တွေတွေကျနေသည်။

မိကောက်တေးသည် ဖြစ်လျှင်ပျက်သည်ဟူသော သဘောကို သုံးသပ်မိ၍ မမြဲသောတရားကိုလည်း နားလည်လာဟန် ရှိသည်။ တစ်အောင့်ကြာအောင် ငြိမ်သက်နေပြီးမှ မိကောက်တေး၏ကိုယ်တွေ ယိမ်းထိုးလှုပ်ရှားလာသည်။ သားလေး၏အလောင်းကို စိုက်၍ကြည့်သည်။ ပြီးမှ ဦးဘကျန်၏လက်ထဲသို့ ထည့်ပေးလိုက်သည်။

သို့မှ မှော်ဝင်အေးချမ်းတို့အဖွဲ့မှာလည်း အသက်ကင်းနေသော ဆက်ပေါက်ကလေးကို ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြ၏။ ထို့နောက် မိကောက်တေးအား ချော့မော့ ဖျောင်းဖျခေါ်ယူကာ စခန်းသို့ ပြန်ခဲ့ကြလေသည်။

**မင်းဟိန်းထိုက်**